

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သုန္ဒရီသက်ဝေ

## စိတ်ရောင်စုံစက္ကန့်များ


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၂၆၃၀၈၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၄၈၆၁၁၀၈ |
| တန်ဖိုး | ၂၃၀ ကျပ် |
| အုပ်ရေ | ၅၀၀ |
| အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေမည့်ရက် | ၂၀၀၈၊ နိုဝင်ဘာလ |

က်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးတိုးဝင်း (နေလရောင်အော့ဖ်ဆက်) (၀၂၄၃၁)

အမှတ်(၉၆/ခ)၊ (၁၁)လမ်းရန်ကုန်မြို့

ထုတ်ဝေသူ - ဦးတိုးဝင်း (မြ-၈၉၃) ရန်ပိုင်ဦးစာပေ

# သုန္ဒရီသက်ဝေ

## စိတ်ရောင်စုံစက္ကန့်များ

ရန်ပိုင်ဦးစာပေ

**ထော်လာဂျီက** ခုတလော ဗွေဖောက်လွန်းတယ်...။

သွားပါမယ်ဆို စက်နိုးမရ...။ ပြင်နေရတာနဲ့ ခရီးက မတွင်။ ပြီးတော့ ရွှေပြည်ကျော် ညှံ့တယ်ပြောလည်း ဝန်ခံပါ မယ်... ယောက်ျားလေး ဖြစ်ပြီးတော့... ကားမပြင်တတ်... စိတ်လည်း မဝင်စား။ မောင်းရုံလေး မောင်းတတ်တာ။

" ဦးမြလှိုင်ကြီး... ကျွန်တော့်ကို ထုံးစံအတိုင်း ထော်လာဂျီ လာပြင်ပေးပါဦး..."

အော်ခေါ်မိပါရော...။

အော်ခေါ်မိပြီးတော့မှ ကျွန်တော့်အော်သံကို ကြီးဒေါ်ခေတ္တရာ မကြားလောက်ပါဘူးလို့ တွေးရတယ်...။

ဒါပေမယ့် ထင်သလို မဖြစ်ပါဘူး။

" ကိုကိုရွှေပြည်... ရှင့်ကို ကျွန်တော်မျိုးမ ဘယ်နှစ်ခါ သံတော်ဦးတင်ရမလဲ... အမြဲ အော်ကြီးဟစ်ကျယ်နဲ့ မေမေကြီး နိုးမယ်လို့ ပြောထားတယ်..."

ဝရံတာကနေ ထွက်လာပါရော။ မှားလိုက်တာ ရွှေပြည်ကျော်ရယ်...။

" မေ့သွားလို့ပါ "

" အခါခါပြောလည်း အခါခါမေ့... စိတ်ပျက်စရာပဲ... အသုံးမကျပုံကတော့ "

ကြီးဒေါ်ခေတ္တရာနှင့် စကားကို မပြောချင်တာ...

ပြောမိရင်... ဘယ်တော့မှ အကောင်းအပြောမခံရ။

" ရွှေပြည်... နင် မြို့ဈေးထိ ရောက်မလား "

" ဟုတ်ကဲ့... "

" ဒါဆို ငါ့ကို လိုတာဝယ်ပေးစမ်း... မြလှိုင်နဲ့ မိပြုံး ခေါ်သွား... "

" ဟုတ်ကဲ့... "

ဝရံတာကနေ ကြီးဒေါ်ခေတ္တရာ လှည့်ဝင်သွားပါပြီ။ ဖားလျားချထားတဲ့ ဆံပင်တွေက ဝေ့ဝိုက်လွင့်ပျံ့ပါသွားပါရောလား။ နေ့စဉ်လို ခေါင်းလျှော်ပြီး ဆံပင်ကြီး ဖြန့်ချထားတတ်တာ...။ ဆံပင်ကလည်း လျှော်လွန်းလို့လား... တခြားသူတွေ ပြောကြသလို သူများပြုစားခံရလို့လား...။ ကျွတ်တဲ့နေရာ ကျွတ်ပြီး ကျဲတောက်တောက်နဲ့...။

" ကောင်းတယ်... မင်းအသံကြီးနဲ့ အော်ဟာကိုး အဆူခံရရော... "

" ကျွန်တော်ကလည်း ကျွန်တော်ပါပဲ... မေ့,မေ့သွားတယ်... "

" မပြုံးကိုတော့ ဈေးဝယ်ခိုင်းဖို့ ခေါ်နေပြီ... ကောင်းလိုက်တာ... ခုလို ပစ္စည်းများများ ဝယ်နေရင် မင်းနဲ့ငါ ဈေးရှေ

ကိုတင်ဝင်းဆိုင်မှာ လက်ဖက်ရည်သောက်လို့ ရတာပေါ့…"

" ဒါဆို ဒေါ်ပြုံးထွက်မလာခင် ထော်လာဂျီ အမြန်ပြင်ပေတော့ "

" ကားပြင်ဖို့ဆို ငါပဲ… မင်းလည်း ကြည့်ထားပါလား"

" ဟင့်အင်း.. ဝါသနာမပါပါဘူး…"

" မင်းက အကုသိုလ်ပဲ ဝါသနာပါတာ…"

" ဟာဗျာ…"

အဲ့ဒီ ဦးမြလှိုင်ကြီးနဲ့ ပြောရင် ဒါပဲ။ ရွှေပြည်ကျော်တို့က အားလပ်ရက်ဆို… အိမ်နောက်ဘက် ချောင်းထဲ ငါးသွားမျှားနေတတ်တာကို ပြောမပြီး…။

" ရှင်တို့ ကားပြင်ပြီးပြီလား "

" ပြီးပါပြီ…"

" ဒါဆို သွားစို့… ဝယ်စရာတွေမှ အများကြီး… မိပုပါခေါ်ခဲ့ရမှာ… ပစ္စည်းသယ်ရမယ်…"

ထော်လာဂျီကို ရွှေပြည်ကျော်မောင်းတော့ ဦးမြလှိုင်က ဘေးမှာ။ နောက်ဘက်ချိတ်တွဲထဲမှာ ဒေါ်ပြုံးနဲ့ မိပု…။ မိုးရိပ်ရှိပါလား။ သကြင်္န်ကျော်ပြီးတော့ ဒီမှာက မိုးလိုက်လာချင်နေပြီပဲ။

" အမလေး.. အခုမှ အသက်ရှူဝတယ်… အိမ်နီကြီးအရိပ်က ထွက်မှ အသက်ဝဝရှူနိုင်တာ…"

မိပုက လက်နှစ်ဘက် ဆန့်တန်းပြီးကို အသက်ရှူ

နေတာ။

" မိပု... မိပု... နင်ဟာလေ... မေမေကြီးက သူ့အိမ်ကို မဟော်ဂနီစံအိမ်လို့ လှလှပပ မှည့်ပါတယ်... နင့်လက်ထဲ ရောက်မှ အိမ်နီကြီးရယ်လို့ပဲ..."

" ဒေါ်ပြုံးရယ်... ကျွန်မကမှ အိမ်နီကြီးလို့ ခေါ်သေးတယ်... တစ်မြို့လုံး ဘယ်လိုခေါ်တယ်ဆိုတာလည်း သိလျှက်နဲ့"

မိပုပြောတာလည်း မှန်ပါတယ်...

ခုပဲ ကြည့်လေ... မဟော်ဂနီစံအိမ်က ထွက်လာတဲ့ တစ်မိုင်မျှ ရှည်လျားသော မြေကြီးလမ်းအဆုံး မြို့သွားဖို့ ကတ္တရာလမ်းမ အရောက် စိုက်ထားတဲ့ လမ်းညွှန်ဆိုင်းဘုတ် မှတ်တိုင်လေးမှာ...။

အမှန်ကတော့ မဟော်ဂနီစံအိမ်သို့ တစ်မိုင်လို့ လာတဲ့ ဧည့်သည်အတွက် ရေးထားခဲ့ပေမယ့်...။

မဟော်ဂနီစံအိမ်ကို ခြစ်ပြီးတော့ ရေးထားပြန်ပါပြီ...

တစ္ဆေအိမ်သို့ တစ်မိုင်တဲ့...။

ပြန်ဖျက်ပြီးတော့ မဟော်ဂနီစံအိမ်သို့ တစ်မိုင်လို့ ပြန်ရေးပြန်ရော...။ တစ်ရက် နှစ်ရက်မှ မကြာလိုက်...။

တစ္ဆေအိမ်သို့ တစ်မိုင်လို့ လာဖျက်ရေးကြပြန်ရော...။

ခုလိုမျိုး ရေးတာကို ကြာတော့လည်း ရွှေပြည်ကျော် ကတော့ ရိုးလာပါပြီ။ ရေးချင်ရာ ရေး...။

" ကိုမြလှိုင်... ဘာလို့များ မဟော်ဂနီစံအိမ်သို့ ဆိုတာ ရေးလို့ကို မရတော့ပါလိမ့်..."

" ဒေါ်ပြုံးကလည်း ဟုတ်တာပဲ... တစ္ဆေအိမ်အမှန်ပဲပ
တစ္ဆေအိမ်လို့ ရေးတာ မှန်တာပဲ... ရေးပါစေ..."

" မိပု... နင်ကပါ "

" ဘာလဲ ဒေါ်ပြုံးက နာနေရပြန်ပြီ... ဟုတ်‍
ရေးတာပဲဟာ..."

မိပုကတော့ ပြတ်ပြတ်သားသားပါပဲ။ ဒီလို ပြောသံ
သာ ကြီးကြီးညိုမြရာကြားရင်တော့ ဘယ်လောက် ဒေါသဖြ
မလဲ။ ကြီးကြီးညိုမြရာက မဟော်ဂနီစံအိမ်မှာ ဦးစီး ဦးဆော
ဖြစ်သလို သူ့ရဲ့ မဟော်ဂနီစံအိမ်ကြီးကို ထိရင် လုံးဝမကြိုက်..

" မိပု... နော်... မိပု... ငါ မမကြီးကို တိုင်လို
ရမလား..."

" ဒေါ်ပြုံး မရက်စက်ပါနဲ့..."

" ဒါကျတော့ ကြောက်တတ်တယ်..."

မဟော်ဂနီစံအိမ်က အားလုံးသော လူတွေဟာ ကြီးကြ
ကိုကျတော့ ဖိန့်ဖိန့်တုန်မျှ ထိတ်လန့်ကြတာလေ...။ ကြီးကြီး
ပြန်ရှင်းပြရဲတဲ့ လူဆိုလို့ ကျွန်တော့်အဖေ ဦးဥတ္တရနှင့် ကျွန်တေ
ရွှေပြည်ကျော်ပဲ ရှိတာပါလေ...။

" အဖိုး... မိုးရိပ်တွေ ရှိတယ်... လမ်းလျှောက်
ထွက်ပါနဲ့လား... "

အဖိုးအခန်းက ခန်းဆီးလေးကို ဖွင့်ပြီးတော့ ပြောရင်း
ကြည့်မိတယ်။ အိပ်ရာပေါ်မှာ ခွေခွေလေးပါလား။ အဖိုး နေမှ
ကောင်းရဲ့လား စိတ်ထဲ ထိတ်သွားရပါပြီ။

" အဖိုး နေမကောင်းဘူးလား... ဘာလို့လဲ မောနေ
သား... "

" မြေး.. မြရုံခြယ်... "

" ဟုတ်ကဲ့ အဖိုး "

" လာ... အနားလာထိုင်... "

အဖိုးအနားမှာ ထိုင်နေမိတယ်။ အဖိုးရဲ့ ပိန်လှီသေးကွေး
နေတဲ့ လက်ကလေးတွေကို ဆုပ်ကိုင်ကြည့်မိပါပြီ...။

မြရုံခြယ်အတွက် တစ်ဦးတည်းသော ဆွေမျိုး...။

ဖေဖေနဲ့ မေမေက မြရုံခြယ်ငါးနှစ်သမီးမှာ ဆုံးတည်းက
အဖိုးနဲ့အဖွားက မွေးခဲ့ရတယ်...။ မြရုံခြယ် အသက်နှစ်ဆယ်
ပြည့်တဲ့ နေ့မှာ အဖွားဆုံးတယ်... အဖွားဆုံးပြီး တစ်နှစ်မှာ
အခုလို အဖိုးက ဗုန်းဗုန်းလဲကျသွားတော့တာပါ...။

" ရော့... ဒီစာကို ခုချိန်ကစပြီးတော့ သေချာသိမ်းတော့... အဖိုးမရှိတော့ဘူးဆိုရင်... ဒီလိပ်စာနဲ့ ဒီစာထဲပါတဲ့ ဒေါ်ညိုမြရာနဲ့ ဦးဥတ္တရ တစ်ယောက်ယောက်ဆီ ရောက်အောင်သွားပေတော့..."

အဖိုး ခုလို လေသံသဲ့သဲ့လေးနှင့် ပြောတာကို ကြားရတာ ရင်ထဲဆို့မတတ် ဝမ်းနည်းရပါတယ်။ အဖိုးနဲ့ အဖွားသာ တစ်ကမ္ဘာလို နေလာခဲ့တာ။ အဖိုးနဲ့အဖွားကြောင့် ဘွဲ့ရခဲ့တယ်။ အဖွားက ခွဲသွားတာမှ ဘာမှမကြာသေး။ အဖိုးကလည်း အခု ဒီလိုစကားတွေ ပြောလာရသလား။

" မပြောပါနဲ့ အဖိုးရယ်... အဖိုး ဘာမှမဖြစ်နိုင်ပါဘူး..."

" အဲလိုမတွေးနဲ့ မြေး.. အဖိုးခံစားချက် အဖိုးသိတယ်... အဖိုးသေရင် ငါ့မြေးတစ်ယောက်တည်း မနေစေချင်ဘူး... မဟော်ဂနီစံအိမ်ဆိုတာ အဖိုးရဲ့ သွေးသားအရင်းအချာတွေပါ... အဖိုးက မိုက်လုံးကြီးပြီး မောင်နှမတွေကို စွန့်ခွာထွက်ခဲ့တာပါ..."

" မဟော်ဂနီစံအိမ်..."

" ဟုတ်တယ်... ဒီစာက မြေးလေးအတွက် အသက်ထက် တန်ဖိုးရှိတယ် သေချာသိမ်း... မပျောက်စေနဲ့..."

ပြောပြီးတော့ အဖိုးက မှိန်းနေတယ်...

" အဖိုး "

" ဟင် "

" နလွှင်ကိုရော ဘယ်လိုလုပ်မလဲ..."

" နလွှင်ကိုပါ ခေါ်သွား.. စာထဲမှာ နလွှင်ကို

အဖိုးမြေးလို့ ရေးထားတယ်... မြရုံခြယ်နဲ့ မြနုလွင်ဆိုတဲ့ မြေးနှစ်ယောက်လို့ ရေးထားတာ... နုလွင်ကို မွေးစားတယ်ဆိုတာ လုံးဝမပြောနဲ့... မဟော်ဂနီစံအိမ်ဟာ သူတို့သွေးသားကိုသာ တန်ဖိုးထားတာ... ကြားလား..."

" ဟုတ်ကဲ့... အဖိုး..."

" ကဲ... သွားတော့... အဖိုး နားတော့မယ်..."

အဖိုးကို ခြင်ထောင်လေးထဲ သေချာဖိထားပြီး အိပ်ခိုင်းခဲ့ရပြီ။ အပြင်ရောက်တော့ နာရီကြည့်မိတယ်။ နုလွင်ဈေးသွားတာ ကြာလိုက်တာ။ ဘာပစ္စည်းမှ ဝယ်တာလည်း မဟုတ်ပဲ...

အဲဒီ့ နုလွင်ဆီမှာ နေရာတကာ စပ်စုလွန်းတဲ့ အကျင့်က ရှိနေတာ။

" အစ်မ..."

" ဩော်... နုလွင်... ပြန်လာသေးတယ်နော်..."

" အစ်မ... အစ်မ... ဈေးထဲမှာလေ... ပြုတ်သီးရောင်းတဲ့ ဒေါ်ဆုမနဲ့ ငါးရောင်းတဲ့ မမြတို့ စကားများပြီး ခဲနဲ့ထုတာ... သွေးတွေမှ ရဲတွတ်နေတာ... စပ်စုချင်လို့ ကြည့်တုန်းကကြည့်ပြီး သွေးတွေလည်း မြင်ရော... လန့်ပြီး မူးလာတယ် အစ်မရယ်... အဲဒါနဲ့ ဈေးရှေ့အအေးဆိုင်မှာ သံပုရာရည်တစ်ခွက် ဝယ်သောက်ရတယ်... အဲဒါနဲ့ သက်သာလာပြီး ပြန်လာလိုက်တာ နှင်းဆီလမ်းထိပ်လည်း ရောက်ရော... အသုဘအိမ်နဲ့ တိုးပါလေရော... ကြောက်တာနဲ့ နောက်ဖေးလမ်းက ပတ်ရတော့

ပိုကြာပြန်ရော..."

"နုလွင်... နုလွင်... နင်နဲ့တော့ ခက်တယ်... ကြောက်တတ်လိုက်တာကလည်း နှစ်ယောက်မရှိဘူး.. စပ်စုတာကလည်း နှစ်ယောက်မရှိဘူး.. တစ်နေ့ ဒုက္ခတွေ့မယ်..."

အဖွားတို့ မြို့လေးက ရပ်ဆွေရပ်မျိုးထဲမှာ မိဖမရှိတစ်ကောင်ကြွက် နုလွင်ကို မွေးစားထားခဲ့တာ.. မြရံခြယ် ရှစ်တန်းကျောင်းသူ အသက်ဆယ့်လေးနှစ်လောက်မှာတည်းကပါ... အဲဒီ့တုန်းက နုလွင်က အသက်ဆယ်နှစ်လောက်ပဲ ရှိပြီး သူငယ်တန်းနဲ့ ကျောင်းထွက်ထားရရှာတာ။ အိမ်ရောက်ပြီး အဖိုးအဖွားက နုလွင်ကို ကျောင်းဆက်ထားပေမယ့် စာမလိုက်နိုင်ဘူးဆို နုလွင်က ကျောင်းမနေတော့ပါဘူး။

မြရံခြယ်ထက် လေးနှစ်ငယ်ပြီး တကယ့် ညီအစ်မအရင်းလို နေလာတာ...။

ဒါကြောင့်လည်း အဖိုးခမျာ မြေးအရင်း မြရံခြယ်နဲ့ ထပ်တူ နုလွင်အတွက်ပါ ပူပန်ရှာတယ် ထင်ပါရဲ့လေ...။

အဖိုးမရှိရင်တဲ့...

တွေးတာနဲ့ ရင်ထဲက နာကျင်ပင်ပန်းရတာပါလား။

✿

" ရွှေပြည်ကျော်ရေ… မိပုနဲ့ ဖိုးလုကို ခေါ်ပြီး အိမ်အပေါ်ထပ်ကို ကြမ်းတိုက်စမ်းပါဦးလား…"

ဖွားလေးသစ္စာက ပြောလာပါပြီ။ ဟုတ်ကဲ့ မိပုနဲ့ ဖိုးလုကို သွားကြည့်လိုက်ပါဦးမယ်ဆို မီးဖိုဆီ ဆင်းလာခဲ့ရပြီ…။

ရွှေပြည်ကျော် အွဲ့ရပြီးမှ ဒီအိမ်ရောက်လို့ပေါ့။ မဟုတ်ရင် စာတောင်သင်ရပါ့မလား။ အိမ်မှာ ရှိသမျှ အလုပ်တွေကို နေရာတကာ ပါရတယ်…။ သူ စာသင်နိုင်အောင် ငယ်ငယ်လေးတည်းက ထောက်ပံ့ခဲ့တဲ့ ဖေဖေဦးဥတ္တရ မျက်နှာထောက်ထားပြီး မဟော်ဂနီစံအိမ်မှာ အဆင်ပြေအောင် သူနေခဲ့ပါတယ်လေ…။

" ခေါ်ပြုံး… မိပုရော "

" ရှိတယ်… အဝတ်လျှော်နေတယ် ထင်တယ်…"

" ဖိုးလုရော…"

" ဖိုးလုလား… မတင်ထားစံ ခိုင်းလို့ ဈေးဘက်သွားတယ် ထင်တယ် "

" ဖွားလေးသစ္စာက အိမ်အပေါ်ထပ် ကြမ်းတိုက်ခိုင်း

နေတယ်... အဲဒါ ကျွန်တော် တိုက်နှင့်ပါမယ်... မိပုပြီးရင်သ
လွှတ်လိုက်ပါ..."

အပေါ်ထပ်ကြီးကို ကြမ်းတိုက်ရတာ မလွယ်ပါဘူး
သုံးယောက်ဆိုရင်တောင်မှ အတော်ပင်ပန်းတာ...။ တစ်ယောက်
တည်း ကြမ်းတိုက်ရင်းမှ တစ်နေ့က မြို့မှ သူငယ်ချင်း တင်မောင်
ဇော်ရဲ့ စာကို အမှတ်ရပါတယ်။

သူ့ခြံလုပ်ငန်းတွေ မနိုင်လောက်အောင် စီးပွားဖြစ်နေ
တာမို့ ယုံကြည်ရတဲ့ သူငယ်ချင်းတစ်ယောက် လိုနေတာ...
မင်း လာခဲ့ပါလား ရွှေပြည်တဲ့...။ အမှန်ဆို မဟော်ဂနီစံအိမ်
မှာနေရတာ... ဇာ ဝတ်နေရေးကအစ ပူပန်ရပါဘူး။

ဒါပေမယ့်... အနာဂတ်တော့ မရေရာပါဘူး။

ဘဝဆိုတာက ဘာမှပြောနိုင်တာ မဟုတ်ဘူးလေ...။

" အစ်ကိုကြီးရွှေပြည်... ကျွန်မရောက်ပြီ..."

မိပုကလည်း ကြမ်းကူတိုက်ဖို့ ပြင်ပါတယ်...

မိပု စကားအိုးရောက်ရင် စကားတွေ ပြောတော့မှာ။
အိမ်ကြီးကတော့ ကြီးပါတယ်... ဒါပေမယ့် ဆူညံဆူညံ ဆိုရင်
တော့... ကြီးဒေါ်ခေတ္တရာနှင့်က မလွယ်...။

" အစ်ကိုကြီးရွှေပြည်... အဲဒီဓာတ်ပုံကြီးက လျှာ
ထုတ်ပြတာ အစ်ကိုကြီး မြင်ဖူးလား "

" ဟဲ့... မိပု... ဘာတွေလျှောက်ပြောနေလဲ...
အဓိပ္ပါယ်မရှိ... ကောလဟာလတွေ..."

နံရံမှာ ချိတ်ထားတာတော့ မဟော်ဂနီစံအိမ်ကြီးရဲ့

အရှင်သခင် ဦးထွန်းမြတ်ကျော်နဲ့ ဒေါ်သီရိမမလတ်တို့ရဲ့ ကြီးမားသော ခတ်ပုံကြီးနှစ်ပုံပါ... ဘေးနားမှာတော့ တင်ထွားမီ ပုံကလည်း ရှိသေး။

ဦးထွန်းမြတ်ကျော်ကလည်း... ခေါင်းပေါင်းနဲ့ ရင်ဖုံးတိုက်ပုံနဲ့ ခန့်ခန့်ညားညား... နှုတ်ခမ်းမွေးကြီးကလည်း ပါသေး... ဒေါ်သီရိမမလတ်ကလည်း ဘီအေဆံထုံးလို့ ပြောတဲ့ ဆံထုံးကြီးနဲ့... ပန်းထိုးထားတဲ့ ရင်ဖုံးအင်္ကျီနဲ့... ခန့်ခန့်ညားညားတွေပါ။

" အဲဒီ အဖိုးကြီးက... ညဘက် သေချာကြည့်ရင် လျှာထုတ်ပြတယ်တဲ့... "

" မိပု... လျှောက်မပြောနဲ့... ကြီးကြီး ညီမြရာ ကြားရင် နင် တောပြန်နေရမယ်... နင်ပြန်ရတာ အရေးမကြီးဘူး.. နင့်အဖေ နင့်အမေ နင့်အစ်ကို နင့်မောင်လေး အားလုံးပါ ပြန်ရမှာ... အကုန်ငတ်ကုန်မယ်... "

မိပုဆိုတာ ဒရိုင်ဘာ ဦးစိုးနဲ့ အဝတ်လျှော်တဲ့ ဒေါ်ခင်ရှု ရဲ့ သားသမီးသုံးယောက်ထဲကပါ... မိပုအစ်ကို ဖိုးလုကလည်း ဒီအိမ်မှာပဲ အလုပ်လုပ်ရတာ... အငယ်ဆုံး ကောင်လေး ဖိုးဝကလည်း အခုမှ ဒုတိယတန်းလား ရှိတာ။

သူ ခုလိုပြောတာတောင် မိပုက မရပ်ချင်။

" အစ်မစန္ဒာကတော့ လျှာထုတ်ပြတာ မမြင်ပေမယ့်... ညဆို ပြူးကြည့်နေတယ်တဲ့... "

" ဆရာမ မစန္ဒာကို တရားခံဖြစ်အောင် ပြောမနေနဲ့

ပါးစပ်ပိတ်ထားစမ်း… ငါ စိတ်တိုလာမယ်…”

ရွှေပြည်ကျော် ဟောက်လိုက်မှ ငြိမ်တာ။ မိပုကို ခုလို ပါးစပ်ပိတ်အောင် မလုပ်ရင် မဖြစ်ဘော့… ဟိုဘက်ခန်းထဲမှာ လူတစ်ယောက် ရောက်နေပြီဆိုတာ… သူ့ရဲ့ စူးရှတဲ့ မျက်စိက ခန်းဆီးဝကြားမှ တဆင့် မြင်ရတယ်…။

ဘယ်သူပဲဖြစ်ဖြစ် ကြားလို့မကောင်း။

အထူးသဖြင့် ကြီးဒေါ်ခေတ္တရာ မကြားစေချင်။ ကြီးဒေါ်ခေတ္တရာက နှုတ်ကြမ်းတမ်း ရိုင်းစိုင်းတယ်…။

ဝစီဗေဒ ထိတိုင်းရှ ဆိုပေမယ့် ဒါမျိုး အမှုမထား… ပြောလိုက်ရင် ရက်ရက်စက်စက်… မကြားဝံ့ မနာသာ…။

သူရနဲ့ ဗလတို့ရဲ့ စာသင်တဲ့ ဆရာမတွေဆို ကြီးဒေါ်ခေတ္တရာကို ကြောက်ပြီး ပြန်ကုန်တာ ဆယ်ယောက် မကတော့။

အခု ဆရာမ စန္ဒာအေးတောင်မှ ကြီးဒေါ်ခေတ္တရာနဲ့ ဆွေမျိုးတော်တယ် ပြောသံကြားလို့သာ နေရဲပုံရပါတယ်။

“ မောင်ရွှေပြည်… မင်းကို ဘယ်သူက ကြမ်းပေါ်က် ခိုင်းထားလဲ…”

အမေနွယ် လှမ်းမေးပါတယ်….

“ အမေနွယ်… ဟိုလေ… ဟို ဖွားလေးသစ္စာက…”

“ မသစ္စာ… မသစ္စာ… မသစ္စာနဲ့တော့ ခက်တယ်… ဟော ဟိုမှာ ဖိုးလှလည်း လာပြီ… မင်းမတိုက်နဲ့တော့… အမေနွယ် ပြောလိုက်မယ်… မင်း စာဖတ်ချေ… မင်းအဖေက မင်း ခုလို နေနေတာ ကြိုက်တာ မဟုတ်ဘူး… ဒီမှာ နေပြီး

ဘာမှ မတိုးတက်ဘူးတဲ့...”

အဖေနဲ့ အမေ စေတနာတော့ နားလည်ပါတယ်။ အမှန်ဆို အဖေ အမေသာ ခေါ်နေခဲ့တာ... အဖိုး အဖွား အရွယ်တွေပါ။ အမှန်ကတော့ ရွှေပြည်ကျော့ဘဝက အဖေမရှိ အမေမရှိ အဖိုးလည်းမရှိ... အဖွားတစ်ယောက်တည်းက ကျွေးမွေးလာခဲ့တာ။ အဖိုးဦးတွတရုန့် အဖွားဒေါ်နွယ်နွယ်တို့ ဘုရားဖူးထွက်ကြတာမှာ... သင်္ဘောမှောက်ခဲ့ကြပါတယ်။

အဖိုးနဲ့အဖွားရဲ့ အသက်ကို ရွှေပြည်ကျော့အဖွား ဒေါ်သက်သက်က ကယ်ခဲ့တယ်လေ...။ အဲဒီလို အသက်သခင် မို့ဆို ရွှေပြည်ကျော့ ဘွဲ့ရသည်ထိ စာသင်ရအောင် ငွေကြေး ထောက်ပံ့ခဲ့ပါတယ်။

အဖွားဆုံးပြီဆိုတာ ကြားတာနဲ့ မဟော်ဂနီစံအိမ်ကို သာခေါ်တော့တာပါပဲ။ ဘွဲ့ရပြီးတဲ့ နှစ်ကပဲ မဟော်ဂနီစံအိမ်ကို ရောက်တာ...။

အခုဆို သုံးနှစ်မကတော့ပါဘူး။

မဟော်ဂနီစံအိမ်မှာလည်း နေတတ်နေခဲ့ပါပြီ...။ နေတတ်တယ်ဆိုတာကလည်း နေတတ်အောင်တော့ အတော် ကြိုးစား နေရတာပဲ မဟုတ်လား။ အားလုံးနဲ့ အဆင်ပြေအောင် အလိုက်အထိုက် နေရတာပါပဲ။

၅

အဖိုးအခြေအနေ မကောင်းတော့ပါဘူး။

စကား လုံးဝမပြောနိုင်တော့။ ဆရာဝန်ကဆို အဖိုးကို စွန့်လွှတ်ရတော့မှာမို့ စိတ်ကို ဒုံးဒုံးချထားလိုက်ပါတော့တဲ့...။

" အစ်မ..."

" ဟင် "

" ဘယ်လိုလုပ်မလဲ.., ဟိုဘက်အိမ်က ဒေါ်ညိုမြတို့က ပြောတယ်... အဖိုး ဖုတ်ဝင်နေပြီတဲ့ "

" ဘာ..."

" အစ်မကလည်း အော်လိုက်တာ... လန့်ပါတယ်ဆိုမှ"

" နင်... ဟိုလူပြောသမျှ ဒီလူပြောသမျှ လျှောက် နားထောင်မနေနဲ့... ဘာ ဖုတ်ဝင်ရမှာလဲ... ငါတို့ အဖိုးလောက် ဘုရားတရား ကြည်ညိုတာ ဘယ်က ဖုတ်က လာဝင်မှာလဲ"

" ဒီလောက် ပိန်သြောင်ပြီး အရိုးပေါ် အရေတင် နေတာ ဖုတ်ဝင်နေတာတဲ့ "

" နှလွင်ရယ်... မဟုတ်ထာတွေ... အဖိုး ဘယ်တုန်းက ဝလို့လဲ..."

မြရုံခြယ်တို့အဖိုး ဘယ်တုန်းက ဝလို့လဲ...။ နေကောင်း တုန်းကလည်း ပိန်ပိန်ပါးပါးပါပဲ...။ အရပ်ကြီးကလည်း မြင့်

တော့ အသားမလိုက်နိုင်တာလည်း ပါပါလိမ့်မယ်။

" အစ်မ "

" ဘာလဲဟယ်..."

" အဖိုးသေရင် ကျွန်မတို့ ဘယ်လို ထမင်းစားကြမလဲ... အဖိုးက ဒီအိမ်ကိုလည်း ရောင်းခဲ့ပြီဆို..."

" နုလွင်... အစ်မရှိပါသေးတယ်... အစ်မကို ယုံကြည်တယ် မဟုတ်လား... ဘာမှမေးမနေနဲ့..."

" ဟုတ်ကဲ့... တစ်အိမ်ကျော်က ဒေါ်ဝင်းလှက ပြောလို့ပါ... နင်တို့အဖိုးက အိမ်လည်းရောင်းလိုက်ပြီ... အဖိုးသေရင် နင်တို့ညီအစ်မ ခွေးဖြစ်ပြီတဲ့..."

သက်ပြင်းတစ်ရှိုက် ရှိုက်မိပါပေ့။ လူတွေများ အတော်ခက်တယ်။ နေ့ရာတကာ သူတို့ပါရမှ... သူတို့ ဘာမှလည်း သိတာလည်း မဟုတ်... တကယ်ဆို အဖိုးက အိမ်ကိုရောင်းလိုက်တာ... အဖိုးသူငယ်ချင်း ဦးစန်းမြဆီမှာပါ။ အဖိုးဦးစန်းမြပေးတဲ့ငွေအားလုံး မြရုံခြယ်နာမည်နဲ့ ဘဏ်မှာထည့်လိုက်ပါပြီ။ အဖိုးရဲ့ နာရေးဖြစ်ခဲ့ရင် ကိစ္စအဝဝကို အဖိုးဦးစန်းမြကပဲ တာဝန်ယူဖို့လည်း မှာခဲ့ပြီ။

မြေး မြရုံခြယ်အတွက် အစစ စီစဉ်ပေးခဲ့တဲ့ အဖိုးပါ...။

" အစ်မ..."

" နုလွင်... ငါ စိတ်ညစ်နေတာ... စကားမပြောစမ်းနဲ့... နင်ဟာ စပ်စုတာကလည်း အလွန်... ကြောက်တတ်တာကလည်း လွန်... အဲဒီ စပ်စုတတ်... မတွေးတော မစဉ်းစားပဲ ယုံတတ်...

ကြောက်တတ်လွန်းတာတွေက တစ်နေ့မှာ နင့်ကို ဒုက္ခပေး လိမ့်မယ်... သွား အလုပ်မရှိရင် အိမ်ကို ကြမ်းတိုက်နေ..."

" ကြမ်းမတိုက်ချင်ပါဘူး... ဒီအိမ်က ကိုယ့်အိမ်မှ မဟုတ်တော့တာ... အဖိုးသေတာနဲ့ ဆင်းရတော့မှာကို "

" နုလွင်... ဘယ်လိုပြောလိုက်တာလဲ... စိတ်ထား ညံ့လိုက်တာ... အဲလိုမျိုး မတွေးစမ်းနဲ့... သွားတိုက်ချေ..."

နုလွင်က မြရံခြယ်ကို နဂိုရှိတည်းက ကြောက်လို့ သာပါ...။ ကြမ်းတိုက်နေရတာ စိတ်စေတနာပါပုံမရ...။ ခက်ပါ တယ်... နုလွင်နဲ့ နှစ်တွေအများကြီး နေလာလို့ ညီအစ်မ လိုသာ စိတ်က မှတ်ခဲ့တာ။ တစ်ခါတစ်ခါ စိတ်ဓာတ်မတူတာ တွေမှ အများကြီး။ အဖိုးကလည်း ဒါကို သိပုံပါ။ စကား ပြောနိုင်တုန်းက ပြောခဲ့ပြီးသားပါ။

" မြေး... နုလွင်ကိုတော့ သည်းခံပြီး နေ... ကောင်မ လေးက ဉာဏ်နံ့နည်းလွန်းတယ်... အဆိုးဆုံးက စိတ်စေတနာ မမှန်လှဘူး... တစ်ခုတော့ ရှိပါတယ်... မြေးကိုတော့ သူ မလွန်ဆန်ရဲပါဘူး... ကိုယ့်သခင်တစ်ယောက်အပေါ်ပဲ ကောင်းတဲ့ ခွေးလေးတစ်ကောင်လောက်ပဲ သူ့ခမျာ အဆင့်ရှိတာမို့ မြေးက နားလည်ပေးရလိမ့်မယ်တဲ့..."

အဖိုးပြောသလိုပါပဲ...။

နုလွင်တို့က မြရံခြယ် စကားတစ်ခွန်းကိုပဲ နားထောင် တတ်တဲ့ ကောင်မလေးတစ်ယောက်ပါပဲလေ...။

" ရွှေပြည်ကျော် ရွှေပြည်ကျော်..."

စာဖတ်နေတုန်း အခန်းအပြင်မှ ခေါ်သံကြားရပါတယ်။ ကြီးဒေါ်ခေတ္တရာ အသံပါလား။ ဒါကြောင့်မို့ ဟုတ်ကဲ့... လာပါပြီလို့ ပြောပြီး အခန်းပြင် ထွက်ခဲ့ရတာပေါ့။

" ရွှေပြည်ကျော် နင် အားလား... ငါ့ကို မြို့နီး ဘုရား ပို့ပေးစမ်းပါ... နင့်ရဲ့ သံစုံတီးဝိုင်းကြီးနဲ့လေ..."

အမြဲလိုလို ဆူညံသံတွေနဲ့ မြည်နေတဲ့ ထော်လာဂျီကို ကြီးဒေါ်ခေတ္တရာက သံစုံတီးဝိုင်းကြီးတဲ့...။ ပို့ဆို ပို့ပေးလိုက်တာ အကောင်းဆုံး။ တကယ့်ကို အရေးတကြီး ကိစ္စရှိရင်တောင်မှ...။

" အင်းပေါ့လေ... ငါ့တော့ မပို့ချင်ဘူးပေါ့... ဘယ်သူ့ တော့ ပို့ချင်တယ်... ငါသိတယ်... ဟင်း ငါ့ မပို့ချင်တဲ့ ထော်လာဂျီ သွားရင်းလာရင်း မှောက်စမ်းပါစေ "

သည်သို့ ပြောလိုက်တုန်းကများဆို အဲဒီနေ့က ထော်လာဂျီနဲ့ မြို့ထဲသွားတာ လိုက်မယ့်လူ မရှိတော့။ နောက်ဆုံး ရွှေပြည်ကျော်နဲ့ ဦးမြလှိုင်ပဲ သွားရတော့တယ်...။

ဖြစ်ချင်ပြန်တော့ ထော်လာဂျီက အဝေးပြေးကားကြီး တစ်စီးကို ရှောင်ရင်း မှောက်ပါလေရော..။ မှောက်သွားတဲ့

ထော်လာဂျီနဲ့ အတူ ဦးမြလှိုင်နဲ့သူ တအုံ့တသြနဲ့ ပြောမိတာ…။

ကြီးဒေါ်ခေတ္တရာ ကျိန်လိုက်လို့လားတဲ့…။

သူကတော့ မယုံပါဘူး…။ သူ့စိတ်ထဲမှာတော့ ကျိန်စာတိုက်တတ်တယ် ဆိုတဲ့ စုန်းမ ဆိုသော အတွေးအခေါ်တွေကို လုံးဝ လက်မခံခဲ့ပါ…။ နောက်တော့ ဦးမြလှိုင်နှင့် နှစ်ယောက်လုံး ဒဏ်ရာ‌ရပေမယ့် အတော်လေး ပျက်စီးသွားတဲ့ ထော်လာဂျီကို မြို့မှာပဲ ပြင်ဆင်ထားခဲ့ရတယ်…။

အဲဒီတုန်းက အိမ်ပြန်ရောက်ရောက်ချင်း ဦးမြလှိုင်ကြီးကို သူ့မိန်းမ ဒေါ်ပြုံးကြီး ခြေဆုံးခေါင်းဆုံး ကြည့်ပြီး…

ရှင်တို့ ထော်လာဂျီမှောက်လို့ သေပြီလို့ ထင်နေတာတဲ့လေ…။

“ မောင်ရွှေပြည်… ဘယ်လဲ…”

“ ဟုတ်ကဲ့ အဖေ… ကြီးဒေါ်ခေတ္တရာက မြို့နီးစေတီပို့ပေးပါဆိုလို့ပါ…”

“ အေး… ပို့ပေးလိုက်… မပို့ပေးရင် နားညည်းမယ်… ပြောဆိုမယ်… ဒါဆို သူ့မှာ ငရဲများမယ်…”

“ ဟုတ်ကဲ့ပါ…”

ထော်လာဂျီ အဆင်သင့်ဖြစ်ပြီး စောင့်နေချိန်မှာတော့ ကြီးဒေါ်ခေတ္တရာ တစ်ယောက်တည်းလားမှတ်တယ်…။ ပန်းဝတ်မှုံပါ ပါလာတာကိုး…။

ကြီးဒေါ်ခေတ္တရာက တခြားလူတွေကိုသာ ရက်ရက်စက်စက် ကျိန်ဆိုသလို ဆဲရေးတတ်ပေမယ့်… သူ့မြေး

ပန်းဝတ်မှုံကိုကျတော့ အလွန့်အလွန် ချစ်ခင်တာပါပဲ...။

" ဟဲ့ကောင်လေး... ထော်လာဂျီမောင်းရင် ရှေ့တည့်တည့်ကြည့်မောင်း... ငါ့မြေးကို မငမ်းနဲ့... နင့်မျက်လုံးကြီး ေါက်ထွက်သွားချင်လား..."

" အို... အဖွားခေတ္တရာကလည်း... ကိုရွှေပြည်ကို အားနာစရာ..."

" ဘယ်သူ့အားနာရမှာလဲ... ဥတ္တရအားနာရမှာလား... မိန္ဒယ် အားနာရမှာလား... သူတို့ သွေးသားအရင်းလား... တော်စမ်း ပါးစပ်ပိတ်ထား... နင့်ပါးစပ်ကြီးပါ ခွာမရပဲ ကပ်နေအောင် ငါလုပ်လိုက်ရမလား..."

ကြီးဒေါ်ခေတ္တရာ စကားကြောင့် ပန်းဝတ်မှုံ အသံတိတ်သွားပါပြီ။ စကားပြောရင် တစ်ပါးသူ နားကြား မခံနိုင်အောင် ဆိုးဆိုးဝါးဝါး ပြောလွန်းတော့... ခက်တာပေါ့လေ...။ ဒါကြောင့်လည်း ကြီးဒေါ်ခေတ္တရာနဲ့ သွားရင် အစစ ဆင်ခြင်နေရတာပါ...။

" ရွှေပြည်ကျော်... နင် အရင်တစ်ခါ ဝယ်ပေးတဲ့ ကြောင်စာဆိုတာ... ငါလိုချင်တယ်... နင့်ကြောင်စာ ဘယ်မှာ ဝယ်ရလဲ... အဲဒီကြောင်စာ စားပြီးတည်းက မဟူရာကြီးက ဘာမှမစားချင်တော့ဘူး..."

" မြို့ကြီးသွားတုန်းက ဝယ်ခဲ့တာပါ..."

" နင် ဘယ်နေ့ အားမလဲ... သွားဝယ်ပေးစမ်း... ငါ ပိုက်ဆံပေးလိုက်မယ် "

" ဟုတ်ကဲ့..."

အင်မတန် တွန့်တိုကပ်စေးနည်းသော ကြီးဒေါ်ခေတ္တာရာက လူတွေအတွက်သာ သူ့ငွေကို ထုတ်ချင်မှ ထုတ်မယ်... သူမွေးထားသော တစ်ကိုယ်လုံး မည်းမှောင်နေသည့် ကြောင်နက်ကြီး မဟူရာအတွက်ဆိုရင်တော့ ကုန်ချင်သလောက် ကုန်စမ်းပါစေပေါ့။

" ဟဲ့... ဒါနဲ့ နေစမ်းပါဦး.. နင်က မဟူရာကို ဘာလို့ ကြောင်စာဝယ်ကျွေးရလဲ... ဈေးကြီးတယ်ဆို "

" အသက်သခင်ဆိုတာ ခုလိုပဲ ကျေးဇူးဆပ်ရတာပေါ့... ကျွန်တော် ညဘက် အပြင်ထွက်တာ ရှေ့မှာ မြွေကို မမြင်မိဘူး... မဟူရာက မာန်ဖီပြီး ဖယ်ထုတ်ပေးမှ တွေ့ရတာမို့ပါ... ကြောင်စာက ဈေးကြီးတယ်... ကျွန်တော် ဝယ်ပေးပါမယ် ကုန်သွားမှန်း မသိလို့ပါ "

" နင်ဝယ်ပေးမယ် ဟုတ်လား... ကောင်းသားပဲ... ကျေးဇူးသိတတ်သားပဲ... နင် မပူပါနဲ့... နင့်ကို မြွေမကိုက်ပါဘူး.. မြွေက နင့်ကိုကိုက်ချင်လို့ လာတာ မဟုတ်ပါဘူး.. နင်က မြွေသိုက်ကလာတာ... မြွေဘယ်တော့မှ မကိုက်ဘူး.. နင့်ရဲ့ တစ်ချိန်က ဆွေမျိုး မြွေတွေကို မေတ္တာ များများ ပို့ပေး... ဘုရားမှာ နွားနို့ဆွမ်းကပ်ပြီး မြွေတွေကို အမျှဝေ... ကြားလား "

" ဟုတ်ကဲ့ "

ကြီးဒေါ်ခေတ္တာရာ ပြောတာကို ယုံသည်ဖြစ်ဖြစ် မယုံ

သည်ဖြစ်ဖြစ် ဟုတ်ကဲ့ ပြောလိုက်တာ... အနည်းဆုံး နား အန္တရာယ်တော့ ကင်းပါတယ်... မဟုတ်ရင် ဘယ်လို စကားလုံးတွေ ပြောတော့မယ် မသိနိုင်...။

" ဘုရားသွားတဲ့ လမ်းလည်း အတော်ပျက်နေပါ ရောလား.."

" ပျက်ရင် ပြင်ပေါ့... အဖွား သူ့ငွေးပဲ ပြင်ပါလား"

" ပန်းဝတ်မှုံ... ညည်းပြောသလို ပြင်နိုင်ရင် နေ မလား... ငါ့မှာ ငွေမရှိပါဘူး..."

ငွေရှိတယ်ပဲ တစ်ခါမှ မကြားရ...

အမေနွယ် ပြောဖူးတာကတော့ ကြီးဒေါ်ခေတ္တရာက အတော်ချမ်းသာတယ်လို့ ပြောပါတယ်။ သူဖြင့် အမြဲ ကြား လိုက်ရရင် ငါ့မှာ ငွေမရှိပါဘူးချည်းပဲ...။

" အဖွားရယ်... သွားလေရာ ဒီကြောင်ကြီး မခေါ် စမ်းပါနဲ့... ပြီးတော့ အဖွားကြောင်က ရိုင်းတယ်... ဟိုလူ့ကုတ်ရ ဒီလူ့ကိုက်ရနဲ့..."

" ဟဲ့... အဲဒါ ကြောင်မဟုတ်ဘူး... မဟူရာဟာ အမှန်ကတော့ ကိုဇမြ ဝင်စားတာ..."

" ရှင်... အဖိုး... အဖိုးက ဒါဆို သေပြီး ကြောင် ဖြစ်တာပေါ့ ဟုတ်လား..."

" အေး..."

" ဟင်... အကုသိုလ်များတော့လည်း..."

" ဘာအကုသိုလ်များတော့လည်းလဲ... ငါ့ယောကျ်ားကို

များ နှင်က အကုသိုလ်များသလေး ဘာလေးနဲ့ ပြန်တောင်းပန်စမ်း ပန်းဝတ်မှုံ…"

"ဟုတ်ကဲ့… ဟုတ်ကဲ့… တောင်းပန်ပါတယ် အဖွား…"

ပန်းဝတ်မှုံက တောင်းပန်ပါတယ်ဆိုတာတောင် မရ… ငါ့ယောက်ျားကိုများ အကုသိုလ်များသလေး ဘာလေးနဲ့…။ ရွှေပြည်ကျော်စိတ်ထဲမှာတော့ အတွေးတစ်ခု ဝင်လာပါတယ်။ အဖေနဲ့ တစ်ခါတလေ လမ်းလျှောက်ထွက်တတ်တယ်… လမ်းလျှောက်ထွက်ရင်းမှ အဖေ့ကို မေးကြည့်ရမယ်လို့ပါ…။

ပန်းဝတ်မှုံခမျာလည်း.. စကားပြောရင် အမှားပါလို့ ထင်ပါရဲ့… တိတ်ဆိတ်သွားပါပြီ။ ကောင်မလေးက လှတော့ အတော်လှပါတယ်။ ဒါပေမယ့် သူ့ယူမယ့် ကောင်လေးတော့ ရွှေပြည်ကျော် အများကြီး သနားမိပါရောလား…။

အဖိုးမရှိတော့ဘူး...။

အဖိုးကို ဖုတ်ဝင်တယ်ဆိုတဲ့ လူတွေ ပြောကြဦးလေ။ အဖိုး ဆုံးတော့ ဖုတ်ထွက်ပြီဆိုရင် ပုတ်ပွနေရမှာပေါ့...။ အဖိုးပိန်ပိန်လေးဟာ သေလည်း ပိန်ပိန်လေးပဲ...။ ခြောက်ကပ်ကပ်လေးနဲ့ ပုတ်ပွတယ်လည်း မရှိ... မျက်နှာလေးက အေးချမ်းလို့...။

" အစ်မ... အိမ်သာလိုက်ပို့ "

" ဘာ... "

" အစ်မကလည်း.. မနက်ဖြန်ဆို အဖိုးရက်လည်တဲ့နေ့... နုလွင် ကြောက်တယ်... လာပါ... တော်ကြာမှ... အဖိုးကို တွေ့လိုက်ရင် နုလွင် အသက်ထွက်သွားမယ် "

အတော်ဆိုးတဲ့ နုလွင်ပါလား...။ အဖိုးကဖြင့် သူ့ဘဝလေးနဲ့ သူသွားပြီ။ အမြဲလို သရဏဂုံ တတွတ်တွတ်ရွတ်နေတတ်ပြီး ကိုးပါးသီလစောင့်တဲ့ အဖိုးက ပြိတ္တာ ဖြစ်ရမယ်လို့ပဲ...။

" အစ်မ... ထွက်မသွားနဲ့နော်... "

" အေးပါ... အာပြဲကြီးနဲ့ အော်မနေနဲ့... "

ဘေးပတ်ဝန်းကျင်တွေမှာ ကြားလို့မကောင်း... အိမ်သာ

ထဲက အော်နေတယ်...။

နုလွင်အတော်ကြောက်နေတာ... ကြာတော့ မုန်းစရာတောင် ကောင်းလာတယ်။

မြရုံခြယ် စိတ်ထဲမှာဖြင့်... သန်ဘက်ခါဆို ဒီအိမ်က စတင်ထွက်ခွာရမယ်။ အဖိုးထားခဲ့တဲ့ စာတစ်စောင်ကို ယူပြီးတော့... မဟော်ဂနီစံအိမ်ကို သွားရမှာ။

ဟိုမှာက မြရုံခြယ်ရဲ့ ဆွေမျိုးတွေရှိတယ်သာ ဆိုတာ။ တစ်ခါမှမမြင်ဖူးတဲ့ သူစိမ်းတွေပါလေ...။

မြရုံခြယ်တို့ကို ဘယ်လိုအနေအထားနဲ့ ဆက်ဆံမလဲ။
အဖိုးရဲ့ ဥဳအစ်ကို မောင်နှမတွေသာ ဆိုတယ်...
အဖိုးလို သူတော်ကောင်းစိတ်တွေ ရှိကြရင်တော့ မဆိုး။

" နုလွင် "

" ရှင် "

" အစ်မပြောတာ သေချာမှတ်မိတယ် မဟုတ်လား..."

" ဘာလဲ အစ်မ "

" ဩော်... ကြည့်စမ်း... ဒီလောက် ပြောနေတာ... ဟိုရောက်ရင် ဘယ်လိုနေထိုင်ရမလဲ ဆိုတာလေ... ငါမသိပဲ ဘာမှမလုပ်နဲ့... ငါ့နားကပ်နေ ကြားလား "

" မဟာအိမ်နီကြီး ရောက်ရင်လား..."

" ဘာလဲဟယ်... မဟော်ဂနီစံအိမ်ပါဆိုမှ... မဟာအိမ်နီကြီး မဟုတ်ပါဘူး "

" မသိပါဘူး အစ်မရယ်... မခေါ်တတ်ပါဘူး... အဲဒီက

လူတွေက အစ်မနဲ့ နုလွှင်ကို လက်မခံရင်ရော "

" လက်မခံရင်တော့ ရန်ကုန်ပြန်လာမယ် "

" ပြန်လာတော့ နေစရာမှ မရှိပဲ "

" အဲဒါ နင်ပူစရာ မရှိဘူး... နုလွှင်... နင် အငယ်ပဲ အေးအေးနေ... အစ်မဘာသာ စီစဉ်မယ်..."

" ဒါဆိုလည်း ပြီးရော... ဒါပေမယ့် အဲဒီ မဟာ အိမ်နီကြီး ဆိုတည်းက... သရဲတစ္ဆေတွေ ရှိတယ် ထင်တယ်... ကြောက်စရာ အိမ်ကြီးဆိုရင်တော တစ်ရက် နှစ်ရက် နေရင် ပြန်လာကြရအောင်လား "

" အခြေအနေ ကြည့်ကြသေးတာပေါ့ နုလွှင်ရယ် ငါကိုယ်တိုင်တောင် စာတစ်စောင်နဲ့ သွားရမယ့် နေရာရဲ့ အခြေအနေကို ဘာမှမသိသေးဘူး..."

" အစ်မနော်... နုလွှင်ကတော့ နေနိုင်ရင် နေမယ်... မနေနိုင်ရင် ရွာပြန်မှာ..."

" ဘာ..."

" ရွာပြန်မယ်... ရွာမှာရှိတဲ့ ဆွေမျိုးတွေနဲ့ပဲ သွား နေတော့မယ် "

ရုတ်တရက် ပြောလာသည့် နုလွှင်စကားကြောင့် မြရံခြယ် ဘာပြောရမှန်း မသိလောက်အောင် အံ့ဩသွားရပါပြီ။ မြရံခြယ်နဲ့ အဖိုးစိတ်မှာ နုလွှင်ကို မွေးစားထားတယ် မတွေးပဲ ဆွေမျိုးရင်းခြာလို့ သဘောထားခဲ့ပါလျှက် နုလွှင်ဘက်က သည်သို့ တွေးသတဲ့လား။

" ရှာကို အစ်မပါလိုက်ခဲ့ "

" ဘာလို့လိုက်ရမှာလဲ... နင် တကယ်ပြန်မှာလား "

အဲလိုမေးတော့ မျက်နှာလေး ငယ်သွားပါတယ်။

ပြီးတော့မှ မဟုတ်ပါဘူး... ဟိုမှာ အဆင်လုံးဝမပြေရင် ပြောတာပါတဲ့လေ...။

နုလွင်ဆီမှာ မြရုံခြယ်အပေါ် အစ်မအရင်း တစ်ယောက်လို ခံစားပြီး... အေးအတူ ပူအမျှ နေမလား မှတ်ပါတယ်... အခုတော့ သူ့အဆင်ပြေရာမှာ နေချင်တာပါလား...။

ဒါကြောင့်လည်း အဖွားရှိတုန်းက နုလွင်ကို စိတ်ဆိုးရင် သွေးဆိုတာ ဒါကြောင့် ရေထက်ပျစ်တယ် ပြောတာ... မရွှေ နုလွင်တို့က ရေလိုပဲ ကျဲတောက်တောက်လို့ ခဏခဏ ညည်း တတ်တာ။

မဟော်ဂနီစံအိမ်က လူတွေက သူတို့သွေးသားကိုမှ တန်ဖိုးထားတာတဲ့လား..။

နုလွင်လိုမျိုး ကျေးဇူးမတင်တတ်တဲ့ လူတွေကြောင့် များလား မသိနိုင်...။

၆

" အဖေ... မိုးလေဝသကောင်းပါတယ်... ကျွန်တော်တို့ လမ်းလျှောက်ကြရအောင်လား..."

" အေး... သွားလေ..."

အဖေနှင့် နှစ်ယောက် ခဏခဏဆိုသလို ကတ္တရာလမ်းရောက်သည်အထိ အသွားတစ်မိုင်... အပြန် တစ်မိုင် လမ်းလျှောက်ကြတယ်လေ...။ တစ်ခါတလေ အမေနွယ်တောင်မှ လိုက်သေးတာ။

" အမေနွယ်ရော..."

" မင်းအမေ ဘုရားခန်းထဲ ရောက်နေပြီ မခေါ်နဲ့တော့"

အဖေနဲ့နှစ်ယောက်တည်း ထွက်လာခဲ့တယ်လေ...။ အိမ်ရှေ့အရောက် ဘဘဦးမိုးမှိုင်း ပြန်အလာနဲ့ တွေ့ပါတယ်...။

" ကိုဥတ္တရတို့ သားအဖ လမ်းလျှောက်လား "

" ဟုတ်တယ် အကိုမှိုင်း... အကိုမှိုင်းရော ဘယ်က ပြန်လာလဲ "

" တောင်ဖျားက ကြံခင်းစု သွားတာပါ... ညီမြရာက အကြွေးတောင်းခိုင်းလို့..."

အဖေနှင့် နှစ်ယောက် ပြုံးကြရပါတယ်။ ကြီးကြီးညီမြရာက ဒီအနီးအနား ရွာမှန်သမျှမှာ... သီးနှံပေါ်ပေး အကြွေးတွေ ချထားတတ်ပါတယ်...။ သူ့ရဲ့ အကြွေးမှန်သမျှကို

လိုက်တောင်းပေးရတာက ဘာဘဦးမိုးမှိုင်း အလုပ်လေ...။

" အစ်မညီမြရာရဲ့ လောဘကလည်း သေမှအဆုံး သတ်မယ် ထင်ပါရဲ့လေ... လောဘကြီးတော့လည်း သေရင် သူ့ရှာတဲ့ငွေက ပါသွားမှာမို့လား... ခက်ပါတယ်... အစ်မ ဆိုတော့လည်း မပြောချင်ဘူး..."

" အဖေ... အဖေ့ကို မေးစရာရှိလို့..."

" မေးလေ..."

" ဟိုနေ့က ကြီးဒေါ်ခေတ္တရာကို မြို့နီး ဘုရားလိုက်ပို့ ရင်း ပြောမိကြတာ..."

ဦးဖုံမြကြီးကနေ ကြောင်ကြီး မဟူရာဖြစ်သွားလို့ဆိုပြီး အသည်းစွဲချစ်ရတဲ့အကြောင်းကို မေးမိပါပြီ။ ပြီးတော့ ရွှေပြည်ကျော့်ကိုလည်း မြွေသိုက်ကလာတာ ဆိုတာရောပေါ့။

" မောင်ရွှေပြည်... မဟူရာက ကိုဖုံမြဘဝကလာတယ် ဆိုတာလည်း မပြောနိုင်ဘူး... ဖြစ်နိုင်တာပေါ့... မိန်းကလေး ပန်းဝတ်မှုံပြောတာလည်း မှန်တယ်... အကုသိုလ်များတာကို..."

" ဦးဖုံမြက စိတ်သဘောမဆိုးပါဘူးဆို "

" ကိုဖုံမြမှာ တစ်ခုဆိုးတာရှိတယ် သားရဲ့... သူက မုဆိုးအလုပ် ဝါသနာပါတယ်... ခဏခဏဆိုသလို ရိုးမထဲထိ တောပစ်ထွက်တတ်တယ်... ပြန်လာရင် သွေးသံရဲရဲ တိရစ္ဆာန်တွေ ပါလာတတ်တာ... အထူးသဖြင့် တောကြောင်ကြီးတွေကို ထောင်ချောက်နဲ့ ဖမ်းဖမ်းပြီး သတ်စားလေ့ ရှိတယ်... ကိုဖုံမြဟာ တောင်ကြောင်သား စားလေ့ရှိတယ်... အဲဒီ အကုသိုလ်တွေကနေ

ကြောင်ဖြစ်သွားတာလည်း ဖြစ်ချင်ဖြစ်နိုင်တာပေါ့... မင်းလည်း ငါးတွေ သွားသွားမျှား.. အကုသိုလ်တွေ ကြပ်ကြပ်လုပ်... သေရင် ငါးဖြစ်နေမယ် ”

“ ဟာ... အဖေကလည်း...”

ငါးဖြစ်မှာတော့ ကြောက်သား..။

အဖေက ပြောသေးတာက... လူတွေဆိုတာ... ဘဝ သံသရာ အရှည်ကြီးကို ဖြတ်သန်းနေရတာ... သုံးဆယ့်တစ်ဘုံ ကျင်လည်နေရတာ.. မြွေသိုက်က လာချင်လည်း လာမှာပေါ့။ ဒါတွေကို စွဲလန်းမနေနဲ့ ဘုရားတရား ကြည်ညိုရင် ပြီးတာပဲတဲ့။

“ ကြီးဒေါ်ခေတ္တရာဟာ ဝမ်းတွင်းစုန်းလို့ သူများတွေ ပြောကြတယ် အဖေ... သူကျိန်လိုက်ရင် ဖြစ်တာပဲဆို...”

“ ခေတ္တရာက ဝစီဆိုးလွန်းပါတယ်... အကုသိုလ်တွေ ပါကွာ... အစကတော့ ကျင့်ကြံအားထုတ်မှုတွေ ရှိပါတယ်... လမ်းကြောင်းလွဲပြီး မာနတို့ အတ္တတို့များပြီး ကျင့်ကြံမှုတွေပါ ချော်ထွက်ကုန်တာ... အကုသိုလ်တွေက ကြောက်စရာပဲ... ခေတ္တရာကျိန်ရင် ဖြစ်ရောဆို အဖေနဲ့ အမေနွယ် သေပါလား... သူက အမြဲလို သေပါစေ ကျိန်ခဲ့တာ... ငါတို့ သေဖို့ ဖြစ်တာ တောင် ကယ်မယ့်လူ တွေ့တာပဲ မဟုတ်လား... အဖေတို့က မြတ်စွာဘုရားကို မမိုတ်မသုန် ယုံကြည်တော့ သူ ဘာပြောပြော ဘာမှမဖြစ်ဘူး...”

အဖေပြောတော့လည်း ဟုတ်တာပါပဲလေ...။

အဖေ့ကို ကြီးဒေါ်ခေတ္တရာက သိပ်ချစ်ခဲ့ဖူးတယ်

ဆိုတာရော ဟုတ်လားဆိုတော့ အဖေကရယ်ပါလေရော...

" မောင်ရွှေပြည်ကျော်လည်း သတင်းပေါင်းစုံကို ကြားတာပါလား... အဖေတို့ ငယ်ငယ်ကဆို... အစ်မညီမြရာနဲ့ ဓေတ္တရာက သူငယ်ချင်း... အိမ်မှာ ဝင်ထွက်နေခဲ့ကြတာ... မိသားစုတွေက အဖေနဲ့ ခေတ္တရာကို နီးစပ်စေချင်တာပေါ့... အဖေကတော့ မနွယ်ကိုပဲ နှစ်သက်တယ်လေ... အဖေက မနွယ်ကို ရွေးချယ်လိုက်တော့ ခေတ္တရာက စိတ်နာသွားတော့တာ... အဖေနဲ့ မနွယ်ကို အသေမုန်းတာ... အမြဲလို ကျိန်နေတာ..."

ဟုတ်တာပါပဲ။ အဖေနဲ့ အမေနွယ့်ကိုဆို မြန်မြန် သေကြပါလား... အဲဒီမျက်နှာတွေ မြင်ရတာ မီးလိုပူတယ်လို့ ကြီးဒေါ်ခေတ္တရာ ရွတ်ရွတ်နေတာ... ရွှေပြည်ကျော်လည်း ကြားဖူးပါတယ်...။

" ဘုရား တရား သံဃာအပေါ် အကြွင်းမဲ့ ယုံကြည် ကိုးကွယ်တဲ့သူကို ဘယ်သူကမှ မကောင်းမကြံနိုင်ပါဘူး သားရယ်... မင်းအမေနွယ် အမြဲလို တရားထိုင်နေတတ်တာ ကြည့်..."

အဖေနဲ့ အမေနွယ်ကတော့ မနက်အရုဏ်ကစပြီး ဆွမ်းကပ် ရေချမ်းကပ်... တရားထိုင် အမြဲလုပ်နေတာပါ...။ ဒါကြောင့်လည်း ကြီးဒေါ်ခေတ္တရာ ဘာတွေပြောပြော မကြောက် ဘူးတဲ့လေ...။

" အဖေ... အဲဒီဆိုင်းဘုတ်ကိုလည်း အမြဲလို

ဘာဆွေအိမ်လို့ ပြင်ပြင်ရေးသွားကြတယ်... မဟော်ဂနီစံအိမ်ကို ဘာလို့များ ဒီလောက် ရေးနေရတာလဲဟင်..."

"မဟော်ဂနီအိမ်မှာက... ဥပဆွေဒက ကံနဲ့ သေဆုံးတဲ့ လူတွေကလည်း ရှိနေတယ်... ပြီးတော့... မဟော်ဂနီစံအိမ်မှာ ခေတ္တရာတို့လို နှုတ်မစောင့်စည်းတဲ့သူတွေလည်း ရှိတယ်... မပြုံးတို့လို တစ်ခုခုဆို အပိုတွေ လုပ်ပြောတဲ့လူတွေလည်း ရှိတယ်... ပြီးတော့... မဟော်ဂနီ ခြံထဲမှာ ဘိုးဘွားတွေရဲ့ အုတ်ဂူတွေကလည်း ရှိတယ်လေ... ကြောက်တဲ့လူတွေဆိုတာက ပိုပြောတတ်ကြတာပဲ မဟုတ်လား... ဒါကြောင့် တဆွေအိမ်လို့ ပြောကြတာပါ... ပြောပါဦး မင်း ဒီမှာနေတာ ကြာပြီ... ဘယ်နှစ်ခါ တဆွေနဲ့ တွေ့သလဲ..."

"ကျွန်တော်က မကြောက်တတ်ဘူးလေ အဖေရဲ့..."

"မကြောက်တတ်တဲ့ လူဆို တဆွေမခြောက်တော့ ဘူးလား.. မဆိုင်ပါဘူး... ဘုရားတရားနဲ့နေတဲ့လူကို ဘယ်တဆွေ ကမှ အနားတောင် မကပ်ဝံ့ပါဘူး..."

အဖေနဲ့ အမေနွယ်လို မွေးစားမိဘရတာ ရွှေပြည်ကျော့ အတွက် အရမ်းကံကောင်းတာပါပဲ...။ စိတ်ရှည်လက်ရှည်နဲ့ သားသမီးမြေးအရင်းအချာလိုလည်း ကောင်းရှာပါတယ်။ သူကိုယ်တိုင်ကလည်း ဒါကြောင့် သံယောဇဉ် တွယ်နေမိလေ သလား မသိ...။

"မင်းလည်း တစ်နေ့တစ်နေ့ စားလိုက်အိပ်လိုက်... အိမ်ကလူတွေခိုင်းတာ လုပ်လိုက်နဲ့... အရည်အချင်းတွေ

မေးမိန်နေသလိုပဲ... ကိုယ့်ဘ၀ ရေရှည်ရှိတယ်... လုပ်ငန်းတစ်ခုခု လုပ်သင့်တယ်... စဉ်းစားပါ..."

" အဖေနဲ့ အမေနွယ့်အနားမှာ ပြုစုချင်ပါတယ် "

" ငါတို့သေရင်ကော... ဒီအိမ်ကြီးမှာ အစ်မညီမြရာနဲ့ ခေတ္တရာရဲ့ အခိုင်းခံဘ၀နဲ့ မင်းအရည်အချင်းတွေ ပျောက်ပြီး နေမလား... တစ်ခုခု စဉ်းစားကြတာပေါ့..."

အမှန်ကတော့ ရွှေပြည်ကျော့စိတ်မှာ ချစ်တဲ့သူငယ်ချင်း တင်မောင်ဇော်နဲ့ ခြံလုပ်ငန်းတွေ သွားလုပ်ကြည့်ချင်မိပါတယ်...။ ပြောခဲ့သလို အဖေနဲ့အမေနွယ် ကျေးဇူးတွေရှိတော့ ပစ်မသွားရက်ပါဘူး...။

အဖေနဲ့ အမေနွယ် မရှိတော့ရင်တော့ တစ်မျိုးပေါ့လေ။ သူကိုက သံယောဇဉ်များတတ်တာပါလား။

" ရွှေနားမှာ မဟော်ဂနီအိမ်သို့ တစ်မိုင် " ဆိုတဲ့ ဆိုင်းဘုတ်ရှိတယ်... အဲဒီ့ကနေ ဝင်သွားလိုက်... အဲဒါဆို မင်းတို့ သွားချင်တဲ့ဆီ ရောက်ရော..."

မဟော်ဂနီ စံအိမ်ထိ ကားလည်းမရှိ... ဘာမှလည်းမရှိ... ဒီကားလမ်းပေါ်က တစ်မိုင် လမ်းလျှောက်ရမယ် ဆိုပါလား။ နုလွင်ကတော့ ဒီတစ်ခါ မစပ်စုအား... စကားမများအားပါပဲ ငြိမ်လိုက်လာပါတယ်။

ဆိုင်းဘုတ်ရှိသတဲ့...

ဆိုင်းဘုတ်လိုက်ရှာမိပါပြီ...။

" ဟိုမှာ... ဟိုမှာ... ဆိုင်းဘုတ် "

နုလွင်ညွှန်ပြလို့ ဆိုင်းဘုတ်ကိုတော့ မြင်ပါပြီ။

မဟော်ဂနီစံအိမ်သို့ တစ်မိုင်ဆိုတဲ့ စာကြောင်းမှာ...

မဟော်ဂနီစံအိမ်ကို ခြစ်ပြီး တစ္ဆေအိမ်သို့ တစ်မိုင်လို့ ရေးထားပါလား။

နုလွင်ကိုကြည့်တော့ ဆိုင်းဘုတ်ကိုသာ ကြည့်နေတယ်... နုလွင်က စာမှသိပ်မတတ်တာ...။ တစ္ဆေဆိုတဲ့ စာလုံးဆင့်ကို မဖတ်တတ်...

မဖတ်တတ်တာပဲ ခပ်ကောင်းကောင်း။

ဖတ်များ ဖတ်တတ်လို့ကတော့ တစ္ဆေအိမ်ဆိုတာနဲ့ ဒီနေရာက လှည့်ပြေးပါလိမ့်မယ်...။ မြရံခြယ် စဉ်းစားရပါပြီ။

တစ်ယောက်ယောက်က နောက်ပြီး တစ္ဆေအိမ်လို့ ရေးကတည်းက အဲဒီ့ မဟော်ဂနီစံအိမ်မှာ ပြဿနာ တစ်ခုခု ရှိကိုရှိပါလိမ့်မယ်။

ဒါဆို သွားမလား...

မသွားဘူးလား။

သွားသင့် မသွားသင့်ဆိုတာ မြရံခြယ် ဆုံးဖြတ် ရတော့မယ်...။

ဘာပဲပြောပြော အဲဒီ့မဟော်ဂနီစံအိမ်မှာ... အဖိုးရဲ့ ဆွေမျိုးရင်းချာတွေ ရှိတယ်။ သွားတော့ သွားကြည့်သင့်တယ်... နေလို့မရဘူးဆိုမှသာ... မနေချင် ပြန်ကြရုံပေါ့...။

" အစ်မ... ဘာလို့ရပ်နေတာလဲ "

" တစ်မိုင် လမ်းလျှောက်ရမယ် နုလွင် "

" လမ်းလျှောက်ရတာက အရေးမကြီးပါဘူး... နုလွင်တို့ သွားမယ့် မဟာအိမ်နီကြီးတော့ ဟုတ်သလား "

ခုထိ မဟော်ဂနီစံအိမ်လို့ မခေါ်တတ်...

ဒါကြောင့် သွားစို့ဆို အထုပ်တွေ ဆွဲပြီး လမ်းထဲ ဝင်လာခဲ့ပါပြီ...။ ဒီအခိုက် နောက်ဘက်မှာ ဆူညံဆူညံနဲ့ အသံကြောင့် ကြည့်မိတော့ ထော်လာဂျီတစ်စီးပါလား။

" ဒီမှာ... ဒီမှာ "

မြရံခြယ် လက်တားရင်း ခေါ်မိပါပေါ့...။

" ကျွန်မတို့ မဟော်ဂနီစံအိမ်ကို သွားချင်လို့ လမ်းကြုံလိုက်လို့ ရမလား..."

" ရတယ်လေ... ကျုပ်က ကြံခင်းစုထဲ သွားမှာ... မဟော်ဂနီစံအိမ်နားဖြတ်တော့ မင်းတို့ဆင်းနေခဲ့ပေါ့..."

တော်ပါသေးရဲ့။ ထော်လာဂျီပဲဖြစ်ဖြစ်... လှည်းပဲဖြစ်ဖြစ် ခုနေတော့ စီးရတော့မယ်...။ ထော်လာဂျီပေါ် ရောက်တာနဲ့ မေးပါလေရော။ ဦးလေးကြီးက အသက်တော့ အတော်ကြီးနေပါပြီ။

" မင်းတို့က မဟော်ဂနီစံအိမ်ကို ဘာကိစ္စလဲ..."

တစ်ချိန်လုံး ငြိမ်နေသော မချွေနုလွင်က စပ်စုရမယ်... စကားပြောရမယ်လည်း ဆိုရော အသံထွက်လာရော။

" ဆွေမျိုးတွေရှိလို့ သွားမှာပါ "

" ဆွေမျိုး... မင်တို့က ဘယ်သူ့ဆွေမျိုးလဲ..."

အဲလိုကျတော့ မချွေနုလွင် မဖြေတတ်တော့ပါဘူး။

" ကျွန်မတို့က ကြီးကြီးညိုမြရာနဲ့ ဘဘ ဦးဥတ္တရဆီ လာတာပါ... အဖိုးအဖွားတွေဆိုပါတော့..."

" ဩော်... ဟုတ်လား... အရင်ကတော့ ရောက်ဖူးပုံ မရဘူး..."

" ဟုတ်တယ် ဘကြီး... နုလွင်တို့ အခုမှ ပထမဦးဆုံး လာတာပါ..."

" ဟုတ်လား... အဲဒီမှာ နေမှာလား "

" ဟုတ်ကဲ့... နေမှာပါ..."

" နေမှာ..."

" ဟုတ်ပါတယ်... ဘာလို့လဲ... ဦးလေးကြီး "

" နေမှာဆိုရင်တော့ ဒေါ်ခေတ္တရာ့ကို သတိထားပါ..."

" ဒေါ်ခေတ္တရာ..."

" အေးလေ.. မင်းတို့ တတ်နိုင်သရွေ့ ဒေါ်ခေတ္တရာ မမုန်းအောင် နေပေါ့..."

ဘာလို့ပါလိမ့်။

တစ္ဆေအိမ်ဆိုတဲ့ အရေးအသားကြောင့် စိတ်မှာ အနှောင့်အယှက်ဖြစ်ရတဲ့ အထဲမှာ ဒေါ်ခေတ္တရာက ပါလာပြန်ပါရောလား...။

" ဟိုဟာ... မဟော်ဂနီစံအိမ်ပဲ... အဘက ဒီက ကွေ့တော့မယ်..."

" ဟုတ်ကဲ့... ကျေးဇူးပါပဲ ဦးလေးကြီး.."

ထော်လာဂျီ မထွက်ခင်မှာ အဲ့ဒီ ဦးလေးကြီးက ထပ်ပြောသွားပြန်ပါတယ်...။ အဘပြောတာ မမေ့နဲ့... ဒေါ်ခေတ္တရာနဲ့ အမုန်းမရှိအောင် နေတဲ့...။ အစ်မ ဘာတွေလဲ မသိဘူးလို့ နုလွင် မေးနေလို့ ပြန်ပြောရတယ်... ငါတို့က သူများနေရာ လာနေရတာ... ဒေါ်ခေတ္တရာမှ မဟုတ်ဘူး... တစ်အိမ်လုံးနဲ့ အမုန်းမရှိအောင် နေရလိမ့်မယ် နုလွင်လို့ပေါ့...။

၅

" ဖိုးလှရေ… ကြည့်လည်းပေါက်ဦး ခြေထောက်လည်း ခုတ်မိဦးမယ်… ပြီးတော့ မြွေလည်းကြည့်ဦး…"

" မြွေမခေါ်နဲ့လေ အစ်ကိုကြီးရွှေပြည့်ရဲ့ အကောင်ရှည်ခေါ် "

ဖိုးလှအပြောကြောင့် ရယ်ရပါတယ်။ အိမ်ကြီးဆီလာတဲ့ လမ်းကတော့ ထော်လာဂျီမောင်း လူသွားနဲ့ မြက်မရှိပေမယ့် ဘေးဘက်တွေမှာ အတော် မြက်ထူနေပါပြီ… ဒါကြောင့် ဖိုးလှနဲ့ နှစ်ယောက် ပေါက်ပြားနဲ့ ခုတ်ကြရတယ်။ ဦးမြလှိုင်ကြီးကလည်း ဖျားနေတော့ မကူနိုင်။

" ဒီမှာရှင့်… ကြီးကြီးဒေါ်ညိုမြရာနဲ့ ဘဘဦးဥတ္တရ တစ်ယောက်ယောက်ကို တွေ့ချင်လို့ပါ…"

ရှူးရှူးရှရှ အသံလေးကို မကြားစဖူးမို့ လှည့်ကြည့်မိတာ…

ကောင်မလေးနှစ်ယောက်။ တစ်ယောက်က လှလှ ချစ်စရာလေး။ တစ်ယောက်က ဝဝလုံးလုံးလေး..။ အထူးအဆန်း ပါလား… မမြင်ဖူးသော ဧည့်သည်တွေ မဟော်ဂနီစံအိမ်ကို ရောက်လာကြတာပါရော။

ကြီးကြီးညိုမြရာနဲ့ အဖေ့ကို တွေ့ချင်လို့တဲ့…။

" ကြီးကြီးညိုမြရာရှိတယ်... အဖေရော ရှိတယ် ထင်ပါရဲ့... လာလေ အိမ်ထဲ လိုက်ခဲ့..."

ကောင်မလေး နှစ်ယောက်ကို ခေါ်လာခဲ့ပါတယ်။

ကံကောင်းချင်တော့ အဖေက အိမ်ရှေ့ဧည့်ခန်း ကုလားထိုင်မှာ... ဘုရားစာအုပ် ဖတ်နေတယ်လေ...။

" အဖေ... ကြီးကြီးနဲ့ အဖေ့ကို တွေ့ချင်လို့တဲ့..."

" ဟော..."

ရွှေပြည်ကျော် စပ်စုချင်နေမိပြီ။ ဒါကြောင့် တံခါးဝမှာ အသာလေး ရပ်ကြည့်နေမိတာပေါ့...။

" ကျွန်မတို့ ညီအစ်မက အဖိုးထက်မြတ်မှူးရဲ့ မြေးတွေပါ... အဖိုးမဆုံးခင် စာတစ်စောင်ပေးပြီး သူဆုံးတာနဲ့ ဒီကိုသွားဖို့ လွှတ်လိုက်လို့ပါ... ဒီမှာ စာ ပါပါတယ်..."

" ထက်မြတ် မြေးဟုတ်လား... စာပြစမ်းပါဦး... နေဦး နေဦး.. မောင်ရွှေပြည် အပေါ်မှာ ကြီးကြီးညိုမြရာကို သွားခေါ်လိုက်... ညီလေးထက်မြတ်မြေးတွေ ရောက်နေတယ် လို့..."

အဖေက သွားခေါ်လိုက်ဆိုလို့သာ။ ကြီးကြီးညိုမြရာက သူ့ကို ခုလိုသွားခေါ်တာ ကြိုက်လိမ့်မည် မဟုတ်...။ အပေါ်ထပ် ကြီးကြီးအခန်းရှိရာ တက်လာခဲ့ပြီး အခြေအနေ ကြည့်ရသေးတယ်လေ...။ ကံကောင်းချင်တော့ ကြီးကြီးက သူ့အခန်းရှေ့က ကုလားထိုင်ကြီးမှာ ထိုင်လို့။ ဘေးနားမှာ ဘဘဦးမိုးမှိုင်းကလည်း ထိုင်လို့... လင်မယားနှစ်ယောက် စကားပြောနေပုံရပါတယ်။

" ကြီးကြီး.. အဖေက အောက်ထပ်မှာ ညီလေး အဖိုးထက်မြတ်မှူးရဲ့ မြေးနှစ်ယောက် ရောက်နေတယ်လို့ ပြောပါတယ်..."

" ဘာ... ဘယ်သူ..."

" ဟိုလေ "

" ရွှေပြည်ကျော်... ပြန်ပြောစမ်း ဘယ်သူ..."

" အဖိုးထက်မြတ်မှူးမြေးတဲ့ "

" ဟင် "

ကြီးကြီးညိုမြရာ ဝုန်းဒိုင်းကျဲပြီး ပြေးမတတ် ဆင်းသွားပါလေရော...။ ဘယ်သူတွေမို့ပါလိမ့်။ ကြီးကြီးညိုမြရာ သည်မျှ အရေးတကြီး ဖြစ်ရတာ...။ ဘာကြောင့်ပါလဲ...။

" မောင်ရွှေပြည်... ထက်မြတ်မှူးမြေးလို့ ပြောလား"

" ဟုတ်ကဲ့ ဘဘ... ထက်မြတ်မှူးဆိုတာ ဘယ်သူ လဲဟင် "

ကြီးကြီးညိုမြရာကို ကြောက်ရွံ့ကြရပေမယ့် ဘဘ ဦးမိုးမှိုင်းကတော့ သဘောကောင်းလို့ ပြောရဲ ဆိုရဲ မေးရဲ ကြပါတယ်။

" ထက်မြတ်မှူးဆိုတာ... မင်းအဖေအောက်က မသစ္စာ အထက်က နို့ညှာလေ... ညိုမြရာတို့မှာ မောင်နှမ လေးယောက် ရှိတာ..."

" မောင်နှမလေးယောက်... ဟုတ်လား... ကျွန်တော်ဖြင့်

မသိပါဘူး... ကျွန်တော်က ကြီးကြီးရယ်... အဖေရယ်... ဖွားလေး သစ္စာရယ်ပဲသိတာ ”

“ ထက်မြတ်မှူးကို နောက်မွေးတဲ့ကလေးတွေကတော့ မသိကြဘူးပေါ့ကွယ်... ထက်မြတ်မှူးက စိတ်သဘော ကောင်း ပါတယ်... ထက်မြတ်မှူးကို မချစ်တဲ့ မိသားစု မရှိခဲ့ပါဘူး... ခေတ္တရာကတောင်မှ ထက်မြတ်မှူးကို ချစ်တယ်... ”

“ ဟုတ်လား... ”

ဒါဆိုရင်တော့ အဲဒီကောင်မလေးနှစ်ယောက် ဒီအိမ်မှာ လာလည်လို့ ရနိုင်ပါတယ်။ ဘယ်လောက် ကြာကြာတော့ နေမယ်မသိ။

“ လာ... ငါတို့လည်း အောက်သွားကြရအောင်... ကလေးမလေးတွေလည်း တွေ့ရတာပေါ့... ”

ဘဘဦးမိုးမှိုင်းနှင့် ဧည့်ခန်းဘက် ဆင်းလာခဲ့ကြ ပါတယ်။ မဟော်ဂနီ စံအိမ်ကြီးရဲ့ ဧည့်ခန်းဟာ ခုတော့လည်း ဆွေမျိုး အတော်စုံနေပါရောလား။

ကောင်မလေးနှစ်ယောက်မှာ ချောချောလှလှ ကောင်မလေးက အတော်လေး ရဲရင့်ထက်မြက်ပုံရပါတယ်... မျက်နှာလေးက အေးအေးချမ်းချမ်းနဲ့ စိုးရိမ်ကြောင့်ကြစိတ် ရှိပုံမရ။ ဘေးနားက ဝဝလုံးလုံးကောင်မလေးကသာ... ကြောင် တွေရှေ့ ရောက်နေတဲ့ ကြွက်ကလေးလို ငြိမ်ကုတ်နေရှာတာပါ။

“ စာကတော့ ထက်မြတ်ရဲ့စာလို့ သေချာတယ် ဥတ္တရ... ဘယ်လိုလုပ်မလဲ... ”

" မဟုတ်ပဲနဲ့ ဒီကလေးတွေကို ထက်မြတ်က ဘယ်လို လွှတ်မလဲ... အစ်မရဲ့..."

" ထက်မြတ်အကြောင်း ပြောပြစမ်းပါဦး.. စောစော ကရော ဘယ်လိုဖြစ်ကြသလဲ... ငါတို့က မိသားစုတွေ စည်းစည်း လုံးလုံးနဲ့ ဒီမှာနေပါစေ ပြောမရပါပဲ... မိန်းမခေါ်တဲ့ဆီ လိုက်သွား တာလေ... သေတာတောင် မတွေ့ရဘူး... အတော် ရက်စက်တဲ့ ကောင်လေး..."

ကြီးကြီးညိုမြရာ မျက်ရည်ကျပါရော။ အံ့သြစရာပါပဲ။ အင်မတန် စိတ်ဓာတ်မာကျောတဲ့ ကြီးကြီးရဲ့ မျက်ရည်ဆိုမှတော့ တော်ရုံသံယောဇဉ် မဟုတ်နိုင်...။

ကောင်မလေးက သူ့အဖိုး ထက်မြတ်မှူးအကြောင်း ပြောပြနေပါတယ်...။

" ဪ... စောစောက အရင်ဆုံးတာလား..."

" ဘယ်သူ... ထက်မြတ်မှူးမြေး ဟုတ်လား... ငါ ကြည့်ပါရစေဦး.. အလိမ်အညာတွေ ပေါတဲ့အချိန်ကြီးမှာ... လူလိမ်တွေလားမှမသိ... လူလိမ်တွေဆို ချက်ချင်း ဖမ်းချုပ်ပစ်"

ထုံးစံအတိုင်း ကြီးဒေါ်ခေတ္တရာရဲ့ စွာကျယ်လွန်းသော အသံကြီးနဲ့အတူ ဝင်လာတာပါလား...။ ကောင်မလေးရဲ့ လှပ သော မျက်နှာလေးက ချက်လုံးဝိုင်းလေးတွေက ပိုပြီး ဝိုင်းစက် လာတော့တာပါ...။

ဓ

**အ**ခုမှ တကယ့်ကို ဝံပုလွေကြားထဲ သမင်လေး နှစ်ကောင် ရောက်နေသလို ဖြစ်ရပါရော။ နှလွင်ကဆို မြရံခြယ် လက်မောင်းကို ဆုပ်ကိုင်ထားလိုက်တာ လက်တွေကလည်း အေးစက်နေတာ ကြည့်ရင် ဘယ်လောက်ကြောက်ရွံ့နေတယ် သိနိုင်ပါရဲ့...။

ကြောက်စရာကြီးပါလား...

နောက်ဆုံးမှ အော်ဟစ်ဝင်လာတဲ့ အဖွားအိုကြီးကို မြင်ရတာ... မြရံခြယ်တောင်မှ မပောာ်ဂနီစံအိမ်ကို ခြစ်ပြီး ရေးထားတဲ့ တစ္ဆေအိမ်ဆိုတာ အမှတ်ရလာပါတယ်။

အသံကြီးကလည်း ငှက်ဆိုးသံကြီး ကျနေတာပဲ...။

ပြီးတော့ လူတွေကိုများ.. လူလိမ်တွေ ထင်နေသေးတာ။

" ခေတ္တရာ ထိုင်စမ်းပါဦးဟယ်... စကားအေးအေး ပြောပါ... ထက်မြတ်ရဲ့စာ ပါပါတယ် "

" သူတို့ .စာကို ကောက်ရလာရင်ကော..."

" မဟုတ်နိုင်တာ... ကလေးမလေးတွေနာမည် ရေး ထားတာ... မှတ်ပုံတင်နဲ့ တိုက်ကြည့်ပြီးပါပြီ..."

အဲဒီလိုပြောပေမယ့် စူးရှကျဉ်းမြောင်းတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတယ်...။

ဆံပင်တွေက ကျွတ်တဲ့ နေရာကကျွတ်... ရှည်တဲ့ နေရာကျတော့ အရှည်ကြီး...။ ရုပ်ကလည်း ဆိုးလိုက်တာ... ညဘက်တွေ့ရင်တော့ လန့်အော်မိလေမလား...။ ပြီးတော့ လက်သည်းအရှည်ကြီးတွေနဲ့ပါလား။ ဘယ်လိုကြီးလဲ...

" ငါကြည့်ပါရစေဦး... မဟော်ဂနီ သွေးပါမပါ... ငါ ကြည့်ပါရစေ "

ပြောပြီးတော့ မြရုံခြယ်နဲ့ နုလွင်ကို ခြေဆုံးခေါင်းဆုံး ကြည့်တော့တာ...။ နုလွင်ဆိုတာ သေမလောက် ကြောက်နေပြီ ထင်ပါရဲ့...။

" နင့်နာမည်က ဘယ်သူ..."

" မြရုံခြယ်ပါ..."

" မြရုံခြယ်... မြရုံခြယ်... နင်က နင်က... မဟော်ဂနီ သွေးစစ်တယ်... ဟိုဘက်က ကောင်မလေးက ဘယ်သူ "

" မြနုလွင်ပါ..."

" မြနုလွင်... အလကား လူလိမ်မလေး... နင့်မှာ မဟော်ဂနီ သွေးမပါဘူး... ဒါပေမယ့် နင်က ဒေါ်ဌမ်းစုံ ဝင်စားတာ..."

" ရှင်... "

နုလွင်ဟာ အဖိုးမြေးအရင်း မဟုတ်ဘူး... ဘယ်လို သိပါလိမ့်... ဒီအဖွားကြီးက ဘာလဲမသိ...။ ပြီးတော့ နုလွင်ဟာ ဒေါ်ဌမ်းစုံ ဝင်စားသတဲ့။ ဒေါ်ဌမ်းစုံဆိုတာက ဘယ်သူလဲ...

တစ်ခါမှ မကြားဖူး။

ခက်တာက နုလွှင်ကို မွေးစားတာလို့ သိရင် အတူမှ ခေါ်ပါတော့မလား။ နုလွှင်တစ်ယောက်တည်း ပြန်လွှတ်လို့လည်း မဖြစ်။

" ဒီကောင်မလေးက ထက်မြတ် သွေးမပါဘူး... ဖွားဂွမ်းစုံ ဝင်စားတာ ဟုတ်လား "

" အေး..."

" ဟုတ်လား ကလေးမ... သူက ဘယ်သူလဲ "

" နုလွှင်ကို အဖိုး မွေးစားထားတာပါ..."

အဖိုးက နုလွှင်ကို မွေးစားတယ်လို့ မပြောရဘူး မှာထားပေမယ့်... ခုပုံစံအရ မပြောလို့လည်း မဖြစ်... မနေကြနဲ့ ဆိုရင်တော့... မြရုံခြယ်ပါ မနေရုံပေါ့လေ...။

" ဖွားဂွမ်းစုံ ဝင်စားတာ ဟုတ်လား ခေတ္တရာ "

" အင်း..."

ဘာတွေလည်း မသိ...။

ဘယ်က ဖွားဂွမ်းစုံ ဆိုတာလဲ...။

စိတ်ညစ်လိုက်တာ...။ မဟော်ဂနီစံအိမ်မှာ နေလို့မှ ဖြစ်ပါ့မလား...။ လူတွေကလည်း အများကြီးလိုပါ။ အဖိုးကြီး အဖွားကြီး အရွယ်တွေမှ အများကြီး... မြရုံခြယ်တို့လို အရွယ်တော့ နည်းနည်း ရှားသလိုပါပဲ...။

" ဘယ်လိုလုပ်မလဲ ဥတ္တရ..."

" ဘာလုပ်ရမလဲ... ခေါ်ထားရုံပေါ့... ကိုယ့်သွေးက

ကိုယ့်သွေးပါပဲ... သူတို့ခများလည်း ထက်မြတ်မရှိတော့ ဘယ်သွားနေမလဲ..."

" ခေတ္တရာ ဘယ်လိုလုပ်မလဲ "

" ခေါ်ထားလိုက်ပါ... ယောက္ခမ ဝင်စားမှတော့ နေပါ့စေ "

" ဘယ်သူ့ဝေစုထဲက ကျွေးမှာလဲ..."

ဟင်...

မေးတဲ့ပုံကြီးကလဲ။ မိသားစုလည်း ဆိုသေးရဲ့... ဘယ်သူ့ ဝေစုထဲက ကျွေးမှာလဲတဲ့။ ပြီးတော့ နုလွင်ကိုလည်း ယောက္ခမဆိုတဲ့ ဖွားဗွမ်းစုံ ဝင်စားတယ် ပြောနေပြန်ပါတယ်။

" အစ်မညီမြရာရယ်... နွယ်တို့ပဲ ကျွေးပါမယ်..."

" ဟုတ်ပါတယ်... ကျွန်တော်တို့ပဲ ကျွေးပါမယ်... ကဲပါ မြေးလေးနာမည်က မြရုံခြယ်နဲ့ မြနုလွင်... အဖိုးတို့ကို မှတ်ထား... အဖိုး အားလုံးနဲ့ မိတ်ဆက်ပေးမယ်..."

လက်စသတ်တော့ မြရုံခြယ်တို့ကို ကျွေးထားမယ်ဆိုတဲ့ အဖိုးနဲ့အဖွားက ဦးဥတ္တရနဲ့ ဒေါ်နွယ်နွယ်တဲ့...။

" မနွယ်ရေ... ငါတို့မှာ မြေးဆိုလို့ မောင်ရွှေပြည် တစ်ယောက်ပဲ ရှိတာ... အခု မြေးသုံးယောက် ရတာပေါ့ "

" မိန်းကလေးတို့လည်း မောင်ရွှေပြည်ခေါ်သလို အဖေနဲ့ အမေနွယ်ပဲ ခေါ်ပါ... အစ်မညီမြရာ သူတို့ကို အပေါ်ထပ် အစွန်ဆုံး အခန်းမှာ ထားလိုက်ရမလား "

" အင်း... ကောင်းသားပဲ... တစ်ဘက်ခန်းမှာ

စန္ဒာလေးလည်း ရှိတော့ အဆင်ပြေမှာပါ... မိပုလေး... နင့်အစ်မကြီးတွေကို ခေါ်သွားပြလိုက်..."

မိပုဆိုတဲ့ ကောင်မလေးနောက်က လိုက်လာခဲ့ရတယ်... ဘာပဲပြောပြော လောလောဆယ်တော့ မျက်လုံးပေါင်းများစွာ ရှေက ထွက်လာခဲ့ရတာမို့ အသက်ရှူ အတော်ချောင်သွားပါတယ်...။

လှေကားကြီးက တက်လာလိုက်တာ...
အပေါ်ထပ်ကြီးက အကျယ်ကြီးပါလား...
အခန်းခန်းအဆောင်ဆောင်... အများကြီးလိုပါပဲ။
" အစ်မနာမည်က ဘယ်သူလဲ "
" မြရုံခြယ်ပါ... သူက မြနုလွင်..."
" အစ်မရုံခြယ်နဲ့ အစ်မနုလွင်လို့ ခေါ်မယ်... ဒါနဲ့..."
" ဘာလဲ "

ကောင်မလေးက ဧည့်ခန်းအလယ်က ဓာတ်ပုံကြီးတွေကို လက်ညှိုးထိုးပြပါတယ်။

" သေချာကြည့်ထား... အခန်းထဲ ရောက်မှ ပြောမယ်",

သေချာကြည့်ထားဆိုတော့ ကြည့်ရတာပေါ့...။ အဖိုးကြီးတစ်ယောက်နဲ့ အဖွားကြီးတစ်ယောက်ပုံပါပဲ။ ဘာမှလည်း မထူးဆန်းပါဘူး...။

အခန်းက အလွတ်မှာ အရင်က ဘယ်သူမှ မရှိဘူးထင်ပါရဲ့။ ဖုန်တွေရှိနေပါတယ်။

" အစ်မတို့ ခဏနေဦး... မိပု... လှည်းကျင်းပြီး

ကြမ်းတိုက်ပေးမယ်..."

" နေ... နေ... အစ်မနဲ့ နုလွင်ဘာသာပဲ လုပ်လိုက်ပါမယ်..."

" ဒါဆိုလည်း မိပုသွားမယ် "

" နေပါဦး... ခုနက ပြောမယ်ဆိုတာ..."

" သြော်... ဓာတ်ပုံလား... အဲဒီ ဓာတ်ပုံတွေကို ညကျရင် သွားမကြည့်ပါနဲ့နော် "

" ဟင်... ညကျရင် မကြည့်ရဘူး ဟုတ်လား... ဘာလို့လဲဟင် "

နုလွင်အသံက အတော်ကြီး လန့်နေပါပြီ။

" ဓာတ်ပုံထဲကနေ လျှာထုတ်ပြတတ်တယ်..."

" အမလေး..."

" ကဲ... ကဲ... မိပုလေး သွားတော့..."

မိပုကို အခန်းပြင်ထိ အသာလေး တွန်းလွှတ်ပြီး တံခါးကို ပိတ်ထားလိုက်ရပါတယ်...။

" အစ်မ... အစ်မ... တစ္ဆေ တစ္ဆေ..."

" ဘာတစ္ဆေလဲ... အလကားလျှောက်ပြောမနေနဲ့ နုလွင်... ဓာတ်ပုံဆိုတာ ဓာတ်ပုံပါပဲ... နင်နော် လူကြီးတွေ သိရင် မကောင်းဘူး... အခုမှရောက်တဲ့အိမ်မှာ အဆင်ပြေအောင် နေရမယ်..."

" အဆင်ပြေအောင် နေရမယ် ဟုတ်လား... ဒီလောက် တစ္ဆေတွေ ပေါတဲ့အိမ်မှာ... ဘယ်လိုအဆင်ပြေပါ့မလဲ..."

" ဘယ်မှာ တစ္ဆေတွေ ပေါလို့လဲ "

" ခုတ်ပုံထဲမှာလည်း တစ္ဆေရှိတယ်... ပြီးတော့ ဟိုအဖွားကြီးကလည်း ကြောက်စရာကြီး တစ္ဆေအတိုင်းပဲ... မနေချင်တော့ပါဘူး.."

" မနေချင်ရင်တော့ နင်ပြန်လေ..."

" ဟာ... အစ်မပါပြန်လိုက် "

" ငါမပြန်ဘူး... အဖိုးဦးဥတ္တရနဲ့ အဖွားနွယ်ကြည့်ရတာ စိတ်ရင်းကောင်းတယ်... အဖေနဲ့ အမေနွယ်လို့ ခေါ်ခိုင်းတာ ကြည့်ပါလား... သူတို့ခများ ကျွေးမွေးစောင့်ရှောက်ပါမယ် ပြောတာ..."

" အစ်မ... နလွင်နဲ့ အမြဲ အတူနေပါ "

" အေးပါ..."

နလွင်စိတ်ညစ်တာကိုလည်း အပြစ်တော့ မပြောပါဘူး။ မိပုဆီက စကားလည်းကြားရော မြရုံခြယ်တောင်မှ အတော်ကြီး စိတ်ပျက်သွားတာပါ...။ ဒါပေမယ့်... အဲလိုပြောတိုင်း ဖြစ်ရရော လား်လို့ တွေးလိုက်ပါတယ်...။

ဘာပဲပြောပြော မပော်ဂနီစံအိမ်မှာ အဖိုးရဲ့ မောင်နှမ တွေရှိတယ်... သူတို့ဟာ မြရုံခြယ်ရဲ့ သွေးသားရင်းချာတွေပဲ မဟုတ်လား။

" **မောင်**ရွှေပြည်လေး... ဖူးစာဆိုတာက ဒီလိုပါပဲ... အိမ်အရောက်ပို့ပေးတတ်တယ်... အခုဆို မောင်ရွှေပြည်လေး ခမျာ ဘယ်သူ့ရွေးရမှန်းမသိ... ဖြစ်ရတော့မယ်... ဘယ်လိုလဲ... စန္ဒာအေးနဲ့ မြရုံခြယ်... ဘယ်သူ့ကို ရွေးမလဲ..."

" ဟာ... ဘာတွေလဲ ဦးလေးရာ..."

" ဘာတွေလဲ ဟုတ်လား... ရင်ထဲမှာတော့... ပျော်လွန်းလို့မှ မွှေးစားညီမလေး ကောက်ရလာတော့..."

ဦးမြလှိုင်ကြီးက ပြောလေ ကြာတော့ ရွှေပြည်ကျော် ရယ်ချင်လာပါပြီ...။ ပြောသာနေရတယ်... မဟော်ဂနီစံအိမ်မှာ ပျော်စရာဆိုလို့ ဘာရှိတာလိုက်လို့။ ဒီကြားထဲ ကြီးကြီးညိုမြရာ မျက်နှာကြည့်ရ... ကြီးဒေါ်ခေတ္တရာအပြောမခံရအောင် နေရနဲ့... ရွှေပြည်ကျော်တောင်မှ တစ်ခါတစ်ခါ နေရတာ စိတ်ပျက် သေးတာ...။

" မကြာခင် ပြန်ပြေးမှာပါ ဦးမြလှိုင်ကြီးရယ်..."

" ဘယ်ပြန်ပြေးရမလဲ... သူတို့ခမျာလည်း ငါတို့လိုပဲ... ပြေးစရာ မြေရှိလို့လား.. ငါတို့လည်း ဘာထူးလဲ... မခေတ္တရာ အပြောအဆိုကို ခံပြီး နေနေရတာပါပဲ..."

" မောင်ရွှေပြည်လေး… ဖူးစာဆိုတာက ဒီလိုပါပဲ… အိမ်အရောက်ပို့ပေးတတ်တယ်… အခုဆို မောင်ရွှေပြည်လေး ခမျာ ဘယ်သူ့ရွေးရမှန်းမသိ… ဖြစ်ရတော့မယ်… ဘယ်လိုလဲ… စန္ဒာအေးနဲ့ မြရုံခြယ်… ဘယ်သူ့ကို ရွေးမလဲ…"

" ဟာ… ဘာတွေလဲ ဦးလေးရာ…"

" ဘာတွေလဲ ဟုတ်လား… ရင်ထဲမှာတော့… ပျော်လွန်းလို့မှ မွေးစားညီမလေး ကောက်ရလာတော့…"

ဦးမြလှိုင်ကြီးက ပြောလေ ကြာတော့ ရွှေပြည်ကျော် ရယ်ချင်လာပါပြီ…။ ပြောသာနေရတယ်… မဟော်ဂနီစံအိမ်မှာ ပျော်စရာဆိုလို့ ဘာရှိတာလိုက်လို့။ ဒီကြားထဲ ကြီးကြီးညိုမြရာ မျက်နှာကြည့်ရ… ကြီးဒေါ်ခေတ္တရာအပြောမခံရအောင် နေရနဲ့… ရွှေပြည်ကျော်တောင်မှ တစ်ခါတစ်ခါ နေရတာ စိတ်ပျက်သေးတာ…။

" မကြာခင် ပြန်ပြေးမှာပါ ဦးမြလှိုင်ကြီးရယ်…"

" ဘယ်ပြန်ပြေးရမလဲ… သူတို့ခမျာလည်း ငါတို့လိုပဲ… ပြေးစရာ မြေရှိလို့လား… ငါတို့လည်း ဘာထူးလဲ… မခေတ္တရာ အပြောအဆိုကို ခံပြီး နေနေရတာပါပဲ…"

လူတွေအပေါ် နားလည်ပေးနိုင်ပါတယ်... အင်းလေ... တစ်ယောက် စိတ်ဓာတ်တစ်မျိုးစီပေါ့ကွာ... မင်းကမှ တစ်နေ့ မဟော်ဂနီစံအိမ်က လွတ်နိုင်ပါသေးတယ်... ငါတို့ကတော့ အားလုံးက ဒီမှာပဲ နေနေကြရတာ..."

ရွှေပြည်ကျော်လည်း တစ်နေ့တော့ မဟော်ဂနီစံအိမ်က ခွာရမှာပါ။ အဖေနဲ့ အမေနွယ်ကြောင့် နေနေခဲ့ရတာ.. အဖေတို့ မရှိတဲ့အခါ ဒီအိမ်က လူတွေရဲ့ စိတ်ဓာတ်အရဆို သူ နေလို့ရမည် မထင်ပါဘူး..။

" ဈေးရောက်ပြီ... ငါကတော့ လက်ဖက်ရည်ဆိုင် အရင်ထိုင်ချင်တယ်... နောက်မှ ဈေးဝယ် "

" သိပ်လည်းကြာလို့ မရဘူးနော် ဦးမြလှိုင်... ဒေါ်ပြုံးလည်း မပါဘူး... ကြီးဒေါ်ခေတ္တရာ မှာတာတွေက ဘာတွေလဲ... စာရွက်ပါတယ်ဆို ပေး... ကျွန်တော်ဝယ်နှင့်မယ်"

" ဈေးဝယ်ရင် ဒေါ်ခေတ္တရာလို့တော့ မပြောနဲ့ "

" ကျွန်တော် သိတယ် "

ဒေါ်ခေတ္တရာများ ဈေးလာဝယ်ရင်... အားလုံးက လိုချင်တဲ့ဈေးနဲ့ ပေးလိုက်ရတာချည်းပါပဲ။ နှုတ်မှနေ ကြမ်းတမ်း ရိုင်းစိုင်းစွာ ပြောဆိုတဲ့အခါ အားလုံးက ကြောက်ရွံ့တုန်လှုပ် နေရတယ်။ ရိုးသားတဲ့ လူတွေကို အမိပ္ပါယ်မဲ့ ကြောက်ရွံ့ခိုင်း သလိုပါပဲ...။

ဈေးအမြန်ဆုံး ဝယ်လိုက်ပြီးတော့ ဦးမြလှိုင် စောင့်နေတဲ့ ဆိုင့်ကို လာခဲ့ရတယ်...။ တစ်ရက်လောက်တော့ မြရဲ့ခြယ်ကို

လူတွေအပေါ် နားလည်ပေးနိုင်ပါတယ်... အင်းလေ... တစ်ယောက် စိတ်ဓာတ်တစ်မျိုးစီပေါ့ကွာ... မင်းကမှ တစ်နေ့ မဟော်ဂနီစံအိမ်က လွတ်နိုင်ပါသေးတယ်... ငါတို့ကတော့ အားလုံးက ဒီမှာပဲ နေနေကြရတာ..."

ရွှေပြည်ကျော်လည်း တစ်နေ့တော့ မဟော်ဂနီစံအိမ်က ခွာရမှာပါ။ အဖေနဲ့ အမေနွယ်ကြောင့် နေနေခဲ့ရတာ.. အဖေတို့ မရှိတဲ့အခါ ဒီအိမ်က လူတွေရဲ့ စိတ်ဓာတ်အရဆို သူ နေလို့ရမည် မထင်ပါဘူး..။

" ဈေးရောက်ပြီ... ငါကတော့ လက်ဖက်ရည်ဆိုင် အရင်ထိုင်ချင်တယ်... နောက်မှ ဈေးဝယ် "

" သိပ်လည်းကြာလို့ မရဘူးနော် ဦးမြလှိုင်... ဒေါ်ပြုံးလည်း မပါဘူး... ကြီးဒေါ်ခေတ္တရာ မှာတာတွေက ဘာတွေလဲ... စာရွက်ပါတယ်ဆို ပေး... ကျွန်တော်ဝယ်နှင့်မယ်"

" ဈေးဝယ်ရင် ဒေါ်ခေတ္တရာလို့တော့ မပြောနဲ့ "

" ကျွန်တော် သိတယ် "

ဒေါ်ခေတ္တရာများ ဈေးလာဝယ်ရင်... အားလုံးက လိုချင်တဲ့ဈေးနဲ့ ပေးလိုက်ရတာချည်းပါပဲ။ နှုတ်မှနေ ကြမ်းတမ်း ရိုင်းစိုင်းစွာ ပြောဆိုတဲ့အခါ အားလုံးက ကြောက်ရွံ့တုန်လှုပ် နေရတယ်။ ရိုးသားတဲ့ လူတွေကို အဓိပ္ပါယ်မဲ့ ကြောက်ရွံ့ခိုင်း သလိုပါပဲ...။

ဈေးအမြန်ဆုံး ဝယ်လိုက်ပြီးတော့ ဦးမြလှိုင် စောင့်နေတဲ့ ဆိုင်ကို လာခဲ့ရတယ်...။ တစ်ရက်လောက်တော့ မြရံခြယ်ကို

သိမ်းလိုက်တာမှာ… ရှက်တယ်ဆိုပြီး သေဆုံးသွားခဲ့တယ်လေ…။ ဒေါ်တင်ထားမီ သေဆုံးသွားပြီးတဲ့နောက်မှာတော့… တစ္ဆေ တစ်ကောင် ဖြစ်သွားတယ်လို့ပဲ ပြောကြတော့တာ။

တစ္ဆေအဖြစ်နဲ့ပဲ ပြီးသွားရောလားဆို မပြီးသေး…။

မဟော်ဂနီစံအိမ်မှာ ဘယ်လိုချစ်သူစုံတွဲကိုမှ လက်မခံဘူးတဲ့။ ချစ်သူဖြစ်ကြလို့ လက်ထပ်မယ်ဆိုရင်… တနည်းနည်းနဲ့ ခွဲခွာစေခဲ့တယ်လို့ ပြောကြတယ်…။

အရင်ကတော့ ရွှေပြည်ကျော်နဲ့ ဘာမှမဆိုင်သလို ခံစားရပေမယ့် အခုတော့လည်း…။

“ အမေနွယ်… ကျွန်မတို့ ဒီအိမ်မှာ ဘာကူညီလုပ်ကိုင်ပေးရမလဲ သိချင်ပါတယ်…”

ဒီအိမ်မှာ ဒီအတိုင်းကြီးလည်း စားနေရမှာ မဝံ့ရဲ။ ဒါကြောင့် ကြီးကြီးညိုမြရာနှင့်လည်း မမေးရဲလို့ အမေနွယ်ကိုပဲ မေးရတာပေါ့။ အမေနွယ့်မျက်နှာလေးက အေးချမ်းတော့ ချစ်စရာကောင်းပြီး ကြောက်ရတာမျိုးတော့ မရှိပါဘူး…။

“ မလုပ်ပါနဲ့ သမီး.. တစ်ခုတော့ ရှိတယ်… မင်းအဖေကိုဥတ္တရထက် အငယ်… မသစ္စာကတော့ ဟိုဟာကူပါ ဒီဟာကူပါနဲ့… ခိုင်းလိမ့်မယ်… မလုပ်ချင်တဲ့ အလုပ်မျိုးဆိုရင် အဖေနဲ့ အမေနွယ်ခိုင်းထားပါတယ်လို့ ပြော ဟုတ်လား…”

“ ဒါဆိုရင်… ဘာမှမလုပ်ရဘူးလား ”

“ မလုပ်ပါနဲ့ ”

“ ဟင်… ပျင်းစရာကြီး နေမှာပေါ့…”

“ သမီးတို့က အရင်က အလုပ်တွေ လုပ်ခဲ့ကြတာလား”

“ ဟုတ်ကဲ့… အိမ်မှာ အဖိုးနဲ့ကျွန်မတို့ပဲ ရှိတော့… အိမ်အလုပ်တွေ ကျွန်မတို့နှစ်ယောက်ပဲ လုပ်ကြရတာပေါ့…”

အမေနွယ်နှင့် စကားပြောနေခိုက်မှာ အရှေ့က ဆူညံသံ

ကြားရပါတယ်။ ဘာဖြစ်လို့လဲဆိုပြီး ထွက်ကြည့်တော့... အဒေါ်ကြီးတစ်ယောက်ကို ဒေါ်ခေတ္တရာက ဆူနေလိုက်တာ...။

" မနေ့က မပြုံးကို ဟင်းကူချက်ပေးရင်း ကျွန်မလက်ဓားထိသွားပါတယ်... အတော်ကြီး အနာကကြီးတော့ အဝတ်မလျှော်နိုင်သေးလို့ မိပုကို လျှော်ခိုင်းမိတာပါ... မိပုက ကလေးဆိုတော့..."

" မိပုက ကလေးဟုတ်လား... လင်ယူရင်ပဲ ကလေးမွေးတဲ့ အရွယ် ဖြစ်နေပြီ... ငါ့အင်္ကျီကျမှ စွန်းပစ်ရတယ်လို့ပဲ... ဘာလဲ ရှင်တို့ သေချင်နေကြပြီလား..."

" မဟုတ်... မဟုတ်ပါဘူး.. မခေတ္တရာရယ်... အဲဒီအစွန်းကို ကျွန်မ သေချာ ပြန်လျှော်ပေးပါမယ်..."

" အေး.. ရအောင် လျှော်ပေး... မရရင်တော့ နင်တို့ တစ်မိသားစုလုံး သေကြ..."

" ရအောင် လျှော်ပေးပါမယ်... အဲလိုတော့ မပြောပါနဲ့..."

အဒေါ်ကြီးသနားလိုက်တာ။ တုန်နေတာပါပဲလား။ ရှေ့မှာကျုံ့ကျုံ့လေးထိုင်ပြီး တုန်နေအောင် ကြောက်လိုက်ရတာ။ မျက်ရည်တွေလည်း ကျလာပြီ။ လူတစ်ယောက်ကို အဝတ်ကလေး စွန်းသွားရုံနှင့် သည်မျှ နှိပ်စက်တာတော့ မြရုံခြယ်မနှစ်သက်ပါဘူး။

ဘာပဲပြောပြော ဒေါ်ခေတ္တရာဆိုတဲ့ အဖွားကြီးဟာ အရုပ်လည်း အင်မတန်ဆိုးပါလျက်... အမုန်ဆို စိတ်ထား

ကောင်းသင့်တာပေါ့...။ ရုပ်ရည်ဆိုးတယ်ဆိုတာက မွေးတည်းက ဖြစ်လာလို့ ထားပါဦး... စိတ်ထားကတော့ ပြုပြင်ပြောင်းလဲ သင့်တာပေါ့...။ ကောင်းတဲ့စိတ်ထားထားရင် ရုပ်ဆိုးတာတွေ တောင် ပျောက်ဦးမှာ။ အခုတော့...။

" ရအောင်လျှော်... "

နုလွင်ကြည့်လိုက်တော့ မျက်နှာလေးက ဇီးရွက်လောက် လေး...။ ဒေါ်ခေတ္တရာလည်း ထွက်သွားရော... နုလွင်ရဲ့ အသံတုန်တုန်လေးက ပြောပါလေရော။

" အစ်မ... အဲဒီ့အဒေါ်ကြီးကလေ ဝမ်းတွင်းစုန်းတဲ့... သူကျိန်လိုက်ရင် ဖြစ်ရောတဲ့ "

" ဘာ... "

" အစ်မကလည်း ဝမ်းတွင်းစုန်းပါဆိုမှ... သူက သေဆိုရင် သေရော... "

" မဟုတ်တာဟယ် "

" ဟုတ်ပါတယ်ဆိုမှ အစ်မကလည်း... မိပုပြောပြ တယ်... တစ်ခါက ဒေါ်ပြုံး ဟင်းချက်တာ တူးရမလားဆို... ဒီလောက် ညှော်တဲ့လက် ကျိုးနေတာပဲ အေးတယ်လို့လည်း ဆိုရော... ချော်လဲလိုက်တာမှ ဘိုင်းခနဲဆို လက်ကြီး ကျိုးသွား ရောတဲ့လေ... "

" ဒါမျိုးတွေက တိုက်ဆိုင်မှုတွေပါ... "

မြရုံခြယ် ကြားတော့ ကြားဖူးပါတယ်...

တစ်ခါမှတော့ မကြုံဖူးဘူးလေ...။

ဝမ်းတွင်းစုန်းတို့ စုန်းမကြီးတို့ဆိုတာတွေက အတွေး
အခေါ် အရမ်းနောက်ကျနေပြီလို့လည်း ထင်ပါတယ်။ အရုပ်ဆိုး
ရှင်ကို စုန်းမကြီးလို့ ပြောတော့တာနေမှာ...။

" မဟုတ်တာ... ယုံမနေနဲ့... နင် အခန်းထဲမှာနေပြီး
ဘယ်က မဟုတ်တာတွေ ကြားကြားလာတာလဲ..."

" တစ်ယောက်ပြော တစ်ယောက်ပြောပေါ့ "

တစ်ယောက်ပြော တစ်ယောက်ပြောတော့ မဖြစ်နိုင်...။
မိပုနှင့်က စကားပြောတတ်တယ်... မိပုကလည်း ရောက်တဲ့
နေ့တည်းက ဟိုပြောဒီပြောနဲ့ လျှောက်ပြောနေတော့တာ။

" ဘယ်သူပြောပြော နားမထောင်နဲ့... မဟုတ်တာတွေ
ကြားရင် နင်ပဲ ကြောက်နေတာ... ကြောက်လည်း ကြောက်သေး
စပ်စုတာကလည်း ရှိသေး..."

နည်းနည်းဆူသလို ပြောလိုက်မှ ငြိမ်သွားတာပါလား...။
ရွှေလျှောက် နုလွင့်နှင့်ကတော့ မလွယ်။

ဖ

" မောင်ရွှေပြည်... သားတို့ဈေးဝယ်မှာ မဟုတ်လား... ရုံခြယ်တို့ ညီအစ်မပါ ခေါ်သွား... သူတို့လည်း ဟိုဒီတော့ ရောက်သင့်တာပေါ့..."

အဖေက ဒီလိုပြောတော့ ရွှေပြည်ကျော့အကြိုက်ပါပဲ။ ဦးမြလှိုင်ကတော့ ပြုံးပါတယ်။ ပြီးတော့ စုဋ္ဌလိပ် ရေထဲလွှတ်ပြီ လို့ ခပ်တိုးတိုးလေး ရွတ်သေးတာ။

" ဒေါ်ပြုံး... ပ. ၂ မိပုကရော ပါမှာလား "

" ဒီနေ့ ကြီးဒေါ်ခေတ္တရာမှာတဲ့ အမယ်တွေများတာမို့ ကူသယ်ရအောင် မိပုကိုပါ ခေါ်ရတာ... ပြီးတော့ မြရုံခြယ် တို့လည်း ပါတာပဲဟာ..."

ထော်လာဂျီ ထွက်တော့မယ်ဆိုပါမှ စန္ဒာအေးက ပြေးလာသေးတယ်။

" ကိုရွှေပြည်... အရင်တစ်ခါ ဈေးထဲက ကျွန်မ ဝယ်တဲ့ဆိုင်ကနေ မုန့်ကြွပ်တစ်ထုပ် ဝယ်လာပေးပါ..."

" အေး.. ဝယ်ခဲ့မယ်..."

" မစန္ဒာ... အော်မနေနဲ့... ဝရန်တာမှာ ကြီးဒေါ်ခေတ္တရာ ရှိတယ်... ဆူရကောင်းလား ပြောဦးမယ် "

" မိပု...’ နင့်ပါးစပ် ပိတ်ထားစမ်း..."

ဒေါ်ပြုံးက တားရတယ်...

မိပုပြောတာလည်း မှန်တာပဲ။ ရွှေပြည်ကျော် အော်ဟစ်စကား ပြောမိရင်တောင်မှ ကြီးဒေါ်ခေတ္တရာရဲ့ အဆူအပူခံရသေးတာ...။

" မခေတ္တရာက ဝရန်တာမှာ ရှိနေတာပါလား... ကိုမြလှိုင်ရယ်... ကျုပ်ဖြင့်လေ... မခေတ္တရာ မျက်လုံးရွှေ နေရတာ... တကယ့် ရင်သိမ့်တုန်လိုပါပဲ... မိပြုံး... နင်သေစမ်းဆိုသွားရောပေါ့... "

ဒေါ်ပြုံး ဒီလိုပြောတာ ရွှေပြည်ကျော်တို့ချည်းဆို အရေးမကြီး။ အခုက မြရံခြယ်တို့ ညီအစ်မလည်း ပါတယ်။ တော်ကြာ သူတို့ ညီအစ်မလည်း... ဒေါ်ပြုံးတို့ စကားတွေကြောင့် ကြီးဒေါ်ခေတ္တရာကို အရမ်းကြောက်နေကြဦးမယ်။

" ဒေါ်ပြုံး... မဟုတ်တာတွေ မပြောပါနဲ့... မြရံခြယ်တို့က အခုမှရောက်တော့ တစ်မျိုးတွေးနေကြဦးမယ်... "

" သိသင့်သိထိုက်တာ သိတာက ပိုမကောင်းဘူးလား မောင်ရွှေပြည်... ဒီကလေးမ နှစ်ယောက်ဟာ မတော်လို့များ မခေတ္တရာ အမြင်မတော်တာ လုပ်မိရင်... အလကား ဒုက္ခဖြစ်နေမယ် "

" ဘာ ဘာဖြစ်လို့လဲ... အဲဒီအဒေါ်ကြီးက စုန်းမကြီးဆိုတာ တကယ်လား... "

မြနုလွင်ဆိုတဲ့ ကောင်မလေးဆီက အသံတုန်တုန်လေးကို ကြားရပါတယ်။

" ဟဲ့... ဟဲ့... အဲလိုမပြောနဲ့... မခေတ္တရာရွှေများ မပြောမိပါစေနဲ့... အခုတောင် အိမ်ကကြားမလား နင့်ကို ဘယ်သူပြောလဲ... "

ဒေါ်ပြုံးက တားပါပြီ။ ရွှေပြည်ကျော်ကတော့ ဒီလောက် မကြောက်လှပါဘူး။

" မိပုပြောတာ "

" အမလေး... ကျွန်မ မပြောဘူး... ကျွန်မ မပြောဘူး"

" ခုမှ ဘာကြောက်နေလဲ... နင်မပြောပဲ ဒီကောင်မ လေးက သိမလား... မိပု... မိပု... နင် လျှာ အတော် အငြိမ် မနေ... "

အားလုံး တစ်ယောက်တစ်မျိုး ပြောနေကြပေမယ့်... မြရုံခြယ်ကတော့ အခုထိ တစ်ခွန်းမှ မပြောပါပဲ ငြိမ်ငြိမ် သက်သက်။ မျက်နှာလေးက ဣန္ဒြေရရ တည်တည်ကြည်ကြည်နဲ့ နှစ်သက်စရာပါလား။ လှသလောက် ငြိမ်သက်အေးဆေးတာ လည်း သဘောကျစရာပါ။

" အစ်မ... အစ်မ... အခု မြို့ထဲရောက်ပြီ... ရန်ကုန် ပြန်ကြရအောင် "

မြနုလွင်တော့ ဘယ်လောက်လန့်သွားတယ် မသိ။ ရန်ကုန်ပြန်ကြရအောင်တဲ့။ ရွှေပြည်ကျော့်စိတ်ထဲလည်း ထိတ်သွားရပါပြီ။ မင်းပြန်မသွားပါနဲ့လား မြရုံခြယ်။ မင်းကို မပြန်စေချင်ဘူး။ မင်းကို တွေ့ချင်နေမိတယ်။ အနားမှာ မင်း ရှိစေချင်နေပြီ။

" ဘာလို့ ပြန်ရမှာလဲ "

အမယ်... မဆိုးဘူး... ပြတ်သားလိုက်တာ...။ လေသံက ငြိမ်ပြီး အေးဆေး ပြတ်သားတယ်။

" တူမကရော မကြောက်ဘူးလား "

ဒေါ်ပြုံးအမေးကို ပြန်ဖြေပါတယ်။ ဘာကိုကြောက်ရမှာလဲတဲ့လေ။

" အဖိုးက သင်ပေးခဲ့လို့ မြရံခြယ် ဘုရားကိုပဲ ကိုးကွယ်ယုံကြည်တယ်... ဘုရားရှိခိုး တရားထိုင် အမျှဝေ မေတ္တာပို့... မကြောက်ပါဘူး... စုန်းဆိုတာက များသောအားဖြင့် တကယ့်နိမ့်ကျတဲ့ ပညာသည်တွေပဲဟာ... သူ့ကိုလည်း မြရံခြယ် မစော်ကားဘူး... ကြောက်စရာလည်း မလိုဘူး.. အနေမှန်ရင် ပြီးတာပဲ... အဖေနဲ့ အမေနွယ့် မေတ္တာရိပ်က အေးမြပါတယ်... ဘာမှ မနေရဲစရာမရှိဘူး... နလွှင်... ဘာပြောထားလဲ ဘုရားကိုတော့ ညအိပ်ရာဝင်တောင် မကန်တော့ချင်ဘူး... ဟိုဟာကြောက် ဒီဟာကြောက်နဲ့ အစ်မမကြိုက်ဘူး... "

စကားကို တစ်လုံးချင်း မှန်မှန်ပြောသွားတာ...။

ကောင်းလိုက်တာ...။ သဘောကျစရာ အတိပြီးပါရဲ့...။

ဦးမြလှိုင်ကို ရွှေပြည်ကျော် ကြည့်မိတော့ ပြုံးရင်းက မျက်ခုံးပင့်ပြတယ်...။ နားနားလေးကပ်ပြီး မင်းကောင်မလေးက အာဂပဲတဲ့။ ဦးမြလှိုင်ကြီးဗျာ... ကြားသွားပါဦးမယ်...။ ဒါကြောင့် မြရံခြယ်ကို ဖျတ်ခနဲ လှည့်ကြည့်မိတော့ မျက်လုံးချင်းကအဆုံ...။

မြရံခြယ်...

တစ်ခါမှ မခံစားရတဲ့ ခံစားမှုပါလား... ရင်ခုန်တယ်ဆိုတာ ဒါများလား...။

" အစ်မရံခြယ်က ဒေါ်ခေတ္တရာကို မကြောက်ဘူးလား"

" မကြောက်ဘူး... ဒါပေမယ့် ဒေါ်ခေတ္တရာက ကြီးကြီးညီမြရာ သူငယ်ချင်း ခမည်းခမက် ဆိုတော့... ကိုယ့်အဖွားအရွယ်ပါပဲ... လေးစားရိုသေဖို့တော့ လိုတာပေါ့... ဒီလောက်ပါပဲ... ကျွန်မ ဘယ်သူ့မှ မကြောက်ဘူး... ကြီးသူကို ရိုသေ... ရွယ်တူကို လေးစား... ငယ်သူကို သနားဆိုတာတော့ လိုက်နာတယ်..."

" မကြောက်တဲ့ လူတစ်ယောက်တော့ တိုးပြီကွာ... အားရတယ်..."

ဦးမြလှိုင်ကတော့ ခုလိုမျိုး အားပါးတရ ပြောပါရော။

" ကိုမြလှိုင်... ရှင် စကားဆင်ဆင်ခြင်ခြင် ပြောပါ... ရှင်နဲ့ မောင်ရွှေပြည်ပဲ မကြောက်တာ... ကျွန်မကြောက်တယ်... ရှင်မကြောက်တိုင်းလည်း တောပြောတောင်ပြော မပြောပါနဲ့... ကျွန်မ မုဆိုးမ ဖြစ်နေမယ်..."

ဦးမြလှိုင်နဲ့ ဒေါ်ပြုံးတို့ လင်မယားက ရယ်ရတယ်။ အမှန်ဆို... ကြီးဒေါ်ခေတ္တရာကို ဒေါ်ပြုံးတို့သာ ကြောက်နေကြတာပါ။ ဒေါ်ခေတ္တရာကြီးကလည်း နိုင်တဲ့လူတွေကို ပိုဖိနှိပ်သလိုမျိုး ရွှေပြည်ကျော် ခံစားရပါတယ်။

" အဒေါ်နဲ့ မိပု ဈေးဝယ်မယ်... မြရံခြယ်တို့ကို ဈေးထဲ ပတ်ဒီလိုက်ပြလိုက်ပါလား မောင်ရွှေပြည်..."

" အစ်မ... နုလွင်က မိပုတို့နဲ့ပဲ လိုက်သွားမှာ... မုန့်ဖိုးပေး.."

" မိပုနဲ့ လိုက်သွားပြီး... ကိုဒီမစပ်စုနဲ့နော်... ဒေါ်ပြုံး... နုလွင်က စပ်စုတယ်... အစ်မနဲ့ပဲ လိုက်ခဲ့ပါလား "

" ဟင့်အင်း..."

မြနုလွင်က မိပုနဲ့ အသက်သိပ်မကွာတော့ ခင်မင်နေပုံ ရပါတယ်...။ မြရုံခြယ်က မုန့်ဖိုးလည်း ထုတ်ပေးရော ဝမ်းသာအားရ ပါသွားရော။

" ငါကတော့ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်က စောင့်မယ်... မောင်ရွှေပြည်... မင်းညီမကို မင်းပဲလိုက်ပို့လိုက်..."

မြရုံခြယ်နှင့်အတူ...။ ရင်ထဲကြည်နူးရပါလား။

" နှလွှင်က ကလေးလိုပါပဲ... ကြောက်တတ်လိုက်တာကလည်း လွန်ရော... ကိုယ်ကြောက်တတ်ရင်လည်း ငြိမ်ငြိမ်နေဖော့... ခုတော့ မဟုတ်ဘူး.. စပ်စုချင်တဲ့ စိတ်ကလည်း ရှိသေးတယ်..."

ကိုရွှေပြည်ကျော်က ဈေးထဲလိုက်ပြပါတယ်...။ ဈေးကအတော်တော့ စည်းကားပါတယ်...။ ဟင်းသီးဟင်းရွက်တွေအရမ်းပေါတာပါလား။ ရန်ကုန်မှာလည်း တစ်အိမ်လုံးကိုချက်ပြုတ်ကျွေးရတော့ ဈေးဝယ်ရတာ မြရုံခြယ်က ကြိုက်ပါတယ်။

" မောင်ရွှေပြည်... ညွှံ့သည်လား "

" ညီမလေးပါ..."

" ညီမ... ဘာလဲ ဘဂ်လားညီမလား "

ဘယ်လိုလဲ...

အဒေါ်ကြီးက ရှေတင် ဒီလို စ,စရာလား..။

" မြရုံခြယ်က ကြီးဒေါ်ခေတ္တရာ မွေးစားထားတာလေ"

" ဟော..."

ကိုရွှေပြည်လည်း ခုလိုပြောရော မျက်နှာ ချက်ချင်း

ပျက်သွားပြီး... ကန်တော့ပါ... တောင်းပန်ပါတယ် တောင်းပန်ပါတယ်နဲ့ ဖြစ်သွားပါလေရော။

ရွှေနားရောက်တော့မှ။

" စကားကို ဆင်ဆင်ခြင်ခြင် မပြောလို့ တမင်ပြောလိုက်တာ.. သူတို့က ကြီးဒေါ်ခေတ္တရာကိုတော့ အရမ်းကြောက်ကြတာ...။

" ခုလိုမျိုး လူတစ်ယောက်ကို စုန်းဆိုပြီး ကြောက်နေတဲ့ အခြေအနေ... ခုမှ မြရံခြယ် တွေ့ဖူးတာပါ... ကိုရွှေပြည်... "

" ကြီးဒေါ်ခေတ္တရာက နှုတ်မစောင့်စည်းသလို တိုက်ဆိုင်စွာ ဖြစ်သွားတာလေးတွေကလည်း ရှိတော့... လူတွေက ယုန်ထင်ကြောင်ထင်တွေ ဖြစ်ကုန်တာပါ... ပြီးတော့ မြရံခြယ် ပြောသလိုပေါ့... ဘုရား တရား ကြည်ညိုတဲ့လူကို ဘယ်လိုမျိုး ကျိန်စာတိုက်တိုက် ကြောက်စရာမလိုပါဘူး... "

" အစ်ကိုရွှေပြည်ရော... ဒီလိုပဲ... ယူဆသလား "

" ဒါပေါ့... "

ကိုရွှေပြည်ကျော်နှင့် စိတ်တူလို့ တော်ပါသေးရဲ့။ မြရံခြယ် စိတ်ထဲမှာတော့... အဖေနဲ့အမေနှယ်က တာဝန်ယူလိုက်ပြီ ဆိုကတည်းက ကိုရွှေပြည်ကျော်က အစ်ကို ဖြစ်သွားသလိုပါပဲလေ...။

" အဖေနဲ့အမေနှယ်ကတော့ တကယ် စိတ်သဘောပြည့်ဝတယ်နော်... "

" ဟုတ်တယ်... ကိုယ့်ကိုလည်း အဖေတို့က မွေးစား

ခဲ့တာပါ "

" ဟင်... အစ်ကိုရွှေပြည့်ကိုလည်း မွေးစားတာ ဟုတ်လား..."

" ဟုတ်တယ်..."

ကိုရွှေပြည်ကျော်က သူ့ကိုမွေးစားခဲ့ပြီးတော့ မဟော်ဂနီ စံအိမ်ကြီးကို ရောက်လာခဲ့တဲ့ အကြောင်းတွေ ပြောပြပါတယ်။ ဒါဆိုရင် ကိုရွှေပြည်ကျော်က မဟော်ဂနီ မိသားစုရဲ့ သွေးသားမှ မဟုတ်တာ။ မြရုံခြယ်ကတော့ အစ်ကိုဝမ်းကွဲ တော်စပ်တယ် ထင်ခဲ့တာ။ အခုတော့ မြရုံခြယ်တို့က သွေးသား မတော်စပ်ပါလား။

" မဟော်ဂနီစံအိမ်မှာ ရှိတဲ့ မိသားစုအကုန်ကို မြရုံခြယ် မမှတ်မိသေးဘူး..."

" တဖြည်းဖြည်း သိလာမှာပေါ့ "

" ဒေါ်သန္တာက... ဒေါ်ခေတ္တရာရဲ့ သမီးနော်..."

" ဟုတ်တယ်..."

" သူ့မှာ ကလေးရှိလား "

" ရှိတယ်... ပန်းဝတ်မှုံ... "

ပန်းဝတ်မှုံဆိုတဲ့ ချစ်စရာကောင်းမလေးဟာ ဒေါ်ခေတ္တရာရဲ့ မြေးကိုး။

" တခြား လူတစ်ဘက်သားတွေကိုတော့ သေပါစေတို့ ကျိုးပါစေ... ကန်းပါစေ ကျိန်လိုက်ရတာ... ပန်းဝတ်မှုံ ကျတော့လည်း ချစ်လိုက်ရတာ... အဲဒါကို စာနာစိတ်မရှိဘူးလို့

ခေါ်မှာပေါ့... ကိုယ့်သွေးသားရင်းချာကျတော့ သာစေ... ကိုယ့်ကိုမှီခိုနေရသူတွေကိုတော့ နာစေဆိုတဲ့စိတ်က ဘယ်လို ကောင်းမွန်မှာတဲ့လဲ..."

" ဟုတ်တယ်နော် "

ကိုရွှေပြည်နဲ့ စကားပြောရတာ ကောင်းပါတယ်။ သူ့ခံယူချက်လေးတွေနဲ့လည်း စိတ်ဓာတ်ချင်း တိုက်ဆိုင်မှု ရှိတာပါလား။

" သူရန့် ဗလကရော... ဘယ်သူက မွေးလဲ "

" ဒေါ်တင်ထားစံက မွေးတာ "

" ဟင်... ဒေါ်တင်ထားစံက အသက်အတော်ကြီးတာ"

" အိမ်ထောင်ပြု နောက်ကျတယ် ပြောတာပဲ..."

ကိုရွှေပြည်ကို မေးရင်း မေးရင်းနဲ့ ရှိသမျှ လူတွေကို သိလာနိုင်မယ် ထင်ပါရဲ့လေ...။ မဟောင်ဂနီစံအိမ်မှာ... သေတစ်ပန် သက်တစ်ဆုံး နေရတော့မည်ဆိုရင်တော့ မိသားစု ဝင်တွေအကြောင်း ကောင်းကောင်းသိသင့်တယ် မဟုတ် လား...။

မိပုနဲ့ နုလွင်ကတော့ ခြင်းတောင်းကြီးတစ်လုံး တစ်ယောက်တစ်ဘက် ဆွဲရင်း ရယ်လို့ ပြန်လာကြပါရော။ နုလွင်ကိုလည်း စိတ်မညစ်စေချင်ပါဘူး။

" သူရ... ဆင်းခဲ့စမ်း... ဆင်းခဲ့စမ်း... ဘာတက်လုပ်တာလဲ... ဟာ... ဖိုးဝရောပါလား.. မင်းတို့က ဆော့စရာရှားလို့ သစ်ပင်ပေါ် တက်ရသလား... ဆင်းခဲ့ "

ရုတ်တရက်မို့ ခပ်ကျယ်ကျယ် အော်မိပါပြီ။ ပြီးတော့မှ ကြီးဒေါ်ခေတ္တရာ ကြားရင် ရွှေပြည်ကျော် ပြန်အဆူခံရမယ် မဟုတ်လား။ ကလေးတွေများ ဆော့စရာ ရှားလို့ သစ်ပင်ပေါ် တက်ရလား...။

" သူရနဲ့ ဖိုးဝ အတော်ဆော့ပါလား.. သစ်ပင်က အမြင့်ကြီး.. ပြီးတော့ မတော်တဆ ကျိုးကျရင် ဘယ့်လို လုပ်မလဲ... တအားမဆော့ကြနဲ့... သူရ ပြောမရရင် မင်းအမေနဲ့ တိုင်မှာ... "

" အစ်ကိုကြီး... အမေနဲ့ မတိုင်ပါနဲ့ "

ဖိုးဝကပါ အခုတော့ ကြောက်တတ်နေပါရောလား.. ဒါပေ့လေ... သူတို့ခမျာ ကလေးတွေပဲလေ...။ ဒီလောက်တော့ ကြံဖန်ရှာဖွေ ကစားမှာပေ့ါ။ အန္တရာယ်ဆိုတာ ဘယ့်သိပ့ါမလဲ...။

" နောက် ဒီလို သစ်ပင်မတက်ရဘူး ကြားလား "

" ဟုတ်ကဲ့... အစ်ကိုကြီး... "

သူ့ရနဲ့ ဗလတို့က အမြွှာလို့သာဆိုတယ်။ စိတ်သဘော သိပ်မတူကြ။ သူရက ယောကျ်ားလေး တစ်ယောက်လို မျောက်ရှုံးအောင် ဆော့သလောက် ဗလကတော့ အေးအေးလေးနဲ့ စာပဲ ဖတ်နေတတ်ပါတယ်။

" မင်း အသံအောင်မှန်း သိပါတယ်... ဘာတွေ အော်နေတာလဲ မောင်ရွှေပြည်လေး..."

ဦးမြလှိုင်ကြီးကို ပေါက်ပြားတစ်လက်နဲ့ မြက်ရှင်းနေတာ... တွေ့ရပါလား။

" အသံအောင်ကြောင်း အစစ်ခံနေတာ မဟုတ်ဘူး ဦးလေးရေ့... ဖိုးဝနဲ့ သူရ သစ်ပင်ပေါ် ရောက်နေပြန်ပြီ... ကလေးတွေကို ဂရုစိုက်ပါ ဦးမြလှိုင်ရာ..."

" အဲဒီကလေးတွေလည်း ငါ အမြဲ ဘယ်ကြည့်နိုင်ပါ့မလဲ... ငါ့မှာ တခြားအလုပ်တွေက အများကြီး... ဒါတောင် အခုတလော ကိုစိုး ကျန်းမာနေလို့ ကားပါ မမောင်းရတာ..."

ကြီးကြီးညိုမြရာတို့ ကားကို မောင်းတဲ့ ဒရိုင်ဘာ ဦးစိုးကြီးက ဖိုးလှ... ဖိုးဝတို့ မိပုတို့ အဖေပါ။

ဦးစိုးကြီးက ကျန်းမာရေး သိပ်မကောင်းတော့ နေမကောင်းတဲ့အခါ... အဲဒီကားကို ဦးမြလှိုင်ကြီးက မောင်းရသေးတာ။

" မင်းက ကလေးတွေကို ငါမထိန်းလို့ ပြောရသလား... အမှန်က မင်းအချစ်လေး မစန္ဒာအေးကို သွားပြောရမှာ..."

" လာပြန်ပြီ... အချစ်ကလေး.. ဦးမြလှိုင်ကြီးကတော့

မဟုတ်တော့ဘူး... တွေ့သမျှ ကျွန်တော့်အချစ်ကလေးတွေ ချည်းပါလား..."

" ဒါပေါ့... အရင်က နှစ်ယောက်... အခု သုံး ယောက်..."

" တော်ပါတော့..."

ဦးမြလှိုင်ကတော့ မစန္ဒာအေးနှင့် နောက်လိုက်... ပန်းဝတ်မှုံနှင့် စလိုက်ကနေ အခုဆို မြရုံခြယ်ပါ တိုးလာပါရောလား။ ဒါပေမယ့် အရင်ကနှင့်တော့ မတူ...။ ရွှေပြည်ကျော့ ရင်ထဲမှာ ခံစားရတဲ့ ပီတိတွေကိုတော့ ကိုယ့်ဘာသာ အသိဆုံး ပါပဲလေ။

" အစ်ကိုကြီးရွှေပြည်... အမြန်လာပါ... အမြန်လာပါ"

" ဘာလဲဟာ..."

" မဟူရာ ပျောက်လို့ဆို ဒေါ်ခေတ္တရာကြီး သောင်း ကျန်းနေတယ်... ရှာပေးပါ "

" ဟာကွာ "

ကြောင်ပျောက်တာလည်း မနေရပါလား။ အိမ်ထဲပြန် ရောက်တော့... ကြီးဒေါ်ခေတ္တရာက ဆူညံနေတာပါပဲ။

" ခေတ္တရာ... ကြောင်တစ်ကောင်ပျောက်တာ ကမ္ဘာပျက်လောက်အောင် ဖြစ်နေရသလား..."

" ကြောင်တစ်ကောင်... ကြောင်တစ်ကောင်လို့ မပြော ပါနဲ့ ညီမြရာ..."

" ကြောင်ကို ကြောင်လို့ မပြောလို့ ငါက ဘယ်လို

ပြောရမလဲ..."

" ဒါ ကြောင် မဟုတ်ဘူး..."

" ကြောင်မဟုတ်ရင် ခွေးလား..."ပ

" ညီမြရာ... ငါ့ကို... အဲလိုမျိုး စကားမကပ်နဲ့... ငါ့ဒေါသ လာမဆွနဲ့ "

" ဒီမှာ ခေတ္တရာ... နင်တစ်ယောက်တည်း ဒေါသ ရှိတာ မဟုတ်ဘူး... ကြောင်က ကြောင်ပဲ... ဘာလဲ... ကိုဖံမြက ကြောင်ဖြစ်သွားတယ် လာမလုပ်နဲ့... လူစင်စစ်က တိရစ္ဆာန် ဖြစ်တာလို့ လျှောက်ပြော... လျှောက်ကြွားနေစရာလား... ကိုဖံမြ နတ်ပြည်ရောက်သွားတယ်ဆို ပြောစမ်းပါ... ကြားကောင်းသေး တယ်..."

ကြီးကြီးညီမြရာ ပြောတာ ဒီတစ်ခါတော့ သိပ်မှန်တာ ပါလား။ ကြီးဒေါ်ခေတ္တရာကတော့ စိတ်ဆိုးနေပြီ။ သူတို့ သူငယ်ချင်း ခမည်းခမက်ကတော့ ခုလို အခြေအတင် ဖြစ်နေကျပါပဲ။ ကြီးညီမြရာကို မပြောရရင်သာ ကျန်တဲ့ နိုင်တဲ့လူတွေကို ဖိမဲနေတော့တာ။

" ကြီးဒေါ်ခေတ္တရာ... ကျွန်တော်ရှာပေးပါမယ်... ရှိမှာပါ..."

မိပုတို့ ဒေါ်ပြုံးတို့ အဆူမခံရအောင်သာ ပြောရ တာ... ကြောင်ဆိုတာ... သူ့ဘာသာသူ သွားချင်ရာ လျှောက်သွားနေတာ ဘယ်လိုက်ရှာရမယ် မသိ။ ဒါကြောင့်မို့ ကြောင်အရှာ ထွက်ရဦးမယ်...။ ကြံခင်းစုတဲတွေဘက်များ

သွားမလား..။

" ကြီးဒေါ်ခေတ္တရာရဲ့ကြောင်ကို ကြံခင်းစုဘက်က လူတွေ ဖမ်းပြီးများ သတ်စားလိုက်ပြီလား.."

" ဟင်... ဘာ... ဘာပြောတယ် ဖိုးလု... အေး အဲလိုများ ဆိုလို့ကတော့... ကြံခင်းစု တစ်ရွာလုံးကို မီးတိုက်ပစ်မယ်..."

" ဒီကောင်လေး... မြင်ရတာလည်း မဟုတ်ပဲ လျှောက်ပြောမနေစမ်းနဲ့..."

ကြောင်တစ်ကောင် ပျောက်တာ တစ်အိမ်လုံး အတော်ပွက်ပွက်ညံတာပါလား...။ အားလုံး ဆူချင်ဆူ... ညံချင်ညံ အဖေကတော့ သတင်းစာ အဖတ် မပျက်။ အမေနွယ်ကလည်း ဘုရားခန်းထဲက မထွက်။ မဟော်ဂနီစံအိမ်မှာကတော့ အဖေနဲ့ အမေလို နေနိုင်မယ်ဆို အရမ်းအေးချမ်းမှာပါလား...။

မြရုံခြယ်ဆိုတဲ့ ကောင်မလေးရော...။

အဲဒီကောင်မလေးလည်းပဲ မဟော်ဂနီစံအိမ်ကို စိတ်ညစ်ပြီး ပြန်များသွားလေမလား။

၅

ဘာသံပါလိမ့်။

တအိအိနဲ့... သေချာနားစွင့်တော့မှ တစ်ယောက်ယောက် ရှိုက်ငိုနေတာ... ဒါကြောင့်မို့ မီးဖွင့်လိုက်တော့ မီးကမလာ... ဒါနဲ့ပဲ လက်နှိပ်ဓာတ်မီးလည်း ထိုးလိုက်ရော...။

" ဟင်... နုလွင်... ဘာလို့ ငိုနေတာလဲ "

" အိမ်သာတက်ချင်လို့..."

" ဟယ်... အိမ်သာတက်ချင်တာ ငိုစရာလား.. အစ်မကို နှိုးပါလား "

" နှိုးတယ်... အစ်မက နှိုးမရဘူး... ဒါကြောင့် ငိုနေတာ..."

" ကဲ... လာ... လာ... ငိုမနေနဲ့..."

လက်နှိပ်ဓာတ်မီးရောင် အားကိုးနဲ့ ထွက်လာခဲ့ရတာ။ အိမ်ကြီးကျယ်တာကလည်း ကျယ်တာပေါ့...။ တစ်ခါတလေ တော့ အဲလိုမျိုး အိမ်အနောက်ဘက်ထိ ဆင်းပြီး ခပ်လှမ်းလှမ်း သွားရတဲ့ အိမ်သာဆီ သွားရတာ စိတ်ပျက်စရာ။

" အစ်မ... ဟိုဓာတ်ပုံ... ဟိုဓာတ်ပုံ..."

" ဘာ ဟိုဓာတ်ပုံလဲ..."

" လျှာ... လျှာ..."

" ဟယ်... ဒီကောင်မလေး ပေါက်ကရတွေ... သွား ကြည့်မနေနဲ့... ကြောက်တယ်လည်း ပြောသေး.. လျှောက်ကြည့်နေတယ်..."

မီးက အိမ်ရှေ့ခန်းအရောက် ပြန်လာပါတယ်။ အိမ်ရှေ့ခန်းကြီးမှာ မီးလုံးအလင်းရောင် ခပ်မှိန်မှိန်လေးတစ်ခု ညဘက် ထွန်းထားလေတော့ မြင်နေရတာပါ။ ခုတ်ပုံကြီးတွေကို မော့မကြည့်နဲ့ပေါ့။ လူ့စိတ်ဆိုတာက ပြောရခက်သားလား...။

လျှာထုတ်ပြတတ်တယ်ဆိုရင်... ပါးစပ်ကို ကြည့်မယ်။ ကြည့်ရင် အရိပ်သော်လည်းကောင်း... တစ်ခုခုကို မြင်မလား။ မျက်စိမှားမလား။ စိတ်က ခြောက်ချားမလား... အမျိုးမျိုး ရှိတာပေါ့...

ပြီးတော့...

ဒီနေရာဟာ မွေးကတည်း နေနေတဲ့ ဝန်းကျင် မဟုတ်ဘူး။ စိမ်းလွန်းတဲ့ ဝန်းကျင်...။ အဲဒီဝန်းကျင်မှာ အမျိုးစုံသော ခံစားချက်တွေ ရှိလေတော့ မျက်လုံးအကြည့် မှားရင်သွားရော...။

" အစ်မ... နေရတာ မပျော်ဘူး.. ကြောက်နေရတယ်... စိတ်ညစ်လိုက်တာ... နှလွင် ရွာပြန်ရမလားပဲ "

ခုလိုပြောတော့လည်း စိတ်မကောင်းပါဘူး။

" နင် တကယ် ပြန်ချင်တာလား..."

" တကယ် "

" အင်းလေ... အဖေနဲ့အမေနွယ့်ကို ငါပြောကြည့်ပါမယ်..."

" အစ်မကရော..."

" ငါကတော့ အဖေနဲ့ အမေနွယ့်ကို ခင်တယ်... နင့်လောက်လည်း မကြောက်ဘူး.. မနေရဲစရာမရှိဘူး "

" ဟိုဒေါ်ခေတ္တရာကြီးကိုလည်း ကြောက်တယ်..."

" ဩော်... ဒီကလေးမ... မိပုပြောသမျှတွေ နားထောင်... ကြောက်စရာ မရှိ ကြောက်တယ်... ဟုတ်တယ် မဟုတ်တယ် အပထား.. နင်က ဒေါ်ခေတ္တရာရဲ့ ငါးကြော်ခိုးစားမှာလား "

" မစားပါဘူး "

" မစားရင် ပြီးရောပေါ့..."

အိမ်သာကလည်း အဝေးကြီး..။ သူတို့ပြောနေတဲ့ တစ္ဆေဆိုတာတွေကို မြရံခြယ် မမြင်ဖူးသလို မကြောက်ပေမယ့်... အဝေးကြီးသွားရတဲ့ မြက်ပင်တွေနားက လမ်းကလေးမှာ မြွေတက်နင်းမိမှာတော့ ကြောက်တယ်...။

နလွင်က အိမ်သာထဲ ဝင်နေတော့ မြရံခြယ် တစ်ယောက်တည်း ဟိုငေး ဒီငေးပေါ့... ပုရစ်လို အကောင်လေးတွေကလည်း တစစ်စစ်နဲ့ အော်နေသေးတယ်...။ ခြင်ကလည်း ခြေထောက်ကို လာကိုက်တယ်...။

ပတ်ဝန်းကျင်က မည်းလို့မှောင်လို့...။

" အစ်မ သွားစို့... အမလေး ဟိုမှာ တစ္ဆေ... တစ္ဆေ..."

နုလွင်ရဲ့ ရှူးရှူးရှရှ အော်သံကြောင့် ကြည့်မိတယ်…။

စိမ်းနေတဲ့ အလုံးကလေး နှစ်လုံးက မလှမ်းမကမ်းမှာ ပါလား…။ နုလွင်က ဖက်လည်းထားလိုက်သေး…။ လက်နှိပ်ဓာတ်မီးနဲ့ ဖျတ်ခနဲ လှမ်းထိုးလိုက်တယ်…။ လှစ်ခနဲ ခုန်ထွက်ပြေးသွားသလိုပဲ။

" အစ်မ… တစ္ဆေ… နုလွင် ကြောက်တယ် "

" ဘယ်ကတစ္ဆေရမှာလဲ… ကြောင်တစ်ကောင် ဖြစ်မှာပါ… ညမို့ မျက်လုံးတွေက စိမ်းနေတာ…"

" ဟုတ်လို့လား "

" ဟုတ်တယ်… သွားစို့…"

အိမ်မကြီးဆီ ပြန်လာခဲ့ပါပြီ။ နောက်ဘက် လှေကားကြီးက တက်လာရင်းမှ နုလွင်ကို ဘယ်လိုလုပ်ပေးရပါ့မလဲ။ ခုချိန် မြရုံခြယ်အတွက် အနီးဆုံးမှာ အရင်းဆုံးဆိုလို့ နုလွင်ပဲရှိတာ။ သူက မနေချင်ဘူးဆိုတော့ ခက်သားလား။

အိပ်တော့ဆိုပြီး အိပ်မယ်လည်း ကြံရော…။

" အစ်မ… အစ်မ… ကြားလားဟင် ဘာသံလဲ…"

နုလွင်ပြောလို့ ပိုသတိထားမိသွားတယ်… ဟုတ်ပါရဲ့… လူတစ်ယောက် နေမကောင်းလို့ ညည်းနေတဲ့အသံမျိုး။ တစ်ယောက်ယောက်များ နေမကောင်းဖြစ်နေလေသလား။ ဘယ်သူပါလိမ့်…။

" အစ်မ တစ္ဆေအော်တာလား "

" တစ္ဆေက အော်တယ်လို့ နင့် ဘယ်သူပြောလဲ

အဓိပ္ပါယ်မရှိ... တစ်ယောက်ယောက် ဖျားနေလို့ ညည်းတာပါ... ဒီအိမ်မှာ မိသားစုတွေမှ အများကြီး... နေမကောင်းတဲ့လူ ရှိမှာပေါ့... အိပ်..."

ဒီတော့မှ ငြိမ်ပြီးတော့ နုလွင် အိပ်သွားပါတယ်... ဘာမှ မကြာလိုက်ပါဘူး... နုလွင်ဆီက ဟောက်သံ ထွက်လာတော့ ပြုံးမိပါတယ်။ ကလေးစိတ်ဆိုတော့လည်း အခုကြောက်လိုက် အခုအိပ်လိုက်နဲ့။

အိပ်မပျော်တော့တာက မြရုံခြယ်ပါ...။

" မြရုံခြယ်ကို တူမလေးလိုခင်လို့ အဒေါ်ပြောရဦးမယ်... မောင်ရွှေပြည်ကို စိတ်မဝင်စားနဲ့... အဲဒီ့ကောင်လေးကို တင်ထားမီက ကြိုက်နေတော့ တူမ ဒုက္ခရောက်မှာစိုးတာ "

စကားကို အစမရှိ အဆုံးမရှိ ဘာမှန်းလည်းမသိ လာပြောတဲ့ မိပုတို့ အမေ ဒေါ်ခင်ရှုဆိုတဲ့ အဒေါ်ရဲ့ စကား...။ တင်ထားမီဆိုတာကရော ဘယ်သူလဲ...။ ဘယ်သူ့မေးကြည့်ရမှန်းတောင် မသိအောင်ပါပဲလား...။

❧

" မောင်ရွှေပြည်... ဒီနေ့ မင်းအားလား "

" အဖေနဲ့ အမေ ဘာမှနိုင်းစရာမရှိရင် အားပါတယ်"

" အေး... ဒါဆိုရင်... ခြံထဲထိသွားပြီး နင့်အစ်ကိုကြီးကို ကြိုပေးပါလား..."

" ထော်လာဂျီနဲ့ သွားရမှာလား.. အစ်မကြီး..."

" ဒါပဲပေါ့ဟယ်... ကြီးကြီးညိုမြရာ ကားက ငါတို့နဲ့ ဘာဆိုင်တာလိုက်လို့..."

" ဟုတ်ကဲ့..."

ဒေါ်တင်ထားစံက တကယ်ဆို အတော် အသက်ကြ နေပေမယ့် သူ့ကို အစ်မကြီးလို့ခေါ်မှ ကြိုက်ပါတယ်။ သူ့ယောက်ျား ဦးလှကြိုင်ကိုလည်း အစ်ကိုကြီး ခေါ်ရတယ်...။ သူတို့ခြံက မြို့ကြီးဟိုဘက်ထိ သွားရမှာ... ဆယ့်လေးငါးမိုင် ဝေးတာ...။

" အဖေ... ဘာခိုင်းစရာရှိလဲ... မရှိရင် အစ်ကိုကြီးကို ခြံထဲသွားခေါ်ပေးရမယ်..."

" မောင်လှကြိုင် သူ့ဘာသာ လာမှာပေါ့ "

" အစ်မကြီးက သွားခေါ်ပေးတဲ့ "

" မသန္တာသမီးတွေကလည်း အတွက်များပါတယ်... အင်းလေ... သွားလိုက်ပါ သားရယ်..."

" မောင်ရွှေပြည် ခြံတွေဘက် သွားမှာလား... ဒါဆို ရှံခြယ်တို့နုလွင်တို့ပါ ခေါ်သွားလိုက်... ပြီးတော့ တောမကြီး ရေတံခွန်ဘက်ထိ ပို့ပေးလိုက်... ကိုမြလှိုင်နဲ့ မိပုပါ ခေါ်သွား.. ကလေးမလေးတွေက ပျင်းနေပြီ နုလွင်လေးကဆို စိတ်ညစ်လို့ဆို ရှာပြန်မယ် ပြောလို့တဲ့... နုလွင်ပြန်ရင် ရှံခြယ်တစ်ယောက်တည်း ပျင်းနေရှာမယ်... ရော့ မုန့်ဖိုး... မုန့်ဝယ်ပြီး သွားစားကြ..."

အမေနွယ်က ဒီလိုမျိုး ချစ်စရာကောင်းပါတယ်။ အမြဲလို တခြားသူတွေအတွက် စဉ်းစားပေးတတ်ပါတယ်။ ဒါကြောင့်မို့ ဦးမြလှိုင်ကို သွားပြောရတယ်...။ ဒေါ်ပြုံးကိုရော ဒေါ်ခင်ရွှေကိုပါ... မိပု ခေါ်သွားမယ် သွားပြောရတာပေါ့...။ ပြီးတော့မှ မြရှံခြယ် တို့ကို သွားခေါ်ရတယ်...။

" အမေနွယ်က မြရှံခြယ်တို့ ပျင်းမှာစိုးလို့... အစ်ကိုကြီး ကို သွားကြိုရင်း ရေတံခွန်မှာ သွားလည်ချင်လည်တဲ့ "

" ရေတံခွန်ကို ဟုတ်လား.. ဟာ... ဝမ်းသာလိုက်တာ... ဝမ်းသာလိုက်တာ... ပျင်းနေတာ... ပျင်းနေတာ... အစ်မက လျှောက်သွားမနေနဲ့... အခန်းထဲနေဆိုလို့ နေနေရတာ..."

နုလွင်ကတော့ ပျော်ရွှင်နေလိုက်တာ...

မြရှံခြယ်ကိုတော့ သဘောကျပါတယ်။ ခပ်အေးအေး ပါပဲလား။ ထော်လာဂျီလေးပေါ် အားလုံး လူစုံလည်း စုံရော... ကြီးဒေါ်ခေတ္တရာက ထွက်လာပြန်ပါရော။

ကြီးဒေါ်ခေတ္တရာကို မြင်တာနဲ့ မိပုမျက်နှာလေးက ကြောက်နေရှာပါလေရော...

" ဒါက ဘယ်လဲ "

" အစ်ကိုကြီးသွားကြိုရင်း.. အမေနွယ်က ရေတံခွန်ဘက် လိုက်ပြလိုက်ဆိုလို့ပါ..."

" အမလေး.. အတော်လည်း အပျော်အပါး မက်ကြပါလား.. နင်တို့ချည်း မသွားနဲ့... ပန်းဝတ်မှုံပါ ခေါ်သွား.."

" ဟုတ်ကဲ့... ပန်းဝတ်မှုံ လိုက်မယ်ဆို ခေါ်သွားပါ့မယ်"

ပန်းဝတ်မှုံကို သွားခေါ်နေတုန်းမှာ စန္ဒာအေးကပါ ပါလာပြန်ရော... သူလည်း လိုက်ချင်တယ်တဲ့...။ လိုက်ခဲ့ပါလို့ ခေါ်ရပြန်တာပေါ့...။ ထော်လာဂျီပေါ် အတော်ကြီး ပြည့်လျှံနေပြီပေါ့။ စိတ်ထဲမှာ ပျော်စရာကြီးလို့ ပြောမိပါပြီ။

" ကောင်လေး.. သေချာမောင်းနော် "

" ဦးလေး..."

" ကြည့်စရာတွေ များနေလို့လေ..."

" ကိုမြလှိုင်... ရှင် ဘာတွေ ပြောနေလဲ "

ဒေါ်ပြုံးကြီးကိုပါ... ထည့်လိုက်တော့ ဦးမြလှိုင် လှုပ်လို့မရ ဖြစ်ရမယ့်အစား ပြောချင်ရာ ပြောနေတုန်းပါလား။ ခက်နေတာက ကောင်မလေး သုံးယောက် အတူပါနေတော့လည်း ပြောချင်စရာပေါ့လေ။

စိတ်ထဲမှာတော့လည်း ပျော်နေသလိုပါလား။

ပထမဦးဆုံး ရေတံခွန်မှာစားဖို့ မုန့်တွေ ဝင်ဝယ်

ကြတယ်... မိပုအသံက အဆူညံဆုံး ဖြစ်နေလို့ ဒေါ်ပြုံးက ဆူနေရတာ။ ပန်းဝတ်မှုံပါနေလို့ ကြီးဒေါ်ခေတ္တရာ အကြောင်း တော့ ဘယ်သူမှ မပြောရဲကြပါဘူး...။

" ပျော်စရာကြီးပဲ "

" ဒေါ်ပြုံးကြီးက မိပုကျတော့ဆူတယ်... အခုကျတော့ ဒေါ်ပြုံးကိုယ်တိုင် ပျော်နေတာပါလား "

" ပန်းဝတ်မှုံပါလို့လည်း လွတ်လပ်ပေါ့ပါးနေတာပါ... ပန်းဝတ်မှုံပါရင်... "

ဒေါ်ပြုံးက စကားမဆက်ရဲတော့ပြန်ပါဘူး။

" ဘာလဲ... ဒေါ်ပြုံးကြီးက ပန်းဝတ်မှုံပါရင်တော့ ကြီးဒေါ်ခေတ္တရာ ကျိန်စာတိုက်မှာ မဟုတ်ဘူးဆို သဘောကျ နေတာ မဟုတ်လား "

" ဟဲ့... မောင်ရွှေပြည်... လျှောက်မပြောနဲ့လေ "

ဒေါ်ပြုံးက ခုလို အမှန် ပြောတော့လည်း လန့်နေပြန် ပါရော...။

ပန်းဝတ်မှုံကတော့ သူမ ထုံးစံအတိုင်း ပြုံးပြုံးလေးနဲ့ နေနေတာပါ... အေးချမ်းတယ်လို့ ပြောရမှာပါပဲ။

ရေတံခွန်က ပျော်စရာကောင်းလိုက်တာ...။

တောတောင်ထဲမှာ စိမ်းစိုနေတာပါပဲလား။ ကျောက်တုံးတွေနဲ့ ရေတွေ ဖြတ်စီးနေတာ သဘောကျစရာပါပဲ။ မိပုနဲ့ နုလွင်ကတော့ ရေချိုးမတဲ့လေ။ ဒေါ်ပြုံးတို့ ဦးမြလှိုင်တို့ကပါ ရေချိုးမယ်ဆိုတော့ နုလွင်လည်း ပျော်ပါစေဆို လွှတ်ထားရတယ်။

မဟုတ်ရင် နုလွင်ခမျာ ကြောက်တယ်ဆို ရှာပြန်ချင်နေပြီပေါ့...။

" ရေမချိုးဘူးလား "

" ဟင့်အင်း.. ဒါပေမယ့် ရေထဲတော့ ဆင်းချင်တယ်... "

ပန်းဝတ်မှုံဆိုတဲ့ ကောင်မလေးက... လာခေါ်ပါတယ်... သူ့အဖွား ဒေါ်ခေတ္တရာနှင့်ကတော့ ရုပ်ချင်းတခြားစီ။ စိတ်ဓာတ်ကတော့ အခုတွေ့ အခုမသိနိုင်ဘူးလေ...။ ဒါပေမယ့် စကားသိပ်မပြော... အေးဆေးပုံရပါတယ်။

စန္ဒာအေးဆိုတဲ့ ကောင်မလေးကတော့ ရေစပ်မှာ ကိုရွှေပြည်နှင့် ဘာတွေပြောပြီး ရယ်နေတယ်မသိပါ။

" စန္ဒာအေးက ဆွေမျိုးတော်လားဟင် "

" မတော်ပါဘူး.. ဖွားသစ္စာ သူငယ်ချင်းရဲ့ သမီးပါ... ထူးဆန်းတာက အဖွားကလည်း စန္ဒာအေးကို ချစ်ပါတယ်... "

" ဟုတ်လား "

" အဖွားက မြရုံခြယ်ကိုလည်း ချစ်မှာပါ "

" ဟုတ်လား.. ဘာလို့လဲ... "

" မြရုံခြယ်ရဲ့ အဖိုး ထက်မြတ်မှူးကို ဂျစ်တယ်လို့ ပြောတာပဲလေ... "

အဖိုးကျေးဇူးတွေက ခုချိန်ထိ အများကြီးပါလား။ အဖိုးကို အားလုံးလိုလိုက ချစ်ခင်ကြတယ်ဆိုတာ အမေနွယ့် ဆီကလည်း ကြားဖူးပါတယ်။ အဖိုးခမျာ သေဆုံးသည်ထိ မြရုံခြယ်တို့ကို နာမည်တစ်ခုနဲ့တောင်မှ စောင့်ရှောက်ပေးရှာ လိုပါလား။

" မြရုံခြယ်နဲ့ ပန်းဝတ်မှုံက ဘာလို့ရေမချိုးတာလဲ "

" ဟင့်အင်း... မချိုးချင်ပါဘူး... "

" မိပုတို့ ချိုးနေတာ ကြည့်ပါလား... ဘယ်လောက် ပျော်ဖို့ ကောင်းသလဲ... နှလွင်လည်း ရေကူးကျွမ်းတယ်... "

ကိုရွှေပြည်က အနားလာ စကားပြောနေပါတယ်။

" အဖွားမပါတုန်း အစ်ကိုရွှေပြည်ကို တောင်းပန် ဦးမယ်... အဖွားက ပန်းဝတ်မှုံကို စိတ်ပူပြီး ပြောသမျှ အစ်ကိုရွှေပြည် ဗွေမယူပါနဲ့နော် "

" ဟာ... ပန်းဝတ်မှုံကလည်း... နားလည်ပါတယ်... ဘာလို့ စိတ်ခုရမှာလဲ "

" ပန်းဝတ်မှုံရေ... ဒီမှာလာကြည့်စမ်း.. ဘာပန်းလေး လည်း မသိဘူး "

စန္ဒာအေးက ကျောက်တုံးတွေကြားထဲကနေ လှမ်းအော်ခေါ်တော့ ပြေးထွက်သွားပါတယ်။ ကိုရွှေပြည်ကျော်နဲ့ မြရုံခြယ် ရေစပ်မှာ ကျန်နေရစ်ပါပြီ။

" ပန်းဝတ်မှုံက အေးဆေးပုံရတယ်နော် "

" ဟုတ်တယ်... သဘောကောင်းပါတယ်... သဘောကောင်းပေမယ့် သူ့ခများလည်း သူ့အဖွားရှေ့ဆို ကျွန်တော့်ကိုတောင် စကားမပြောရဲရှာပါဘူး... သူ့အဖွားက စိတ်ပူတယ်လေ... ကျွန်တော်က မွေးစားထားတာ မဟုတ်လား... ကျွန်တော့်လိုလူနဲ့ သူ့မြေး နီးစပ်သွားမှာ စိုးရိမ်တယ်... ပန်းဝတ်မှုံကိုကြီးဒေါ်ခေတ္တရာက ဆရာဝန်လေး ကိုသက်အောင်နဲ့ သဘောတူနေတာ..."

" ဆရာဝန်... အိမ်ကိုလာသလား "

" လာတာပေါ့... ဆယ့်လေးငါးရက်နေရင် တစ်ခါလာတယ်... မြရုံခြယ်တို့ ရောက်ပြီးမှတောင် တစ်ခေါက်လာသေးတယ် "

အိမ်ကြီးကလည်း ကြီးတော့ ကိုယ့်အခန်းကိုယ် နေနေခိုက်ဆို ဘယ်ဧည့်သည်လာလို့ လာမှန်း ဘယ်သိပါ့မလဲလေ...။

" ကျွန်တော့်စိတ်က စန္ဒာအေးတို့ ပန်းဝတ်မှုံတို့ကို ညီမတွေလိုပဲ ခံစားလို့ရပါတယ်..."

" အစ်မ... အစ်မ... ငါးတွေ ငါးတွေ အများကြီးပဲ... လာကြည့်ပါ "

ကိုရွှေပြည်ကျော်ရဲ့ မျက်ဝန်းတွေကို မြင်လိုက်ရတာ

စိတ်မှာတစ်မျိုးဖြစ်နေဆဲ နုလွင်ခေါ်သံကြောင့် အကြိုက်တွေ့ပြီ။ ရေထဲ လှမ်းဆင်းလိုက်ကာမှ...။

" အမေ့..."

ရေညှိတွေနဲ့ ကျောက်တုံးကိုမှ နင်းမိလျက်သား...။

လဲကျပြီဆိုတဲ့အသိ...။

နာကျင်တော့မယ်ဆိုတဲ့ ခံစားမှု...

ဒါပေမယ့်... မြရံခြယ်ထင်သလို မဖြစ်လိုက်ပါဘူး။ ကိုရွှေပြည်ကျော် ရင်ခွင်ထဲသာ ရောက်သွားတော့တာ...။

" မြရံခြယ် လန့်သွားပြီ ထင်တယ်..."

ရက်တာရော... လန့်တာရောနဲ့... ငိုချင်လာသလိုပါပဲ...။

" အမလေး... အစ်မ လိမ့်ကျပြီဆို နုလွင်ဖြင့် မျက်စိတွေတောင် ပြာသွားတယ်... ကံကောင်းလို့ ကံကောင်းလို့ပါလား..."

" ဟုတ်ပါရဲ့... ကျောက်တုံးနဲ့ ခေါင်းများရိုက်မိလို့ကတော့ မဟော်ဂနီစံအိမ်မှာ တစ္ဆေတစ်ကောင် တိုးမယ်"

" ဟဲ့... မိပု "

မိပုက ပြောလည်းပြော... တခစ်ခစ်နဲ့ ရယ်နေပြန်တာ။

" အစ်ကိုကြီးရွှေပြည်... မတင်ထားမိကြီး ရှိလျက်နဲ့ အစ်မရံခြယ်ကို ပွေ့ထားရသလား... တော်ကြာမှ ပြန်ရောက်ရင် အိမ်ကချစ်သူက စိတ်ကောက်နေမယ် "

ဘာတွေပြောနေတာလဲ...

ရက်ရတဲ့အထဲ မိပုဆိုတဲ့ ကောင်မလေး စကားကို

နားမလည်သလို... နားထဲတောင် ဆူညံနေသလို ဖြစ်နေမိပါ ရောလား။

" မြရံခြယ် လန့်နေရတဲ့အထဲ နင်ဘာတွေ လျှောက် ပြောနေလဲ မိပု..."

ကိုရွှေပြည်ကျော်က အားနာတယ် ထင်ပါရဲ့... အားလုံး အနားမှာတောင် မနေတော့ပါပဲ... ထော်လာဂျီဆီ ထွက်သွား ပါတော့တယ်။ ဒေါ်ပြုံးကတော့ မြရံခြယ် ဒဏ်ရာ မရပါ ဘူးနော်တဲ့။

စိတ်တွေ ရှက်ကြောက်ထိတ်လန့်နေရတဲ့အထဲ... တင်ထားမီ ဆိုတဲ့ နာမည်က ခေါင်းထဲ ဝင်လာပါတယ်... မောင်ရွှေပြည်ကို စိတ်မဝင်စားနဲ့ တင်ထားမီရှိတယ် ဆိုတဲ့ ဒေါ်ခင်ရွှေရဲ့စကား အခုလည်း မိပုက မတင်ထားမီကြီး ရှိလျှက် နဲ့တဲ့။

ဘာတွေလဲကွယ်...

တင်ထားမီဆိုတဲ့ ချစ်သူရှိပါလျှက် ကိုရွှေပြည်ကျော်ရဲ့ မျက်လုံးလေးတွေက ဘာလို့ ခဏခဏ လာကြည့်နေရ တာပါလိမ့်။

အမေနှယ် နိုင်းလို့ အဖေ့အတွက် ဆေးဝယ်ပြီး ပြန်လာတော့ အိမ်ရှေ့မှာ ရပ်ထားတဲ့ ကားက ကိုသက်အောင်ရဲ့ ကားပါလား။ ဖွားဖွားကြီးကို လာကြည့်တာနေမှာပါ...။ ကိုသက်အောင်ဆိုရင်တော့ ကြီးဒေါ်ခေတ္တရာ ရွှန်းရွှန်းဝေ ညည့်ခံနေမှာပါပဲ။

ဟင်.. မြရုံခြယ်ပါလား။

ခြံနောက်ဘက်ထဲကို လျှောက်သွားတဲ့ မြရုံခြယ်ကို ရိပ်ခနဲ မြင်လိုက်ရတယ်... ရေတံခွန်က ပြန်လာပြီးကတည်းက မတွေ့ရ။ မြရုံခြယ်ကို တွေ့ချင်နေပေမယ့် သူမကတော့ ရှောင်ပုန်းနေသည့်အလား တကယ့်ကို ပျောက်နေခဲ့ပါတယ်...။

ခြံနောက်ဘက် ဘာသွားလုပ်ပါလိမ့်...

ဒါကြောင့်မို့ လိုက်လာခဲ့ပါပြီ...။

အတော်ဆိုးတဲ့ ကောင်မလေးပါလား။ ဟိုးအနောက်ဘက်ထိ ရောက်အောင်သွားတယ်...။ ဘာပဲပြောပြော... အဲဒီနောက်ကို မသွားစေချင်...။

" ဟင်... ဒါက ဒါက... အုတ်ဂူတွေလား "

" မြရုံခြယ်..."

" လန့်လိုက်တာ... ကိုရွှေပြည်ကျော် "

" ဘာလာလုပ်တာလဲ..."

" နုလွင်ကိုသာ ဆူနေမိတာ... အခု မြရံခြယ်ကိုယ်တိုင် စပ်စုချင်လို့ပါ..."

" မဟော်ဂနီမိသားစုရဲ့ သချိုင်းဆိုပါတော့... ဖိုးဖိုးကြီး ဦးထွန်းမြတ်ကျော်က အစ... မတင်ထားမီအထိ "

" ဘယ်သူ "

" မတင်ထားမီလေ "

" မတင်ထားမီဆိုတာ... ဟို... ဟို... ရှင့်ချစ်သူ ဆိုတာလား..."

မြရံခြယ် အပြောကြောင့် ရယ်ရပါတယ်။ ပြီးတော့မှ ရှင်းပြရသေးတယ်။ ရွှေပြည်ကျော် ရောက်လာတော့ မတင်ထားမီ ဆုံးနှင့်ပြီးသားပါ။ မတင်ထားမီရဲ့ အခန်းကို ပိတ်ထားတာမှာ... အဖေတို့ အမေနှယ်တို့နှင့် နီးတာပဲ ဆိုပြီးတော့ ရွှေပြည်ကျော်က ယူလိုက်တယ်လေ...။

" အဖေကပြောပါတယ်... မတင်ထားမီကို မကျွတ်ဘူး... မြင်နေရတယ် ပြောကြတယ်ပေါ့... ဒါကို မင်း ကြောက် သလားတဲ့..."

" ဟုတ်လားဟင် "

" မကြောက်ပါဘူး.. ကျွန်တော် နေနေတာပဲ... ဘာမှလည်းမတွေ့ရပါဘူး.. မတင်ထားမီ အခန်းမှာနေနေလို့ ကျွန်တော့်ကို မိပုတို့က လျှောက်ပြောနေကြတာပါ... ဒေါ်ခင်ရှု ကဆို ပိုဆိုးသေး... မတင်ထားမီက ကျွန်တော့်ကို ကြိုက်နေလို့

မခြောက်တာပေါ့လေ...”

“ သော်ကနှင့်စိန်စိန်...”

မြရုံခြယ်က ခုမှရောက်တော့ ဒီအိမ်ကအကြောင်းတွေ မသိနိုင်သေးဘူးပေါ့။

“ အဲဒါ မတင်ထားမီ အုတ်ဂူလေ...”

“ သူက ဘာလို့သေတာလဲ...”

“ ကိုယ့်ကိုယ်ကို ညှဉ်းဆဲတယ်ပဲ ပြောရမှာပေါ့... မစားမအိပ်နဲ့.. အိမ်ဘေးက ယုဇနပင်ကြီးဘေးမှာ လဲသေနေတာပဲ... သူ့ကိုယ်သူ သတ်သေတယ် ပြောလို ပြောနဲ့ ရှုပ်နေတာဗါ...”

“ မတင်ထားမီက ဒေါ်တင်ထားစံရဲ့ ညီမလား ”

“ ဟုတ်တယ်... ဒါပေမယ့်... ဒေါ်တင်ထားစံကို မွေးပြီး ဆယ်နှစ်ကျော်ကြာမှ မွေးတာ... အများကြီး အရွယ်ကွာတယ်...”

မတင်ထားမီက သူ့ချစ်သူက ထားပစ်ခဲ့လို့ ခုလိုဖြစ်သွားတာကို ဦးမြလှိုင်ကြီးကတော့ အချစ်အတွက်များ ဒီလောက် ဖြစ်ရသလား အပြစ်တင်ပါတယ်။ သူကတော့ အပြစ်မတင်ရက်ပါဘူး။ ချစ်တာရော ရက်တာရော ကြေကွဲဝမ်းနည်းတာတွေရောနဲ့ မခံစားနိုင်ရှာလို့နဲ့ တူပါတယ်။

“ မဟော်ဂနီ မိသားစု သချိုင်းဆိုတော့ ကျွန်တော်သေရင်လည်း ဒီမှာ သေမှာ... မြရုံခြယ်ရော... မကြောက်ဘူးလား ”

" မကြောက်ပါဘူး..."

" သိပ်သတ္တိကောင်းပါလား "

" သိပ်သတ္တိကောင်းတယ်တော့ မဟုတ်ပါဘူး... အဓိပ္ပါယ် မရှိရင်တော့ မကြောက်ပါဘူး..."

လေတစ်ချက် ဝှေ့ခနဲ အဖြတ်မှာတော့ ပုတ်အဲ့အဲ့ အနံ့ကြီးကို ရပါလား။ မြရံခြယ်ကလည်း သူ့ကို ဖျတ်ခနဲ ကြည့်တယ်...

ဒါဟာ သင်္ချိုင်းဂူတွေ...

အပုတ်နံ့က ဘယ်ကရလဲ။

လောလောလတ်လတ် သေတဲ့လူလည်း တစ်ယောက်မှ မရှိ။ ပြီးတော့ မနက်ဘက်ကြုံးမှာ သရဲတစ္ဆေလည်း မဖြစ်နိုင်...။

" ဘာနံ့ကြီးလဲ..."

" သေတဲ့လူအားလုံးက အရိုးကျနေလောက်ပြီ..."

မြရံခြယ်နှင့်အတူ အိမ်ဘက်ပဲ ပြန်ရတော့မလား...။

" ဘာနံ့လည်း သိချင်တယ် "

" မြရံခြယ်က ထင်တာထက် သတ္တိရှိတာပဲ "

" နေ့ခင်းကြီး သရဲတစ္ဆေကတော့ မခြောက်ပါဘူး... မြရံခြယ် စိတ်ပူတာ... လူတစ်ယောက်ယောက်များ သေနေမလား "

" ဟင်... ဘယ်သူသေမှာလဲ "

" မသိဘူးလေ "

" ရှာကြည့်မလား "

နှစ်ယောက်သား အနံ့ပြင်းတဲ့ဆီကို လိုက်ရှာကြည့်မိကြပါပြီ...။

" အမလေး မည်းမည်းကြီး.. ဘာကြီးလည်း မသိဘူး..."

မြရံခြယ်က ရုတ်တရက် နောက်ခုန်ဆုတ်လိုက်တာမို့ သူနှင့် တည့်တည့်ဝင်တိုးမိပါရော။ ရင်ခွင်ထဲကို ရောက်လာတဲ့ မြရံခြယ်ကို... ဒီတစ်ခါလည်း စိတ်မှာ ခံစားမှုတွေ ဖြစ်ရပြန်ပါတယ်...

" ဘယ်မလဲ... မြရံခြယ် ဘယ်မလဲ "

" ဟို ခြုံလေးနားမှာ... ဟိုမှာ..."

မြရံခြယ်က လက်ညှိုးသာ ညွှန်ပြတာ... မျက်ဝန်းတွေ စုံမှိတ်ပြီး သူ့အင်္ကျီလက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတာပါလား။

" ဟင် ဟုတ်ပါရဲ့... မည်းမည်းကြီး... ဟာ... ဟုတ်ပြီ... ဟုတ်ပြီ... ဒါဟာ မဟူရာပဲ "

" မဟူရာ "

" အင်းလေ... ကြီးဒေါ်ခေတ္တရာရဲ့ ကြောင်ကြီး မဟူရာပဲ ဖြစ်မယ်..."

" ကြီးဒေါ်ခေတ္တရာရဲ့ ကြောင်..."

" ပြဿနာပဲ... မဟူရာသေပြီဆိုတာသိရင် ပိုရှုပ်ကုန်မယ်... ကြီးဒေါ်ခေတ္တရာက ဒေါသဖြစ်ရင် ဘာမှ မဆင်ခြင်ဘူး... မသိချင်ယောင် ဆောင်နေလိုက်ကြရအောင်လား..."

" ပြန်ရအောင်... ကိုရွှေပြည်..."

ပြောလည်းပြောပြီး မြရုံခြယ်က လှစ်ခနဲ ထွက်သွားပါလေရော...။ သူ နောက်မှ လိုက်လာခဲ့ရတယ်...။ ရှေ့မှ အပြေးလေးသွားနေတဲ့ မြရုံခြယ်ကို ကြည့်ရင်း သူ့ရင်ထဲ လှိုက်မောနေသလိုပါသလား...။

နှစ်ခါရှိပြီ။

မြရုံခြယ်ဟာ အနီးကပ်ဆုံး အနေအထားမှာ ရှိခဲ့တယ်...

သူ့ရင်တွေခုန်နေတာ သူအသိဆုံးပါ...။

ပျော့ရွှင်ခြင်းတွေ ပျောက်ကွယ်ပြီး ခြောက်သွေ့နေတဲ့ ဘဝကလေးက အခုမှ စိုပြေလန်းဆန်းလာသလိုပါပဲလေ...။ အိမ်ရှေ့ ပြန်ရောက်တော့ ကြီးဒေါ်ခေတ္တရာ တစ်ယောက် မခင်ရှုကို ဘာတွေဆူပူနေတယ် မသိ...

မဟူရာသေပြီဆိုတာများ သိရင်... ခုထက်တောင် ဆူညံသံတွေ များလာဦးမယ် ထင်ပါရဲ့။

" ရအောင် လိုက်ရှာ... တစ်အိမ်လုံး တစ်ခြံလုံး လိုက်ရှာ... ကိုဖုံမြက ငါ့ကို အိပ်မက်ပေးတယ်... သူ တခြား ဘဝကို သွားပြီတဲ့... မဟူရာ မရှိတော့ဘူး... မရှိတော့ဘူး သေချာရင် ဘယ်မလဲ မဟူရာ့အလောင်း... ရအောင်ရှာကြ..."

" ကြံခင်းစုဘက်ကလူတွေ သတ်စားလိုက်ကြတာလားမှ မသိပဲ ခေတ္တရာရယ်... အိမ်ကလူတွေကို အလုပ်မပေးပါနဲ့... သူတို့ခမျာ တစ်အိမ်လုံး အလုပ်များရတဲ့အထဲ ဘယ်မှာသေမှန်း မသိတဲ့ ကြောင်ကို ရှာရဦးမယ်လို့... သွား သွား မခင်ရှု အဝတ်လျှော်စရာရှိတာ သွားလျှော်..."

ကြီးဒေါ်ခေတ္တရာကို ပြောရဲဆိုရဲထဲမှာ ကြီးကြီးညိုမြရာ ကဘော့ သူငယ်ချင်းမို့ အရင်ဆုံးပါပဲ...။ ကြီးဒေါ်ခေတ္တရာ ဘာမှမပြောပဲ ထွက်သွားတော့မှ မခင်ရှုလည်း မီးဖိုဘက် ပြေးပါလေရော။

ကြောင်ကြီး မဟူရာဟာ တကယ်ပဲ ဦးဖုံမြ ဝင်စား တာလား။ မဟူရာ သေနေတာကို အိပ်မက်လာပေးတယ် ဆိုတော့... ဖြစ်နိုင်သလိုပါ... မဟူရာရဲ့ ပုတ်ပွနေပြီ ဖြစ်တဲ့... အခြေအနေကို ရွှေပြည်ကျော်တို့ မျက်မြင်တွေ့ခဲ့ပြီပဲလေ...။

" ဒီအိမ်မှာ ခေတ္တရာ မရှိရင်လည်း တိတ်ဆိတ်နေမယ် ထင်ပါရဲ့... ရှိတော့လည်း ဆူညံပူညံ များလွန်းတယ်... ဟိုဘက် ဒီဘက် မျှတသွားရင် ကောင်းမှာပါပဲ... "

ကြီးကြီးညိုမြရာ ပြောတာလည်း မှန်ပါတယ်။

အမှန်ဆို အမေနွယ်လို အေးချမ်းနေတာကိုသာ... ရွှေပြည်ကျော် သဘောကျပါတယ်လေ...။ ဖွားလေး သစ္စာ ဆိုလည်း စိတ်ဓာတ်က မူမမှန်...။ အိမ်မှာတော့ အဖေနဲ့ အမေနွယ်ရဲ့ အေးချမ်းမြင့်မြတ်မှုကို ဘယ်သူမှ မမီနိုင်ပါဘူး။

သူတို့က မွေးစားခဲ့တဲ့အတွက်လည်း ကျေနပ်မိပါတယ်။

*

**တစ်**အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေပါလား။ ခုတော့လည်း နုလွင်ဆိုတဲ့ ကောင်မလေး... ကြောက်လည်း မကြောက်နိုင်... စပ်လည်းမစပ်စုနိုင်ပါပဲ အိပ်မောကျနေလေတော့တာ။ အဲဒါလည်း ကောင်းတယ်။ အေးနေတာပါပဲ...။

ငြိမ်သက် အေးဆေးမလားမှတ်...

ခဏလေးနေ ညည်းသံက ကြားလာရပြန်ပါလေရော...။ ဘယ်သူပါလိမ့်...။

သွားကြည့်မယ်...

အိပ်ရာက ထလိုက်ပြီးတော့မှ နုလွင်ကိုတော့ စပ်စုလို့ဆိုပြီး ခုတော့ မြရံခြယ် ဖြစ်နေပြီဆို... ရယ်ရပါသေးတယ်...။

အိမ်ရှေ့ခန်းရောက်တော့ မီးရောင်မှိန်မှိန်မှာ ဖိုးဖိုးကြီးတို့ ဓာတ်ပုံတွေကို မော့ကြည့်မိတယ်...။

လျှာထုတ်ပြတတ်တယ်ဆို။

ခုချိန်မှာ... ညဘက်လည်းဖြစ်တယ်...

တစ်ယောက်မှ မရှိဘူး။

မြရံခြယ်ကို လျှာထုတ်ပြနိုင်တာပေါ့...။

" မြရံခြယ် "

ပခုံးကို လာထိတဲ့ လက်တစ်ဘက်ကြောင့် တုန်ပြီး

အော်မယ်လည်း အလုပ်မှာ ပါးစပ်ကို လက်နဲ့ပိတ်ထားပါတယ်...

" မြရုံခြယ် ရွှေပြည့်ကျော်ပါ "

" ရှင်... ရှင်... ဘာလုပ်နေတာလဲ... "

" ကျွန်တော် ခြေသံကြားလို့ ထွက်ကြည့်တော့ မြရုံခြယ်ကို တွေ့တာနဲ့... အပြင်သွားမလို့လား... "

ကိုရွှေပြည့်ကျော်နဲ့ တွေ့တာ တကယ့် အနှောင့်အယှက် ဖြစ်ရတယ်...။ ခုလို ညအချိန်ကြီး တစ်ယောက်ယောက် တွေ့လို့မှ မသင့်တော်...။ ဒါကြောင့်မို့ သွားမယ်ဆို အခန်းဆီ ပြန်ဝင်လာခဲ့ပါပြီ။

စိတ်ထဲမှာ ထိတ်လန့် တုန်လှုပ်နေရသလိုပါပဲ...။ ခုတ်ပုံကြီးတွေကို ရင်တထိတ်ထိတ် ကြည့်နေရသလိုမျိုး...။

ခုကျတော့လည်း ညည်းနေသံ မကြားရတော့...။

မနက်ဖြန်ကျရင်တော့ ဦးမြလှိုင်ကိုပဲ ဖြစ်ဖြစ်... ဒီအိမ်မှာ ရှိတဲ့ မိသားစုတွေအကြောင်း မေးမှပါ...။ ခက်နေတာက အစ်ကိုကြီးဦးလှကြိုင်လိုမျိုး အဖိုးဦးသင်းလိုမျိုး... အိမ်မှာ အမြဲမနေပဲ... ခြံထဲက လုပ်ငန်းရှိတဲ့နေရာတွေမှာ သွားနေ တတ်တဲ့ လူတွေကလည်း ရှိသေးတယ်လေ...။

" ဟင်... အစ်မ... လန့်လိုက်တာ... ဘေးမှာ ငုတ်တုတ်ထိုင်နေတော့ ရုတ်တရက် အစ်မလို့ မထင်ပဲ... သရဲများလား တစ္ဆေများလားလို့... "

နုလွင် နိုးလာပုံရပါတယ်...

" နင့်မလည်း တစ်ခါလာဒါ... တစ်ခါလာဒါပဲ "

ပြောလိုက်မိပါပြီ။

" ဘာလဲ... အိမ်သာသွားချင်ပြန်ပြီလား "

" မဟုတ်ပါဘူး "

" အောင့်တော့ မထားနဲ့နော်... တော်ကြာ ရောဂါတွေ ဖြစ်လာမယ် "

" မအောင့်ပါဘူး... တကယ်မသွားချင်တာပါ... အစ်မ ဘာလို့ မအိပ်တာလဲ "

" နိုးသွားလို့... ပြီးတော့ ပြန်အိပ်မပျော်တော့တာ... ကဲပါ ငါပြန်အိပ်ပါမယ် "

နုလွင်ဘေးမှာ လှဲချလိုက်ရတယ်။ မြရံခြယ် လှဲအိပ်လိုက်ကာမှ နုလွင်က အိပ်ရာထဲမှ ထထိုင်ပြန်ရော။ ပြီးတော့ အစ်မ... သူတို့ပြောတာတွေ ဟုတ်နိုင်မလားတဲ့... ဘာတွေမှန်းလည်းမသိ။

" စကားကို အရင်းမရှိ... အဖျားမရှိနဲ့ နုလွင်ရယ်... ဘယ်သူတွေက ဘာတွေပြောသလဲ... "

" ဒီအိမ်ကြီးမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ချစ်သူတွေအဖြစ် နှစ်နှစ်ကာကာ ချစ်လို့မရဘူးတဲ့... ချစ်လိုက်တာနဲ့ သေတော့တာပဲလို့ ပြောတယ်... သော်ကနဲ့ စိန်စိန် ဒီလိုသေသွားကြတာတဲ့... နုလွင် ကြောက်တယ် "

" သော်ကနဲ့စိန်စိန်... "

ကြားရပြန်ပါရော။

ဘယ်က သော်ကနဲ့ စိန်စိန်လဲလို့ မေးမိပါပြီ...။

" အရင်က ထမင်းချက်တဲ့ ဒေါ်ပြုံးမရှိခင်... ထမင်းချက်တဲ့ အဒေါ်ကြီး ဒေါ်ကြွေခင်မှာ စိန်စိန်ဆိုတဲ့ သမီးလေး ရှိတယ်တဲ့... ဦးဦးလှကြိုင်ကြီး ခြံထဲက အလုပ်သမား ကလေး သော်ကကလည်း ဒီမှာ လာနေတာ... သူတို့ ချစ်သွား ကြသတဲ့လေ..."

နုလွင်ပြောတာ အသစ်အဆန်းမို့ နားထောင်ရတာ ကတော့ ကောင်းပါတယ်။ ဒါပေမယ့်... သိပ်ကြောက်တတ် လွန်းတဲ့ နုလွင် ခုလို ပြောသမျှတွေ နားထောင် စပ်စုလွန်း တာကတော့ မကောင်း...။

" ချစ်သွားကြတော့ ဘာဖြစ်လဲ... အရွယ်ရောက်တဲ့ လူပျိုနဲ့ အပျိုချစ်သွားကြတာ ဘာဆန်းလဲ..."

" သူတို့ ချစ်သွားကြတော့ မတင်ထားမီက အရမ်း စိတ်ဆိုးပြီး သတ်လိုက်တာတဲ့... သူတို့နှစ်ယောက် နောက်ဘက် ချောင်းစပ်မှာ ရေထဲလဲသေနေကြတယ်တဲ့... ပြီးတော့ ည ညဆို သော်ကနဲ့စိန်စိန်က ခြံထဲမှာ ချိန်းချိန်း တွေ့တယ်တဲ့..."

အဲဒီလိုတွေကျတော့ မြရုံခြယ် စိတ်ပျက်လာပြီ...။

မတင်ထားမီက တစ္ဆေ တစ္ဆေနဲ့ ဖြစ်နေရင်... အစဦးဆုံး ကိုရွှေပြည်ကျော်ကို ခြောက်ရမှာပေါ့။

သေဆုံးသွားတဲ့ မတင်ထားမီရဲ့ အခန်းမှာ ကိုရွှေပြည် နေတာ... ဘာမှမတွေ့ရဘူးဆိုတာပဲ...။ ချစ်သူနဲ့ ဝေးရလို့ သူ့ဘာသာ စိတ်ဆင်းရဲလို့ သေဆုံးပြီးတော့ တစ္ဆေလည်း

ဖြစ်ရသေး... ချစ်သူတွေဆို လိုက်သတ်တယ်ဆိုတဲ့ နာမည်ဆိုး ကလည်း ရသေးတယ်...။

" နှလွင်... လူတွေဆိုတာ စိတ်ထင်ရာ မှန်းပြော နေကြတာပါ... မတင်ထားမီ သေပြီး တစ္ဆေဖြစ်တယ်... ဘယ်သူ မျက်လုံးနဲ့ တပ်အပ်တွေ့ဖူးလဲ... မတွေ့ဖူးပါဘူး အဲဒီ့ သော်ကနဲ့ စိန်စိန်လည်း တစ်ခုခုကြောင့် သေတာနေမှာပါ... သေတိုင်း တစ္ဆေဖြစ်ကုန်ကြရောလား "

ခုရက်ပိုင်းလောက် အရောက်မှာတော့... မဟော်ဂနီစံ အိမ်ကို လူတွေ တစ္ဆေအိမ်လို့ ခေါ်တာ သဘောပေါက်စ ပြုလာပါတယ်။ သေဆုံးတဲ့လူတွေက များနေဘာကိုး...။

" အစ်မ မယုံဘူးလား "

" မယုံဘူး... "

" ဒါဆို အစ်မနဲ့ ကိုရွှေပြည်နဲ့ ချစ်ကြမှာလား "

" ဘာ... "

" အစ်မကို ကိုရွှေပြည်က ချစ်နေတယ်လို့ ဒေါ်ပြုံးက ပြောတယ်... နှလွင်လေ အစ်မကို စိတ်ပူနေတာ... ကိုရွှေပြည်နဲ့ အစ်မ ချစ်သူတွေ ဖြစ်သွားရင် ပိုဆိုးမှာ... ကိုရွှေပြည်ကို မတင်ထားမီက ကြိုက်နေတာတဲ့... သူကြိုက်တဲ့လူတော့ သတ်ပါ့မလား.. အစ်မကိုပဲ သတ်မှာ... နှလွင် စိုးရိမ်တယ်... "

နှလွင်စကားကြောင့် စိတ်ပျက်ရတဲ့အထဲ ရယ်ရပါသေး တယ်။ ကိုရွှေပြည်နဲ့ ချစ်သူတွေတဲ့။ မဖြစ်ပါဘူး။ မြရုံခြယ် စိတ်ထဲမှာတော့ အချစ်ဆိုတာ... လိုကိုမလိုချင်တာ...။ ဒါပေမယ့်

ကိုရွှေပြည်ရဲ့ နွေးထွေးစွာ ကြည့်တတ်သော အကြည့်တွေကို တော့ သတိထားမိပါရဲ့...။

" မဖြစ်ပါဘူး နုလွင်... စိတ်မပူနဲ့... ကိုရွှေပြည်ကို အစ်မက ခင်တာပါ... သူကလည်း ခင်တာပါ... ချစ်သူတွေ မဖြစ်ကြဘူး... စိတ်ချ..."

" တကယ်လား "

" တကယ်..."

" ချစ်သူတွေဆို သေရမယ်ဆိုတာရော အစ်မယုံလား"

" မယုံဘူး... ဘာမှမဆိုင်ဘူး "

" တကယ်လား အစ်မ "

" တကယ်... အိပ်တော့... မနက်စောစောထ..."

ဒီမှာက ဘာမှအလုပ်မရှိဘူးဆိုပေမယ့် မြရုံခြယ်ကတော့ မနက်အစောကြီးထပြီး ခြံထဲ တံမြက်စည်းလှဲတဲ့အကျင့် ရအောင် ကျင့်တော့တာ မဟုတ်လား။

" ဒါဆို ညက မင်းရင်တွေ ပိုခုန်လာတာပေါ့ ဟုတ်လား "

" ဦးမြလှိုင်... ခင်ဗျားတစ်ယောက်တည်းဆို ကျွန်တော့်ကို ဘယ်လိုပြောပြော ရတယ်... ဒေါ်ပြုံးရှေ့ လျှောက်မပြောနဲ့... စကားတွေ ပွကုန်ရင် မြရုံခြယ် သိက္ခာကျတယ်... ရက်ပြီး ကျွန်တော့်ကိုပါ မုန်းသွားပါမယ်ဗျာ... "

ညက မြရုံခြယ် အပြင်အထွက် ဆုံမိကြတာ ပြောပြမိတယ်။ ခက်နေတာက ရွှေပြည်ကျော့်အတွက် ဦးမြလှိုင်သာ စကားပြောဖော်ကိုး။

" ကောင်မလေးက ဓာတ်ပုံကြီးတွေကို မော့ကြည့်နေတယ်ဆိုတော့ အတော်သတ္တိကောင်းပါလား... ဒီဓာတ်ပုံကြီးတွေအကြောင်း သူလည်း ကြားတယ် ထင်တယ် "

" မကြားပဲနေမလား.. ဒေါ်ပြုံး မခင်ရှု မိပု... အကုန်လုံးက ပြောချင်နေကြတာ "

" ပြောချင်လို့ပြောနေတာ... ဘယ်သူကရော တပ်အပ်တွေ့ဖူးလို့လဲ "

" မတွေ့ဖူးလည်း အပြောနဲ့တင် ကြောက်ပြီး ဘယ်သူမှ မကြည့်ရဲတာ... ကျွန်တော်တောင် တစ်ခါ သွားကြည့်မိတယ်... ဖိုးဖိုးကြီး နှုတ်ခမ်းမွေးက လှုပ်လာသလိုလို ခံစားရပြီး ဆက် မကြည့်တော့ဘူး..."

" နှုတ်ခမ်းမွေး လှုပ်ပြီးရင်တော့ ပါးစပ်ဖွင့်ပြီး လျှာထွက်လာမှာ ကျိန်းသေ မဟုတ်လား "

" ခင်ဗျား အခုတော့ ရယ်စရာပြောပါ... ခင်ဗျားရော ကြည့်ရဲလား "

" မကြည့်ရဲပေါင်... ညဆို အိမ်ပေါ်တောင် မတက် ဘူး..."

သတ္တိကလည်း အရမ်းကောင်းဆိုပြီး နှစ်ယောက်သား ရယ်မိကြပြန်ရော...။

" မြရုံခြယ်ကို မင်းချစ်နေတာက အရေးမကြီးဘူး.. နှစ်ဦးလုံး စိတ်တူသဘောတူ ချစ်မိပြီဆိုရင်တော့ မင်းတို့ ဒီမှာ မနေကြနဲ့ "

" လာပြန်ပြီ... ဒါလည်း ယုံတာပဲလားဗျာ "

" မယုံမရှိနဲ့လေ... သော်ကနဲ့ စိန်စိန်က သက်သေပဲ..."

" သူတို့ရေနစ်သွားတာပါ... ချောင်းစပ်မှာ ပြန်တွေ့ရ တာပဲ "

" သိပ်ချစ်နေကြချိန် အတူသေစရာ ဘာရှိလဲ... မင်းမယုံဘူး မလုပ်နဲ့... တင်ထားမိ ကျိန်စာတိုက်သွားတာ... သူ့ချစ်သူနဲ့ ကွဲရသလို..."

" ဦးမြလှိုင်ပါ ခက်နေပါပြီ "

" မခက်နဲ့... ကဲ ပြော... အခု မင်းစိတ်မှာ မြရုံခြယ်ကို သေစေချင်လား "

" ဟာ... ဘာတွေလျှောက်ပြောနေလဲ... ဖွဟဲ့... လွဲပါစေ... ဖယ်ပါစေ... ဦးမြလှိုင်... မဟုတ်တာတွေ "

" တွေ့လား... မြရုံခြယ်ကို ဒုက္ခရောက်မှာ မင်း မခံနိုင်တော့ဘူး... ဒါဆိုရင်တော့... မင်းတို့မချစ်ခင် အပြင် ထွက်ကြပေတော့... ဒီအိမ်က ခွာ... "

ရွှေပြည်ကျော့စိတ်မှာတော့ သော်ကနဲ့ စိန်စိန်သေတာ ရိုးရိုးသားသားပါ။ ခက်နေတာက ခုချိန်မှာတော့ မြရုံခြယ်ကို ဘာတစ်ခုမှ အထိအခိုက်မခံနိုင်...။ မြရုံခြယ်နဲ့နှစ်ယောက် မဟောင်ဂနိစံအိမ်က ထွက်သွားရမလား...။

" မုန့်ဆီကြော်က ဘယ်နေမှန်းမသိ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလား ဆိုသလိုတော့ ဖြစ်နေပြီ... မြရုံခြယ်က ချစ်ပဲ ချစ်ပါစေဦး... "

အိမ်အတွက်က တစ်ပတ်တစ်ခါ ဈေးဝယ်ကြရတယ်။ ကြားရက်ထဲမှာတော့ အိမ်ကလူတွေ လိုသမျှ လုပ်ပေး ရတာပါပဲ...။ ကြီးကြီးညိုမြရာရဲ့ ကားရှိပေမယ့်... ဒရိုင်ဘာ ဦးစိုးကတော့ ငိုက်နေတဲ့ အလုပ်ပဲရှိပါတယ်။ ဦးဝဏ္ဏ အပြင် သွားမှသာ လိုက်ပို့ရတော့တာ။

" အမှန်ဆို ဒီထော်လာဂျီက အဖေဝယ်ထားတာပဲ... အဖေက ခြံထဲက ပစ္စည်းတွေ သယ်ဖို့ဝယ်တာ... ခြံထဲက

ပစ္စည်းသယ်ဖို့ မဟုတ်ပဲ... မဟော်ဂနီစံအိမ်က ပိုင်တဲ့ ဘုံကားဖြစ်နေတယ်... လိုသမျှ ဒီကားနဲ့ပဲ ဝယ်ပေါ့..."

" မကောင်းဘူးလား... ဒါကြောင့်လည်း မင်းနဲ့ငါ အပြင် နေ့တိုင်းရောက်တာပဲ... အဲဒီ အိမ်ထဲချည်း နေရရင် ပျင်းလို့ သေမယ် "

" မသေနဲ့ ဦးမြလှိုင်... ဒီအိမ်မှာ သေရင် ခင်ဗျားလည်း တစ္ဆေဖြစ်ပြီ အပြောခံရမယ်... အုံပါရဲ့ဗျာ... အဖေတို့ အမေ နှယ်တို့လို ဘုရားတရားနဲ့ နေတဲ့လူတွေလည်း ရှိနေတာ..."

" လူတွေရဲ့ အပေးကအမြင်လေ ရွှေပြည်ကျော်ရဲ့... မင်းအဒေါ် မပြုံးတို့လို ပါးစပ်အငြိမ်မနေ ဈေးထဲလည်း ပြောချင်ရာပြောတဲ့ လူကလည်း ရှိတာကိုး.. မခင်ရှုလိုမျိုး အကြောက်လွန်ပြီး ပြောချင်ရာပြောတဲ့ လူလည်းရှိတယ်... ဒီတော့ ပိုပြောစရာ ဖြစ်လာတာပေါ့..."

" စကားလည်းပြော... လက်ဖက်ရည်လည်း ကောင်းပါရဲ့... ကြီးဒေါ်ခေတ္တရာမှာတဲ့ သစ္စာပန်း အခက်တစ်ရာ မေ့လို့က ဆူခံရလို့ ပြီးမှာ မဟုတ်ဘူး... ဦးမြလှိုင် သွားဝယ်လိုက်တော့... ကျွန်တော် ကားနားကပဲ စောင့်မယ်..."

ဈေးကတော့ နေသိပ်မမြင့်ခင် လူနည်းနေပါရောလား။ ဦးမြလှိုင်ကြီးကတော့ ဈေးထဲဝင်သွားပါပြီ။ သူ့မှာတော့ အတွေးတွေနဲ့ နစ်မျောနေမိပါပေါ့။

၉

" သမီးရဲ့ခြယ်က ဘွဲ့ရပြီးသားဆို "

" ဟုတ်ကဲ့... အမေနွယ်..."

" အလုပ်တစ်ခုခု လုပ်ချင်စိတ်မရှိဘူးလား..."

" ရှိတော့ ရှိပါတယ်... ဒါပေမယ့် ဘာလုပ်ရမှန်းလည်း မသိဘူးလေ..."

" စာသင်တာရော ဝါသနာပါလား "

" စာ... စာသင်တာတော့ ဝါသနာပါပါတယ်..."

" ကြံခင်းစုရွာနားက ဘုန်းတော်ကြီးက အဖေတို့ရဲ့ သူငယ်ချင်းပေါ့... အဲဒီကျောင်းမှာ မိဘမဲ့ကလေးတွေ ရှိတယ်... ဘုန်းတော်ကြီးသင် မူလတန်းကျောင်းကလေး ရှိတယ်... သမီး စာသွားသင်ပေးမလား... အိမ်ထဲမှာလည်း နေနေရင် ကြာတော့ ပျင်းလာမှာပေါ့..."

အဖေနဲ့အမေနွယ် ပြောတာ သဘောကျစရာပါပဲ...။ ကျောင်းသွားနေတဲ့အချိန်တွေဆို... ခက်နေတာက နုလွင်ကို အိမ်မှာထားခဲ့ရမှာ မဟုတ်လား။

" အိမ်မှာ နုလွင် တစ်ယောက်တည်း ဖြစ်နေလေမလား... နုလွင်က စပ်စု စကားများ ကြောက်တတ်နဲ့..."

" နေ့ခင်းဘက်ပဲ သမီးရယ်... နုလွင်က မိပုတို့လည်း ရှိနေတာ... အမေနွယ်တို့လည်း ရှိပါတယ်... စိတ်ချထား..."

" ဟုတ်ကဲ့... နုလွင်ကို ပြောကြည့်ရဦးမယ်... သမီးကတော့ အလုပ်လုပ်ချင်ပါတယ် "

" အေး... အေး.. ပြောကြည့်... ကြံခင်းစု ရွာထိပ်တင် သွားရမှာပါ... ရွာထဲတောင် မဝင်ရပါဘူး..."

" ဟုတ်ကဲ့ပါ..."

စိတ်ထဲတော့ အများကြီး နှစ်သက်ပါတယ်။ ရောက်လာတည်းက အလုပ်မှ မလုပ်ရတာ စိတ်ပျက်နေမိတာ။ အိမ်အလုပ်တွေ တတ်နိုင်သမျှ ကူပေမယ့်... တချို့ ကြိုက်မှန်းမသိ... မကြိုက်မှန်းမသိ ဆိုတာတွေက ရှိသေးတယ်။

" နုလွင်... နုလွင် "

အခန်းထဲမှာ နုလွင် မရှိပါလား။ ဒီကောင်မလေး ကြောက်တယ်ဆိုတာ အခု ညမှာပဲ ရှိတော့သလား။ နေ့ခင်းဘက်ဆို မိပုတို့နဲ့ မီးဖိုဘက် သွားနေပြန်ပါပြီ။ အင်းလေ... သူ့မှာလည်း အဖော်မှ မရှိရှာတာ...။

" နုလွင်ရှိလား... ဒေါ်ခင်ရှု "

" နုလွင်လား... ခုနကပဲ မိပုနဲ့ ဆန်ရွေးနေသေးတာ... ဘယ်ရောက်သွားပါလိမ့်..."

" မမနုလွင်လား.. ခုနက အစ်မတို့ အစ်ကိုတို့ ချောင်းစပ်သွားတာ လိုက်သွားတယ်..."

ဖိုးဝက ထမင်းစားနေရာက လှမ်းပြောပါတယ်။

" ချောင်းစပ် ချောင်းစပ် ဘာသွားလုပ်သလဲ "

" ရေတွင်းထဲက ရေတွေက နောက်နေတာပဲ... အဲဒါ သောက်ရေလိုချင်လို့ ချောင်းကို သွားခပ်ကြတာပါ... ပြီးတော့ မောင်ရွှေပြည် ငါးမျှားတာ... မနေ့က ငါးကြီးတွေ ရလို့ဆို သွားကြည့်ကြတာ..."

ဒေါ်ပြုံးအသံကြားရမှ ဘာလို့ သွားတယ် သိရပြီ။ နှလွှင်နဲ့တော့ ခက်တယ်။ သွားမယ်ဆို မြရံခြယ်ကို လာပြော သင့်တာပေါ့...။ ချောင်းရေကရော သောက်လို့ရမှာလား။ ရေကို ကျိုချက်သောက်ရမှာ...။ ရေတွင်းထဲကရေ နောက်လို့တဲ့လေ။

" ကျွန်မ လိုက်သွားဦးမယ်..."

" ခြံရဲ့ ဟိုးအနောက်ဘက်ထိ သွားရမှာ... အတော် လှမ်းတယ်... ဖိုးဝ... နင့်အစ်မကို ပို့ပေးလိုက် "

" ဟုတ်ကဲ့ "

ထမင်းပန်းကန်ချထားပြီး လိုက်လာပြန်ပါရော...။

ဖိုးဝဆိုတဲ့ အတိုင်း ဖိုးဝရုပ်ကြီးလို ဝဝဖြိုးဖြိုးနဲ့ ချစ်စရာကလေးတစ်ယောက်ပါ။

" မနေ့က ငါးဟင်းချက်စားရတယ် အစ်မ... အစ်ကိုကြီး ရွှေပြည် ငါးမျှားလို့ရမှ သားတို့ ငါးဟင်းစားရတာ... မဟုတ်ရင် ငါးပိရည်ပဲ စားရတယ် "

" ကိုရွှေပြည်က ငါးမျှားတယ် "

" ဟုတ်တယ်..."

ငါးပိရည်နဲ့ စားရပေမယ့်ည်း စားရတော့... အဲဒီလူက

တယ့်နယ် အကုသိုလ်တွေ လုပ်ရတယ်လို့ပဲ... အတော်ခက်ပါလား။ အမေနွယ်နဲ့ အဖေ မသိအောင် နေမှာ... သိရင်တော့ အဆူခံရမှာ သေချာတယ်... တိုင်ပြောပစ်မယ်...။

" ဟိုးမှာ အစ်မ..."

အတော်လှမ်းလှမ်း သွားရတာပါ။ ချောင်းစပ်မှာ တွေ့ရပါပြီ... ကိုရွှေပြည်ကတော့ ခပ်ဝေးဝေး ကျောက်တုံးပေါ်မှာ။ ကြည့်ရတာ ငါးမျှားနေတာနေမှာ။

" မနုလွင်... အတော်ပျော်နေတယ်ပေါ့လေ "

" အစ်မ အစ်မလိုက်လာတယ်... အစ်မလိုက်လာတယ်"

ဆူမယ့်လူ ဘယ်က စဆူရမယ် မသိအောင် မြရံခြယ် လက်ကို ဆွဲပြီး ခုန်ပေါက်မြူးရွှင်နေပြန်ရော။

" ရေခပ်နေတာ အစ်မရံခြယ် "

ဖိုးလှက ရေထမ်းနဲ့ မိပုက ရေပုံးရွက်လို့...။

" အစ်ကိုကြီး ရွှေပြည်... ငါးမျှားထားတာ... ငါးကြီးတစ်ကောင်ရပြီ အစ်မ... ပုံးထဲမှာထည့်ထားတာ သွားကြည့်ပါလား..."

နုလွင်အပြောမှာ စိတ်က ဖျတ်ဆို သူရှိရာ လှမ်းခဲ့ပါရော။

၅

မနေ့ကလည်း ငါးအကြီးနှစ်ကောင်ရတော့ မိပုတို့တစ်အိမ်လုံးရော ဦးမြလှိုင်ကို့ပါ... ငါးဟင်းကောင်းကောင်းစားရတယ်။ အခုလည်း ရတဲ့အကောင်က အကြီးကြီးပါပဲ။ နောက်ထပ် တစ်ကောင်လောက်ရရင် တော်ပြီ။

" အကုသိုလ်ကို ပီတိနဲ့ သေချာလုပ်မှတော့... စေတနာအပီအပြင်နဲ့ အကျိုးကြီးကြီးရမှာ အသေအချာပါပဲ... နောက်ဘဝ ရှင် ငါးဖြစ်နေမှ ပါးဟက်ကလေးပြဲပြီး ခုလိုဖြစ်မှာ "

" ဟင်... မြရုံခြယ် "

ရေထဲမှာတော့ လှပသော ရေသူမလေး ရောက်နေပါရော...။

" ကြည့်ပါလား... ငါးကြီးက မသေသေးဘူး... ဒါပေမယ့် ဒဏ်ရာက နာတာရော... ရေမရှိလို့ မောတာရော မကြာခင် သေရတော့မယ်... ငါးကြီးကသာ ကျိန်တတ်ရင် ရွှေပြည်ကျော်တစ်ယောက် ငါ့လိုပဲ... ဒဏ်ရာတွေနဲ့ မောဟိုက်ပြီး သေပါစေ ကျိန်မလား "

" မြရုံခြယ်..."

" ရှင်က အကုသိုလ်များတဲ့ လူပါလား..."

" မြရုံခြယ် "

ဘာပြောရမှန်းမသိစွာ မြရုံခြယ် မြရုံခြယ်နဲ့သာ ရွတ်နေမိတော့တယ်...။

" ကျွန်တော့်ကြောင့် ဖိုးဝတို့တွေ ငါးဟင်း စားရတယ်လေ... သူတို့ခမျာ ဝယ်မှမစားနိုင်တာ..."

" ဒါဆို ရှင်က အကုသိုလ်အဖြစ်ခံပြီး ကုသိုလ်ပြုသေးလား.. ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဆိုတာ ရှင်နေမှာပဲ"

" ဟာဗျာ "

မြရုံခြယ်ရဲ့ စကားတွေကို ဘယ်လို ပြန်ချေ့ရမှန်းမသိ...။ အမှန်ဆို အဖေနဲ့အမေနွယ် ပြောနေတဲ့ကြားက ငါးဖမ်းရတာကို သူဝါသနာပါနေလို့လေ...။ ပြီးတော့လည်း ဦးမြလှိုင်တို့ ဦးစိုးတို့တွေ ငါးဟင်းစားရတာ ဖိုးဝတို့ ဖိုးလှတို့ သဘောကျတာတွေကို နှစ်သက်နေမိတာလည်း ပါတာပဲ။

" သူတို့ ငါးဟင်းမစားရရင် ရှင်ဝယ်ကျွေးပေါ့ "

" ဝယ်ကျွေးရမယ် "

အဖေနဲ့ အမေနွယ်က မုန့်ဖိုး ပေးတော့ ပေးပါတယ်... ဒါပေမယ့် အမြဲတော့ မတောင်းရက်လို့ မတောင်းပါဘူး...။ ခက်တာက ဝင်ငွေရှိတဲ့ အလုပ်မရှိတော့ ငွေများများ ဘယ်လို ရှာ:မလဲ...။

" ကျွန်တော့်မှာ ငွေမှမရှိပဲ... အဖေနဲ့ အမေဆီ မုန့်ဖိုးတောင်းရမှာ... တစ်လတလေ ပေးတဲ့ မုန့်ဖိုးကလည်း ဦးမြလှိုင်နဲ့ လက်ဖက်ရည်သောက်... မုန့်စားနဲ့ ကုန်တာပါပဲ... အမြဲ ဘယ်လို ဝယ်ကျွေးမလဲ "

" ဒါဆို မကျွေးနဲ့လေ... ရှင်ရမယ့် ကုသိုလ်က နည်းနည်း အကုသိုလ်က များများ..."

" မြရုံခြယ် မကြိုက်ရင် နောက်မလုပ်တော့ပါဘူး "

" ဟင်..."

အဖေနဲ့အမေနှယ်သာ ကြားလို့ကတော့... သူတို့ အတန်တန် ပြောတုန်းကတော့ နားမထောင်တဲ့ ကောင်လေးဟာ အခုကျ... မြရုံခြယ် တစ်ခါလေး ပြောရုံနဲ့ နောက်မလုပ် တော့ပါဘူးတဲ့။ မြရုံခြယ်ကလည်း သူ့ကို ကြည့်နေရာက ရှာခနဲ လှည့်ထွက်သွားပါပြီ။

" မြရုံခြယ်... မြရုံခြယ်..."

လှည့်ကို မကြည့်တော့။

ရေပုံးထဲက ငါးကြီးက ခုထိ တစ်လှုပ်လှုပ်။ ပုံးကြီးထဲက ငါးကို ရေထဲ ပြန်လွှတ်လိုက်မယ်လို့ ပြင်နေဆဲ။

" အစ်ကိုကြီး ရွှေပြည်... ငါးယူသွားတော့မယ် "

မိပုက ဖျတ်ခနဲဆို ငါးပုံးဆွဲပြီး ထွက်သွားပါတော့တယ်။ သူ တားနိုင်လိုက်ချိန် မရတော့ပါဘူး...။

" အစ်ကိုကြီးရေ... နောက်ထပ် ငါးကြီးကြီး တစ်ကောင် ရအောင် မျှားပေတော့... အစ်ကိုကြီးက အားကြီး သဘော ကောင်းတယ်..."

ပြောထားဟော့...

ပြောထား...။

နောက်ဆို သဘောမကောင်းတော့ဘူး။ ငါးမမျှား

နိုင်တော့ဘူးလေ...။ မုန့်ဖိုးရတာနဲ့ပဲ တတ်အားသရွေ့ ဝယ်ကျွေးတော့မယ်ဟာ...။ ချစ်တဲ့သူ့ စကားကို နားထောင်ရဦးမယ်။ ငါးမျှားတံကိုပါ ရေထဲ လွှင့်ပစ်လိုက်ပါပြီ။

သွားပေတော့ အကုသိုလ်...

တောင်းပန်ပါတယ်... အဖေနဲ့ အမေနွယ်...။

“ ဒါက ဘယ်လိုဖြစ်တာလဲ ”

ဦးမြလှိုင်ကို အခုမှ မြင်ရပါတယ်။

“ ငါးပဲဗျာ... ဈေးထဲမှာလည်း ရောင်းပါတယ်... မြရံခြယ်ပြောသလို ပါးဟက်ကလေး ဟစိဟစိနဲ့ ငါး ပြန်ဖြစ်နေမှ...”

“ ချစ်သူစကားဆိုတာ မြေဝယ်မကျပဲ ကြားဖူးပါတယ် မောင်ရွှေပြည်ကလေးကျမှ ရေဝယ်မကျဖြစ်ပြီး ငါးတောင်မမျှားတော့ဘူးတဲ့...”

ပြောပါစေတော့...။ ဟုတ်တာလည်း ဟုတ်နေမှကိုး..။

မြရံခြယ် ပြောစကားပဲ နားထောင်ချင်တယ်။

ဘာလို့လဲ...

အချစ်ကို တစ်ခါမှ မတွေ့ဖူးခဲ့လေသမျှ မြရံခြယ်နဲ့မှ...။

ချစ်တတ်ခဲ့ပါပြီ။

❧

ငါဘာဖြစ်သွားပါလိမ့်...

ငါဘယ်လိုဖြစ်သွားတလဲ။ အမှန်ဆို... ကိုရွှေပြည်ကျော် သူ့ဘာသာ ဘာပဲလုပ်လုပ် ဘာမှ သွားပြောစရာ အကြောင်းမှ မရှိတာ။ ငါးပဲမျှားမျှား အမဲပဲ လိုက်လိုက်။ အမှန်ကတော့ နလွှင် ရေသွားသယ်တယ် ဆိုတော့... ချောင်းဘက်မှာ စိတ်ပူလို့ လိုက်သွားတာပါ...။

အဲဒီချောင်းထဲမှာ သေဘ်ကနဲ့ စိန်စိန် သေဆုံးဖူးတယ် ဆိုတော့ ရေစီးသိပ်သန်သလား.. ချောင်းက ဘယ်လောက် နက်သလဲ... ဘယ်လောက်ကျယ်သလဲ သိချင်လို့ လိုက်သွား ကာမှ။

ဒီလူ့နှယ်...

ငါးကို ဈေးမှာ ဝယ်စားပါလား။

အဖိုးနဲ့အတူ ဈေးသွားရတုန်းကများဆို...။

အဲဒီအချိန်တုန်းကတော့... အဖိုးက မြရုံခြယ် ဈေးဝယ် တတ်အောင် သင်ပေးနေတဲ့ အပျိုပေါက်စ အချိန်လေးလေ...။

အဖိုးက ငါးဆို ရေသေပဲ ဝယ်တာ။

နည်းနည်းလေးမှ မလှုပ်နဲ့... ကိုယ့်ကြောင့်လည်း ရိုက်သတ်တာ... မလုပ်စေနဲ့တဲ့။ အိမ်ကိုဝယ်လာရင်းကမှ

အနည်းငယ် လှုပ်ရှားနေတဲ့ ငါးပါလာရင်တောင်မှ ရေဇလုံ လေးထဲ ထည့်ထားရသေးတာ။

ဒီလိုနဲ့ ကြီးပြင်းလာခဲ့တဲ့ မြရံခြယ်အတွက်တော့ ငါးကို မျှားပြီးမှ ချက်စားတာဟာ တကယ့်ကို အထူးအဆန်းနဲ့ စိတ်ပျက် စရာ တစ်ခုပါပဲ။ ဒါကြောင့်လည်း အံ့ဩပြီး ပြောမိဆိုမိတာ နေမှာပါ...။

" အစ်မ..."

" ဟင် "

" ဘာဖြစ်တာလဲဟင်... အစ်ကိုရွှေပြည် ငါးမျှားတာ စိတ်ဆိုးစရာလား အစ်မရယ်..."

" ဟင်... ဟုတ်တယ်... သူ့ဘာသာ အကုသိုလ်ပဲ လုပ်လုပ်... ကုသိုလ်ပဲလုပ်လုပ် ငါက ဘာမှ စိတ်ဆိုးစရာ အကြောင်းမရှိဘူး..."

" အစ်မ... ချောင်းမှာ ရေခပ်ရတာ အရမ်းတော့ ပျော်စရာကောင်းပါရဲ့... ဒါပေမယ့် တခွေတော့ နည်းနည်း ကြောက်တယ်... သော်ကနဲ့ စိန်စိန်ကလေ... ဟိုးအထက် နားလေးမှာ... နှစ်ယောက်သား... သေနေကြတာ... သေတာ တောင် လက်ကလေးတွေ ချိတ်လို့တဲ့... စိတ်မကောင်းလိုက် တာ... နှလွင်ဖြင့်လေ... အဲလိုမျိုးကြားရတော့ သနားလိုက်တာ... အဲဒီ့ မတင်ထားမီ တခွေကလည်းလေ ရက်စက်လိုက်တာ... သူတို့ဘာသာ ချစ်သူချင်း မပေါင်းရတာနဲ့ပဲ... သူများ ချစ်သူ တွေကို ခွဲရသလား..."

နှလွင်က ဆွေးဆွေးမြေ့မြေ့လေး ပြောနေလိုက်တာ။

အမြဲလို ကြောက်ရစပ်စုရနဲ့ ကလေးဆန်တဲ့ နှလွင်ဆီက အချစ်ကြောင့် ခံစားရတာလေးတွေကို အထူးအဆန်း ကြားရတာပါလား။

" နှလွင်... မိပုတို့ ဒေါ်ခင်ရှုတို့ ပါးစပ်ကနေ ထင်ရာတွေ လျှောက်ပြောနေသမျှ လိုက်မောမနေနဲ့... တင်ထားမီဆိုတာ တစ္ဆေလို့ ပြောနေကြရင်... သူ့အခန်းမှာနေတဲ့ ကိုရွှေပြည်ကျော်ကိုတော့ ပြမှာပေါ့... မဟုတ်ပါဘူး... "

" အစ်မကလည်း... ကိုရွှေပြည်ကျော့်ကို တင်ထားမီတစ္ဆေက ကြိုက်နေတာ... မစန္ဒာအေးက ကိုရွှေပြည်ကျော့်ကို သံယောဇဉ်ရှိလို့ အနွေးထည်တစ်ထည် ထိုးပေးတာ... အင်္ကျီလည်းဖြစ်ရော... ကပ်ကျေးနဲ့ ညှပ်ထားသလို ပွထပြီး ပျက်စီးနေတာတဲ့... "

" ငါမယုံပါဘူး... "

တကယ့်ကို မယုံပါဘူး...။

တင်ထားမီဟာ တစ္ဆေဖြစ်တယ်ပဲထား။ ကိုရွှေပြည်ကျော်ကိုတော့ အနည်းဆုံး တစ်ခါတော့ ပြမှာပေါ့။ သူက ချစ်နေတယ်ဆို ပိုတောင် ပြသင့်သေးတယ်။

" အစ်မ မယုံဘူးဆို အစ်ကိုရွှေပြည်နဲ့တော့ မကြိုက်လိုက်နဲ့နော် "

" ဘာ... "

" အစ်ကိုရွှေပြည်က အစ်မကို... "

" တော်စမ်း နုလွင်... နင်အရင်ထက် ပိုစပ်စုလာတယ်... အဲဒါ ကောင်းတယ် မထင်နဲ့... ငါ့မှာ အဲဒီလိုစိတ်တွေ မထားဘူး... ငါအခု လုပ်အားပေးဆရာမ လုပ်မလို့... ငါ ကျောင်းသွားနေတဲ့အချိန်တော့ နင် ဒီအိမ်မှာ အဆင်ပြေအောင် နေနော်... အထူးသဖြင့် ကြီးဒေါ်ခေတ္တရာနဲ့ မပတ်သက်မိစေနဲ့..."

ကြီးဒေါ်ခေတ္တရာ ကျိန်ဆဲတယ်ဆိုတာတော့ ကြားဖူးနေတာ။ မြရံခြယ်ကတော့ အဖိုးသင်ပေးလို့ ဘုရားရှိခိုး ပရိတ်ရွတ်နဲ့ မကြောက်လှပေမယ့် နုလွင် တစ်ခုခုဖြစ်မှာတော့ စိုးရိမ်ပါတယ်...။

" နုလွင် အစ်မပြောတာ ကြားလား "

" ဟုတ်ကဲ့ပါ..."

" နင်က ကြောက်တယ်သာ ပြောတာ... စပ်စုတာက လွန်နေတော့ ငါစိတ်ပူရတယ်..."

" မပူပါနဲ့... ကြီးဒေါ်ခေတ္တရာက နုလွင်ကို မမုန်းပါဘူး... သူ့ယောက္ခမကြီး ဝင်စားတာဆိုပြီး မုန့်တောင် ကျွေးသေးတယ်... သူ့ယောက္ခမကြီးသေတော့ သူ့အတွက် အမွေတွေ အတော်များများ ပေးခဲ့တယ်တဲ့လေ..."

" အေးပါ... သူက အဲလိုမြင်နေတာပဲ နင် ကျေးဇူးတင်..."

" အစ်မရံခြယ်... အမေနွယ် ခေါ်နေတယ် "

" အေး.. အေး... လာပြီ "

အမေနွယ့်အခန်းရောက်တော့ ကိုရွှေပြည်ကျော်ပါ

ရှိနေတာပါလား။ အမေနွယ်က မနက်ဖြန်ကျရင် ဘုန်းဘုန်းကျောင်းကို အဖေနဲ့ ကိုရွှေပြည် လိုက်ပို့ပေးမှာ။ နောက်ရက်တွေကျရင် ကိုရွှေပြည်ကျော်က လိုက်ပို့ပေးမတဲ့လေ။

" ကြံခင်းစု ဘုန်းဘုန်းကျောင်း သိပ်မဝေးရင် မြရုံခြယ်ဘာသာ သွားပါရစေ..."

" မဝေးလှပေမယ့် သမီးတစ်ယောက်ထည်း လမ်းလျှောက်ဖို့တော့ မသင့်ဘူး... ဘာလို့လဲ... သမီးအစ်ကိုကအချိန်ရပါတယ် "

" မြရုံခြယ်ကို နေ့တိုင်း ပို့ကြိုပေးမယ် "

ကိုရွှေပြည်နဲ့ သွားရမှာတော့ မနှစ်သက်လှပါဘူး...။ သူ့သံယောဇဉ်ကိုလည်း တွေ့နေရသလိုမို့ ပိုပြီး နီးစပ်လာမှာစိုးရိမ်ပါတယ်။

" ကောင်းလိုက်တာ... မြရုံခြယ်က အလုပ်ရသွားပြီဆိုတော့ နေ့လည်ခင်းတွေ ဒီအိမ်ကြီးထဲမှာ မပျင်းရတော့ဘူး."

" သားလည်း ပျင်းရင် မောင်လှကြိုင်တို့ခြံထဲ အလုပ်လုပ်ပါလား.. ဒါမှမဟုတ် မောင်ဝဏ္ဏနဲ့..."

အမေနွယ်ကတော့ အမြဲ သူတစ်ပါးအတွက် စဉ်းစားပေးတတ်ပါတယ်။ ခုချိန်မှာတော့ ကိုယ်ပိုင်အလုပ်ကလေးတစ်ခုရှိချင်နေမိခဲ့ပါပြီ။

❦

**ဘုန်း**ကြီးကျောင်းဝင်းထဲ ဝင်ရတာကိုက အဝေးကြီး ပါပဲလား…။ ဒါကြောင့်လည်း မြရုံခြယ်တစ်ယောက်တည်း လမ်းမလျှောက်နဲ့လို့ အမေနွယ်က ပြောတာနေမှာပါ။ လမ်းလျှောက်လို့ရပေမယ့် ရတ်တရက် အကျင့်မရှိခင်မှာတော့… အတော်ကြီး ပင်ပန်းမှာပါ…။

" ဆရာမ… မောင်ရွှေပြည့် ထော်လာဂျီ မလာသေးဘူး ထင်တယ် "

" ဟုတ်ကဲ့ အဘတင်… ဒီခုံတန်းလေးမှာ ထိုင်ရတာ သိပ်ကောင်းပါတယ်… ခရေပင်အောက်ဆိုတော့ ခရေပန်း ကောက်လို့လည်း ရတယ်လေ…"

" ကလေးတွေက ဆရာမရောက်လာတာ ဝမ်းသာကြ တယ်… ဘုန်းဘုန်းနဲ့ ဆရာဦးမင်းဝေပဲ သင်ပေးနေရာက ဆရာမကျတော့ ငယ်တာကိုး "

" ဟုတ်ကဲ့… ကလေးဆိုတာ ဒီလိုပါပဲ… ဘုန်းဘုန်းနဲ့ ဆရာကြီးကိုတော့ ကြောက်ကြတယ် မဟုတ်လား.. ကျွန်မကို တော့ မကြောက်ရဘူးလို့ တွေးပြီး ပျော်နေကြတာပါ…"

ကပ္ပိယကြီး အဘဦးတင်နဲ့ကတော့ ခင်မင်နေပြီလေ…။ မိဘမဲ့ကလေးတွေက အများကြီး ရှိတာပါ။ အရွယ်အမျိုးမျိုးနဲ့

သနားစရာ ကောင်းလွန်းပါတယ်။ ဘုန်းဘုန်းက ကြည့်ရှု စောင့်ရှောက်ပေးထားရတာပါ...။

ခပ်လှမ်းလှမ်းမှ ထော်လာဂျီသံ သဲ့သဲ့ ကြားရပါပြီ။ ခဏနေတော့ ထော်လာဂျီက ရွှေရောက်လာပါရော...။ ကိုရွှေပြည်ကျော်ကလည်း လက်လှမ်းပြပါတယ်...။ အဘဦးတင်ကို နှုတ်ဆက်ပြီး ထော်လာဂျီပေါ် ရောက်လာခဲ့ပါရောလေ...။

" အိမ်မှာရော အဆင်ပြေရဲ့လား ကိုရွှေပြည်ကျော်"

" ဘာအဆင်မပြေစရာရှိလဲ..."

" နလွင်ကို တစ်ယောက်တည်း ထားခဲ့ရတာ စိတ်မချဘူး... နလွင်က ဘာမှနားလည်တာ မဟုတ်ဘူး..."

" ကျွန်တော်လည်း ရှိနေတာပဲ... နလွင်က ကလေးဆန်တာပါ... ပြီးတော့ တစ်ခုရှိတာ ကြီးဒေါ်ခေတ္တရာနဲ့လည်း အဆင်ပြေတာပဲ "

" အဆင်ပြေတယ် မပြောနဲ့ဦး... တော်ကြာ အဆင်မပြေတာ တစ်ခုခု ဖြစ်မှာလည်း ပူတယ်..."

" မဖြစ်ပါဘူး... ဘယ်လိုလဲ... ကျောင်းမှာ ပျော်လား..."

" ပျော်တယ်..."

" မြရုံခြယ်ပျော်တယ်ဆို ကျွန်တော် ဝမ်းသာပါပြီ..."

ဟိုးအဝေးမှာတော့ မိုးတွေအုံ့နေပါတယ်။ သိပ်မကြာခင် ရွာဦးမှာလား။ ဒီမှာက မိုးရွာရင် သိပ်သည်းတတ်တယ်တဲ့။ မိုးရွာမှာလားဆိုတော့ ရွာမယ် ထင်တယ်တဲ့။

" ဟိုမှာ ဒေါ်ခင်ရှုနဲ့ ဖိုးဝပါလား..."

" ဘယ်ကပြန်လာကြတာလဲ..."

" ဈေးကပါ... မပြုံးဖျားနေလို့ သွားပေးရတာ..."

" ဈေးကနေ လိုသမျှ တစ်ပတ်စာဝယ်ထားပြီးသားကို... ဘာလိုလို့လဲ..."

" ဒေါ်ခေတ္တရာပေါ့ အချိန်တိုင်း ဟိုဟာလို... ဒီဟာလိုနဲ့... ခုချက်ချင်း ဝယ်ပေးဆိုလို့ သွားဝယ်ရတာပါ... ပုစွန်ခြောက်တဲ့လေ... ဒီအချိန်ကြီးမှ ပုစွန်ခြောက်က အကောင်ကြီးမှဆို ဈေးကလည်း ကောင်းပါ့..."

ထော်လာဂျီပေါ်မှာ ဒေါ်ခင်ရှုနဲ့ ဖိုးဝတို့ သားအမိတွေပါ ပါလာပါတယ်။ ညို့နေတဲ့ မိုးတွေက အိမ်ကြီးနားရောက်မှ ရွာလာခဲ့တာ။

" မိုးရွာပြီ ပျော်စရာကြီး.. ပျော်စရာကြီး "

ထော်လာဂျီ ရပ်တာနဲ့... ဖိုးဝက ကားပေါ်ကနေ ခုန်ချလိုက်တဲ့အခါ...။

" အမလေး..."

ဈေးခြင်းတောင်းကြီးက မြေကြီးပေါ်ကို လိမ့်ခနဲဆို ကျသွားပါလေရော...။

မြေကြီးပေါ်မှာ ပုစွန်ခြောက်တွေ အတော်များများ ပြန့်ကျဲပြီး မှောက်ကုန်တော့တာပါ...။

" ဘုရား.. ဒုက္ခပါပဲ "

ဒေါ်ခင်ရှုကတော့ ချက်ချင်း ထိုင်ငိုတော့တာပါလား။

စိတ်ညစ်ဖို့ကောင်းလိုက်တာ။ ကလေးဆိုတာကတော့ ဆော့တာရယ်... အမှတ်တမဲ့ရယ်နဲ့... ခုလိုမျိုး မတော်တဆကိစ္စတွေလည်း ဖြစ်နိုင်တာပေါ့။ ဖြစ်တတ်တာပေါ့လေ...။

" ဘာဖြစ်နေကြတာလဲ... ဟင် "

ကြီးဒေါ်ခေတ္တရာ အသံနဲ့တောင် စိတ်ပျက်နေရပါပြီကော။

" နိုင်းလိုက်ရင် အသုံးကိုမကျဘူး... ဒါ ဘယ်သူလုပ်တာလဲ... ဘယ်သူလုပ်တာလဲ..."

" သားကြောင့်ပါ "

" ကျွန်တော့်ကြောင့်.."

ကိုရွှေပြည်က ချက်ချင်းဆိုသလို ဝင်ပြောပေးပေမယ့် ဖိုးဝက လိမ်မာတဲ့ကလေး ပီပီ... အမှန်အတိုင်း ဝန်ခံပါတယ်...

" အလကားကလေး... သေတော့မှာပဲ "

ဒီလိုပြောပြီး လှည့်ထွက်သွားပါရော။ ဒေါ်ခင်ရှုကတော့ ငိုလို့ကို မပြီးတော့။ မြရံခြယ်အတွက်တော့ ဒီလောက်စိတ်ပျက်စရာ ကောင်းတာ မတွေ့ဘူး။ ဘာမှတန်ဖိုးမရှိတဲ့ ပစ္စည်းတစ်ခုအတွက် ဒီလောက် ဖြစ်နေစရာလား။

" အမေနွယ်..."

" သမီးပြန်လာပြီလား... ပြောပါဦး... စာသင်ရတဲ့ အတွေ့အကြုံတွေ... ပျော်ရဲ့လား..."

" အမေ "

" ဟင် "

" စာသင်ရတာ ပျော်ပါတယ်... စိတ်မှာ မရှင်းတာက ကြီးဒေါ်ခေတ္တရာ အကြောင်းပါ... သူက... အဲဒီလောက် ကြောက်စရာ ကောင်းလို့လား... သူက တကယ်ကျိန်ရင် ဖြစ်သလား..."

အမေနွယ်က ပြုံးနေပြီး

" သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြတဲ့ အမျိုးမျိုးသော ဘဝတွေရှိကြတာပဲ သမီးရယ်... ဒါမျိုးတွေက မရှိဘူးမှ မဟုတ်တာ... ဟုတ်တယ် မဟုတ်ဘူး ပြောရခက်ပါတယ်... ဒါပေမယ့် ကုသိုလ် အကုသိုလ်... ဘယ်လမ်းကို သမီး ရွေးမလဲ..."

" အကုသိုလ်လမ်းကို ဘယ်ရွေးမလဲ အမေ "

" အဲဒါပေါ့ သမီးရယ်... အဓိကက ကိုယ့်ကြောင့် တစ်ပါးသူ မထိခိုက်အောင် နေသင့်သလို အကုသိုလ်လမ်းမှန်း သိရင် မရွေးသင့်ဘူး..."

မဟော်ဂနီစံအိမ်ကြီးမှာ လူတွေရှိသမျှ ကိုယ်နှစ်သက်ရာ ကိုယ်ရွေးချယ်နေကြတာပါလား...။

နှလွင်ကိုတော့ သေချာပြောထားမှပါ။ အမေနွယ်ကရော ကြီးဒေါ်ခေတ္တရာအကြောင်း ဘယ်လောက် သိထားတယ်မှ မသိတာ...။

မဆုံသင့်တဲ့လူ ဆိုရင်တော့ မဆုံအောင် နေတာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။

ဖွ

**အိပ်**နေရာက လန့်နိုးလာတဲ့အချိန်မှာ တစ်အိမ်လုံး တိတ်ဆိတ်နေပါပြီ...။ ခက်တာက တရုပ်ရုပ် လျှောက်နေတဲ့ ခြေသံလို အသံတွေကိုတော့ ညတိုင်းလိုလို ကြားရတာပါ။ ဘာသံတွေလဲလို့ ရွှေပြည်ကျော် လိုက်ရှာတော့လည်း သေချာ မပြောနိုင်...။

အိမ်ဆိုတာ အိုလာ ဟောင်းလာပြီဆို သွပ်တွေကလည်း လေတိုက်ရင် တကျွိကျွိနဲ့...။ ပျဉ်ချပ်တွေကရော ဘာထူးလို့လဲ... ကြွတက်လာတာနဲ့...။ ဒါကြောင့်လည်း ဒီလို သဘာဝ အသံ တွေပေါ် တစ္ဆေခြောက်တာလို့ သူ လိုက်မယုံနိုင်ခဲ့ပါဘူး။

ရုတ်တရက် တဖျတ်ဖျတ်နဲ့ ခပ်လုံ့လုံ့အုပ်အုပ် လျှောက် သွားတဲ့ ခြေသံ။

တစ္ဆေတစ်ကောင်လား။

ကြောက်စိတ်တော့ မရှိပေမယ့် စူးစမ်းချင်စိတ်တော့ ရှိတာမို့ အမြန် ထွက်လိုက်တယ်...။ မီးလုံးမှိန်မှိန်လေးထဲမှာ အမည်းရောင် အရိပ်တစ်ရိပ် ရွေ့သွားတာ တွေ့ရပါပြီ။ နောက်ကနေ လိုက်လာခဲ့တယ်...။

" ရွှေပြည်ကျော် "

နောက်မှ တိုးတိုးခေါ်ပြီး လက်ကိုဆွဲလိုက်တယ်။

" ဟာဗျာ... ဦးမြလှိုင်ကြီး... လန့်လိုက်တာ..."

" မင်း ဘာလိုက်လုပ်တာလဲ "

" အရိပ်တွေ့တယ်..."

" အရိပ်... ခုမှတွေ့တာလား... ငါတွေ့တာ သုံးလေးရက် မကတော့ဘူး.. ဒါနဲ့ ထချောင်းကြည့်တာ..."

" တစ္ဆေတော့ မဟုတ်ဘူး ထင်တယ် "

" မပြောတတ်ဘူး.. ထူးဆန်းတာ အရိပ်က နှစ်ယောက် တွဲပြီး ပြေးတာ..."

" သော်ကနဲ့ စိန်စိန်..."

ဒေါ်ခင်ရှုကြီး ခဏခဏ ပြောတတ်တယ်။ သော်ကနဲ့ စိန်စိန်ဟာ သေသာသေသွားတယ်။ နှစ်ယောက်သား လက်ချင်း ချိတ်ပြီး ခြံထဲမှာ ပြေးလွှား ဆော့ကစား နေတတ်သတဲ့...။

" ခက်တာက ငါတို့မျက်လုံးနဲ့ တပ်အပ်မမြင်ရတော့ ပြောရခက်နေတာ... ငါ တစ်နေ့ညကဆို တကယ့်ကို အရိပ်နှစ်ခု လက်ချင်းတွဲပြီး ပြေးသွားတာကို မြင်ရတာ..."

" ကျွန်တော်တော့ အဲလို စုံတွဲလိုက် မတွေ့ပါဘူး... တွေ့လို့ကတော့ ရအောင် လိုက်ဖမ်းမယ် "

" ငါလည်း ကြောက်စိတ်က နည်းနည်းရှိတယ်... လိုက်ဖမ်းကာမှ... မျက်နှာကြီးက ဂျပ်ပြားကြီး ဆိုတာတွေက ကြားဖူးပေါင်းများနေပြီ..."

" အင်း... သရဲတစ္ဆေဆိုတာတော့ မတွေ့ဖူးပါဘူး...

ဒါပေမယ့် အဲလိုမျိုး မျက်နှာက ဘာမှမရှိပဲ ဂျပ်ပြားကြီးတော့ မမြင်ရဲပါဘူး... သွေးကတော့ လန့်မှာပဲ..."

" သွေးလန့်ရင်သေမှာ... ငါ့သူငယ်ချင်း အောင်ကြင် ဆိုတဲ့ ကောင်လေ... အလောင်းအစားနဲ့ သင်္ချိုင်းသွားတာ... ဘာမြင်လိုက်တယ် မသိပါဘူး... ပြန်လာတော့ ဖျားလိုက်တာ နှစ်ရက်သုံးရက်နဲ့ သေရော..."

အရိပ်မည်းမည်းကို လိုက်ကြည့်ရင်း... ဦးမြလှိုင်ကြီးနဲ့ နှစ်ယောက် စကားထိုင်ပြောမိနေပါပြီ။ ညက အမှောင်ထုတော့ များပါတယ်... ဒါပေမယ့် ကောင်းကင်မှာ ကြယ်ကလေးတွေ ကတော့ အတော်များများ ရှိတယ်လေ။

" ဘယ်လိုလဲ... ပို့လိုက်ကြိုလိုက်... ကြိုလိုက်ပို့လိုက်နဲ့... အိုကေနေပြီလား "

" ဟာဗျာ "

" ဟာမဗျာနဲ့လေ... မင်းတို့ ကားထွက်သွားရင်ကို... ခန်းဆီးကြားက ချောင်းကြည့်နေတတ်တဲ့... စန္ဒာအေးလေးလည်း သနားစရာ "

" ဦးမြလှိုင်ကလည်း "

" မင်းသမီးက သုံးလက်... မင်းသားက တစ်လက် တည်း... ဒီတော့... အသည်းကွဲရမှာက နှစ်ယောက် "

" တော်ပါဗျာ... ကြားသွားရင်မကောင်းပါဘူး.. မြရုံခြယ်ကို ချစ်ပေမယ့် ကျွန်တော်က ဘာဝင်ငွေမှလည်း မရှိ... အဖေနဲ့အမေနွယ့်ကို ကပ်နေရတဲ့လူပါ..."

" ဒါကတော့ ဖိုးဥတ္တရက ဒီအတိုင်း မနေပါဘူး... မင်းအတွက် တစ်ခုခု စီစဉ်ချင် စီစဉ်မှာပါ... ဘာမှမပူပါနဲ့ ချစ်တယ်မဟုတ်လား... ချစ်လိုက်..."

" ကိုမြလှိုင်... တွတ်တွတ်တွတ်တွတ်နဲ့ ဘယ် သမီး ရည်းစား ချိန်းတွေလဲ မှတ်ပါတယ်... ရှင်နဲ့ ရွှေပြည်ကျော်ပါလား"

" ဟုတ်တယ်လေ... မင်းနဲ့ပေါင်းရတာ ညည်းငွေ့လို့ ရွှေပြည်ကျော့်ကို ကြိုက်မလားလို့ "

" ဟာ... ဦးမြလှိုင်ကြီး ပေါက်ကရတွေ... ကျွန်တော် သွားပြီ... အပြင်ထွက်ရင်း တွေ့လို့ စကားပြောနေမိတာပါ... ဒေါ်ပြုံးရာ..."

ဒေါ်ပြုံးကြီးပါ နိုးလာမှ အခန်းဆီပြန်မယ်လို့ လှည့်ထွက်ခဲ့တာမှာ...။

" မောင်ရွှေပြည် "

" ဗျော်... ဦးစိုး "

" မင်းမှာ ဆေးလေးဘာလေး မရှိဘူးလား.. ဖိုးဝ ဖျားနေလို့... မခင်ရှုကလည်းကွာ... ကလေးဖျားတာ ဆေး မတိုက်ပဲ တရှုံ့ရှုံ့ငိုနေတယ် "

" ကျွန်တော့်ဆီမှာ ပါရာစီတမောလောက်ပဲ အလွယ် ရှိတာ... အဲဒါပဲ လောလောဆယ် တိုက်ထားပြီး... မနက်မှ မြို့ဆေးရုံ သွားပြလိုက်..."

အခန်းပြန်ပြီး ဆေးယူပေးရတယ်။ ဦးစိုးနဲ့ ဒေါ်ခင်ရှုတို့ အခန်းလေးဆီ ပြန်လာကြည့်ရပြန်ရော...။ ဖိုးဝက ကိုယ်တွေ

ပူနေတာပါလား။ အပူကြီးတော့ ကလေးက မျက်လုံးကိုမဖွင့်ပဲ မှိန်းနေတော့တာ...။

" ကလေးက ဖျားနေတာ... ဘယ်တုန်းကလဲ..."

" နေ့ခင်းတည်းကပဲ... ငါ့သားလေးတော့ တစ်ခုခု ဖြစ်... ဖွဟဲ့... ဖွ... ဖွ..."

" ဒေါ်ခင်ရှုကလည်းဗျာ.. အနာသိ ဆေးရှိပါတယ်... ရော့ ဒီဆေးလေးတိုက်ထား... မနက်ကျ မသက်သာရင်တော့ မြို့ဆေးခန်းသွား.. ဘာလို့ ငိုနေရပြန်တာလဲ..."

" ဒေါ်ခေတ္တရာက..."

" မဟုတ်တာ... ဒါတွေ အယူမသည်းပါနဲ့... ဘာမှ မဖြစ်နိုင်ပါဘူး..."

ဆေးတိုက်ပေးခဲ့ပြီးမှ အခန်းဆီ ပြန်လာခဲ့တယ်။ ဖိုးဝကြောင့် ပုစွန်ခြောက်တွေ မှောက်ကုန်လို့ အလကားကလေး သေတော့မယ်လို့ ကြီးဒေါ်ခေတ္တရာ ပြောခဲ့တာကို ဒေါ်ခင်ရှု စွဲလန်းစွာ ကြောက်နေခဲ့ပါပြီ။ သူကိုယ်တိုင်တောင်မှ... မကြောက်ဘူးဆိုပေမယ့် မဖြစ်သင့်တာတွေတော့ မဖြစ်စေချင် ပါဘူး...။

❧

မနက်စောစော နိုးရင် အမေနွယ်နဲ့ အတူ ဘုရား ရှိခိုးရတာကိုတော့ မြရံခြယ် နှစ်သက်လွန်းပါတယ်။ အဖေနဲ့ အမေနွယ်ကတော့ ဘယ်သူဘာပြောပြော... ဘယ်သူတွေနဲ့ ဖြစ်ဖြစ် အေးဆေးစွာနေပြီး သူတို့တရားအလုပ် သူတို့ လုပ် နေကြတာပါပဲ...။

" အမေနွယ် "

" ဟင်..."

" တစ်ယောက်ယောက် ငိုသလိုပဲ... သမီးကြားနေတာ အမေ တရားမှတ်နေတော့ အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်လို့"

" အင်း.. ဟုတ်တယ်..."

" မြရံခြယ် ဆင်းကြည့်ဦးမယ်..."

အိမ်အောက်ထပ် ဆင်းကြည့်လိုက်တဲ့အခါမှာတော့...။ ဒေါ်ခင်ရှု ငိုနေတာပါလား။ အိမ်က လူအတော်များများလည်း စုဝေးနေကြပါပြီ...။ မချွေနုလွင်တို့များ ဒါမျိုးကျ မကြောက်ဘူး... ရှေ့ကရောက်နေတယ်...။

" ဒေါ်ခေတ္တရာရယ်... ကြည့်ပါဦး... ကျွန်မသားလေး သေပါပြီ... တောင်းပန်ပါတယ် တောင်းပန်ပါတယ်... ကျွန်မ

သားလေးကို အသက်ရှင်အောင် ပြန်လုပ်ပေးပါ..."

ဒေါ်ခင်ရှုက သည်းသည်းထန်ထန် ငိုရင်း ကြီးဒေါ်ခေတ္တရာကို အကြိမ်ကြိမ် ဦးချနေတော့တာ။

ဖိုးဝ သတိလစ်သွားသတဲ့။

ပြီးတော့... မြရံခြယ်စိတ်မှာ ဖိုးဝ ပုစွန်ခြောက်တွေ မှောက်ပစ်လိုက်တဲ့အချိန်ကို ပြန်အမှတ်ရရပါရော။ တကယ်ပဲ... အလကား ကလေး သေတော့မှာပဲလို့ ကြီးဒေါ်ခေတ္တရာရယ် ကျိန်လိုက်လို့ ဖိုးဝသေတော့မှာလား...။

" ဒေါ်ခင်ရှု ငိုမနေနဲ့... ဦးစိုး... ကားပြင်တော့ ကျွန်တော့် ထော်လာဂျီပဲ နှိုးလိုက်..."

ကိုရွှေပြည်ကျော်က ကလေးကို စမ်းကြည့်ပြီးတော့ ပြောပါပြီ။

သူက ဒီလိုတော့ တော်သားပဲ။

" ဦးမြလှိုင်... ကလေးကို ပွေ့ခဲ့... ဆေးရုံသွားစို့..."

" မခင်ရှု... မောင်ရွှေပြည်ပြောတာ ကောင်းတယ် ဆေးရုံသွား..."

အားလုံးက စီစဉ်နေပေမယ့် ဒေါ်ခင်ရှုကတော့ ကြီးဒေါ်ခေတ္တရာကိုသာ ဦးချမပြီး ငိုနေတာက လွဲလို့ ဘာမှမလှုပ်...။ ကြီးဒေါ်ခေတ္တရာက ဦးမြလှိုင်ပွေ့လာတဲ့ ဖိုးဝလက်ကို ကိုင်ကြည့်ပြီးတော့...။

" ခင်ရှု... နင့်ကလေးက သွေးလွန်တုပ်ကွေး ဖြစ်နေတာ... ရွှေပြည်ကျော် ပြောသလို ဆေးရုံအမြန်လိုက်သွား...

မြန်ရင် မသေဘူး..."

အံ့ဩဖွယ်ရာပါပဲ။ ကြီးဒေါ်ခေတ္တရာ နှုတ်က ဒီလို ပြောပြီး အိမ်ပေါ် တက်သွားပါရော...။

အားလုံးက ဖိုးဝကို ထော်လာဂျီပေါ် တင်ပြီး ဆူညံ ဆူညံနဲ့ မောင်းထွက်သွားကြပါပြီ။ နုလွင်ကတော့ အားလုံး ရှင်းသွားတော့မှ။

" အစ်မ... ကြောက်စရာကြီး... ဒေါ်ခေတ္တရာ ကျိန်လိုက်တာ ဖိုးဝသေတော့မယ်... နုလွင် ကြောက်လိုက်တာ... နုလွင်သေဆိုရင် သေရတော့မှာလား... အစ်မ... နုလွင် ဘာ ဘုရားစာရွတ်ရမလဲ... ကြောက်လိုက်တာ အစ်မရယ်..."

နုလွင်တို့မျှား ဒါမျိုးကျတော့ ကြောက်တတ်လိုက်တာ။ ရှင်းပြလည်း ရမှာမဟုတ်။ ဘုရားစာ ရွတ်ချင်စိတ်ကလေး ပေါ်လာတာ အကြိုက်ပဲ။ ဒါကြောင့် ငါဘုရားစာသင်ပေးမယ်... ရွတ်လို့ ပြောရတာပေါ့...။

" အစ်မ..."

" ဘာလဲ "

" ဒီဘုရားစာကလေ... လူတိုင်းရွတ်လို့ ရလား.. ရွတ်ရင် ဒေါ်ခေတ္တရာကို မကြောက်ရတော့ဘူးလား..."

" ဒါပေါ့..."

နုလွင်ကို ခုလိုနည်းနဲ့ပဲ ဘုရားစာ ရွတ်ခိုင်းရတော့မှာ ပါလား။

" အမေ... သောက်တော်ရေဖန်ခွက်တွေ သမီး ဆေးပေး

ပါမယ်... ဘယ့်နှယ် အမေကိုယ်တိုင်..."

" ရပါတယ်... သမီးမရောက်လာခင်ကလည်း အမေကိုယ်တိုင်ပဲ ဆေးရတာပါ... ဘာလဲ ဘာဖြစ်နေကြလဲ... မခေတ္တရာက ဘာတွေမွေပြန်သလဲ..."

အမေနှယ့်ကို ဖိုးဝ ပုစွန်ခြောက် မှောက်တာကစပြီး ခုချိန်ထိ ဖြစ်သမျှ ပြောပြရတယ်။ နှလွင်တောင် ကြောက်လို့ ဘုရားစာရွတ်တော့မယ်ဆိုတော့ အမေနှယ်က ပြုံးတယ်။

" အမေ... ဒေါ်ခေတ္တရာကလေ... ဖိုးဝလက်ကို ကိုင်လိုက်ပြီးတော့ သွေးလွန်တုပ်ကွေးဖြစ်တာ... ဆေးရုံ အမြန်ရောက်မှ ရှင်မယ်လို့ ပြောတယ်... သူကသိသလား.."

" ဩော်... သမီးရယ်... ခေတ္တရာက တစ်ချိန်က သူနာပြုဆရာမကြီးပဲဟာ... စစ္စတာကြီးလေ... ပင်စင်ယူလိုက်တာပါ..."

" ဟုတ်လား..."

ဒီတစ်ခါတော့ မြရုံခြယ် အရမ်းအံ့ဩရပါပြီ။ ဒီလိုမှ ထင်မထားခဲ့တာ...။ ဒေါ်ခေတ္တရာဆိုတာ ဆံပင်တွေက ကွက်ကျားကျားနဲ့ အရုပ်ဆိုးဆိုး စုန်းမကြီးလို့ လူတွေ ပြောသလို... တစ်ချိန်က ဆိုတာကို သတိကို မရနိုင်တာ...။

" လူတွေကို ဘယ်လိုနားလည်ရမှန်းကို မသိတော့ ပါဘူး..."

" သမီးက ငယ်သေးတော့ အတွေ့အကြုံကအစ နုနယ်သေးတာကိုး.. လူတွေမှာ အပြင်ရုပ်ရည်နဲ့ နှလုံးသား

မတူကြတာတွေ ရှိသလို တူကြတာတွေလည်း ရှိပေါ့... လူ အကြောင်း ပေါင်းမှသိဆိုသလိုပဲ ကြာကြာပေါင်းကြည့်ရင်တော့ တဖြည်းဖြည်း သိလာတာပါပဲ..."

" ကိုရွှေပြည်ကတော့ ဒေါ်ခေတ္တရာကို ကြောက်ပုံ မရဘူး..."

" မောင်ရွှေပြည်က စိတ်သဘောထား နူးညံ့ပါတယ်... သူ့အတွက်လည်း အဖေက အလုပ်စဉ်းစားနေတာ... အမေတို့ကို ဒီကလေးက ပစ်မထားခဲ့ရက်လို့... သူငယ်ချင်းတွေက ခေါ် လာလုပ်ပါဆိုတာတောင် မသွားတာ..."

" သူက ငါးမျှားတယ် "

ရုတ်တရက် စိတ်က ဘယ်လိုဖြစ်တယ်မသိ... အမေ့ကို တိုင်ပြောသလို ဖြစ်ရပါရော။ အမေက ရယ်ပြီးတော့ အမေ တို့လည်း ပြောပါတယ်... ကိုယ့်ပျော်ရွှင်မှုက သူများအသက် သေဆုံးရတာ မဖြစ်စေနဲ့လို့လေ...။

" သူက အမေ့ကို လာပြောပါတယ်... အမေတို့ ပြောတုန်းက မရခဲ့ပဲ အခု သမီးပြောတော့မှ သူဘယ်တော့မှ ငါးမမျှားတော့ဘူးတဲ့ "

အမေကတော့ ရီးသားစွာ ပြုံးရင်း ကြည့်တာလား။ မြရုံခြယ်ကတော့ မျက်နှာတစ်ပြင်လုံး နွေးထွေးပြီး ရှက်သွား မိသလိုပါ။

ဗ

ဖိုးဝ ဆုံးသွားပါတယ်။

ဆေးရုံကလည်း သွေးလွန်တုပ်ကွေးကြောင့်လို့ ပြောပါတယ်။ ဒေါ်ခင်ရှုကတော့ မေ့လဲသွားပြီလေ...။ သွေးလွန်တုပ်ကွေး ဖြစ်ပြီး ဆေးရုံရောက်တာ နောက်ကျမှတော့ မကယ်နိုင်တော့ဘူးပေါ့...။

" ရက်စက်လိုက်တာ ဒေါ်ခေတ္တရာရယ်... ကျွန်မသားလေးက အငယ်လေး ရှိပါသေးတယ်... ပုစွန်ခြောက်က ဘယ်လောက် တန်ဖိုးရှိသလဲ... ပုစွန်ခြောက်လေး မှောက်တာနဲ့ ကျွန်မသားလေး သေရသလား... လူစိတ်မရှိတဲ့ စုန်းမကြီး... အဲဒီ့စုန်းမကြီးကို မမြင်ချင်ဘူး.. ကျွန်မ အဲဒီ့စုန်းမကြီးကို မမြင်ပါရစေနဲ့တော့..."

မခင်ရှု သတိရရခြင်း ဒီလိုပဲ အော်အော်ငိုတော့တာ...။ ခုလို အော်ငိုသံကြီးကို ဆေးရုံမှာရှိတဲ့လူတွေ မကြားပဲ နေမလား။

တစ်ယောက်က တစ်ရာ။ ပါးစပ်တွေဆိုတာ လုံမှာလား။ ဒီလိုနဲ့ ကြီးဒေါ်ခေတ္တရာဆိုတဲ့ စုန်းမကြီးက လူသတ်လိုက်ပြန်ပြီလို့ ပြောကြဆိုကြဦးမယ်။

" ကိုစိုး... ခင်ဗျားမိန်းမပါးစပ် ပိတ်ခိုင်းထား... မကောင်း

ပါဘူး... ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကိုယ့်အိမ်တွင်းရေးတွေ ယုန်ထင်ကြောင်ထင်ဖြစ်တယ်... ဒါကြောင့်လည်း မဟော်ဂနီ စံအိမ်က တစ္ဆေအိမ်လို့ အပြောခံရတာ..."

ဦးမြလှိုင်တောင်မှ မနေနိုင်လို့ ပြောရပြီ။

" ကျွန်မ အိမ်ပြန်မလိုက်ဘူး "

" ဟဲ့... ခင်ရှု... ဒီလိုလုပ်လို့ ဖြစ်မလား... အိမ်မှာ ဖိုးလှနဲ့ မိပုလည်း ရှိသေးတာ "

" ရှင့်ဘာသာ ပြန်ချင်ပြန်... မပြန်ချင်နေ... ကျွန်မ မပြန်ဘူး "

" မင်းက မပြန်လို့... ဘယ်သွားနေမလဲ "

" ကြံခင်းစုက အမေနန်း အိမ်မှာ "

" ဟယ်... မဟုတ်တာပဲ "

မခင်ရှုကတော့ ပြောရင်းငိုရင်း ဖျတ်ခနဲဆို ထွက်သွားပါ ရော...။ သူ့ခမျာလည်း သားသမီးဇောနဲ့ ဆိုတော့ အမှား အမှန် ဘယ်ခွဲတတ်ပါ့မလဲ။

" ဦးစိုး.. ဒေါ်ခင်ရှုက ခုချိန် ဘာမှမမြင်ဘူး ဖြစ်နေ တာ... ခင်ဗျားကတော့ ဒီလိုလုပ်လို့ မဖြစ်ဘူး... အိမ် ပြန်လိုက်ခဲ့... အလုပ်ထွက်မယ်ဆိုလည်း.. ဖိုးဝ နာရေးကိစ္စ ပြီးတော့မှ ကြီးညီမြရာကို ပြောထွက်ပေါ့..."

" ခက်ပါတယ် မောင်ရွှေပြည်ရယ်... အမှန်ဆို မခေတ္တရာနဲ့ကတော့ ကျုပ်လည်း နေကိုမနေချင်ပါဘူး.."

ဦးစိုးကို သေးရုံကိစ္စတွေရှိလို့ ခဏထားခဲ့ပြီး

ဦးမြလှိုင်နဲ့နှစ်ယောက် မဟော်ဂနီစံအိမ်ကို ပြန်လာခဲ့ရတယ်... ကားပေါ်မှာ စကားပြောမိကြတဲ့ အခါမှာတော့။

" ဖိုးဝဟာ သွေးလွန်တုပ်ကွေး တကယ်ဖြစ်တာ ဦးမြလှိုင်... ဂရုမစိုက်တတ်ရင် သေမှာပဲ... ဒါကို ကြီးဒေါ်ခေတ္တရာကြောင့်လို့ ဒေါ်ခင်ရှု တလွဲတွေးတာပါ..."

" ဝမ်းတွင်းစုန်းလို့ စွပ်စွဲနေကြတာကရော... မင်းစဉ်းစားလေ... ငါတို့တောင် ထော်လာဂျီ မှောက်ဖူးတယ်..."

" ဒီလိုမကောင်းတဲ့ ပညာတွေ မရှိဘူးတော့ မဟုတ်ပါဘူး.. ဒါပေမယ့် ဘယ်လောက် မကောင်းတဲ့ပညာကို ဝမ်းတွင်းက ပါလာစေဦး... ဘုရားတရား ကြည်ညိုတဲ့လူကို ဘာထိခိုက်မှုမှ မရှိဘူး... အဖေနဲ့အမေနှယ်ကိုသာကြည့်... ခင်ဗျားနဲ့ ကျွန်တော်လည်း တိုက်ဆိုင်လို့ပဲ ဖြစ်ဖြစ် ထော်လာဂျီ မှောက်ပေမယ့်... သေလို့လား "

အမှန်ကတော့ အသံကြောင့် ဖားသေဆိုသလို... ကြီးဒေါ်ခေတ္တရာရဲ့ မဆင်မခြင် ပြောချင်ရာပြောတဲ့ စကားသံတွေကြောင့်လည်း တိုက်ဆိုင်တဲ့အခါ ခုလို အစွပ်စွဲခံရတယ်လို့ ထင်ပါတယ်...။ အိမ်ပြန်ရောက်တော့ ကြီးကြီးညိုမြရာတို့ကို ပြောပြရတော့တာပေါ့...။ မိပုကလည်း ပွက်ပွက်ညံအောင် ငိုပြန်တာ...။

" မြို့ထဲမှာတော့ ပြောကြဦးမယ်... ငါ့ကြောင့် မဟော်ဂနီစံအိမ်မှာ... မှင်စာတစ်ကောင် တိုးလာပြီလို့..."

ကြီးဒေါ်ခေတ္တရာရဲ့ ရယ်သံစွက်သော အေးစက်စက် စကားသံကြီးဟာ... နားထောင်ရတာ စာနာစိတ်မရှိသလို ပါလား... ဒါပေမယ့် မှန်လည်းမှန်ပါတယ်။ သေချာ ပြောကြ ဦးမှာပါပဲ...။

" မခေတ္တရာ... သူတစ်ပါး စိတ်မကောင်းဖြစ်နေတုန်း မှာ စကားအပြောအဆို ဆင်ခြင်မှပေါ့... နင် သူနာပြုကြီး ဘဝက စေတနာထားပြုစုခဲ့တာတွေ... ခုချိန်ထိ စေတနာနဲ့ ပြုစုပေးနေတာတွေဟာ နင့်ရဲ့ ပြောချင်ရာပြောတဲ့ စကားတွေ မှာ နစ်မြုပ်နေပြီ... ကဲ... ကဲ... မောင်စိုးတို့ မခင်ရှုတို့ စိတ် ဆင်းရဲနေတာ... ဖိုးဝကိစ္စ အစစကို ငါတို့ကပဲ စီစဉ်မှ... သွား... ဘုန်းဘုန်းကို သွားလျှောက်ချေ... မောင်ရွှေပြည်..."

ကြီးကြီးညိုမြရာက ခုလိုကျတော့လည်း မဟော်ဂနီ စံအိမ်ရဲ့ အိမ်ထောင်ဦးစီး ပီသပါတယ်။

ဖိုးဝကိစ္စ အကုန် စီစဉ်ပေးကြရဦးမှာပါလား..။ မြရံခြယ်ရဲ့ မျက်နှာလေးကို အလုပ်ရှုပ်နေတဲ့ကြားက လှမ်းကြည့် ရပါသေးတယ်။ တကယ့်ကို အမောပြေစေတာပါလားကွာ...။

ဇ

" ဇဲလေး ဘာလေး ရိုက်ရရင် ကောင်းမှာကွာ... ခုတော့ ပျင်းခြောက်ခြောက်ကြီး..."

ဦးမြလှိုင်က ပြောတော့ ခင်ဗျားဗျာ... ဦးစိုးတို့ အရမ်းခံစားနေရတာ... မဟုတ်တာတွေလို့ ပြောမိပါပြီ...။ ဖိုးဝ ရက်လည်အတွက် ဒေါ်ခင်ရှုတို့က သူတို့နေတဲ့ ကြံခင်းစုအိမ်မှာ လုပ်တာလည်း လုပ်တာပေါ့။ မဟော်ဂနီစံအိမ်မှာ နေသွားကြတာဆိုတော့ ဒီမှာလည်း လုပ်ပေးရမှာပေါ့လေ...။

" ညက ဒေါ်ခေတ္တရာကြီး တီဗွီဖွင့်တာ သီချင်းတွေက အကျယ်ကြီး... ဦးစိုးမျက်နှာက ပျက်နေရှာတာ... ကိုယ်ချင်းလည်း မစာနာပါဘူး..."

" လူအမျိုးမျိုး စိတ်အထွေထွေဆိုမှဗျာ..."

ဦးမြလှိုင်ကိုသာ ပြောရတာ... ညဘက်စောင့်ပေးနေရတာ... ဘာမှလုပ်စရာမရှိတော့လည်း ညတစ်နာရီလောက်ဆို အိပ်ချင်လာတာပေါ့...။

" ငါတော့ အိပ်တော့မယ်..."

" ကျွန်တော် တစ်ယောက်တည်း စောင့်ရမှာလား "

" ဘာလဲ... မင်းက ကြောက်လို့လား "

" ကြောက်တော့ မကြောက်ပါဘူး... ဒါပေမယ့်

တစ်ယောက်တည်း ဆိုတော့လည်း ပျင်းစရာလိုလို ခြောက်ကပ်ကပ်ကြီး "

" စကားပြောစရာ အဖော်မရှိလည်း ဖိုးဝဖြစ်ဖြစ်... တင်ထားမိ ဖြစ်ဖြစ် ခေါ်ထား... ဒီ့ထက် ပိုပျင်းရင် သော်ကနဲ့ စိန်စိန်ပါ ခေါ်ထား..."

" ဟာဗျာ... ဒီလူကြီး "

၅

" အစ်မ..."

" ဟင်..."

" နလွှင်ကြောက်တယ် "

" နင်ဟာလေ... ကြောက်ကကြောက်... စပ်စုကစပ်စု... ငါပေးထားတဲ့ ဘုရားစာ နင်ရနေပြီ... ကြောက်ရင်... အဲဒါ ရွတ်နေ..."

ဖိုးဝလေး ဆုံးသွားတာဟာ သွေးလွန်တုပ်ကွေးရောဂါ ကြောင့် ဆိုပေမယ့်... စိတ်မှာတော့ ထိနိုက်သွားရပါတယ်... မြရုံခြယ် မျက်လုံးထဲမှာ ဖိုးဝနဲ့အတူ ထော်လာဂျီ စီးလာရတဲ့ အကြိမ်လေးက နောက်ဆုံးပါလားလို့ စိတ်မကောင်းဖြစ်ရ ပြန်တာပေါ့။ ဒေါ်ခင်ရှုက သူတို့ဆွေမျိုးအိမ် သွားနေလိုက်တာ... ပြန်ကိုမလာတော့ပါဘူး။ ဦးစိုးကသာ ကြီးကြီးညိုမြရာကို တောင်းပန်ပြီး ဖိုးဝရက်လည်တဲ့နေ့မှာ ပြောင်းဖို့ ပြင်ကြပါပြီ။

" မိပုကို လွမ်းနေတော့မှာ..."

" ကြံခင်းစုထဲတင်ပဲ နလွှင်ရယ်... အစ်မ စာသွားသင်တဲ့ အခါ လိုက်ခဲ့... မိပုတို့အိမ်မှာ နေပေါ့..."

" တကယ်လိုက်ရမှာလား အစ်မ "

" တကယ်ပေါ့ဟဲ့..."

" ပျော်လိုက်တာ... ပျော်လိုက်တာ..."

နုလွင်ဟာ ကလေးစိတ်ပါလား။ အခုချက်ချင်း ခုန်ပေါက်သွားပြန်ပါပြီ။

ဦးစိုးတို့ ဒေါ်ခင်ရှုတို့ အလုပ်ထွက်သွားရင်... အိမ်က အဝတ်တွေ ဘယ်သူလျှော်မလဲ... ကားမောင်းဖို့ရော... ဖိုးလှနဲ့ မိပုရဲ့ လုပ်အားကတင် နည်းတာမဟုတ်။

" နုလွင်... မိပုတို့ကပြောင်း... ရတ်တရက် လူသစ်ရှာမရခင်... နင်နဲ့ငါ အိမ်ရဲ့ အပေါ်ထပ်အောက်ထပ် သန့်ရှင်းရေးတော့ လုပ်ပေးမှ ထင်တယ်..."

" အောက်ထပ်ကို ဖုန်သုတ်ကြမ်းတိုက်... နုလွင် လုပ်ပါမယ်... အပေါ်ထပ်တော့ ကြောက်တယ်... အစ်မလုပ်"

ဘိုးဘိုးကြီး... ဖွားဖွားကြီးတို့တွေ တင်ထားမီတို့တွေရဲ့ ဓာတ်ပုံကြီးတွေကို မြင်ရတာ ကြောက်တယ်ဆို... နုလွင်က အပေါ်ထပ် အခန်းကျယ်ကြီးထဲတောင် သိပ်မကြည့်ရဲ...။ ဒါကြောင့် အေးပါ အပေါ်ကို ငါပဲကြမ်းတိုက်မယ်လို့ ပြောလိုက်ရတယ်...

" နုလွင်... အောက်ထပ်ဆင်း ကြမ်းတိုက်တော့... အစ်မအပေါ်မှာ ရှိမယ်... ကြီးဒေါ်ခေတ္တရာနဲ့ ပြဿနာ မဖြစ်စေနဲ့ "

" ဟုတ်ကဲ့ "

မြရံခြယ်ကိုယ်တိုင်ကလည်း နုလွင်နဲ့ ကြီးဒေါ်ခေတ္တရာ

ပြဿနာဖြစ်မှာကို စိတ်ပူနေမိပါရော။

ဒီကြမ်းပြင် အကျယ်ကြီးကို မိပု ဖိုးလှတို့မောင်နှမ အမြဲတိုက်ခဲ့လို့ သန့်ရှင်းနေခဲ့တာ။ အခုတော့ သူတို့မရှိကြတော့ပါလား... ဒေါ်ခင်ရှုစိတ်မှာတော့ ခုချိန် ဘယ်လိုမှ ဖြေနိုင်ဦးမည် မထင်...။

သွေးလွန်တုပ်ကွေးဆိုတာ နောက်ကျရင် ဘယ်လိုမှ အသက်မရှင်နိုင်ဘူးဆိုတဲ့ အသိတရားမျိုးတွေ မရှိတဲ့ ဒေါ်ခင်ရှု အဖို့ ကြီးဒေါ်ခေတ္တရာရဲ့ အပြောအဆိုတွေကိုသာ အပြစ်ပုံချနေတော့မှာပါလား။

" ဟင်... ဘာလို့ ကြမ်းတိုက်နေတာလဲ မြရုံခြယ်... မဟုတ်တာ... မတိုက်ပါနဲ့..."

" ဖိုးလှတို့ မရှိတော့ နောက်ထပ် ဘယ်သူမှ မလာခင် အိမ်တွေ ညစ်ပတ်နေမှာပေါ့..."

" ဒါဆို ကျွန်တော် တိုက်မှာပေါ့... မြရုံခြယ် ပင်ပန်းပါတယ်..."

" ရပါတယ်..."

" မရဘူး.. ဖယ် "

" ဒါဆို အတူတူ တိုက်မယ်လေ "

" အတူတူ..."

ဒီလိုပြောတော့မှ လက်ခံလိုက်တယ်။ ကြမ်းတိုက်နေရင်းမှနေ အမှတ်မထင် နံရံပေါ်ကို မော့ကြည့်လိုက်ပါတယ်။ မတင်ထားမိရဲ့ လှပတဲ့အပြုံးကို မြင်ရတာပါလား...။ ခပ်

ကြာကြာလေး စိုက်ကြည့်တဲ့အခါ လှပတဲ့ အပြုံးက ပိုပြီး ရယ်မောလာသလိုလို...။

" မတင်ထားမီ... ဒေါ်တင်ထားမီလို့ ခေါ်ရမယ် ထင်တယ်... သူရယ်နေတာ ညဘက်မီးရောင်မှိန်မှိန်မှာ ကြည့်ရင် ခုလိုဂ ာက်ပိုပြီး ကြောက်စရာဖြစ်လာမလား "

" ဒါပေါ့... စိတ်ကလည်း အတွေးတွေ ရှိတယ်... သူတို့သေဆုံးပြီးတာလည်း သိတယ်... ဒီတော့ ကြောက်စရာတွေကို မြင်ချင်မြင်မိမှာပဲပေါ့..."

" ဟုတ်တယ်... မိပုတို့ ဖိုးလှတို့ဆိုတဲ့ ကလေးတွေက ကြောက်တဲ့အတွေးနဲ့ ကြည့်တော့ ပိုလန့်နေမှာပေါ့..."

နှစ်ယောက်စကားပြောလိုက် ကြမ်းတိုက်လိုက်နဲ့ အများကြီးတော့ အလုပ်ပြီးလာပါပြီ။ အောက်ထပ်ကနေ ဆူညံဆူညံအသံကို ကြားရတော့ မြရုံခြယ်ရင်ထဲ ထိတ်သွားရပြန်ပါရော။ အောက်ထပ်မှာ... နလွင်ရှိနေတော့ စိတ်ပူတာပေါ့။

" ဘာဖြစ်တာလဲ ဆင်းကြည့်ရအောင်... ကိုရွှေပြည်..."

အောက်ထပ်ရောက်တော့ ဒေါ်တင်ထားစံပါလား။ ဒေါ်တင်ထားစံက သူရကို ကောင်းကောင်း ရိုက်နေတော့တာ။ ကလေးက ဆူညံနေအောင် ငိုပါလျှက် ဘယ်သူကမှ မဆွဲကြဘူးလား။

" တင်ထားစံ... ခုလောက်ဆူညံမနေပါနဲ့... နေမ ့ကာင်းတဲ့လူက နားနေချင်မှာ..."

ကြီးဒေါ်ခေတ္တရာပြောတော့မှ ရပ်တော့တာ။ ဒါတောင်

ပူညံ့ပူညံ ပြောနေသေးတာ။

" သစ်ပင်ပေါ်မတက်နဲ့လို့ မှာထားတာ မရဘူး.. တော်ကြာ လိမ့်ကျပြုတ်ကျရင် ဖြစ်မလား... ဗလ... ကိုယ့် ညီအစ်ကိုချင်း သူရ သစ်ပင်တက်နေတာ တားပါလား..."

၄

**သူ**ရအပြောကြောင့် ဖိုးဝအတွက် အိမ်မှာ နောက်ထပ် ဆွမ်းကျွေးကြရပြန်ပါတယ်။ သူရကတော့ ဖိုးဝသူငယ်ချင်း မဟုတ်လား.. သူရကို ပြတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ အိမ်မှာ ဆွမ်းကပ်မယ်လည်း ဆိုရော... ဒေါ်ပြုံးတစ်ယောက်တည်း မနိုင် တော့ဘူးပေါ့။ ဖိုးဝက ရက်လည်ပြီးလည်း ရှိတုန်းပါပဲလား...။

" မြရုံခြယ် ဈေးသွားဝယ်ပေးပါမယ်... ဒေါ်ပြုံးနဲ့လည်း ကူချက်ပေးပါမယ်... နုလွင်လည်း ရှိတာပဲ..."

" ဒါဆို မြရုံခြယ်ကို မောင်ရွှေပြည်လိုက်ပို့ပေးလိုက်..."

ဒေါ်ခင်ရှုတို့ မိသားစုမရှိတာ အိမ်မှာ အတော်တော့ အလုပ်ပျက်ကုန်ပါတယ်။ ဒါပေမယ့် သူတို့ကိုလည်း အပြစ် မတင်သာပါဘူးလေ...။ ဒေါ်ပြုံးကြီးတောင်မှ... အလုပ်ထွက်ကြ ရင် ကောင်းမလား ကိုမြလှိုင်ဆို ဦးမြလှိုင်ကို တိုင်ပင်နေသံ ကြားရသေးတာ...။

" မြရုံခြယ် တစ်ယောက်တည်း ဈေးဝယ်ရမှာတွေ အများကြီး... နုလွင်ကို ခေါ်လာခဲ့ရ ကောင်းသား..."

" ခေါ်မလို့ပဲ ကိုရွှေပြည်... ခေါ်မယ်လုပ်တုန်း ကြီးဒေါ်

ခေတ္တရာက သူ့အခန်းကို ကြမ်းတိုက် ဖုန်သုတ်လုပ်ပေးစမ်း နုလွင်ဆိုတာနဲ့... နုလွင်လည်း ပျာနေတာပဲ... မြရံခြယ်လည်း စိတ်တော့ ရှုပ်မိတယ်... နုလွင်က ကြောက်တတ်တော့ သူ့စိတ်မှာ ကြီးဒေါ်ခေတ္တရာကို အသေကြောက်နေပြီ ထင်တယ်..."

" စိတ်အားငယ်တတ်တဲ့ လူတွေဆိုတာက ဒီလိုပါပဲ... ကြီးဒေါ်ခေတ္တရာကလည်း အကုသိုလ်ကတော့ တကယ်ယူတာ... အဖေနဲ့ အမေနွယ်ကိုလည်း သေကြ အဲဒီ့လင်မယား သေမှ အေးမယ်နဲ့ ပြောပြောနေတာ..."

" အဖေနဲ့အမေနွယ့်လို လူတွေကိုတော့ မပြစ်မှားသင့်ပါဘူး "

" သူက သူ့စရိုက်ကြမ်းနဲ့သူပဲဟာ... ဘယ်သူလို့ သိမလဲ... သူစိတ်ထင်ရာ ပြောတော့တာ... တိုက်ဆိုင်စွာ ဒုက္ခဖြစ်ကုန်ကြတော့ သူလည်း ဝမ်းတွင်းစုန်း အပြောခံရရောပေါ့..."

" ဖိုးဝ သွေးလွန်တုပ်ကွေးကြောင့် သေတယ်ပဲ ထားပါဦး... သူက သေတော့မယ်ဆိုပြီး သေသွားတော့ အပြောခံရမှာပေါ့..."

တစ်ခုရှိသေးတာက... ကြောက်တတ်တဲ့ နုလွင်ဟာ ကြီးဒေါ်ခေတ္တရာကို သေမလောက် ကြောက်သွားတာပါပဲ...။ ဒါပေမယ့် ခုတလောတော့ ရှာပြန်မယ် မပြောတော့ပြန်ပါဘူး။ မိပုတို့ရှိရာ ကြံခင်းစုကို လိုက်လည်ချင်တယ်လို့တော့ ပြောပါတယ်။

“ ဟိုဆိုင်းဘုတ်ကလည်း အမြဲလို တစ္ဆေအိမ်သို့တစ်မိုင်ပဲ ဖြစ်နေတယ်... ပြန်ပြင်ပါဦးလား ကိုရွှေပြည် ”

“ ပြင်ရေးတာပဲ... ဒီမနက်ပြင် နေ့ခင်းဆို တစ္ဆေအိမ် ပြန်ဖြစ်နေပြန်ရော... ခက်တာက မဟော်ဂနီစံအိမ်ကလည်း ပြောစရာလို ဖြစ်နေတာကိုး... ဘိုးဘိုးကြီးက လှေကားပေါ်က ပြုတ်ကျပြီး သေသွားတာ မြရံခြယ်... မတင်ထားမီက သတ်သေ သလို ဖြစ်သွားတယ်... ပြီးတော့ သော်ကတို့ စိန်စိန်တို့က သေတယ်... ဆွေစဉ်မျိုးဆက် သေသမျှလည်း ဂူတွေကို ခြံထဲမှာ ထားတော့... ဘယ်သူက အကောင်းပြောမလဲ... အခုပဲကြည့်... ဖိုးဝအကြောင်းက ပြောစရာပဲ...”

ဟုတ်တာပဲလေ။ ဖိုးဝသေဆုံးရတာ သွေးလွန်တုပ်ကွေး ကြောင့်ပါလို့ ဘယ်လိုပြောပြော လူတွေက လက်ခံနိုင်မယ် မထင်။ ဒေါ်ခင်ရှုကြီး အော်ငိုတာတွေ ပြောင်းပြေးတာတွေနဲ့ မဟော်ဂနီစံအိမ်ဟာ တစ္ဆေအိမ်လို့ပဲ အပြောခံနေရဦး တော့မှာပါ...။

“ ကြီးဒေါ်ခေတ္တရာကို ဘယ်သူက လိမ်မာလာအောင် လုပ်ပေးနိုင်မလဲ...”

“ ဒါဆိုရင် မြရံခြယ်က ကြီးဒေါ်ခေတ္တရာ မိုက်တယ်လို့ ပြောတာလား ”

“ စကားပြော မဆင်ခြင်တာကတော့ အမှန်ပဲ ကိုရွှေပြည်... နှုတ်ကြောင့်သေနေရတာ... အဖေနဲ့ အမေနွယ် ဂါရော မပြောနိုင်ဘူးလား... ကြီးကြီးညိုမြရာကရော မပြောနိုင်

ဘူးလား ”

ကိုရွှေပြည် ပြောတာကတော့ ကြီးဒေါ်ခေတ္တရာက ဘယ်သူပြောပြော ဂရုကို မစိုက်တာတဲ့လေ...။

“ သူက တစ်အိမ်လုံး ဘာမထီ ဖြစ်နေတာကတော့ ဖွားဖွားကြီးကို ခွဲစိတ်ကုသမှုပြုတော့ သူ့သွေးပေးခဲ့တယ်... ဂရုစိုက် ပြုစုပေးခဲ့တယ်တဲ့... သူက ပါးစပ်ပေါက် ဆိုး သလောက်... အပြုစု အရမ်းတော်တဲ့ သူနာပြုဆရာမကြီး တစ်ယောက် ဖြစ်ခဲ့ဖူးတယ်တဲ့လေ...”

“ ကျေးဇူးရှိဖူးတာကိုး...”

ဈေးဝယ်ကြတော့လည်း သူတို့နှစ်ယောက်ကို ကြည့် လိုက်ကြတာ။ ကိုရွှေပြည်ကို ခင်တဲ့လူတွေကဆို... မေးကို မေးကြတာ။ ဖိုးဝမကျွတ်ဘူးဆိုတာ ဟုတ်သလား... ဒါကြောင့် ဆွမ်းကျွေးမှာဆို လို့ပဲ မေးနေတော့တာပါလား။

“ သူတို့က ဖိုးဝမကျွတ်ဘူးလို့ ဘယ်လိုသိလဲ ”

“ သူတို့ အတွေးတွေက... မဟော်ဂနီစံအိမ်မှာ သေရင် ဘယ်သူမှ မကျွတ်တော့ဘူး မြရုံခြယ်... သေသမျှ တစ္ဆေ ဘဝသို့ချည်းပဲလေ...”

“ ဒါဆို အခုနေ ကျွန်မသေရင်ကော...”

“ မြရုံခြယ်...”

ကိုရွှေပြည်ကလည်း တအားအော်စရာလား။ ဘာဖြစ် တာလဲ... ဒီလောက်ကလေး မေးတာကို...။

“ ရှင်က ဘာဖြစ်တာလဲ...”

" မပြောပါနဲ့ဗျာ... မဟုတ်တာတွေ... ဘာလို့ မြရံခြယ် သေရမှာလဲ... မြရံခြယ် မရှိရင် ကျွန်တော် ဘယ်လိုနေရမှာလဲ..."

" ဘာ..."

" ဟုတ်တယ်လေ... ခင်ဗျားကို ကျွန်တော် ချစ်တယ်... ခင်ဗျားမရှိပဲနဲ့ ကျွန်တော် မနေနိုင်တော့ဘူး..."

အရေးထဲ ချစ်တဲ့အကြောင်း လာပြောနေတယ်။

" ဖြေပါလား မြရံခြယ်..."

" ရှင့်ကို ဖြေရအောင် ပြန်ချစ်ရအောင်... ရှင်က ရှင့်ရည်းစား တင်ထားမီနဲ့ ပြတ်သေးလို့လား... တော်ကြာမှ အခြောက်တိုက် ဒုက္ခပေးနေဦးမယ် "

" ဟာဗျာ... မြရံခြယ်ကလည်း..."

ကိုရွှေပြည် စိတ်ရှုပ်သွားပုံရတာ ကောင်းလိုက်တာမှ။ ဘဝမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်တောင်မှ မရပ်တည်နိုင်သေး ပါပဲ အဖေနဲ့ အမေနွယ်ကို မှီခိုနေရတာကို... သူက ချစ်ချင် နေသေးပါရော...။ ဒါကြောင့်မို့... ရှင်က ချစ်သူ လိုချင်ရအောင် အိမ်ထောင်တစ်ခုကို ဘယ်လိုဦးစီးမှာလဲ... မေးလိုက်မိတာပေါ့...။ ဘာမှပြန်မဖြေပါပဲနဲ့... မြရံခြယ်ကို တစ်ချက် တွေတွေငေးငေး ကြည့်နေခဲ့တယ်...။ မျက်ဝန်းချင်း မဆုံချင်လို့ လွှဲဖယ်နေလိုက် မိပါပြီ။

ခုတော့လည်း မရွှေနုလွင်တို့ အကြောက်အရွံ့ကင်းမဲ့စွာ အိပ်မောကျနေပါပေါ့လား။ နိုးလာတယ်ဆိုရင်ပဲ... တရှပ်ရှပ် ခြေသံကို ကြားနေရပါတယ်...။ အဲဒီခြေသံရဲ့ တရားခံ ဘယ်သူလဲ...။ သိပ်သိချင်တာပါ...။

ဒါကြောင့် မြရုံခြယ်တစ်ယောက်တည်း အိမ်ပြင်ခန်းကို ထွက်လာခဲ့ပါတယ်...။ ခြေသံဘယ်မှာလဲလို့ နားထောင်ရတော့ ကိုယ့်ခြေသံကို အစွမ်းကုန် လုံအောင် ထိန်းရတာပေါ့...။

အိမ်ရှေ့ခန်းမှာ ကြည့်လိုက်တော့ ခြေသံဟာ လှေကားက လာတာ...။ ဒါကြောင့်မို့ လှေကားဆီ အသာလေး လျှောက်ပြီး ငုံ့ကြည့်လိုက်တာ...

လှေကားက ဆင်းနေတာ ဘယ်သူလဲ...။

ပုံစံက လူငယ်ပုံစံမဟုတ်...

အဘိုးကြီးတစ်ယောက်ပါ...။

ဘယ်သူလဲ...။

ပုဆိုးကွက်ကျဲကြီးကို အသေအချာမြင်ရတာ။ အပေါ်က ရှပ်ကလည်း အဖြူဝတ်ထားတယ်...။ ဒီအိမ်မှာ ဒီအရွယ် ဘယ်သူရှိမလဲ...

ဘယ်သူဖြစ်ဖြစ် ဆင်းကြည့်မယ်...

ဆင်းလိုက်တယ်ဆိုရင်ပဲ... လှေကားမှာ မြင်ရတဲ့ နောက်ကျောပိုင်း အမြင်က ဖျတ်ခနဲ ပျောက်သွားပါတယ်...

ဟုတ်ရဲ့လား..

မြရုံခြယ် မျက်လုံးအကြည့်ပဲ မှားသလား..

ခုလောက် ချက်ချင်း ပျောက်သွားစရာ အကြောင်း မရှိ... အခန်းတစ်ခုခုထဲများ ဝင်သွားသလား..။ အောက်ထပ်ထိ ဆင်းကြည့်တော့လည်း တိတ်လို့ပါ...။ ဘယ်သူမှမရှိ။

စိတ်ထဲတော့ အံ့တော်ထူးဆန်းနေပါတယ်...။ လှေကားက ပြန်တက်လာပြီး အခန်းထဲ ပြန်ဝင်နေလိုက်တယ်... အသာလေး ငြိမ်ပြီး အိပ်နေပြန်တဲ့အခါ... သိပ်မကြာလိုက်... ခြေသံဟာ ပြန်ပေါ်လာပြန်ရော..။

ဘယ်ရမလဲ... မြရုံခြယ်ကို ဒီလို မနောက်နဲ့... နောက်တစ်ခေါက် ပြန်ထွက်လိုက်တယ်...။ လှေကားက ကြည့်ပြန်တဲ့အခါ... တွေ့ရပြန်ပြီ။

ဒီပုဆိုးအကွက်ကျဲကြီးနဲ့ အင်္ကျီအဖြူကျောပိုင်း... အမြန်ဆုံး ပြေးဆင်းလိုက်ပြီ...။

အရိပ်က ရှေ့မှာနေ ရှိနေရာက... ပြန်လှည့်လာတယ်...

ရုတ်တရက် ဒီလို လှည့်လာမယ် မထင်ရာက ပြန်လှည့်လာတော့ မြရုံခြယ် ကြောင်သွားပြီးတော့ လှေကားမှ မဆင်းနိုင်ပဲ ကြည့်နေမိပါပြီ...

ပြန်ကြည့်လိုက်တဲ့ မျက်နှာရယ်...

ပြီးတော့ တခဏတာ ပျောက်သွားတဲ့အရိပ်ရယ်...။ ရင်တွေ တဒိတ်ဒိတ် တုန်ခါလာတာပါလား။

ငါမကြောက်တတ်ဘူး...

ငါမကြောက်တတ်ဘူး...

ကိုယ့်ကိုယ်ကို ဘယ်သို့ အားပေးမိပါစေ...

ရင်ထဲက တဒိတ်ဒိတ်အသံက ဆူညံလွန်းနေပါတယ်။ လှေကားထိပ်နားကနေ အခန်းဆီ ဘယ်လို ပြန်ရောက်လာတယ် မသိ...။ အိပ်ရာလေးပေါ်မှာ ငြိမ်သက်စွာ ထိုင်ရင်း မြင်လိုက်ရတဲ့ မျက်နှာကို ပြန်စဉ်းစားတဲ့အခါ...။

ဟုတ်ယ်...

ဘယ်လိုမှ မမှားနိုင်ဘူး...။

ဒါဟာ... ဖိုးဖိုးကြီးဆိုတာ အသေအချာပဲ...။ လျှာ ထုတ်ပြတယ်ဆိုတဲ့ ဓာတ်ပုံထဲက ဖိုးဖိုးကြီးကို အသေအချာ မြင်ရတာ...။

ငါတော့ တစ္ဆေအခြောက်ခံရပြီ...

ဟုတ်တယ်... သေချာတယ် ငါ တစ္ဆေအခြောက် ခံရပြီ...။ ဘာလို့ ရင်တွေ ဒီလောက်တုန်နေရလဲ...။ မြရုံခြယ် ဆိုတာ မကြောက်တတ်ဘူး.. တစ္ဆေဆိုတာလည်း မတွေ့ဖူးသမျှ မယုံခဲ့ဘူး...။ ငါ့ကို ဘာလို့ တစ္ဆေခြောက်ရမလဲ...။

အပြင်မှ တရှပ်ရှပ်ခြေသံကြောင့် ရင်ထဲက ခုန်နေတာ ကလည်း မငြိမ်သက်နေတာလား...။

နှုတ်ခမ်းမွေးကြီးနဲ့ ဖိုးဖိုးကြီးဟာ ဓာတ်ပုံထဲက ရုပ်

အတိုင်းပဲ...။ လှေကားမှာ တက်လိုက် ဆင်းလိုက် လုပ်နေပုံရတယ်...။

ဘာလို့များ မြရုံခြယ်ကို တစ္ဆေအခြောက်ခံရသလဲ... စိတ်ထဲမှာတော့ လန့်နေသလိုနဲ့ မကျေနပ်သလိုလိုလည်း ခံစားရတာပါလား။

" ဟင်... အစ်မ မအိပ်ဘူးလား "

နုလွင် နိုးလာပြီ... နုလွင်သိလို့ မဖြစ်...။ သိရင် ချက်ချင်း ရန်ကုန်ပြန်ပြေးလိမ့်မယ်...။ ဟိုရက်က ဖိုးဖိုးကြီး ဓာတ်ပုံကို လျှာထုတ်ပြမလား ကြည့်တော့ ကိုရွှေပြည်ကျော် ရောက်လာတာနဲ့ အဆင်မပြေတာလား...

" အစ်မ အပြင်သွားချင်တယ် "

" အင်း... သွားလေ... "

နုလွင်ကို အိမ်ရှေ့လှေကားကြီးက ခေါ်လို့မဖြစ်ဘူး...။ မတော်တဆ လှေကားက အရိပ်ကို နုလွင်မြင်ရင် နေရာမှာတင် အသက်ထွက်သွားမလားပဲ... ဒါကြောင့် နောက်ဘက် လှေကားက ဆင်းဖို့ ပြင်ရတယ်။ အိမ်ရှေ့ခန်းကို အဖြတ်မှာတော့ ဖိုးဖိုးကြီး ဓာတ်ပုံရှိတယ်လို့ သတိရမိတယ်ဆိုရင်ပဲ...

ရင်တွေက တဒိတ်ဒိတ် ပြန်ခုန်လာသလိုပါလား။

နုလွင်လက်ကိုဆွဲပြီး နောက်ဖေးလှေကားဆီ ပြေးမတတ် လာခဲ့ရတယ်...။ မြရုံခြယ် လက်တွေ အေးစက်နေပြီ ထင်ပါရဲ့။ နုလွင် မရိပ်မိအောင် နေရမယ်...။ မဟုတ်ရင်... မဟုတ်ရင် နုလွင်ကိုဆို ဘယ်လိုမှ ထိန်းရတော့မယ် မထင်...။

" အစ်မလက်တွေ အေးနေတယ်... အစ်မ... သရဲခြောက်ပြီ ထင်တယ်... ဟုတ်တယ် မဟုတ်လားဟင် "

နုလွင်ရဲ့ အသံတွေက တဆတ်ဆတ်တုန်နေတယ်...။

" မဟုတ်တာ... မဟုတ်တာ... ဘာသရဲတစ္ဆေမှ မရှိဘူး... မဟုတ်ဘူး... မဟုတ်ဘူး "

" အစ်မ... အစ်မ အသံတွေလည်း တုန်လို့ပါ... ဟုတ်တယ် မဟုတ်လား "

" မဟုတ်ဘူး... ငါဖျားနေတယ်... နင်တစ်ယောက်တည်း မလွှတ်ရက်လို့ လိုက်လာတာ... ငါ ခုနက ဖျားလို့ ဆေးသောက်ပြီး ထိုင်နေတာ... ဘာတစ္ဆေမှ မရှိဘူး..."

နုလွင် သိလို့ မဖြစ်...

နုလွင်သိရင် ချက်ချင်း ပြန်ပြေးမလားမဲ့။ အခုတောင် နုလွင်လည်း ဓာတ်ပုံထဲက လှျာထုတ်ပြတာကို မြင်လိုက်တဲ့ ပုံပါပဲလား...။ ဘဝတစ်သက် တစ္ဆေအခြောက်ခံရတာ ဒါ ပထမဆုံးပါပဲ...။ မကြောက်တတ်ဘူးလို့ ဆိုပေမယ့် ရင်တွေ တုန်ပြီး စိတ်မှာ မကျေမနပ်လိုလို ခံစားရတာ...။

ဒီလောက် ဘုရားတွေရှိခိုး... ဘုရားစာတွေရွတ်... အဲလိုလူကို တစ္ဆေက ဘာလို့ ခြောက်ရသလဲ...။ မကျေနပ်လိုက်တာ...။ တစ္ဆေကို ငါ စိန်ပြန်ခေါ်ရမလား။

ဟုတ်တယ်...

နောက်နေ့ည... ဖြစ်ချင်ရာဖြစ်...။

ငါ... ငါ... နုလွင်ကိုတော့... တိုင်ပင်လို့ မရဘူး...။

ဘယ်သူ့ကို ဒီအကြောင်း ပြောရမလဲ…။ ကိုရွှေပြည်ကျော်ကို ပြောပြရင်ကော…။ ပြောပြပြီးတော့… ကိုရွှေပြည်ကျော်နဲ့ နှစ်ယောက် ဖိုးဖိုးကြီးဓာတ်ပုံကို အတူ ထပ်ကြည့်မယ်… လှေကားမှာ မြင်ရတဲ့ အရိပ်ကိုလည်း နောက်တစ်ခါ ထပ် ကြည့်မယ်…။

" အစ်မ သွားစို့… "

" နုလွင်… ဓာတ်ပုံကို ထပ်မကြည့်နဲ့… အိမ်မြှောင်တွေ နဲ့ နင်မျက်စိမှားနေတယ်… "

နုလွင်က စပ်စုတယ်… ဘာလုပ်ရမှန်းမသိ…။

၅

**ကို**ရွှေပြည်ကျော်ကို လိုက်ရှာမိတယ်... တွေ့နေကျ မီးဖိုဘက်လည်း မတွေ့။ ဦးစိုးကပြောတော့ ကိုရွှေပြည်က ခြံထဲလိုက်သွားတယ်တဲ့...။ ညက ကြုံခဲ့ရတာ ပြောပြပြီး ဒီညမအိပ်ပဲ စောင့်ကြည့်ရအောင်လို့ ပြောမလို့ပါ...။

" သမီး... ဘာရှာနေလဲ "

" ကိုရွှေပြည်ကိုပါ..."

" မောင်ရွှေပြည်ကို မသစ္စာက ခြံထဲခိုင်းလိုက်တယ် ထင်တယ်... ဘာကိစ္စလဲ သမီး..."

အမေနွယ်ကို မြင်တော့လည်း... ချစ်တဲ့အမေမို့ ပြောပြချင်လာပါတယ်...

" သမီး တကယ် မကျေနပ်သလိုလို ခံစားရတယ် အမေ... မျက်လုံးနဲ့ တပ်အပ်ကို မြင်ရတာ..."

ညကကြုံခဲ့ရသမျှ ပြောပြမိပါပြီ...

မကြောက်ပါဘူးဆိုတဲ့ကြားက ရင်တွေတဒိတ်ဒိတ် တုန်... ဒူးတွေဆတ်ဆတ်တုန်ပြီးတော့ လက်ဖျားခြေဖျား တွေတောင် အေးစက်လာခဲ့တာကိုလည်း ပြောပြမိတာပေါ့...။

အမေနွယ်ကတော့ ထုံးစံအတိုင်း အေးအေးလေး ကြည့်ပြီး ပြုံးနေပါတယ်။

" မောင်ရွှေပြည်နဲ့နှစ်ယောက် ဒီည ထပ်ချောင်းကြည့်မယ်လို့ ငါ့သမီးက တွေးတယ် မဟုတ်လား "

" ဟင်... အမေ ဘယ်လိုသိသလဲ..."

" သိတာပေါ့... လူငယ်တွေရဲ့စိတ်ကို အမေ မသိပဲနေမလား... မကြည့်ချင်ပါနဲ့တော့ သမီး..."

" သမီး တကယ် တစ္ဆေအခြောက်ခံရတာလား အမေ"

" တကယ်ပေါ့..."

" ဟင် တကယ်..."

အမေနွယ့်လိုလူက တကယ် တစ္ဆေအခြောက်ခံရပါတယ်လို့ ပြောတဲ့အခါ စိတ်ထဲမှာ ပိုပြီးတောင် မရိုးမရွနဲ့ဖြစ်လာသလိုပါပဲ...။ ဒါဆို ဒီတစ္ဆေ တကယ်ရှိနေတာပေါ့... တကယ်ရှိလို့ ခြောက်တာပေါ့။ ဘာလို့ မြရံခြယ်ကို ခြောက်ရသလဲ...။

" တစ္ဆေ ဘာလို့ခြောက်တယ်လို့ သမီးထင်လဲ..."

" ကံနိမ့်လို့ဆို... သမီးက ကံနိမ့်လို့ပေါ့ဟုတ်လား..."

" ပြိတ္တာတွေက သူတို့ကိုယ်ကို ဘာကြောင့် ပြကြသလဲဆိုတော့... ပျော်ရွှင်ချင်လို့ နောက်ပြောင်တာ ရှိသလို... ဘုရားတရား ကြည်ညိုတဲ့လူဆီက အမျှပေးဝေသံကို ကြားချင်လို့ ပြကြတာလည်း ရှိဝယ်... တစ္ဆေက ပြလိုက်ပြီဆို တစ္ဆေခြောက်လှန့်တယ်ပဲ ပြောကြတာ... တချို့က ခြောက်တာမဟုတ်ပါဘူး... သူတို့ ရှိနေပါတယ်... မကျွတ်မလွတ်သေးပါဘူး... ဒီ့အတွက် အမျှပေးပါလို့ ပြောချင်တာလည်း ရှိတာပေါ့...

တစ္ဆေက ဘုရားရှိခိုးတဲ့ လူဆီလည်း အမျှလိုချင်ရင် ပြတာပဲ... ဒါကြောင့် သမီးကို ပြတာလည်း ဖြစ်မှာ..."

" အဲလိုလား... မြရုံခြယ်ကဖြင့် ဘုရားတွေ ရှိခိုးတဲ့လူကို တစ္ဆေခြောက်လို့ မကျေမနပ်ဖြစ်နေတာ... အမေ ရှင်းပြတော့လည်း ဟုတ်သား... ညက အမျှမဝေမိဘူး အမေ..."

" အဖေကြီး မကျွတ်လွတ်ဘူးဆိုတာ... အမေလည်း မြင်ပါတယ်... အမျှတွေလည်း ဝေတာပဲ... ပြိတ္တာဘဝ ဆိုတာကလည်း ခက်သားလား... အကုသိုလ်ကံရှိသေးရင် သာခုမခေါ်နိုင်ရှာဘူး... မကျွတ်လွတ်နိုင်ဘူးလေ... ဒီတစ်ခါ တွေ့ရလို့လည်း နောက်တစ်ခါ တွေ့ချင်မှ တွေ့ရတာ... ကြောက်စရာ မဟုတ်ပါဘူး... သနားစရာပါ..."

အမေနှယ်က ပြောလည်း ပြောပြီးရော... ဘုရားရှိခိုး တရားထိုင်ပြီး အမျှဝေဦးမှပါ...။ သမီးလည်း ဘယ်သူ့မှ လျှောက်ပြောမနေနဲ့ဦး.. အစ်မညီမြရာက သူ့အဖေ မကျွတ် ဘူးဆို မကြိုက်ဘူးတဲ့လေ...။

" မောင်ရွှေပြည်ကိုလည်း ပြောမနေနဲ့... နောက်တစ်ခါ မတော်တဆ တွေ့ရမှသာ... အမျှဝေပါ... ချောင်းလည်းချောင်း မနေပါနဲ့... တစ်ခါတွေ့လို့ နောက်တစ်ခါ တွေ့ချင်မှလည်း တွေ့ရတာ... ဒီတစ်ယောက် တွေ့လို့ နောက်တစ်ယောက် တွေ့ချင်တယ်ဆိုလည်း တွေ့ချင်မှ တွေ့မှာပေါ့..."

" အမေရှင်းပြလို့ နားလည်ပါပြီ... သမီး ဘုရားရှိခိုး လည်း အမျှဝေပါမယ်... အသံတွေကြားလည်း အမျှဝေပါမယ်...

လိုက်မရှာတော့ပါဘူး..."

အမှန်ဆို... မြရံခြယ်လို ဘုရားရှိခိုးနေတဲ့လူကို တစ္ဆေခြောက်ရလားလို့ တစ္ဆေကိုတောင် စိတ်ဆိုးနေမိတာ... အမေ ရှင်းပြမှ သဘောပေါက်ရပါတယ်။ နလွင်ကိုတော့ ရှင်းမနေတော့ပါဘူး။ နလွင်က ဘာမှနားမလည်လေတော့... တစ္ဆေခြောက်တယ်ဆို ကြောက်တာနဲ့ သေတော့မှာပါ...။

" သမီးမြရံခြယ်... ဘယ်သူ့မှ မပြောနဲ့... အစ်မညီမြရာက မကြိုက်ဘူး... မခေတ္တရာက မယုံကြည်ဘူး... သူက သူနာပြုဆရာမကြီး လုပ်ခဲ့တာဆိုတော့ တစ္ဆေဆိုကြောက်ရကောင်းမှန်းကို မသိတာ..."

" ဟုတ်ကဲ့ပါ..."

အမေနှယ့်ကို ပြောလိုက်ရတာ... စိတ်ရှင်းသွားတာပေါ့လေ... စိတ်မှာ မကျေနပ်စိတ် လျော့ကျသွားပါတယ်... ဒါပေမယ့် တစ္ဆေဆိုတာကို ခုလို မျက်ဝါးထင်ထင် မြင်ရတာ ပထမဆုံးပါ...။

မနက်မှာတော့ ဖိုးဖိုးကြီးရဲ့ ခေါင်းပုံဟာ ဘာမှ မထူးဆန်းသလိုပါပဲလား...။

ညရောက်ရင်တော့ လျှာထုတ်ပြီး ခြောက်လှန့်တတ်တာက အမှုဝေတာကို လိုချင်တာလား.. လှောင်ပြောင် ခြောက်လှန့်နေတာလား.. လူတွေက ကြောက်လန့်ထွက်ပြေးရင် တစ္ဆေတွေက ပျော်ရွှင်စွာ ရယ်မောတတ်သလားလည်း မပြောနိုင်။

ဖ

ချစ်မိတယ် မြရုံခြယ်။

ဒါကြောင့်လည်း မဝေးချင်ဘူး.. မခွဲခွာချင်ဘူး...။ ဖွင့်ပြောမိတဲ့အခါမှာတော့... အမှန်တွေကို ပြန်မေးလာတယ်... မှန်တယ်လို့ သိပေမယ့်... ရင်ထဲမှာတော့ မကောင်းတော့ပါဘူး။

အိမ်ထောင်တစ်ခုကို ဘယ်လိုဦးစီးမှာလဲတဲ့။

ဟုတ်ပါတယ်။

အဖေနဲ့ အမေနွယ့်ဆီမှာ မုန်းဖိုး လက်ဖြန့် တောင်းနေရတာ...။

ဖိုးဝကို ဆွမ်းကျွေးပြီး အမျှဝေပေးလို့ ဒီကလေး ရမှ ရပ့်မလား...။ ဘုန်းဘုန်းကိုယ်တိုင် အဲဒီ့သစ်ပင်ကနေ သွားခေါ် ခိုင်းခဲ့တာပါ...။ ဘုန်းဘုန်း ကျောင်းကို ပြန်ကြွတော့ ကြီးကြီး ညီမြရာကားနဲ့ ပြန်ပို့ပေးရတာပါ...။ ဦးမြလှိုင် မအားလို့ သူမောင်းပေးရတယ်။ အဖေကပါ လိုက်လာတယ်လေ...။ အပြန်ကျတော့ အဖေနဲ့စကားပြောကြတယ်။

" မောင်ရွှေပြည်... အဖေလေ... ဒီသီတင်းကျွတ်မှာ ဘုန်းဘုန်းကျောင်းမှာ ဦးပဉ္စင်းဝတ်တော့မလားလို့... "

" ဗျာ... အပြီး... တစ်သက်လုံး "

" ဒါပေါ့သားရဲ့... တစ်သက်လုံးပေါ့..."

" အမေနွယ်ကရော... အမေ့ကို ဘယ်သူနဲ့ ထားခဲ့မလဲ..."

" အဖေသေရင်လည်း သူနေခဲ့ရမှာပဲဟာ... သူ့ဘာသာ သူနေမှာပေါ့ "

" အမေကရော ခွင့်ပြုသလား "

" ဘာလို့ခွင့်မပြုရမှာလဲ... မင်းလည်း ကိုယ့်ဘဝမှာ ရေရှည် ဘာအလုပ်လုပ်ချင်လဲ စဉ်းစားပါ... မောင်လှကြိုင်လို ခြံလုပ်ငန်း လုပ်ချင်သလား.. လုပ်ချင်တယ်ဆို အဖေ ခြံဝယ်ပေးခဲ့မယ်..."

" ဟုတ်ကဲ့... ကျွန်တော် တစ်ရက်နှစ်ရက် စဉ်းစားကြည့်ပါမယ်... သူငယ်ချင်းကလည်း သူ့ခြံတွေ အရမ်းအောင်မြင်နေလို့ လာပါလို့ ပြောပါတယ်... ဒါပေမယ့် အဖေနဲ့ အမေ့ကို မခွဲချင်လို့..."

" မခွဲချင်ရင် မခွဲရတော့ဘူးလား... ခဏတာ ဆုံကြတဲ့ သံသရာခရီးတွေပါ သားရယ်... မင်းဘဝ သာယာအောင်မြင်ရင် အဖေနဲ့ အမေကို ကျေဇူးဆပ်တာနဲ့ အတူတူပါပဲ..."

" အမေတစ်ယောက်တည်း ကျန်ခဲ့ရင် ကျွန်တော် ဘယ်လိုထားခဲ့ရမှာလဲ..."

" ဒါဆိုရင်... မင်းလုပ်ငန်းရှိတဲ့ဆီကို မင်းအမေနဲ့ မြရံခြယ်ကို ခေါ်သွားပေါ့..."

" ဗျာ... အမေနဲ့ မြရံခြယ်ကို ခေါ်သွားရမယ်...

နှလွှင်ကရော..."

အဖေက ပြုံးတယ်... ပြီးတော့မှ နှလွှင်က သားတို့နဲ့ လိုက်ချင်မှာ မဟုတ်ပါဘူး။ သူသွားချင်တဲ့ နေရာက တစ်နေရာ ပါတဲ့။ အဖေက အိမ်မှာ အေးအေးဆေးဆေး နေပေမယ့် တချို့ကိစ္စတွေဆို ရွှေပြည်ကျော် မသိတာတွေတောင် သိနေတာပါလား။

" မြရုံခြယ်ကိုပါ ခေါ်မသွားချင်ဘူးဆိုရင်လည်း မင်းသဘောပါ... ထားခဲ့ပေါ့..."

" ဟာ... အဖေကလည်း "

" သိပ်ခေါ်သွားချင်တာပဲ မဟုတ်လား "

" အဖေသိတယ် "

" မောင်ရွှေပြည်... အဖေတို့ အသက်အရွယ် အတွေ့အကြုံတွေ များလှပါပြီ... တစ်ခုတော့ ရှိတယ်သား... လူတစ်ယောက်ကို တကယ် ချစ်ခင် မြတ်နိုးလို့ ဘဝခရီးဖော် အဖြစ် လက်တွဲတော့မယ်ဆို... သူ့စိတ်ချမ်းသာမှု သာယာ ပျော်ရွှင်မှုကို ဘယ်လောက်ထိ ဖြည့်ဆည်းနိုင်မလဲ အရင် ကြည့်ဦး... အဖေနဲ့ အမေနွယ့်လို တကယ့်ကို မေတ္တာစစ်တဲ့ အချစ်မျိုးနဲ့ နေနိုင်ဖို့ ကြိုးစားပါ..."

" ကျွန်တော်နဲ့ မြရုံခြယ်ကို အဖေသဘောတူလားဟင်"

" ကာယကံရှင် နှစ်ယောက် ချစ်ခင်နှစ်သက်တယ်ဆို ဘာလို့ သဘောမတူရမှာလဲ..."

အဖေ့စကားကြောင့် ကြည်နူးချမ်းမြေ့ရပါတယ်။

" ကျွန်တော် ကြိုးစားပါ့မယ် အဖေ... အဖေနဲ့ အမေနှယ့်လို စံပြအိမ်ထောင်ရေး ဖြစ်စေရပါမယ်..."

" ချစ်တဲ့သူစကား နားထောင်ပြီး ငါးတောင် မမျှားတော့ဘူး မဟုတ်လား..."

အဖေ့စကားကြောင့် ရွှေပြည်ကျော် ပြုံးရပါပြီ။

ဟုတ်နေတာပဲ မဟုတ်လား...။

" အဖေနဲ့အမေ မနေတော့ဘူးဆို မဟော်ဂနီစံအိမ်က အမွေ ဘယ်ရမလဲ "

" မင်းက လိုချင်လို့လား "

" မဟုတ်ပါဘူး... တွေးကြည့်တာပါ..."

" အစ်မညီမြရာနဲ့ သစ္စာပဲ ရအောင် လုပ်ကြပါစေဦး.. အဲလို လောဘတရားတွေကို စိတ်ပျက်လို့လည်း ထက်မြတ်မှူး ဒီကထွက်သွားတာ... အမွေကရော ဘယ်လောက်ရမှာလဲ... မင်းရဲ့ ဒီတစ္ဆေအိမ်ကြီးကို ရောင်းရင်ကော ဘယ်သူက ဝယ်မှာလဲ..."

" တစ္ဆေအိမ် တစ္ဆေအိမ်နဲ့ ပြောနေကြတာလည်း ကျွန်[illegible]ဘ် မကြိုက်သလိုပါပဲ..."

" တစ္ဆေဆိုတာက ဒီအိမ်မှာမှ မဟုတ်ပါဘူးကွာ... နေ[illegible]အနှံ့ ရှိနေတာပါ... ပြိတ္တာတွေက သစ်ပင်တွေပေါ်လည်း ရှိနေကြတာ... ဒီအိမ်မှာမှ ရှိတာလား..."

" အိမ်မှာ တကယ် တစ္ဆေရှိသလား အဖေ... ဒေါ်[illegible]င်ထားမီတို့ကော တကယ် တစ္ဆေဖြစ်သွားသလား...

ဖိုးဝရော ကျွတ်မှ ကျွတ်သေးရဲ့လား..."

" ပြိတ္တာတွေဆိုတာက အကုသိုလ်ကံ မကုန်သေးရင် သာခုမခေါ်နိုင်ကြဘူးလေ... အဖေတို့ကတော့ သူတို့ကို အမြဲ အမျှဝေနေပေမယ့် အကုသိုလ်ကံကြွင်းရှိနေသမျှ မကျွတ်လွတ် နိုင်ကြဘူးပေါ့... အဖေကတော့ နာမည်ခေါ်ပြီး အမျှအတန်း ဝေပေမယ့် မမြင်ရပါဘူး... အဲဒါကျတော့ မင်းအမေနွယ်က တရား အရမ်းထိုင်တော့ ပိုသိပိုမြင်တယ် ထင်ပါရဲ့..."

အဖေပြောတာ ဟုတ်မှာ။ အမေနွယ်က တစ်ခါတလေ ဝရန်တာကြီးမှာ ဟိုဒီလျှောက်ရင်း သူပြုသမျှ ကုသိုလ်တွေကို အမျှဝေနေသံ ရှေပြည်ကျော် ကြားဖူးပါတယ်။ ဖိုးဖိုးကြီး နာမည်လည်း ပါ... တင်ထားမိ နာမည်လည်းပါ... လူအတော် များများ နာမည်ပါ ပါပါတယ်။ ဖိုးဝကိုလည်း တွေ့ဖူးမယ် ထင်ပါရဲ့။ ဖိုးဝအကြောင်း အဖေ့ကို မေးကြည့်ဦးမှပါ။

" အဖေ... ဖိုးဝတို့အရွယ်လည်း တစ္ဆေဖြစ်တာပဲလား"

" ဖြစ်တာပေါ့... ပြိတ္တာဘဝ ရောက်သွားတာ... ကလေးတွေကိုတော့ မှင်စာလို့ ခေါ်တယ် ပြောကြတယ်... ဘယ်အရွယ်ဖြစ်ဖြစ် သေကာနီး စွဲလန်းစိတ်နဲ့ ပြိတ္တာ ဖြစ်ကြရတာကို... မင်းလည်း အစွဲအလန်းတွေလျှော့... သေကာနီးမှာ မြရုံခြယ် မြရုံခြယ်နဲ့ စွဲနေရင်တော့ သေချာပေါက် တစ္ဆေဖြစ်မှာ..."

အဖေကပြောရင်း ရယ်နေတော့တာ။ ပြီးတော့ အဖေ ဦးပဉ္ဇင်းဝတ်တဲ့နေ့ မင်းလည်း လိုက်ဝတ်တဲ့။

" အဖေ... ကျွန်တော်က..."

" အင်းပါ... အဖေသိပါတယ်... မြရံခြယ်ကို မခွဲနိုင်ဘူး မဟုတ်လား... အဖေပြောတာက ခဏတဖြုတ်ဝတ်ဖို့ပါ... ဆယ်ရက်လောက်ပေါ့... ပြီးတော့ ပြန်ထွက်ပေါ့... ဟုတ်လား..."

" ခဏဆိုရင်တော့ ဝတ်ပါမယ် "

" အင်းလေ... ပုထုဇဉ်တွေပါပဲ... တရားသိသိနဲ့ မကျင့်ကြံနိုင်ကြပဲ စွဲလန်းခြင်းတွေမှာ နစ်မျောကြတာပါပဲ... အဖေတို့လည်း ဒီလိုပဲ ဖြစ်ခဲ့ကြတာပါပဲ..."

တန္ဆေအိမ်သို့ တစ်မိုင် ဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့တော့ အဖေက ပြောပါတယ်။ အံ့စွဲအလန်းများလေ တန္ဆေများလေ ပေါ့ကွာ... ငါတို့အိမ်မှာက လောဘ ဒေါသ မောဟ များတဲ့ လူတွေပဲ များတာကိုး... ဒါကြောင့်လည်း သေရင် တန္ဆေပဲ များနေတာတဲ့လေ...။

" မဲင်းလည်း လောဘတွေလျှော့.. မြရံခြယ်လေးရမှ ရမှနဲ့ လောဘများနေတာပဲ မဟုတ်လား.. တော်ကြာ တန္ဆေ ကလေး ဖြစ်နေမယ်..."

အဖေ တဟားဟားရယ်နေတာကို နှစ်သက်စွာ နား ထောင်ရင်း အဝေးမှာ မြင်နေရပြီဖြစ်တဲ့ တန္ဆေအိမ်ကိုပဲ ကြည့်နေလိုက်မိပါတယ်။

ဖွ

ခရေပင်ကြီးအောက်မှာ ထိုင်ရင်း ကိုရွှေပြည့်ကား အလာကို စောင့်နေမိတယ်။ စောတော့ စောပါသေးတယ်။ နုလွင်တောင်မှ မလာသေး။ ဒီနေ့ မနက်တည်းက နုလွင်ကို ခေါ်လာခဲ့တယ်။ မိပုနဲ့ ဖိုးလှကြ ဘုန်းကြီးကျောင်းကို လာခေါ်ကြတယ်လေ။ ညနေ မြရုံခြယ် ပြန်ကာနီးမှ ပြန်လာမယ်လို့ ပြောသွားတာ။

နုလွင် ပျော်နေတာလေး မြင်ရတော့ မြရုံခြယ် သဘောကျရပါတယ်။ ညီအစ်မအရင်း မဟုတ်လည်း နှစ်တွေ အတော်ကြာ အတူနေတော့ သံယောဇဉ်တော့ ရှိပါတယ်။ ဆူညံသံနှင့်အတူ ထော်လာဂျီကတော့ ရောက်လာပါရဲ့။ နုလွင် မလာသေး...။

" နုလွင်က မိပုတို့အိမ်သွားလည်တာ အခုထိ မရောက်သေးဘူး ကိုရွှေပြည်..."

" ထိုင်စောင့်ရင်း စကားပြောနေကြတာပေါ့... ခရေပန်းတွေ ကြွေနေပါလား..."

ကိုရွှေပြည်က ခရေပန်းတွေ ကောက်ရင်းမှ မြရုံခြယ်ကို စကားလှမ်းပြောပါတယ်။

" မြရုံခြယ်... ပန်းပင်သီးပင်တွေ စုံနေတဲ့ ခြံတစ်ခြံမှာ နေရမယ်ဆို ပျော်မှာလား.."

" ဘာလို့လဲ..."

" မေးကြည့်တာပါ..."

" မပြောတတ်ပါဘူး.."

" ကျွန်တော့်ကို အဖေက ခြံလုပ်ငန်းလုပ်ချင်ရင် ခြံတစ်ခြံဝယ်ပေးခဲ့မယ်တဲ့..."

" ဝယ်ပေးခဲ့မယ်... ဒါဆို အဖေက ဘယ်သွားမှာမို့လဲ"

" အဖေက ဘုန်းဘုန်းကျောင်းမှာ ဦးပဉ္စင်း ဝတ်တော့မယ်... ဒီမိုးကုန်လောက်ရင်တဲ့ "

" ဟင်... တစ်သက်လုံး "

" ဒါပေါ့ "

" အမေကရော..."

" အမေနဲ့ မြရုံခြယ်ကို ကျွန်တော် စောင့်ရှောက်မှာပေါ့"

" ဟင်..."

အံ့သြစရာပါပဲ။ ဘယ်လိုမှ မထင်မှတ်တဲ့ အကြောင်းတစ်ခုကို ကြားရတာပါ။ အမေနွယ်ကော သိလားဆိုတော့ သိမှာပေါ့တဲ့။ အဖေနဲ့ အမေနွယ့်ကို ဒီမဟော်ဂနီစံအိမ်ကို လာခဲ့မှ တွေ့ရပေမယ့် မြရုံခြယ် သံယောဇဉ် ဖြစ်နေသလိုပါပဲလေ။

အဖေနဲ့ အဖိုးက ညီအစ်ကို ဖြစ်သလို စိတ်ဓာတ်ကောင်းမွန်တာခြင်းက တူညီသလိုပါပဲ။ ဒါကြောင့်လား မသိ။

အဖိုးကို ချစ်သလို ချစ်နေမိပါတယ်။

" အဖေ ဘုန်းဘုန်းဝတ်ပြီဆို ဒီကျောင်းမှာပဲ အမေနဲ့ နေလိုက်မှာပေါ့... အဖေဘုန်းဘုန်းရဲ့ ဝေယျာဝစ္စတွေ ပြုစုပေးရင်း... စာသင်နေလို့ရတာပဲ..."

" ကျွန်တော်နဲ့ အတူမနေရဘူးပေါ့..."

" မနေပါဘူး..."

မြရုံခြယ် ဒီလိုပြောတော့... မကြည်မလင် မျက်နှာနဲ့ ကြည့်နေတယ်။

" ကျွန်တော် အိမ်ထောင်ဦးစီးကောင်း တစ်ယောက် ဖြစ်အောင် ကြိုးစားတော့မှာပါ... မြရုံခြယ်ကိုတင် မဟုတ်ပါပဲ အမေနွယ်နဲ့ပါ အတူ စောင့်ရှောက်မှာ..."

" အပြောကတော့ ကောင်းပေါ့... လက်တွေ့ ကြည့်ရဦးမယ်..."

" ကြည့်ပေါ့..."

နာရီဝက်လောက်နေမှ နုလွင်နဲ့ ဖိုးလု ရောက်လာပါတယ်။ မိပုကိုတော့ ဒေါ်ခင်ရှုခိုင်းထားလို့ လိုက်မပို့အားဘူးတဲ့လေ...။ ထော်လာဂျီပေါ်ရောက်တော့ ဖိုးလုက လာလည်ဦးနော် နုလွင်လို့ လှမ်းခေါ်ပါတယ်။ နုလွင်က အေးပါလို့ ပြောလိုက်တာ။ ပထမတော့ သူတို့နှစ်ယောက်ကို မြရုံခြယ် အမှတ်မထင် ကြည့်မိတာပါ။

ဖိုးလုရဲ့ မျက်လုံးလေးတွေက ကိုရွှေပြည်ကျော် ကြည့်သလိုမျိုး...။ တစ်မျိုးလေးပါပဲ။

နုလွင်နဲ့ ဖိုးလှကို မြရံခြယ်စိတ်မှာ အငယ်ကလေးတွေလို ထင်ထားခဲ့တာ။

ဟုတ်ပါရော...။

သူတို့ အရွယ်ရောက်နေကြပြီ။ သူတို့ရဲ့ နှလုံးသားတွေလည်း လှုပ်ခတ်နေနိုင်တာပါလား။

" နုလွင် "

" ရှင် "

" ဖိုးလှတို့အိမ်မှာ ဘယ်သူ့တွေခဲ့လဲ..."

" ဒေါ်လေးဒေါ်ခင်ရှုနဲ့ မိပုရှိပါတယ်... ဦးလေးစိုးကတော့ ခြံထဲသွား အလုပ်လုပ်ရတယ်..."

" နောက်ဆို နင် အလည်သွားချင်ရင် ခဏပဲသွား... မိန်းကလေးဆိုတာ အကြာကြီး လျှောက်မလည်သင့်ဘူးကြားလား "

" ဟုတ်ကဲ့ပါ "

မသွားရဘူးလို့လည်း အတင်းမပြောရဲ။ ဒီအရွယ်တွေဟာ အချစ်ကိုစွဝင်လာရင် ဦးနှောက်နှင့် စဉ်းစားတော့တာ မဟုတ်... တော်ကြာမှ ချစ်တဲ့သူကို မခွဲနိုင်ပါဘူးဆို လိုက်ပြေးသွားမှ အခက်။

" အစ်ကိုရွှေပြည်က အစ်မကို ချစ်ခွင့်တောင်းထားသလား..."

" နင့် ဘယ်သူပြောလဲ "

" ကြည့်ရင် သိတာပေါ့... အစ်ကိုရွှေပြည့်မျက်လုံးလေး

တွေက အစ်မဆီမှာပဲ တဝဲလည်လည်နဲ့… အစ်ကိုရွှေပြည်က ရုပ်လည်းချော သဘောလည်းကောင်းလို့ အစ်မနဲ့ လိုက်ဖက် ညီပါတယ်… ဒါပေမယ့် အစ်မရယ်… အစ်ကိုရွှေပြည့်ကို အစ်မချစ်တယ်ဆိုရင် ရန်ကုန်ပြောင်းကြပါလား.. အစ်မမှာ အဖိုးထားခဲ့တဲ့ ငွေတော့ ရှိမှာပါ… အစ်ကိုရွှေပြည်နဲ့ အစ်မ ရန်ကုန်မှာ လုပ်ကိုင်စားကြပါလား… ဒီအိမ်ကြီးမှာတော့ မနေ နဲ့… အစ်မကို တစ်ခုခုဖြစ်မှာ နုလွင် စိတ်ပူပါတယ်…"

မြရုံခြယ်ကို နုလွင်ချစ်တယ်ဆိုတာတော့ ယုံကြည် ပါတယ်… ဒါကြောင့် စိတ်ပူတယ်ဆိုတာလည်း ဖြစ်နိုင်တာပေါ့… ဒါပေ ယ့် အစ်ကိုရွှေပြ ် အစ်မ ရန်ကုန်ပြောင်းပြီး လုပ်ကိုင် စားတဲ့။ နုလွင်ကရော… နုလွင်က ဘယ်မှာနေမှာလဲ။

" ကဲ… ဥပမာဟယ်… ငါက ကိုရွှေပြည်ကို လက်ထပ် မယ်… ရန်ကုန်ပြန်ကြမယ်ဆို… နင်ကကော "

" နုလွင်က "

" အေးလေ… နင်က ငါသွားတဲ့ဆီ မလိုက်ဘူးလား… နင်က… ဒီမဟော်ဂနီစံအိမ်မှာပဲ အမေနွယ်တို့နဲ့ နေမှာလား"

" အမလေး… ဒီလောက် ကြောက်နေရတဲ့ အိမ်ကြီးမှာ မဖြစ်လို့ နေနေရတာ… အစ်မ မရှိလို့ကတော့ မနေသေးဘူး"

" မနေရင် ဘယ်သွားနေမလဲ…"

နုလွင်က ရုတ်ခြည်း မဖြေ…။

တိတ်ဆိတ်နေသေးတာ။ ပြီးတော့မှ… အစ်မ… နုလွင်နဲ့ ဖိုးလှ ချစ်နေကြတယ်… အစ်မ မရှိရင် နုလွင်လည်း ဖိုးလှနဲ့

လိုက်သွားတော့မှာတဲ့။

ဖြစ်ရလေ...

မြရံခြယ်ဟာ သည်မျှအထိ ညံ့ဖျင်းတာပါလား။ နုလွင်နဲ့မိပု တတွဲတွဲ ရှိနေတာကိုပဲ သိပြီး ဖိုးလှနဲ့ နုလွင် ချစ်နေကြမယ်လို့ လုံးဝမထင်ခဲ့။

" အစ်မ... ဖိုးလှနဲ့ နုလွင် တကယ်ချစ်တာပါ..."

" အေးပါဟယ်... ငါ စဉ်းစားပါရစေဦး..."

အရင်က နုလွင်တစ်ယောက် ရှာပြန်မယ်ချည်း ပြောနေတာ။ အခုနောက်ပိုင်း မပြောတော့တဲ့အခါမှာတော့ နေသားကျလာလို့လို့ ထင်ခဲ့တာပါ...။ လက်စသတ်တော့ မရွှေနုလွင်က အချစ်တွေ့နေတာကိုး။ အင်းပေါ့လေ... မြရံခြယ်ကလည်း သူ့ဘဝကို ရေရှည် စောင့်ရှောက်နိုင်တာမှ မဟုတ်တာပဲ...။

" နုလွင်... နင် လိုက်ပြေးတာတို့ ဘာတို့တော့ မလုပ်နဲ့... အဖေနဲ့အမေကို တိုင်ပင်ပြီး သီတင်းကျွတ်လောက် စီစဉ်ပေးမယ်..."

နုလွင် ပျော်နေလိုက်တာ။

အချစ်တဲ့... အဲလိုမျိုးလား။ ကြောက်တာတွေကိုတောင် ပယ်ဖျောက်ပေးတတ်သလား မသိ။

❧

အမေနှယ်က မောင်ရွှေပြည်... မိုးလေကင်းစင်တုန်း ခြံထဲဆင်းကြည့်ရအောင်လို့ ခေါ်တာနဲ့ လိုက်လာခဲ့ရတာ။ အမေက ကျန်ခဲ့တဲ့ နှစ်နှစ်လောက်မှာ လှေကားပေါ်က လိမ့်ကျပြီး ခြေထောက် ဒဏ်ရာဖြစ်ခဲ့တော့ ခပ်ဝေးဝေး သွားမယ်ဆို ရွှေပြည်ကျော့ကိုပဲ တွဲသွားလေ့ရှိပါတယ်။

"ဟော... သမီးမြရုံခြယ်က ဘယ်တုန်း..."

"အမေ... ဘုရားခန်းက ပန်းတွေ ညှိုးနေတယ်လေ... ဈေးသွားဖို့ ရက်ကလည်းလိုသေးတာနဲ့ ခြံနောက်ဘက် သပြေပင်ကြီးက သပြေခူးမလားလို့ပါ... အမေက ဘယ်သွားမှာလဲ..."

"အမေလည်း ခြံနောက်ဘက်လျှောက်ချင်လို့ မောင်ရွှေပြည်ကို တွဲခိုင်းရတာ... အတော်ပဲ သမီးပါ လိုက်ခဲ့လေ..."

အမေ့ကို တစ်ဘက်တစ်ချက် တွဲခေါ်လာခဲ့ကြတာ။ နောက်ဘက်လမ်းလေးအတိုင်း လျှောက်ခဲ့ကြတယ်...။ သပြေပင်ကြီးနား ရောက်တဲ့ထိလည်း မရပ်သေး။ အမေ ဘယ်ထိ သွားမလဲ... နောက်ဘက်မှာ ဘာမှမရှိတော့ဘူးလေ ဆိုတော့...။

"မိသားစု သင်္ချိုင်းဆီ သွားချင်တယ်..."

" ဟင်... ဘာလို့လဲ အမေ..."

" သွားကြည့်မယ်လေ... ဂူတွေ အတော် ပျက်စီးနေပြီလား... ပြင်သင့် ပြင်ရတာပေါ့..."

ဟိုအရင်တစ်ခါ မြရုံခြယ်နဲ့အတူ ရောက်တုန်းက မဟူရာ အပုတ်နံ့ ရခဲ့တာ အမှတ်ရမိပါပြီ။ မိသားစုသင်္ချိုင်းကတော့ ဂူဘယ်လောက်များမှာလဲ...။

" မောင်ရွှေပြည်နဲ့ ရုံခြယ်... နောက်ထပ် ဂူတစ်လုံး ထပ်ဆောက်မယ်ဆို ဘယ်နေရာ ကောင်းမလဲ..."

" ဒီ ယုဇနပင်ကြီးအောက်မှာ ကောင်းမယ် အမေ..."

" အို... ကိုရွှေပြည်ကလည်း ဘာတွေလျှောက်ပြောနေလဲ... အမေကကော ဘာလို့ အဲလိုပြောတာလဲ "

ဟုတ်သားပဲ...

မြရုံခြယ် သတိပေးတော့မှ အမေ ဘာလို့ ဒီလိုပြောရပါလိမ့်လို့ တွေးမိရတယ်။

" ဟုတ်ပါရဲ့... ဘာလို့လဲ အမေ "

" မိုးအတော်ပြတ်တဲ့ တော်သလင်းလောက်မှာ ဂူတွေ ပြင်ဆင်ပေးချင်လို့ပါ... ဖိုးဖိုးကြီးဂူလည်း အင်္ဂတေ အတော်ကွာနေပါရောလား..."

" အမေ လေ့ကားက လိမ့်ကျတာ ဖိုးဖိုးကြီး တွန်းချတယ်လို့ ပြောကြသေးတယ်..".

" မဟုတ်ပါဘူး.. အမေက ခြေကျင်နေတုန်း ဆင်းလိုက်လို့ပါ... မင်းတို့ ဖိုးဖိုးကြီးက အရင်က တကယ် တချွေ

ဖြစ်ခဲ့ပေမယ့် အခု ကျွတ်လွတ်သွားပါပြီ... အိမ်မှာ မရှိတော့ပါဘူး... သူ့လမ်း သူသွားပါပြီ.."

အမေက ဘယ်သူ့ဂူက ဘယ်နေရာပျက်တယ်... ပြင်ရမယ်နဲ့ ပြောနေတော့တာပါလား။ အဖေနဲ့အမေနွယ် ပြောတဲ့စကားတွေက တစ်ခါတလေ ရွှေပြည်ကျော်တို့ နားမလည်နိုင်အောင်ပါပဲ။

" အမေ... အဖေက ဘုန်းကြီးဝတ်တော့မှာတဲ့... အဲဒီအချိန်ကျရင် သားနဲ့နေနော်... အမေနဲ့ မြရံခြယ်ကို သားစောင့်ရှောက်ပါမယ်... အခု ခြံအလုပ်လုပ်ဖို့ အဖေနဲ့ တိုင်ပင်နေပါပြီ... မဟော်ဂနီစံအိမ်မှာတော့ မနေရတော့ဘူးပေါ့ "

" မင်းအဖေက အမေ့ကို တိုင်ပင်ပါတယ်... သူအကောင်းဆုံးလမ်းကို ရွေးတာ အမေက ဘာလို့ ခွင့်မပြုရမှာလဲ... သားက အမေ့ကို စောင့်ရှောက်ချင်တယ် ဆိုတာလည်းဝမ်းသာရပါတယ်... သာဓု သာဓုပါ... အမေ့ကို ချစ်ရင်မင်းညီမ မြရံခြယ်ကိုသာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့စောင့်ရှောက်ပါ... အဖေနဲ့ အမေက ကိုယ်သွားရမယ့် လမ်းတွေကိုယ်သိကြပြီးသားပါ... မြရံခြယ်လည်း မှတ်ထား... အဖေနဲ့အမေက သားနဲ့သမီးကို စိတ်ချမ်းသာစေချင်တာပါ... ချစ်ချစ်ခင်ခင် နေကြပါ... သမီး သပြေပန်းခူးမယ်ဆို ခူးလေ..."

အမေနဲ့ ရွှေပြည်ကျော်ကပါ မြရံခြယ်ကို သပြေပန်းအတူ ဝိုင်းခူးပေးကြပါတယ်။

" အမေ... နလွင်က ဖိုးလှနဲ့ ချစ်နေတယ်တဲ့...

အဲဒါ..."

" ငါ့သမီး ခုမှ သိတာလား.. နှလွင်က သမီးနဲ့ တစ်သက်လုံး အတူမရှိနိုင်ပါဘူး... နှလွင်က တစ်နေ့ သူ့လမ်း သူသွားရမှာပါ... တစ်နေ့ကျရင် သမီးက မောင်ရွှေပြည်နဲ့ပဲ အတူကျန်နေခဲ့မှာ..."

" ဗျာ... ကျွန်တော်နဲ့ မြရုံခြယ်ပဲ အတူကျန်နေခဲ့မှာ..."

" ဒါကြောင့် သားက မြရုံခြယ်ကို ချစ်ခင်ကြင်နာစွာ စောင့်ရှောက်နိုင်ပါ့မလား... အမေ့ကို ကတိပေးနိုင်လား "

" ပေးနိုင်ပါတယ်... ကျွန်တော် မြရုံခြယ်ကို ချစ်ချစ် ခင်ခင် စောင့်ရှောက်ပါမယ်... အဖေ ဘုန်းကြီးဝတ်ရင် အမေနဲ့ မြရုံခြယ်နဲ့အတူ ပျော်ပျော်ရွှင်ရွှင် နေပါမယ်..."

အမေကိုယ်တိုင်က မြရုံခြယ်အပေါ် ချစ်ခင်ကြင်နာစွာ စောင့်ရှောက်စေချင်တယ်ဆိုတော့ ရွှေပြည်ကျော် ကြည်နူးချမ်းမြေ့ ရပါပေါ့။ မြရုံခြယ် စိတ်ထဲတော့ ဘယ်သို့ ရှိမည် မသိ။

အမေနဲ့ မြရုံခြယ်တို့ပါ အတူ အဖေရှိတဲ့ ဘုန်းဘုန်း ကျောင်း ခဏခဏသွားမယ်။ ခြံအလုပ်တွေ ကြိုးစား လုပ် မယ်...။

နောက်ဆို အကောင်းဆုံးသော အိမ်ထောင်ဦးစီး ဖြစ်စေဖို့ ရွှေပြည်ကျော် အများကြီး ကြိုးစားရဦးမယ် မဟုတ်လား။

❧

**တစ်**နေ့ကျရင် သမီးက မောင်ရွှေပြည်နဲ့ပဲ အတူ ကျန်ရစ်ခဲ့မှာတဲ့...။ အမေနွယ့်စကားကို ပြန်ကြားတိုင်း စိတ်ထဲ မကောင်းသလို တစ်မျိုးကြီးပါ...။ မြရုံခြယ်ကို ချစ်ခင် ကြင်နာစွာ စောင့်ရှောက်နိုင်ပါ့မလားလို့လည်း ကတိတောင်း သေးတာ။ ဘာတွေလဲကွယ်။

နုလွင်ကလည်း မြရုံခြယ်နဲ့အတူ ဘယ်နေချင်ပါ တော့မလဲ...။ သူ့ချစ်သူ ဖိုးလှနဲ့ပဲ နေချင်တော့မှာ...။

" အစ်မ... ထမင်းစားကြစို့လေ..."

" နင် ဆာနေပြီလား... ဒါဆိုလည်း စားကြတာပေါ့"

ထမင်းစားခန်းဆီ ဆင်းလာခဲ့ပါတယ်။ ခုရက်ပိုင်းတော့ ဒေါ်ပြုံးတစ်ယောက်တည်း... ကူညီမယ့် ဒေါ်ခင်ရှုလည်း မရှိ မိပုလည်း မရှိမို့ မြရုံခြယ်နဲ့ နုလွင်က အဖေ အမေ ကိုရွှေပြည်နဲ့ အတူ ငါးယောက်စာ အိုးခွဲ ချက်စားလိုက်ကြပါတယ်။

" ဟဲ့... ငါ ထမင်းစားနေတုန်း... ညီမြရာ ခေါ်သံ ကြားလို့ ထွက်ကြည့်ပါတယ်... ငါ့ကြက်သားကြော်က ဘယ် ရောက်သွားသလဲ..."

ထမင်းစားခန်းထဲ အခုမှ ဝင်မယ် လုပ်တုန်း...။

ပြဿနာက ထမင်းစားခန်းမှာ ကြိုရောက်နှင့်ပါရော...

အထူးသဖြင့်... ကြီးဒေါ်ခေတ္တရာနဲ့ဆိုတော့ ပိုစိတ်ရှုပ်ရပါတယ်။

" ဟဲ့... မိပြုး ငါ့ကြက်သားကြော်ပါဆို..."

" အဖွားခေတ္တရာ ကြက်သားကြော်ကို ဗလ ယူစားသွားပြီ "

သူရက ဖျတ်ခနဲ ဝင်ပြောလိုက်ပါတယ်။

" ဟယ်... ဒီကောင်လေး... ဒီလောက် စားသောက်နေရတာတောင် ငါ့ကြက်သားကြော်ကို ခိုးစားရတယ်လို့ပဲ... တစ်နေ့ တစ်နေ့ စားလို့ကို မဝဘူး.. ဗိုက်ပေါက်ထွက်နေမယ်..."

" ကြီးဒေါ်ခေတ္တရာ... ဘယ်လို ပြောလိုက်တာလဲ... ရှင့်အကြောင်း ရှင်သိရင် စကားကို ဆင်ခြင်သင့်တာ... ကျွန်မသား တစ်ခုခု ဖြစ်လို့ကတော့... သူသေကိုယ်သေပဲ..."

ဗလအတွက်နဲ့ ဒေါ်တင်ထားစံကပါ ပါလာပြန်ပြီ...။ ဟုတ်တော့ ဟုတ်တာပဲ... နောက်ထပ် ကြက်သားကြော် ထပ်တောင်းရင် မရတာကျလို့...။ အခုတော့ စကားကို ကြဲသလို ရက်ရက်စက်စက် ပြောတတ်တာက ဆိုးဝါးလွန်းပါတယ်..။

" ခေတ္တရာ... ခေတ္တရာ... နင်ကဟယ်..."

" ညီမြရာ... သူတို့ကရော ကောင်းလို့လား... နင်က နင့်အမျိုးဘက်ကလား..."

" ခေတ္တရာ... နင်စားချင်ရင် ကြက်တစ်ကောင်လုံး ကြော်ပေးဆို ပေးမယ်... စကားပြော ဆင်ခြင်မှပေါ့... ကိုယ့်ပါးစပ်က ထွက်သမျှ ဒုက္ခလိုက်ပေးတတ်မှန်း သိရင်

ဆင်ခြင်သင့်ပြီ... နင် အခုလို ပုံစံနဲ့ဆိုရင်တော့... မဟော်ဂနီစံအိမ်ကို ရောင်းပြီး ခွဲနေကြမှ ထင်ပါရဲ့... နင့်ဒဏ်ကို ငါတို့က လွဲလို့ ဘယ်သူကမှ ခံချင်မှာ မဟုတ်ဘူး..."

ကြီးကြီးညိုမြရာကတော့ ညည်းညည်းညူညူလေးနဲ့ ပြောနေရပါပြီ...။ ဒေါ်တင်ထားစံလည်း စိတ်တွေဆိုးလိုက်တာမှ။ ဖွားလေးသစ္စာကတော့ သူ့မြေးတစ်ခုခုဖြစ်ရင် မဟော်ဂနီစံအိမ်ကနေ သွားကြတော့လို့ စိတ်ဆိုးနေပြန်ပါရော...။

" အစ်မ... ထမင်းဆာလှပြီ..."

" နင်ကတစ်ဂျိုး... မီးဖိုထဲမှာ ဆူပွက်နေပါတယ်ဆိုမှ... နင်လည်း ယောကျ်ားယူပြီး ကြဲခင်းစု လိုက်သွားတာအေးမယ်..."

အဲလိုပြောမှ နုလွှင်ကလည်း ငြိမ်သွားတာ...။

သူတို့တွေ ဆူကြပူကြ ငိုကြအော်ကြပြီး မီးဖိုထဲက ထွက်သွားတော့မှ မြရုံခြယ် ထမင်းခူးဖို့ ပြင်ရတယ်။

" မြရုံခြယ်... အဖေနဲ့ အမေနွယ့်အတွက် အပေါ်ပို့မလား... ကျွန်တော်ပို့ပေးမယ်..."

" ဒါဆိုလည်း ပို့ပေးပါဦး... ပြီးမှ ကိုရွှေပြည်ကျော်လည်း ထမင်းလာစားလေ..."

အဖေနဲ့ အမေနွယ့်အတွက် ထမင်းဟင်းကို အခန်းဆီပို့ပေးလိုက်ရတယ်။ ပြီးတော့မှ သုံးယောက်စာ ထမင်းပြင်ဖို့ နုလွှင်ကို ပြောလိုက်တယ်။

" မောင်ရွှေပြည်... ထမင်းစားမလို့လား "

" ဟုတ်ကဲ့... အစ်မကြီး..."

" စားပြီးရင် ခြံထဲမှာ ကိုလှကြိုင် သွားခေါ်ပေးစမ်းပါဟယ် "

" ဟုတ်ကဲ့... ကျွန်တော် အမြန်စားလိုက်ပါမယ်..."

ဒေါ်တင်ထားစံကတော့ သူ့ယောကျ်ား သွားခေါ်ခိုင်းနေပြီ။ ဘာတွေ တိုင်ပင်ကြဦးမယ် မသိ။

" ဒီလောက် စိတ်ညစ်နေရကြရရင်လည်း ဒေါ်ခေတ္တရာနဲ့ မနေတာ အကောင်းဆုံးပါပဲ "

" ဟဲ့... နုလွင် စကား ဆင်ခြင်ပြောလေ... အခုဖြစ်နေသမျှ စကားမဆင်ခြင်လို့ ဖြစ်ရတာ..."

" မြရုံခြယ်လက်ရာက သိပ်ကောင်းပါတယ်... ဒါပေမယ့် သွားစရာက ရှိနေတာ..."

ကိုရွှေပြည်ကျော့ခမျာလည်း ထမင်းစားတာတောင် အေးအေး မစားရပါဘူး။ မြရုံခြယ့်အတွက် သောက်ရေတစ်ခွက်ခပ်ပြီး ဘေးနား ချထားပေးခဲ့တာကို နုလွင်က ကြည့်နေတာပါလား...။ ခုနောက်ပိုင်း အသေးစိတ်ကလေးတွေက အစဂရုစိုက် ကြင်နာလာတာဟာ အမေနွယ့်ကို ကတိပေးထားလို့လားလို့ မေးချင်နေမိတယ်။

ဖ

**အစ်ကို**ကြီး ဦးလှကြိုင်ကို ခေါ်လာပေးတော့ ဒေါ်တင်ထားစံတို့ ဘာတွေတိုင်ပင်ကြတယ် မသိပါဘူး။ ခက်နေတာက မဟော်ဂနီစံအိမ်ကို ရောင်းပြီး အမွေခွဲကြမယ် ဆိုရင်တောင် ဝယ်မယ့်လူ ရှိမယ်မထင်။ နေကြရမယ် ဆိုပြန်တော့… ကြီးဒေါ်ခေတ္တရာနှင့် ထိပ်တိုက်တွေ့ရတာက မလွယ်…။

လောလောဆယ် သနားစရာကောင်းနေတာက ဗလတို့ညီအစ်ကို။ ဘယ်မှ ထွက်မဆော့ရပါပဲ… အခန်းထဲမှာ ပိတ်ထားတယ်လေ…။

" ဟင်… မြရုံခြယ် ပန်းကန်တွေ ဆေးမလို့လား.. ကျွန်တော် ဆေးပေးပါမယ်… နုလွင်ကရော…"

". နုလွင်ကို ပန်းဝတ်မှုံက မီးပူတိုက်ပေးပါဆို ခေါ်သွားတယ်…"

" ဖယ်… ဖယ်… ကျွန်တော် ဆေးမယ် "

" နေပါစေ… ပြီးတော့မှာ… ကိုရွှေပြည်ကျော်…"

" ဟင်… ဘာလဲ… ပြောလေ "

" သီတင်းကျွတ်မှာ အဖေ ဘုန်းဘုန်းမဝတ်ခင်လေး… နုလွင်နဲ့ဖိုးလှကို မင်္ဂလာ ဆောင်ပေးလိုက်ရရင် ကောင်းမလား…"

" ဘာလို့လဲ…"

" နုလွင်က ဘာမှ စဉ်းစားဆင်ခြင်တာ မရှိတော့ ဒီမှာထားရတာ ကြီးဒေါ်ခေတ္တရာအပေါ် ပြောမှားဆိုမှား ရှိခဲ့မှာ စိတ်ပူတယ်..."

" အဖေနဲ့ အမေနွယ့်ကို ပြောပြတာပေါ့..."

" ဟုတ်တယ်..."

မြရံခြယ် ပန်းကန်ဆေးတာကို ကူပြီး အဝတ်နဲ့သုတ်ပေးနေတုန်း နောက်ဘက်လှည့်လိုက်တော့ စန္ဒာအေး ရှိနေတာ ပါလား...။ ခဏပဲ ကြည့်ပြီး လှည့်ထွက်သွားပါတယ်...။

" ထမင်းစားပြီး ရေသောက်လိုက်လား "

" သောက်ပြီးပါပြီ "

" ရော့... ဒါ စားဦး..."

ထမင်းမစားခင်က ပြင်ဆင်ထားတဲ့ သရက်သီးစိတ် ပန်းကန်ကို ယူပြီး မြရံခြယ်ကို ပေးလိုက်တယ်...။ အဖေနဲ့ အမေ့အတွက် အမြဲ သစ်သီးတစ်မျိုးမျိုး စီစဉ်ပေးရတာကိုး..။

" နောက်မှ စားမယ်... လက်တွေပေနေတယ် "

" ခွံ့ရမလား "

" ဟင်... ကိုရွှေပြည်ကျော်..."

သရက်သီးစိတ်ကလေးကို မြရံခြယ် နှုတ်ခမ်းဆီ လှမ်းပေးလိုက်ချိန်မှာ... အခန်းဝက ကြည့်နေတဲ့ ကြီးဒေါ်ခေတ္တရာရဲ့ စူးစူးရှရှ အကြည့်ကို တွေ့ရပါပြီကော...။

ရွှေပြည်ကျော့်စိတ်မှာ တစ်ခါမှ မထိတ်လန့်စဖူး... ထိတ်လန့်သွားရပါပြီ။

ခုချိန် ကြီးဒေါ်ခေတ္တရာ တစ်ခုခု ပြောလိုက်မှာကို ကြောက်မိတယ်... အရင်ကဖြင့် တစ်ခါမှ မကြောက်ပါပဲ ငါ ဘာဖြစ်ပါလိမ့်။

ဟိုးအရင်ကဆို ကြီးဒေါ်ခေတ္တရာ ပြောချင်ရာပြော ဘာမှမခံစားရပါပဲ။ အခုမှ။ ဟုတ်ပါပြီ... အမှန်ဆို သိပ်ချစ်မိတဲ့ မြရုံခြယ်ကို မကောင်းတာ တစ်ခုခု ပြောလိုက်မလား ပူရတာ... ပြီးတော့... မတော်တဆ နင်တို့နှစ်ယောက် မပေါင်းရပါဘူးများ ပြောလိုက်ရင် ရွှေပြည်ကျော် အရမ်း ထိခိုက်ခံစားရဦးမယ်။

ခုမှ ကိုယ်ချင်းစာတတ်ပါတယ်...

ဒေါ်ခင်ရွှေတို့ ဒေါ်တင်ထားစံတို့ ဘာလို့ ဒီလောက် ထိတ်လန့်တုန်လှုပ်ကြရသလဲ...။

ကိုယ်တိုင် ထိခိုက်မှာထက် ချစ်ရတဲ့လူတွေ ထိခိုက်မှာ ကို ပိုလို့ ကြောက်တတ်ကြတာပါလား။

" ရွှေပြည်ကလေးကို ချစ်တတ်လိမ့်မယ် မထင်ထား ခဲ့ပါဘူး... အခုတော့လည်း သိပ်ချစ်တတ်နေပါရော... ချစ်ပါ ချစ်ပါ... ဖူးစာဖက်အစစ်အမှန်ကလေး ဆိုတော့လည်း... ချစ်သာချစ်ပါ... ချစ်မဝအောင်သာ ချစ်... "

ပြောပြီး လှည့်ထွက်သွားပါပြီ။

တော်ပါသေးရဲ့။ ဘာမှ ဆိုးဆိုးဝါဝါး မပြောတဲ့အပြင်... ဖူးစာဖက် အစစ်အမှန်ကလေးဆိုတော့... ဆိုတာကလည်း ပါသေး။

" ကိုရွှေပြည်ကျော် ဘယ်တုန်းက ဒီလောက် ကြောက်

တတ်သွားပါလိမ့်... မျက်နှာကို ပျက်နေတာပဲ..."

" အခု ကိုယ်ချင်းစာတတ်သွားတယ်... ကိုယ်ချစ်တဲ့သူကို ထိမှာတော့ အရမ်းကြောက်တာပဲ ဆိုတာလေ... မြရံခြယ်ကိုများ တစ်ခုခု ပြောမလားလို့ပါ..."

" ပြောတိုင်း ဖြစ်ရောလား..."

" မပြောတတ်ဘူးလေ..."

" မသေချာပဲ ဘာကြောက်နေလဲ "

" ဘယ့်နှယ် မကြောက်ရမှာလဲ... ကြောက်ရမှာပေါ့... မြရံခြယ်ကို မကောင်းတာ တစ်ခုခု ပြောမှာ..."

မြရံခြယ်ကတော့ ခပ်အေးအေးနဲ့ သူ့ကိုတောင်မှ မျက်စောင်း လှမ်းထိုးလိုက်သေးတယ်။

" မြရံခြယ်... ပြောတာ ကြားလိုက်လား "

" ဘာလဲ..."

" ဖူးစာဖက် အစစ်အမှန်ကလေးတဲ့လေ..."

" အဲဒါနဲ့ပဲ ဖြစ်ရရောလား "

" ဟာကွာ..."

မြရံခြယ်ကတော့ ပြောပြီး အခန်းထဲက ထွက်သွားပါပြီ။ မြရံခြယ်စိတ်မှာ သူနှင့်ပတ်သက်လို့ တစ်စွန်းတစ်စသော ခံစားမှုတကယ့်ကို မရှိဘူးလား... သူကတော့ မြရံခြယ်ကို ချစ်မိတယ်။

သီတင်းကျွတ်မှာ အဖေ ဘုန်းကြီး ဝတ်ပြီးရင်တော့... ဒီအိမ်ကြီးက ခွာရတော့မှာပါပဲလေ။

ဆူဆူညံညံအော်ဟစ်နေတဲ့ အသံတွေ...

ဘယ်အခန်းကလဲ မသိ...။ နလွင်လည်း လန့်နိုးပြီး ညီအစ်မနှစ်ယောက် ဘယ်အခန်းကို သွားရမှန်း မသိတော့။ ပြေးလွှားသွားတဲ့ ခြေသံကြောင့် ထွက်ကြည့်မိတယ်...

" ကိုရွှေပြည်ကျော်... ကိုရွှေပြည်ကျော်... ဘာတွေ ဖြစ်နေကြသလဲ "

" မြရုံခြယ်... ဒေါ်တင်ထားစံတို့အခန်းမှာ ဗလ နေမကောင်းလို့တဲ့... ဆူညံနေတာပဲ "

" ဘယ်အခန်းလဲဟင်... သွားကြည့်ရအောင် "

ကိုရွှေပြည်ကျော်နဲ့ လိုက်လာခဲ့ပါတယ်။ ဗလလေးက လူးလိမ့်နေတာပါလား။ ဗိုက်အောင့်တယ် ဗိုက်အောင့်တယ်တဲ့။ ဘုရား ဘုရား။

ဗိုက်ပေါက်သေတော့မယ်...

ဗိုက်ပေါက်သေတော့မယ် ဆိုတဲ့အသံကို ကြားနေရပါပြီကောလား။

" ငါ့သားလေး တစ်ခုခုဖြစ်ရင် သူသေကိုယ်သေပဲ..."

" တင်ထားစံ... ဒီလိုစကားတွေ ပြောနေရမယ့်အချိန် မဟုတ်ဘူး... မောင်ရွှေပြည် ကားယူ... မောင်မြလှိုင် မောင်း

ခိုင်... ဆေးရုံသွား "

ကြီးကြီးညိုမြရာက ဝင်ပြောပေးပါတယ်။ ဒေါ်တင်ထား စံကတော့ ဒေါ်သတွေ ပေါက်ကွဲပြီး သတိလစ်သွားလိုက်တာမှ။

" သမီးမြရုံခြယ်... နင့်အစ်ကိုနဲ့ လိုက်သွားပေးလိုက် မောင်လှကြိုင်... မင်းလည်း အဖေပဲ လိုက်သွား... အစ်မညိုမြရာ ကားနဲ့ သွားကြ... "

ဗိုက်နာလို့ အော်နေတဲ့ ဗလကို ဦးလှကြိုင်က ပွေ့ပြီး တော့... ကိုရွှေပြည်နဲ့ မြရုံခြယ်က နောက်ကလိုက်ရတာ... ဦးမြလှိုင်ကားမောင်းတာ နှေးနေသလို ခံစားရပါတယ်။ ဆေးရုံ ရောက်တော့ ကလေးကို ခေါ်သွားကြပြီလေ...။

ဆေးရုံရှေ့ ခုံတန်းကလေးမှာ ထိုင်နေကြရတယ်။

" မင်းတို့ ဗိုက်မဆာဘူးလား "

" ခုချိန်ကြီး ဗိုက်ဆာတော့လည်း ဘာစားစရာ ဝယ်လို့ရမှာမို့လဲ ဦးမြလှိုင်ရာ... "

" ငါတော့ ဆေးရုံရှေ့ဆိုင် သွားကြည့်ဦးမယ်... "

" ကိုရွှေပြည်ကျော်... "

" မိုးလေတွေ ရှိတယ်... မအေးဘူးလား "

" စိတ်ထဲပူနေလို့လား မသိပါဘူး.. အေးတာတောင် သတိမထားမိတော့ပါဘူး... "

" ဟိုမှာ အစ်ကိုကြီး ဦးလှကြိုင်... အစ်ကိုကြီး.. ဆရာဝန်က ဘာတဲ့လဲ.. "

" အူအတက်ပေါက်တာလို့ ပြောတယ်... ဆေးရုံ

အချိန်မီ ရောက်လို့ ခွဲစိတ်ရမယ်တဲ့... အခြေအနေ အများကြီး ကောင်းတယ်လို့ ပြောတယ်... သားလေး ဘာမှမဖြစ်ပါစေနဲ့...'

" ဘာမှမဖြစ်လောက်ပါဘူး ဦးရယ်..."

" ရွှေပြည်ကျော်... ဆေးရုံရှေ့က ဆိုင်လေး ဖွင့်ထားတယ်... မင်းတို့နှစ်ယောက် လက်ဖက်ရည်သောက်ချေပါလား... ငါနဲ့ ·အစ်ကိုလှကြိုင် စောင့်နေမယ်..."

ဆေးရုံရှေ့မှ အဝေးပြေးကားကြီးတွေက တစ်ညလုံး ဖြတ်တာမို့ ဆိုင်ကလေးက ညလုံးပေါက် ဖွင့်တယ်တဲ့လေ။ လက်ဖက်ရည် တစ်ခွက်စီမှာရင်း ထိုင်စောင့်နေရတာပေါ့။

" အူအတက်ပေါ(...)ဘဆိုရင်တော့ ခွဲစိတ်လိုက်ရင် ကောင်းသွားမှာပါနော် ကိုရွှေပြည် "

" ဆရာဝန်တွေပြောတဲ့ပုံဆို ကောင်းနိုင်ပါတယ်..."

" ဘာလို့များ တိုက်ဆိုင်စွာ ဖြစ်ရပါလိမ့်... ကြီးဒေါ်ခေတ္တရာရဲ့ ဒေါသတွေဟာ အကုသိုလ်ဘက် သိပ်ပြောင်းနေပြီ ထင်တယ်... လူတွေကြားထဲမှာ ခုပုံနဲ့ ဘယ်လိုနေကြမလဲ... မြရုံခြယ်ကတော့ နုလွင်နဲ့ ပြဿနာဖြစ်မှာ တစ်ခုခု ဖြစ်မှာတော့ စိတ်ပူတယ် "

" နုလွင်တော့ ပူတယ်... ကိုယ့်တော့ မပူဘူးလား "

" ကိုရွှေပြည်ကျော်က ကလေးလား.. ဘာပူစရာရှိလဲ"

" ကြီးဒေါ်ခေတ္တရာက ရွှေပြည်သေစမ်း... အသေဆိုးနဲ့ *သေဆိုရင်...* "

" ဟယ်... ကိုရွှေပြည်... မဟုတ်တာတွေ... လျှောက်

မပြောနဲ့လေ... ဖွဟဲ့... လွဲပါ... ဖယ်ပါ..."

စိတ်ပူမိပါပြီ...

စိတ်မပူပဲတော့ နေမလား...။

မြရုံခြယ်က စိတ်ပူသွားပဲ...။ တော်ပါသေးရဲ့ လုံးဝ သံယောဇဉ်တောင် မရှိဘူးလို့ ထင်တာတဲ့လေ...။ ရှင်မသိလို့ပါ... မြရုံခြယ် ဘဝမှာ တစ်ချိန်က သံယောဇဉ်ဆို အဖိုးပဲ ရှိတာ... အဖိုးမရှိတော့လည်း မြရုံခြယ်အပေါ် မိဘအရင်းတွေလို ချစ်ခင်တဲ့ အဖေနဲ့ အမေနွယ့်ကို တွေ့လာရတယ်... ပြီးတော့ ကိုရွှေပြည်ကျော်နဲ့ နုလွင်...။

သံယောဇဉ်ဆိုလို့ ဒီလူတွေပဲ ရှိတာကို...။

" မဟော်ဂနီစံအိမ်ကြီးမှာ ရှေ့လျှောက် ဘယ်သူတွေပဲ ကျန်ခဲ့မလဲ မသိပါဘူး..."

" ကြီးဒေါ်ခေတ္တရာကတော့ ကျန်ခဲ့မှာပါ..."

သူတို့လေးယောက် ဆေးရုံရှေ့ ထိုင်စောင့်ကြရတယ်...။

" ခွဲစိတ်ပြီးပါပြီ... အသက်မစိုးရိမ်ရတော့ပါဘူး..."

ဗလ အသက်မသေတော့ဘူးဆိုမှ အသက်ဝဝ ရှူနိုင်တော့တာပါလား...။ အစ်ကိုကြီး ဦးလှကြိုင်ဆိုလည်း ဝမ်းသာလွန်းလို့ဆို မျက်ရည်တောင် ကျလာပါတယ်...။

" တော်ပါသေးရဲ့... တော်ပါသေးရဲ့... အစ်ကိုကြီး ဥတ္တရပြောသလို ဆေးရုံ အချိန်မီ ပို့ရတာရော... လိုက်ပို့ကြတဲ့ မောင်မြလှိုင်နဲ့ မောင်ရွှေပြည်... မြရုံခြယ် အားလုံး ကျေးဇူး တစ်သက် မမေ့ပါဘူး..."

" ကိုရွှေပြည့်ကျော်... မြရုံခြယ်တို့ ပြန်ကြရအောင်... ဦးလှကြိုင်နဲ့ အဖော်ရအောင် ဦးမြလှိုင်ကို ထားခဲ့မယ်... အိမ်မှာ ဒေါ်တင်ထားစံ ဘယ်လောက် ရင်ပူနေမလဲ..."

" ဟုတ်တယ်... မြရုံခြယ် ပြောတာ မှန်တယ်... မင်းတို့ ပြန်ပြီး ပြောချကြဦး..."

ဘာပဲပြောပြော ဗလအကြောင်း ပြောရမှာ ကောင်း သတင်းပါပဲ။ မနက် အရုဏ်တက်ကာနီးတော့ မဟော်ဂနီစံ အိမ်ကို ပြန်လာခဲ့ကြတယ်... မှိန်ပျပျ အရုဏ်တက်ရဲ့ အလင်း ရောင်မှာ မြေလမ်းခွဲက ဆိုင်းဘုတ်ကလေးက မှိန်ပျပျ...

တစ္ဆေအိမ်သို့ တစ်မိုင်တဲ့လား...။ ဘယ်သူမှ မမြင် နိုင်အောင် ဟိုးအမြင့်ကြီးမှာ စိုက်ထူထားရရင် ကောင်းလေ မလား။

" ဗလလေး နေပြန်ကောင်းလာပေမယ့် တင်ထားစံက ဒီမှာ မနေတော့ဘူး... ဖွားလေးသစ္စာကပါ ခြံထဲက အိမ်ကို လိုက်သွားတော့မယ်... မဟော်ဂနီစံအိမ်ဟာ တဖြည်းဖြည်း ခြောက်ကပ်လာပါရောလား... အင်းလေ... နောက်ဆို အမေတို့ လင်မယားကလည်း မရှိ... ဒီအိမ်ကြီးမှာ အစ်မညိုမြရာနဲ့ မခေတ္တရာတို့ပဲ ရှိကြတော့မယ်... နောက်ရော... နောက်တော့ သူတို့လည်း မသေကြတော့ဘူးလား..."

ဒေါ်တင်ထားစံကတော့ ကြီးဒေါ်ခေတ္တရာကို ဘယ် လောက်ထိ စိတ်ပျက်သွားသလဲဆို ဗလ ဆေးရုံက မဆင်းခင်ကို ခြံထဲ ပြောင်းနေတော့တာပါ။ ဖွားလေးသစ္စာကလည်း သူ့သမီး သူ့မြေးတွေရှိရာ လိုက်မယ်ဆိုတော့ ဖိုးလေးသင်းကလည်း... လိုက်ရတော့မှာပေါ့...။

" ကောင်းတယ်... ပြောင်းကြ... ပြောင်းကြ... သူတို့ မိသားစု မပြောင်းရင်... ထမင်းချက် အဝတ်လျှော်ဖို့ အဖော် ထပ်ရှာရမှာ အခုတော့ ကောင်းတယ်... မရှာရတော့ဘူး... မပြုံး အလုပ် နိုင်တာပေါ့... မြရုံခြယ် နင်တို့ ညီအစ်မကတော့ နင်တို့ ငါးယောက်စာ တာဝန်ယူပါ... စာသွားသင်တာလည်း

သင်တာပေါ့... ပြီးတော့ ငါ့ယောက္ခမလည်း သိပ်မခိုင်းပါနဲ့... နင်နဲ့ ရွှေပြည်ကျော်ပဲ အလုပ်တွေပိုလုပ်ကြ..."

ကြီးဒေါ်ခေတ္တရာကတော့ ဖွားလေးသစ္စာတို့ ပြောင်းတာကို သဘောကျနေသေးရဲ့...။

" အစ်မ..."

" ဟင်... ဘာလဲ "

" အမြန် သီတင်းကျွတ်ချင်နေပြီ... နေရတာ တစ်နေ့တစ်နေ့ ဘယ်လို ပြဿနာနဲ့ ကြုံရမလဲလို့ပဲ တွေးနေရတာမျိုး... ဒါကြောင့်လည်း ဒေါ်တင်ထားစံတို့ပါ ပြောင်းသွားကြတာ... ဗလ မသေတာပဲ ကံကောင်း..."

အိမ်ကြီးမှာ နဂိုရ်ကမှ ကြီးမားလို့ အခန်းလွတ်တွေလည်း ရှိနေရတဲ့အထဲမှာ... မိသားစုဝင် တော်တော်များများ ပြောင်းသွားလို့ အတော် လစ်ဟာသွားတာပါလား...။

" ရောက်တာဖြင့် အတော်ကြာပြီ... ညဘက် အပြင်ထွက်ချင်ရင်တောင် အစ်မမပါပဲ မသွားရဲသေးဘူး..."

" ဘာဖြစ်လဲ... ငါ့ကိုနှိုးပါ... ရပါတယ်... နင် တစ်ယောက်တည်းသာ ဆင်းမသွားနဲ့..."

" မသွားရဲပါဘူး... ခုတင်ပုံထဲက လျှာထုတ်ပြမလား... ဘယ်လိုတစ္ဆေနဲ့ တိုးမလဲပဲ တွေးနေမိတော့တာ... ညဘက် ညဘက် ခြေသံတွေက တဖျတ်ဖျတ်နဲ့..."

အဲ့ဒီ ခြေသံတဖျတ်ဖျတ်ကတော့ တကယ်ကြားနေရဆဲ။ ခက်တာက အမေ့အပြောအရဆို ဖိုးဖိုးကြီးက ကျွတ်သွား

ပါပြီတဲ့။ မြရုံခြယ်တွေ့ရတုန်းကတောင် မကျွတ်သေးပါပဲ။ အမေနွယ်ပြောတော့လည်း ယုံကြည်ရမှာပေါ့လေ။

သိပ်လည်း မကြောက်ပါနဲ့ သမီး… အိမ်ကြီးပေါ်မှာ အခုဆို တစ္ဆေမရှိသလောက် ဖြစ်သွားပါပြီ… ခြေသံတရှပ်ရှပ်တွေက ညဘက် မခေတ္တရာ အိပ်မပျော်လို့ လျှောက်သွားတာလည်း ရှိပါတယ်… ခြံထဲမှာတော့ တစ္ဆေဆိုတာ အမြဲရှိတာပါပဲ… ဒီခြံမှမဟုတ်ပါဘူး… လူတွေက မမြင်ကြရလို့ပါ… အမေလည်း တတ်အားသရွေ့ အမျှဝေတာ… ဖိုးဖိုးကြီးတို့ တင်ထားမိတို့က မရှိတော့ပါဘူးတဲ့လေ… အမေ့လို တရားထိုင်နေတဲ့လူကတော့ မသိပဲနေမလား…။

" အစ်မ… အစ်မ… အောက်ထပ်မှာ ကြီးကြီးညိုမြရာနဲ့ အမေနွယ် စကားပြောနေတယ်… လူသုံးလေးငါးယောက်လည်း ရောက်နေတယ်… မိသားစုသင်္ချိုင်းဂူတွေကို ပြင်ဆင် ဆောက်တာ… ငွေပေးဖို့တဲ့…"

" အင်းလေ.. အဲဒါ ကောင်းတာပဲ… လူကြီးတွေ အလုပ်ထဲသာ နင်ဝင်မပါနဲ့… တစ်ခုခုဆို ရှေ့ကစပ်စုတတ်တဲ့ အကျင့်ကိုပြင်…"

" မရဘူး အစ်မရေ… မရဘူး… ဘယ်လောက် ကြောက်ကြောက် စောင်တော့ ခေါင်းမြီးခြုံမနေနိုင်ဘူး… အသံတစ်ခုခု ကြားရင်တော့ အရှေ့ကကြည့်ပြီးသားပဲ…"

ရန်ကုန်တုန်းကရော ဘာထူးလဲ။

စီခနဲအသံတစ်ခုခုမို့ မကြားနဲ့ နလွင် ရောက်နှင့်

ပြီးသွားပါ။

" ကြီးဒေါ်ခေတ္တရာက သူ့ယောက္ခမကြီး ဝင်စားတယ်ဆို နင့်ကို ခင်နေတာပဲ ကျေးဇူးတင်ရဦးမယ် "

" ဝင်စားတာ ဝင်စားတာပဲ... ကြောက်တယ် အစ်မ ရယ်... တစ်နေ့ညက အိပ်မက်မက်တယ်... အိပ်မက်ထဲမှာ ကြီးဒေါ်ခေတ္တရာကလေ လက်သည်းအရှည်ကြီးတွေနဲ့ စုန်းမကြီး သီလား... ပြီးတော့ ဗလ ဗိုက်ကို ဖောက်နေတာ... အမလေး ပြောရင်း ဆိုရင်း ကြက်သီးတွေတောင် ထလာပြီ... "

နုလွင်တို့များ အဲဒီလို စိတ်ကူးယဉ် အိပ်မက်တွေက လည်း မက်နေသေးတာကိုး...။ ဒါကြောင့်မို့ နင်ဟာလေ... မဟုတ်တာတွေ သိပ်မက်တတ်တယ်ဆိုတော့ တစ်မျိုးပြော ပြန်ရော....။

" ဖိုးလုကလည်း ပြောဖူးတယ်... ဒေါ်ခေတ္တရာက လက်သည်း အရှည်ကြီး ထားတာ သူ့ပညာနဲ့ ပြုစားတဲ့အခါ... လူတွေရဲ့ ဗိုက်ကို ဖောက်ပြီး အူတွေဆွဲထုတ်ပစ်ဖို့တဲ့... "

" အမလေး.. လိုက်လည်း လိုက်တဲ့ စုံတွဲပါလား... နင်တို့ ယူပြီးလို့ ရှိရင်တော့ ဘယ်လောက် ကြောက်တတ်မလဲ မသိဘူး.. "

ကြီးဒေါ်ခေတ္တရာကို မြင်ကာစကတော့ မြရုံခြယ် ကိုယ်တိုင်တောင် ဘယ်လိုဖြစ်လို့ ဆံပင်ကလည်း မသပ်မရပ် လက်သည်းကလည်း အရှည်ကြီးတွေနဲ့ စိတ်ပျက်စရာလို့ ထင်ခဲ့ သေးတာပါ...။

" အဲဒီ လက်သည်းရှည်ကြီးတွေနဲ့ သူယောက်ျား ဦးဖံမြကို ကုတ်ဆွဲလိုက်တာ... မျက်နှာမှာ သေတဲ့အထိ အနာ ရွတ်တွေ ရှိသတဲ့... မဟူရာဘဝရောက်တာတောင် လက်သည်း ရှည်ကြီး မြင်ရင် ပြေးရောလို့ ပြောတယ် "

" မရွှေနုလွင်... မဟော်ဂနီစံအိမ်မှာ ငါတို့ နေရဖို့ နှစ်လသုံးလပဲ ရှိတော့တာ... ကြောက်ရင် အဆင်ပြေအောင်နေ... ထင်ရာတွေ လျှောက်မပြောနဲ့... ပါးစပ်လေးပိတ်ပြီး အဆင် ပြေအောင်နေ..."

ကြောက်စရာ ရုပ်ရှင်ကားတွေ ကြည့်ပြီးရင်တောင် အိပ်မက်ဆိုးတွေ မက်တတ်သေးတာ။ စိတ်ကိုက ကြောက်နေရင် ဘယ်နေရာမှ အဆင်ပြေမှာ မဟုတ်ဘူး။ မြရံခြယ်ကတော့ အဖေနဲ့ အမေနှယ် အေးချမ်းစွာ နေနိုင်တာကို အတုခိုးပြီး နေရတော့မှာပါပဲ...။

" အစ်မလည်း အစ်ကိုရွှေပြည့်လိုပဲ... မကြောက် တတ်ဘူး... မကြောက်တတ်တာလည်း မကောင်းဘူး အစ်မရဲ့..."

အံ့မယ်... သူကပဲ တပြန်တလဲ လာဆုံးမနေပြန် တယ်...။

" အစ်မတို့ ပြောင်းမယ်ဆို ဝမ်းသာပါတယ်... နုလွင်က ဖိုးလှတို့အိမ် လိုက်သွားရင် အစ်မကို ထားခဲ့ရမှာလည်း စိတ်မချဘူး... ဒီအိမ်ကြီးမှာက ချစ်သူတွေဆို တစ်မျိုးမဟုတ် တစ်မျိုး သေတတ်သတဲ့... ကွဲတတ်သတဲ့... အခုပဲ ကြည့် ဗလတို့ မရှိတော့ မစန္ဒာအေးပါ လိုက်သွားတာ ဘယ်လောက်

ငိုရသလဲ..."

စန္ဒာအေးက ကိုရွှေပြည်ကျော့်အပေါ် သံယောဇဉ်ရှိသတဲ့လေ...။ ငိုသွားတယ်ဆိုတာ ဟုတ်ပေမယ့် သူတို့ ချစ်သူမှ မဟုတ်ကြတာ။

" အစ်ကိုရွှေပြည်နဲ့ အစ်မကို မခွဲခွာစေချင်ပါဘူး... ဒါကြောင့်လည်း ဒီမှာ မနေစေချင်တာ..."

" ငါ ဘာမှ မယုံကြည်ပါဘူး... တစ္ဆေအပေါ်မှာမှ မဟုတ်ဘူး... လူတွေအပေါ်လည်း အမုန်းမရှိဘူး... ငါ့ဘက်က ဘာအမုန်းမှ မရှိရင် ဘယ်သူ့ဆီကမှ အမုန်းကိုလည်း မရဘူး... ငါကတော့ တစ္ဆေတွေရဲ့ အမုန်းလည်း မသိပါဘူး... မကြောက်ပါဘူး..."

ခုဆို စာသွားသင်တာတောင်... အိမ်အလုပ်တွေ ကူခဲ့ရတာဆိုတော့ အစောကြီးထရတာ... နလွင်လိုသာ အရမ်းကြောက်နေရရင် ဘယ်လိုလုပ် မနက်အစောကြီး တစ်ယောက်တည်း ထမင်းဟင်းချက်မလဲ။

တစ္ဆေဆိုတာကလည်း တွေ့ချင်တိုင်း တွေ့နိုင်တာလိုက်လို့...။ တွေ့ခဲ့ပြီးပြီ ဆိုပေမယ့် အခုတော့ ကြောက်စိတ်အနည်းငယ်ပဲ ရှိနေတာပါ။

ဖ

**တ**ရှပ်ရှပ် ခြေသံကိုသာ ဂရုစိုက်နေရရင် အိပ်ကို အိပ်ရတော့မယ် မထင်...။ အခုလည်း ကြည့်လေ... တရှပ်ရှပ် ခြေသံကို ကြားရပါပြီ။ ဒီနေ့တော့ မအိပ်ချင်တာမို့ အခန်းပြင် ထွက်ကြည့်မိတဲ့အခါ... အမလေးလို့ လန့်ကိုအော်မိတာ။

" ဘာဖြစ်တာလဲ..."

" လန့်လိုက်တာ ကြီးဒေါ်ခေတ္တရာရယ်... ဘယ်လို ဖြစ်ပြီး အိမ်ရှေ့ခန်းကြီးမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေရသလဲ..."

တကယ်ပါ...

မကြောက်ပါဘူးဆိုတဲ့လူတောင် အတော်ကြီး ထိတ်လန့် သွားရတယ်...။ အဲဒီ ကွက်တိကွက်ကျား ဆံပင်တွေကို ဖြစ်နိုင်ရင် ကတုံးဖြစ်ဖြစ် ရိပ်ပစ်လိုက်ဖို့ ကောင်းပြီ။ အခုတော့...။

" ဆရာမကြီး နေမကောင်းနေလို့... နင်က အခုမှ နိုးပြီး ငါ့လာလန့်နေ... မြရုံခြယ်ကဖြင့် ထမင်းဟင်းချက်ဖို့ အောက်ဆင်းသွားပြီ... ချစ်သူလေးမျက်နှာကို အစောကြီး ကြည့်ချင်ရင် လိုက်သွားလေ..."

" ဟင်... ဟုတ်လား..."

မျက်နှာအမြန်ပြေးသစ်ပြီး မီးဖိုထဲ လိုက်သွားတော့ ဟုတ်ပါရော။

မြရုံခြယ်က ဟင်းရွက်တွေ လှီးနေတယ်။

" အစောကြီးပါလား မြရုံခြယ် "

" အမြဲ ဒီအချိန် ထမင်းဟင်းထချက်တာ ဒေါ်ခင်ရွှေတို့ ပြောင်းကတည်းကပါ.. အခုမှနိုးပြီးတော့..."

" ဟုတ်လား ဘာကူညီရမလဲ "

" ဒီပဲပင်ပေါက်တွေ ဆိတ်ပေးပါလား.. ဆွမ်းချက်ပေး ရအောင်... အမေနွယ် အရဏ်ဆွမ်းကပ်ရင် ကုသိုလ်ရမှာနော်..."

ချစ်သူအနားနေရတာ ကြည်နူးချမ်းမြေ့စွာပါပဲ။ ကို ရွှေပြည်ကျော် ရေမလာဘူး သိလား...။ ခုချိန် ရေမလာရင် ရှင်နဲ့ ဦးမြလှိုင်တော့ ပင်ပန်းဖို့သာပြင်တော့ ချောင်းထဲထိ သွားခပ်ရလိမ့်မယ်တဲ့။။

" လိုအပ်လာရင်တော့ ခပ်ရမှာပေါ့... မိသားစုအတွက် ပဲလေ..."

" ဒါဆို ရေနွေးအိုး တည်ထားတုန်း အလင်းရောင် လည်း ရှိနေပြီ... ရေသွားခပ်ရအောင်..."

" သွားလေ..."

မြရုံခြယ်နဲ့ အတူသွားရမှာပဲဟာ။ နှစ်သက် ပျော်ရွှင်စွာ ပါပဲ။ ရေချိုးကြတဲ့ စည်ပိုင်းတွေထဲ တကယ့်ကို ရေမရှိ။ အရင်ကဆို မိပုံတို့ ဖိုးလှတို့ပါ ဝိုင်းဆွဲထည့်လိုက်ကြရင် ခဏနဲ့ ပြည့်သွားတာ။

" ရေဖြည့်ထားမှပါ... တော်ကြာ ကြီးဒေါ်ခေတ္တရာ ပါးစပ်ကြီးက မဟုတ်တာတွေနဲ့ ကြားရရင်..."

ရေပုံးနှစ်ပုံးဆွဲပြီးတော့... နှစ်ယောက်အတူ ထွက်လာခဲ့ကြတယ်...။ အရုဏ်က လှပပီပြင်နေပါပြီ။ မိသားစု သချိုင်းတွေနားက အဖြတ်မှာတော့ အုတ်ဂူတွေက သေချာ ပြန်လည်ပြုပြင် ဆေးသုတ်ထားလို့ သစ်လွင်နေတာပါလား။

" ဟင်... ကိုရွှေပြည်... ဟိုမှာ... ဟိုမှာ..."

ရွှေမှုန့်လျှောက်နေတဲ့ သူ့ခြေလှမ်းတွေကို မြရံခြယ်ရဲ့ အထိတ်တလန့် ခေါ်သံလေးက ရပ်တန့်စေပါပြီ။

" ဘာဖြစ်လဲ... ဘာဖြစ်လဲ မြရံခြယ် "

" ဟိုမှာလေ... ဟို ယုဇနပင်ကြီးအောက်မှာ..."

ယုဇနပင်ကြီးအောက်မှာ သစ်လွင်နေတဲ့ အုတ်ဂူတစ်လုံး။

" အဲဒါ... အဲဒါ... အမေက နောက်ထပ် အုတ်ဂူတစ်လုံး ဆောက်မယ်ဆို ဘယ်နေရာ ကောင်းမလဲ ဆိုတော့... ဒီယုဇနပင်ကြီးအောက်မှာ ကောင်းမယ် အမေဆို ကိုရွှေပြည်က ပြောတာလေ..."

" ဟုတ်ပါရဲ့... လာ... လာ အနားသွားကြည့်ရအောင်"

အုတ်ဂူက အသစ်စက်စက်ပါ...။

ရုတ်တရက် မိုးရွာချမှာစိုးလို့ ပလပ်စတစ်နဲ့တောင် အပေါ်က ကာထားပေးသေးတယ်။ ဒါပေမယ့် ခုရက်ပိုင်း မိုးကတောင် ပြတ်နေပါပြီ။

" အုတ်ဂူက အသစ် မြရံခြယ်... ဒီမှာကြည့် အပေါက် ရှိတယ်... ဘာလို့များ အုတ်ဂူအသစ်ကို ဆောက်ထား..."

" နောက်မှ ရေခပ်ရအောင် ကိုရွှေပြည်... အမေ့ဆီ သွားစို့... အမေ ခုချိန် တရားမှတ်နေမှာ..."

မြရံခြယ်က ပြောလည်းပြော အိမ်ကြီးဘက် လှည့်ပြေးပါပြီ။ အိမ်ကြီးရောက်လို့ အပေါ်ထပ်လှေကားပေါ် အတက် အပေါ်ကပြေးဆင်းလာတဲ့ ပန်းဝတ်မှုံနဲ့ တိုးပါလေရော။

" မြရံခြယ်... နင်တို့ အမေနွယ် ဘုရားခန်းထဲမှာ တရားထိုင်ရင်း ခွေခွေလေး လဲနေတာ... အဖွားက ပြောတော့ သေသွားပြီတဲ့ "

" ဘာ..."

မြရံခြယ်တော့ လှေကားအတိုင်း အထစ်တွေတောင် ကျော်တက်သွားရပါပြီ။ အမေနွယ်ကတော့ သူ့အိပ်ရာလေး ပေါ်မှာ ပက်လက်ကလေး..။ အဖေက အနားမှာရပ်လို့။

" အဖေ... ဘာလို့ အဲလိုဖြစ်ရတာလဲ... အမေက ဘာလို့ မြရံခြယ်တို့ကို ထားခဲ့ရတာလဲ... သီတင်းကျွတ်ရင် မြရံခြယ်တို့နဲ့ အတူလိုက်မှာဆို... အဖေ "

အဖေကတော့ အေးချမ်းလိုက်တာ... မြရံခြယ်ကိုတောင် နှစ်သိမ့်နေလိုက်သေးတယ်။ ရွှေပြည်ကျော်မှာဖြင့် အံ့သြလွန်းပြီး ဘာစကားမှ မဆိုနိုင်။

" မင်းအမေနွယ်က အားလုံးကို ကြိုသိနေပုံပါ... အဖေကမှ အ,ပါသေးတယ်... အဖေ ဘုန်းကြီးဝတ်တော့မှာမို့

မင်းက သားနဲ့သမီးကို စောင့်ရှောက်ရင်း နေခဲ့တော့ဆို ဘာပြော မှတ်လဲ... ရှင့်သားက သူ့မိသားစုသူ စောင့်ရှောက်တတ်နေ ပါပြီ... ရှင် ဘယ်သူ့မှ ပူစရာမရှိဘူး... ရှင့်လမ်းရှင်သွား.. ရှင့်တရား ရှင်ရှာတဲ့... မနွယ်... မင်းတော်လိုက်တာ..."

အဖေက စိတ်မကောင်းဖြစ်တဲ့ လေသံ ရှိနေပေမယ့်... ထိန်းနိုင်ပါတယ်။ အမေ့အတွက် မြရံခြယ်ကတော့ တရှိုက်ရှိုက် ငိုလေရဲ့...။

အမေ တကယ် အေးဆေးတာပါလား။ သား မောင် ရွှေပြည်နဲ့ သမီးရံခြယ်... နောက်ထပ် အုတ်ဂူတစ်လုံးဆောက် ရင် ဘယ်နေရာ ကောင်းမလဲတဲ့...

မသိတတ်ခဲ့ကြဘူး...

အမေက သူသေတော့မယ်လို့ ပြောတာမှန်း ရွှေပြည် ကျော်တို့ တကယ့်ကို မသိတာ။ မသိတတ်လွန်းစွာ ယုဇန ပင်ကြီးအောက် ကောင်းတယ် အမေလို့ ပြောခဲ့မိတယ်...။

ယုဇနပင်ကြီးအောက်ဆိုတော့ ပန်းတွေကကြွေ မွှေးပျံ့ နေမှာလို့ ရွှေပြည်ကျော်က ကလေးဆန်စွာ တွေးမိသမျှ အမေ ကတော့ တကယ့်ကို လဲလျောင်း အိပ်စက်တော့မှာပါလား။

အမေ... အမေအရင်းလိုကို ကောင်းခဲ့တဲ့ အမေ... အဖေမရှိရင် စောင့်ရှောက်မယ်ဆိုတော့ အမေ့ကို ချစ်ရင် မြရံခြယ်ကိုသာ ချစ်ချစ်ခင်ခင် စောင့်ရှောက်ပါတဲ့လား...။

ဖွာ

" အဲဒါပေါ့... သေခြင်းတရားဆိုတာ အတော်သိရခက်တာလေ... အိပ်ရာပေါ်မှာ ပက်လက် ရောဂါဖြစ်ပြီး နေရတဲ့ အရွယ်အိုကြီးက မသေ... ငယ်ရွယ်နုပျိုနေတဲ့ အရွယ်တွေကလည်း တဖျတ်ဖျတ်သေ... သားသမီးတွေက တဖျတ်ဖျတ်သေ... ညီမြရာ... နင်ရော နင် ဘယ်တော့သေမလဲ... ဘယ်လိုသေမလဲ မသိချင်ဘူးလား..."

ကြီးဒေါ်ခေတ္တရာက တခြားလူတွေ အသံကျယ်ကြီးနဲ့ ပြောရင်သာ မကြိုက်တာ။ သူ့အသံက တစ်အိမ်လုံးလောက်ကြားရတယ်။ အခုလည်း ပြောဆိုနေလိုက်တာ။ မြရုံခြယ်ဖြင့် အမေ ရုတ်တရက် ထွက်ခွာသွားတာကို ကြေကွဲထိခိုက်နေရဆဲ။

" မသိချင်ပါဘူး... သိစရာလည်း မလိုပါဘူး... သေခြင်းတရားဆိုတာကိုလည်း ငါ့သား မောင်ဝဏ္ဏနဲ့တည်းက စိတ်ကုန်နေပါပြီ..."

" အစ်ကို ဥတ္တရ... မနွယ် လလည်ဆွမ်းကျွေးတဲ့နေ့မှာ ထွက်ခွာသွားတော့မှာတဲ့လား... မနွယ်... မနွယ်... အစ်ကို့ အချစ်ကို သေသည့်အထိ ရသွားတာပါလား..."

အဖေက အမေ့ရက်လည်တဲ့နေ့မှာ အားလုံးကို ဖွင့်ပြောလိုက်ပါတယ်။ အစကတည်းက သိတင်းကျွတ်တာနှင့်

ကြံခင်းစုရွာနီး ဘုန်းဘုန်းကျောင်းမှာ ဘုန်းကြီးဝတ်တော့မယ်လို့ အမေ့ကို ဖွင့်ပြောပြပြီးသား ဆိုတာကအစပေါ့...။

" အစ်ကိုဥတ္တရတို့များ... သူ့မွေးစားသား မောင်ရွှေပြည်လေးရဲ့ အသည်းနှလုံးကို သိပ်သိရှာတာပါလား.. သူ့သားလေးက မြရုံခြယ်မှ မြရုံခြယ်ဖြစ်နေလေတော့... သူတို့နှစ်ယောက်အတွက်လည်း စီစဉ်ပေးခဲ့တယ်... နောက်ဆုံးတော့လည်း ညိုမြရာရေ... ဒီတစ္ဆေအိမ်ကြီးမှာ နင်နဲ့ငါ တစ္ဆေနှစ်ကောင်ပဲ ကျန်ခဲ့မှာပါ..."

ကြီးဒေါ်ခေတ္တရာကတော့ တကယ့်ကို ပြောချင်ရာတွေ ပြောနေတော့တာပါ...။

တစ္ဆေအိမ်ကြီးတဲ့...

လူတွေက သည်သို့ နာမည်ပေးထားတာလည်း သူ သိတယ်ပေါ့လေ...။

" နင်ပဲ တစ္ဆေဖြစ်ပါ... ငါက တစ္ဆေမဖြစ်ချင်ပါဘူး..."

" ဒါဆို နင်ပိုင်တဲ့ ငွေတွေကို ငါ့ကို ပေးထားပါလား... ဒါမှ မစွဲလန်းတော့မှာလေ... စွဲလန်းနေရင်တော့ သေချာပေါက် တစ္ဆေဖြစ်တော့မှာ..."

အဖေကတော့ အမေဆုံးသွားတာကို စိတ်မကောင်းဖြစ်ပေမယ့် အမေပြောသလို သူ့လမ်းနဲ့သူ သွားတယ်လို့ သတ်မှတ်လိုက်ပုံပါပဲ...။ နလွင်နဲ့ ဖိုးလှကိုလည်း လက်ထပ်ပေးလိုက်မယ်တဲ့... ပြီးတော့ ကိုရွှေပြည်ကျော်အတွက် ခြံတစ်ခြံလည်း ဦးလှကြိုင်ကို ဝယ်ခိုင်းထားပြီး ခြံထဲမှာ မြရုံခြယ်ပါ လိုက်နေ

ရမယ်တဲ့လေ...။

ဘဝဆိုတာကလည်း အဖိုးဆုံးပြီးကတည်းက မသေခ
မရေရာလိုက်တာ...။ မဟော်ဂနီစံအိမ်သို့ ဆိုပြီး အဖိုး စ
တစ်စောင်နဲ့... ရောက်လာခဲ့ရတယ်။ အခုတော့ နေသားက
မယ်မှ မကြံ...။

စိတ်ရှုပ်ထွေးစွာနဲ့ အမေနှယ့်အုတ်ဂူနားမှာ တစ်ယောက
တည်း လာထိုင်နေမိတယ်လေ...။ ယုဇနပင်လေးက စိမ်းစိုနေ
တာပါ... ပြီးတော့ ပန်းအဖူး ပန်းအပွင့်တွေနဲ့ပါလား။ မွှေးကြိုင
နေတာပါပဲ။

" အမေ... အမေသွားတော့မယ် ဆိုတာ ဘာလို့များ
မြရံခြယ်ကို မပြော ကာလဲ... အမေ မရှိတာ... အဖိုးမရှိ
သလိုပါပဲ... စိတ်ထဲမှာ အားငယ်ထိခိုက်ရပါတယ်..."

" မြရံခြယ်... ငိုနေတာလား..."

ကိုရွှေပြည်ကျော် ရောက်လာတာ မသိလိုက်...။

" မြရံခြယ် အားမငယ်တတ်ဘူးလို့ ကိုယ်ထင်ခဲ့တာ...
အားမငယ်ပါနဲ့လား... ဘာလို့လဲ... အဖေနဲ့ အမေမရှိလည်း
ကိုယ်ရှိပါတယ်... အမေက ဒီနားလေးမှာ မှာခဲ့တယ်လေ...
အမေ့ကိုချစ်ရင် မြရံခြယ်ကို ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင်
စောင့်ရှောက်ပါလို့... ကိုယ် တစ်သက်လုံးအတွက်... မြရံခြယ်ကို
စိတ်ချမ်းသာအောင် ထားပါမယ်..."

" တွေ့ကြဆုံကြပြီးရင် သေကွဲကွဲမလား... ရှင်ကွဲကွဲ
မလား... တစ်ခုခုနဲ့တော့ ခွဲခွာနေကြရတယ်... အရင်က

အားမငယ်တတ်ဘူး ထင်တာ... အခု ဝမ်းနည်းနေမိတယ်..."

" ကိုယ့်ကိုရော ယုံကြည်ရဲ့လား "

မြရုံခြယ်အတွက်တော့ အနီးဆုံး အနေအထားမှာ ကိုရွှေပြည်ကျော် တစ်ယောက်ပဲ ကျန်နေရစ်တော့မှာပါလား။ အဖေနှင့်အမေ ကိုယ်တိုင်က စိတ်ချယုံကြည်စွာ အပ်နှံထားခဲ့တဲ့ ဘဝကြင်ဖော်ပါ...။ အမှန်ပြောရရင် ရင်ထဲ အသည်းထဲက တုန်ခိုက်လှိုက်မောသော ခံစားမှု မရှိစေကာမူ ယုံကြည်ရမည့် တစ်ဦးတည်းသော ဘဝအဖော်မွန်...။

သူကရော တကယ်ချစ်ရဲ့လားဆိုတဲ့... ခံစားချက်လေးတော့ ရှိပါတယ်။

" ခုအချိန်မှာ ကိုယ့်ချစ်ခြင်းကို မြရုံခြယ် ယုံကြည်ရခက်ချင် ခက်နေမယ်... အချိန်တွေ ကြာလာတာနဲ့အမျှ ကိုယ်ဟာ မြရုံခြယ်ရှေ့က မားမားမတ်မတ်ရပ်ပေးတဲ့ အဖော်မွန်ပါလား လို့ ယုံကြည်လာရပါစေမယ်... အဖေနဲ့ အမေ့ကို စိတ်မပျက်စေရပါဘူး.. အမေ့ကို အနားထားပြီး ကိုယ်ကတိပေးပါတယ်..."

ယုဇနပွင့်ဖြူလေးတွေက အမေ့အုတ်ဂူပေါ် တဖွဲဖွဲ ကြွေကျနေတာပါလား။ အမေကတော့ အသက်ရှင်စဉ်ကလည်း အေးပါတယ်...။ အခုလည်း သိပ်ကို အေးချမ်းတာပါပဲ။

" အမေ့ကိုတော့ တစ္ဆေဖြစ်တယ်လို့ တစ်ယောက်ဆို တစ်ယောက်ကမှ မပြောရဲကြဘူး... တစ္ဆေမဖြစ်ပါဘူးလို့ သေချာ ယုံကြည်ကြတယ်... အမှန်ကတော့ လူတစ်ယောက်ဟာ သူ လျှောက်တဲ့လမ်းကို ကျန်ရစ်ခဲ့သူတွေကို အမေ့လို အခိုင်အမာ

ပြန်နိုင်မယ်ဆိုရင်... ဘယ်လောက်ကောင်းမလဲ...”

လူတစ်ယောက် သေပြီဆို တစ္ဆေဖြစ်သွားပြီလို့ ထင်တတ်ကြတဲ့သူတွေကို အမေ့လို ခိုင်မာတဲ့လမ်း ဖြောင့်ဖြူးတဲ့လမ်း လျှောက်သွားတာပါလို့ သေချာပြောနိုင်ဖို့ မြရုံခြယ်တို့ကတော့ လိုက်မမီနိုင်သေးပါလား။

“ နောက်တစ်လနေဘ်... ရှေ့တစ်လဆို ကိုယ်တို့ မဟော်ဂနီစံအိမ်က ခွာကြမယ်... အဖေက ဘုန်းဘုန်းကျောင်းကို... နလွင်က ဖိုးလှရှိတဲ့ ကြံခင်းစုကို... ကိုယ်နဲ့ မြရုံခြယ်က ခြံထဲကို... တစ်ယောက်တစ်နေရာစီ ပါပဲလား ”

“ အမေ့ကို လာတွေ့ရင်တော့ မဟော်ဂနီစံအိမ်ကို ရောက်ရဦးမှာပါ... အမေ့ကိုတော့ မြရုံခြယ် တစ်ခါတစ်ရံ လာကန်တော့ချင်သေးတယ် ”

မဟော်ဂနီစံအိမ်ကို မရောက်ခင် တစ်မိုင်အလိုမှာတည်းက တစ္ဆေအိမ်သို့ တစ်မိုင်လို့ တွေ့ခဲ့တယ်...။ အဲဒီ တစ္ဆေအိမ်မှာပဲ နေခဲ့တယ်...။ ခုတော့လည်း တစ္ဆေအိမ်ကို ခွဲခွာပြီး ထွက်သွားရဦးတော့မှာပါလား။

“ မြရုံခြယ်ကတော့ ဒီမှာနေရတာ ကြောက်ရွံ့ထိတ်လန့်မှုဆိုတာ... ရှိကိုမရှိသလိုပါပဲ... မြရုံခြယ် မကြောက်တတ်တာပဲ တော်ပါသေးရဲ့...”

“ မကြောက်တတ်လွန်းလည်း မကောင်းဘူး... ကြောက်တတ်လွန်းလည်း မကောင်းဘူး... သတိကလေးရှိတာ ကောင်းတာပေါ့... မြင်ရတဲ့ ပဉ္စေဆိုတာ အကြောက်လွန်တဲ့စိတ်

ကြောင့် ထင်ယောင်မြင်မှားတွေကအစ မြင်ရတတ်တာမျိုးလေ... ဒါပေမယ့်... ကြုံခဲ့ဖူးတာတွေလည်း ရှိပါပြီ..."

" နှလွှင်လို လူမျိုးပေါ့... ဖွားဖွားကြီးက ဓာတ်ပုံထဲက နေ ပြုံးပြပါတယ်... တစ္ဆေဖြစ်နေပါတယ်ဆိုလို့ မြရိုခြယ် မနည်းချော့ရတာ... သနားမိတယ်..."

ကိုရွှေပြည်ကျော်ကတော့ ဖွားဖွားကြီး တစ္ဆေဖြစ်ပြီး ဓာတ်ပုံထဲက ပြုံးပြတယ် ဟုတ်လားဆို ရယ်နေတာပါလား။

" မသေသေးတဲ့လူ တစ္ဆေဖြစ်ရတယ်လို့ပဲ " ဆိုပြီး ပြောပြရယ်နေသေးတယ်။ အဲဒါ သူ့ဘာကို ပြောတာပါလိမ့်။

❧

ခုတလော ရေဘုံဘိုင်တွေက ရေမလာတော့ပြန် ပါဘူး…။ ကြီးကြီးညိုမြရာကတော့ အုတ်ရေလှောင်ကန် ကြီးကလည်း ပေါင်းနွှမ်းနေပါပြီ။ အမှိုက်သရိုက်တွေနဲ့ ရေပိုက်တွေလည်း ဆို့နေရောပေါ့… ပြင်ဦးဆင်ဦးမှုပါတဲ့။ အလုပ်သမားတွေ သွားခေါ်ပြန်တော့လည်း… ဒီရက်ပိုင်း မလာ အားလို့ သုံးလေးရက်နေမှ လာမယ်တဲ့။

" တစ္ဆေအိမ်လာရမှာလည်း ခပ်ကြောက်ကြောက် နေမှာပါ အစ်မရယ်… ရေမလာတာက အရေးမကြီးဘူး… အိမ်မှာ လူငယ်ဆိုလို့ အစ်ကိုရွှေပြည်နဲ့ နုလွင်တို့ ညီအစ်မပဲ ရှိတာ… တစ်အိမ်လုံးသုံးဖို့ ချောင်းထဲက ရေခပ်ရမှာကတော့ မလွယ်ပါဘူး…"

" ဘယ်တတ်နိုင်မလဲ… ဒါလည်း မိသားစုကို ကူညီရာ ရောက်ပါတယ်ဟယ်…"

တကယ်တမ်း ရေခပ်မယ့် အချိန်ရောက်တော့ မရွှေနု လွင် ဘယ်လိုများ အကြောင်းကြားလိုက်တယ် မသိ။ ချောင်းနား မှာ ဖိုးလှက စောင့်လို့…။

" အစ်မ ပင်ပန်းလို့ ဖိုးလှကိုခေါ်လိုက်တာပါ… အစ်ကိုနဲ့

အစ်မ မခပ်နဲ့... နုလွင်နဲ့ ဖိုးလှပဲ ခပ်ပေးမယ် "

နုလွင်ရဲ့ စေတနာလို့ သိပါတယ်... ဒါပေမယ့် အငယ်တွေက ပင်ပန်းနေပြီး မြရုံခြယ်တို့ အကျော့သား ထိုင်မနေချင်ပါဘူး။

" မခပ်ပဲနဲ့တော့ မနေပါရစေနဲ့ နင်တို့ နှစ်ခေါက်ငါ တစ်ခေါက်ပေါ့ပဲဟယ်..."

" မြရုံခြယ် ထိုင်နေပါ... မခပ်ပါနဲ့ ကိုယ်တို့ သုံးယောက်ပဲ ခပ်ပါ့မယ်..."

ချောင်းရေကတော့ ညင်ညင်သာသာကို စီးနေတာပါလား...။ ဖိုးလှနဲ့ နုလွင်ကတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေရလို့လားမသိ...။ အခေါက်ခေါက်ကို မမောနိုင်အောင် ခပ်နေကြတာပါလား။ မြရုံခြယ်ကတော့ နှစ်ခေါက်သုံးခေါက် ခပ်ပြီး မောတာနဲ့ ကျောက်တုံးလေးမှာ ခဏထိုင်နေမိပါတယ်။

" မောနေပြီ မဟုတ်လား... မခပ်ပါနဲ့တော့ကွာ... ကိုယ် စိတ်မကောင်းအောင် မလုပ်ပါနဲ့... ကိုယ် တစ်ယောက်တည်း အပင်ပန်းခံချင်တယ်..."

" အစ်မရေ... အစ်မ နုလွင် ဖိနပ်မျောသွားလို့ အဲဒီက ဆီးပြီး ဖမ်းထားပေးပါ "

နုလွင် ရှပ်ပြာမလေးကတော့ လုပ်မယ်...

ဖိနပ်ကလေးက ဖျတ်ခနဲဆို မြရုံခြယ်ရှေ့နား မလှမ်းမကမ်းက မျောနေပြီ။ ဒါကြောင့်မို့ လှမ်းပြီး ဆယ်လိုက်တာမှာ။

" အမလေး "

ချောင်းဟာ ပြေပြေပြစ်ပြစ် ရှိလိမ့်မယ်လို့ ထင်ခဲ့တာ မြရုံခြယ်ရဲ့ အမှားပါပဲ...။ ရုတ်တရက် ချောက်တစ်ခုအဖြစ် ရှိနေလိမ့်မယ် ထင်ကို မထင်မိ။ ရေထဲကို ကျသွားပြီး ခြေထောက် ထောက်လို့ မရဘူးဆိုတဲ့အသိ။ ရေမကူးတတ်ဘူး ဆိုတဲ့ အသိ... အသက်ရှူကျပ်တဲ့ အသိနဲ့... မျက်ဝန်းတွေတောင် ပြာပြီး ဘာမှမမြင်တော့ပါဘူး။

ဟင်... အဲဒါ ဘယ်သူတွေလဲ...

နစ်မွန်းကျပ်သိပ်နေသလို ခံစားရာကနေ မြင်နေရတာ ကတော့ ချောင်းဘေးမှာ ရပ်နေတဲ့ လူနှစ်ယောက်... သူတို့က လက်ကလေးတွေတွဲပြီး မြရုံခြယ်ကို ကြည့်နေတယ်...။ ကောင်မလေးက ဆံထောက်ဖားဖားလေးနဲ့ ပါးကွက်ကျား... ပြီးတော့ ကောင်လေးကတော့ ပုဆိုးအနီကွက်လေးနဲ့။

ဘာလို့ကြည့်နေတာလဲ...

ငါ့ကို ဘာလို့ကြည့်နေတာလဲ...

နင်တို့က ဘယ်သူလဲ...။

" မြရုံခြယ်... မြရုံခြယ်..."

ခေါ်နေတာက ဘယ်သူလဲ...။ ကိုရွှေပြည်ကျော်ပါလား။ ကိုရွှေပြည်ကျော်နဲ့ ခွဲခွာရတော့မှာလား။ မခွဲခွာချင်ဘူး။ အရာရာက မပီမပြင် ဝိုးတဝါးလို ဖြစ်နေပြီးတော့မှ...။

" ဟင်... ကိုရွှေပြည်ကျော်..."

ကိုရွှေပြည်ကျော်က ပွေ့ထားပါလားဆိုတဲ့ အသိကို

ရလိုက်ပြီးတော့မှ မြရံခြယ် အားပါးတရကို ရှိုက်ငိုလိုက်ရတာ။

" ကံကောင်းလို့ပါလား အစ်မရယ်... နုလွှင်အပြစ် နုလွှင်အပြစ်ပါ... နုလွှင်ရဲ့ ဘာမဟုတ်တဲ့ ဖိနပ်တစ်ဘက်ကြောင့် အစ်မနဲ့ အစ်ကိုတို့ သေကြတော့မလို့... သော်ကနဲ့ စိန်စိန် နောက် လိုက်ရတော့မလို့... အစ်ကိုသာ မကယ်ရင် အစ်မ သေပြီ... နုလွှင် ရင်ကျိုးပါပြီ... "

" နုလွှင် ငိုမနေနဲ့တော့... မြရံခြယ် လန့်သွားရတဲ့ အထဲ... လာ အိမ်ပြန်မယ်... ဖိုးလုလည်း ပြန်တော့... နုလွှင်လည်း ပြန်လိုက်ခဲ့... "

ကိုရွှေပြည်ကျော် ပွေ့ခေါ်ခဲ့ရလောက်အောင် မြရံခြယ် ခြေတစ်လှမ်းမျှ မလှမ်းနိုင်။ ဗုန်းဗုန်းလဲကျသွားအောင် ခြောက်ချားနေခဲ့ရတာပါလား။ အဖေကတော့ မသေကောင်း မပျောက်ကောင်း သမီးရယ်တဲ့...။

" ဘယ်လိုလဲ မြရံခြယ်... အသက်နဲ့ထပ်တူ ချစ်တဲ့ ချစ်သူဆိုတာ ရှိတယ်လို့ ယုံကြည်ပြီလား... သော်က,ကလည်း စိန်စိန့်ကို အဲလိုပဲ ချစ်ခဲ့မယ့် ထင်ပါတယ်... ဒါကြောင့် နှစ်ယောက် အတူ လက်ကလေးကိုင်ပြီး သေသွားကြရတာပေါ့... "

ကြီးဒေါ်ခေတ္တရာကတော့ မြရံခြယ်ရေနစ်သွားတာကို ကိုရွှေပြည်ကျော် ဆယ်ခဲ့တယ်ဆိုကတည်းက ဒီလို ပြောပါတယ်။

မြရံခြယ် ထိတ်လန့်လွန်းလို့လား မသိ။

ဖျားနေခဲ့ပါတယ်။ စိတ်ထဲမှာတော့ သိသလို မသိသလို မပီဝိုးတဝါး မြင်ခဲ့ရတဲ့ လူနှစ်ယောက်။ ကောင်လေးနဲ့

ကောင်မလေးက လက်ချင်းတွဲထားကြတယ်။ ပြီးတော့ မြရံခြယ်ကို အသေအချာကို ကြည့်နေတော့တာ။ အဲဒါ သော်ကနဲ့ စိန်စိန်လား။ သော်ကနဲ့ စိန်စိန် ဟုတ်ခဲ့ရင်လည်း... သူတို့ကို ဘာကြောင့် မြရံခြယ် မြင်လိုက်ရတာပါလိမ့်...။

သူတို့ဟာ တကယ်ပဲ သော်ကနဲ့ စိန်စိန် ဟုတ်ရဲ့လား။

" အစ်မ... နုလွင်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်လား... ဒီအိမ်ကြီးမှာ ကြာလေ နေလို့မကောင်းလေပဲ... ခုနကလည်း ညည်းသံကြီး ကြားတယ်... အဲဒီ ညည်းသံကြီး ကြားပြီးရင် နောက်နေ့ဆို တစ်ခုခု ဖြစ်တာပဲ... တစ်နေ့က အဲဒီညည်းသံကြီး ကြားတယ်... ဒီနေ့ အစ်မ ရေနစ်တာ ကံကောင်းလို့ မသေတာ..."

" ဟဲ့... နင် လက်ထပ်ချင်တိုင်း ရမလား... သီတင်းကျွတ်ဖို့ ဆယ့်လေးငါးရက်ကျန်သေးတယ်..."

နုလွင်ကတော့ ကြောက်ချင်ရာ ကြောက်... ပြောချင်ရာ ပြောနေ့ပဲ ရှိပါသေးတယ်။

၂၁

မြရုံခြယ်နှင့် အမြန်ဆုံးလက်ထပ်ပေးပါ အဖေလို့ ပြောမိပါပြီ။ ရွှေပြည်ကျော့်စိတ်ထဲ ဘယ်လောက် ပူပင်သောက ဖြစ်ရတယ်ဆိုတာ.., တစ်နေ့ကတည်းက ရူးမတတ် ဖြစ်သွား ခဲ့တာပါ။ မြရုံခြယ် ရေနစ်သွားပြီဆိုကတည်းက ဘာဆိုဘာမှ မမြင်နိုင်။ အတူလိုက်သေဆုံးရလည်း အရေးမကြီးတော့ဘူးလေ။

" အဲဒီနေ့က မြရုံခြယ် တစ်ခုခုဖြစ်သွားရင်... ကျွန်တော် တစ်သက်လုံး ခံစားရတော့မှာပါ အဖေ... အရင်ကတော့ ဒီမှာနေရတာ... အရေးမကြီးပါဘူး... အခုတော့ မြရုံခြယ် တစ်ခုခုဖြစ်မလား... ကျွန်တော် အရှေ့ကနေ ကာကွယ်ပေးနိုင် ပါ့မလားဆို စိတ်ပူပန်နေရတယ်.. ကျွန်တော်တို့ နှစ်ယောက် ခြံထဲမှာ အတူသွားနေချင်ပါပြီ..."

" သီတင်းကျွတ်ဖို့ ဆယ့်သုံးလေးရက်ပဲ လိုတော့ ဘာပါ... သီတင်းကျွတ်ရင် သားတို့ကိုရော နှလွင်တို့ကိုရော လက်ထပ်ပေးလိုက်မယ်... အဖေလည်း ဘုန်းဘုန်းနဲ့ စီစဉ်ပြီး နေပါပြီ..."

မြရုံခြယ် ဖျားလိုက်တာ...

ဘယ်လောက်တုန်လှုပ်သွားလိမ့်မလဲ... သူ့ရင်ခွင်မှာ

ရှိက်ကြီးတငင် ငိုနေခဲ့တယ်...။

" အစ်ကိုက ဘာလုပ်မလို့လဲ "

" နင့်အစ်မဖို့ ဆန်ပြုတ် ပြုတ်မလို့ပါ.."

" နုလွင် ပြုတ်ထားပြီးပါပြီ... ဒီမှာ... အစ်ကို သွား တိုက်လိုက်ပါ..."

နုလွင်ပေးတဲ့ ဆန်ပြုတ်ပန်းကန်လေးကို ယူလာခဲ့ရ တယ်။ မြရုံခြယ်ကတော့ ဖျားနေတုန်းပါလား။ ဒီတစ်ရက်မှ အဖျားမကျရင်... မြို့ဆေးရုံသွားရမယ်လို့ ရွှေပြည်ကျော် ပြောတော့ ပြုံးနေပါတယ်...။

" နေကောင်းပါတယ် ကိုရွှေပြည်ကျော်ရယ်... မြရုံခြယ် ကို စိတ်မပူပါနဲ့..."

" ဘာလို့စိတ်မပူရမှာလဲ... မြရုံခြယ် တစ်ခုခု ဖြစ်သွား ရင် ဆိုတဲ့ အတွေးကို စိတ်ထဲမှာတောင် မတွေးရဲဘူး... အခုတွေး အခုရင်တုန်ရလွန်းတယ်..."

" ကိုရွှေပြည်ကျော်ကို မေးစရာရှိတယ် "

" မေးလေ "

" သော်ကနဲ့ စိန်စိန်ကိုတွေ့ဖူးလား..."

" သော်ကနဲ့ စိန်စိန်... အင်း... တွေ့ဖူးတယ်..."

" ဘယ်လိုပုံစံရှိသလဲ..."

" ပုံစံ..."

မြရုံခြယ်က ဘာလို့များ ခုလို မေးပါလိမ့်။ မြရုံခြယ်ဟာ နုလွင်တို့လို ကြောက်တတ်တဲ့ မိန်းကလေးလည်း မဟုတ်ဘူး။

စပ်စုတဲ့ အကျင့်လည်း မရှိပါဘူး။ အကြောင်းမရှိပါပဲနဲ့တော့ ဒီလိုမေးမယ် မထင်...။

" သူတို့သေဆုံးတုန်းက ဘာအဝတ်တွေ ဝတ်ထားသလဲ... စိန်စိန်ဆိုတဲ့ ကောင်မလေးက ဆံထောက် ဖားဖား ပါးကွက်ကျားကလေးနဲ့လား... သော်ကကရော ပုဆိုး အနီကွက်ကလေးနဲ့လားဟင်... "

" မြရုံခြယ် ဘယ်လိုသိသလဲ... သူတို့ကို မြရုံခြယ် မမြင်ဖူးပါပဲနဲ့... "

" ကိုရွှေပြည်ကျော်... မြရုံခြယ် နေကောင်းတာနဲ့ ဘုန်းဘုန်းကျောင်းကို သွားပြီးတော့ အလှူလေးတစ်ခု လုပ်ရအောင်... သော်ကနဲ့ စိန်စိန်ကို ချောင်းစပ်ကနေ သွားဖိတ်ပြီးတော့ အမျှဝေကြတာပေါ့... "

မြရုံခြယ် ပြောပြတာကို နားထောင်ရတာ အံ့သြရင်တုန်စရာပါပဲ။ ရေမွန်းပြီး သတိလစ်သလို ဖြစ်နေချိန်မှာ ချောင်းစပ်မှာ ရပ်နေတဲ့ သူတို့နှစ်ယောက်ကို တွေ့လိုက်သတဲ့လေ...။

သူတို့က မြရုံခြယ်ကို ခေါ်တော့မလို့လား။

" မြရုံခြယ် ခုချိန်ကစပြီး ကိုယ်မပါပဲ ဘယ်မှ မသွားဘူး... ကိုယ့်အနားမှာပဲနေ... ကိုယ်မသိပဲ ဘယ်ဆို ဘယ်မှ မသွားပါနဲ့... ညဘက် အပြင်သွားချင်ရင်လည်း အရင်ကလို နုလွင်နဲ့ နှစ်ယောက်တည်း မသွားနဲ့ ကိုယ့်ကိုလာခေါ်... "

မြရုံခြယ် ပျောက်ဆုံးသွားမှာကို တကယ် ကြောက်မိ

ပါပြီ…။ ဒေါ်တင်ထားမီဟာ အခုအချိန် တစ္ဆေအဖြစ် ရှိသေးလား… မရှိသေးလားတော့ ရွှေပြည်ကျော်မသိ။ ချစ်သူပျောက်ဆုံးသွားတဲ့အတွက် တဆွေးဆွေး တမြည့်မြည့် ဖြစ်သွားရတာကို တစ်ချိန်က အပြစ်တင်ခဲ့မိတာ။ အခုတော့ ကိုယ်ချင်းစာနာ တတ်လာသလိုပါပဲလား။

“ အဖေ့ကို အမြန်ဆုံးလက်ထပ်ပေးပါလို့ ကိုယ်ပြောထားပြီ မြရံခြယ်…”

“ ကိုရွှေပြည်ကျော်ကလည်းလေ… နုလွင်နဲ့ တူနေပြီ… နုလွင်လည်း ကြောက်နေတိုင်း လက်ထပ်ဖို့ချည်းပဲ ပြောနေတော့တာ… လူတစ်ယောက်ဟာ သေရမယ်ဆို… ဘယ်သူကမှ တားလို့မရပါဘူး… ဟိုနေ့က မြရံခြယ် သေရမယ်ဆိုရင် ကိုရွှေပြည်ကျော်လည်း တားလို့ရမှာ မဟုတ်ပါဘူး… ပြီးတော့… မဟော်ဂနီစံအိမ်မှာ နောက်ထပ် တစ္ဆေတစ်ကောင် အသေအချာ တိုးလာမှာပါ…”

“ ဟာ… ဘာတွေလျှောက်ပြောနေလဲ မြရံခြယ်ရာ… မပြောပါနဲ့…”

မဟုတ်လို့လား။ သေအံ့ဆဲဆဲအချိန်မှာမှ ကိုရွှေပြည်ကျော့်ကို သတိတရ ဖြစ်လိုက်တယ်။

မခွဲခွာချင်ဘူးဆိုတဲ့စိတ် မြရံခြယ်ဆီမှာ ရှိနေတယ်။

ဖွဲလန်းချစ်ခင်စိတ်ဟာ မြရံခြယ်ကို တစ္ဆေအိမ်မှာနေမည့် တစ္ဆေအဖြစ်သို့ သေချာပေါက် ပို့ပေးဦးတော့မှာပါလား။

“ အဖေနဲ့ အမေ့လို အိုအောင်မင်းအောင်ထိလည်း

ချစ်ချစ်ခင်ခင် ပေါင်းရပြီး ကိုယ်လျှောက်တဲ့လမ်းတွေကလည်း သူတို့ နှစ်ယောက်လို ဖြောင့်ဖြူး မှန်ကန်ချင်လိုက်တာ… အဲဒီအချိန်က မြရုံခြယ်သေရရင် သေချာပေါက် ကိုရွှေပြည့် အနားမှာ တရစ်ဝဲဝဲ ဖြစ်နေမှာပါ…"

"မြရုံခြယ်ရယ်…"

ကိုရွှေပြည်ကျော်ကလည်း ပြောတယ်လေ… သူ ရေကူး တတ်တယ် ဆိုပေမယ့်… ရေငုပ်တာလည်း ကျွမ်းကျင်တာ မဟုတ်ဘူး။ မြရုံခြယ် ပျောက်သွားပြီဆိုတဲ့ အချိန် နေလည်း အတူနေမယ်… သေလည်းအတူသေမယ်ဆို လိုက်ဆယ်ခဲ့တာ တဲ့လေ။

"ခုချိန် မြရုံခြယ်တို့နှစ်ယောက် အတူ သေလို့ကလည်း သော်ကနဲ့ စိန်စိန်လိုပဲ ဖြစ်နေမှာ…"

မြရုံခြယ်တို့ နှစ်ယောက်များ အတူသေကြရဦးမည်ဆို မဟော်ဂနီစံအိမ်ကတော့ ပိုလို့တောင် ပြောစရာ ဖြစ်လာဦး မှာပါလား…။ ခွဲခွာကြရချိန်မှာတော့ မေ့နိုင်တော့မည် မထင်တဲ့ အကြောင်းကလေးတွေပါပဲ။

အဖေကတော့ သန်ဘက်ခါမှာ... နုလွင်နဲ့ ဖိုးလှကို အရင် လက်ထပ်ပေးလိုက်ပါ။ ရွှေပြည်ကျော်တို့ကတော့ အဲဒီနေ့ စေ့စပ်လိုက်ပြီးတော့ ခြံထဲမှာ သွားနေလိုက်... ဖွားလေးသစ္စာတို့ အိမ်မှာ နှစ်ယောက်သွားနေပြီး နောက်တစ်ပတ် ရက်ရာဇာကျမှ ခြံထဲမှာပဲ လက်ထပ်လိုက်တဲ့လေ။

အဖေ စီစဉ်ပေးသလို သဘောကျပါတယ်။ သန်ဘက်ခါ ဖိုးလှနဲ့ နုလွင်ရဲ့ မင်္ဂလာဆွမ်းကျွေးကို ကြံခင်းစု ဘုန်းဘုန်းကျောင်းမှာ ဖိုးလှတို့ ဆွေမျိုးတွေပါ ဖိတ်ပြီး ကျင်းပပေးမယ်တဲ့...။

" ကောင်လေး... မင်းသိပ်ပျော်နေတယ် မဟုတ်လား.. ကိုယ်ချင်းစာပါတယ်... ငါတို့လည်း မပြုံးနဲ့ လက်ထပ်ရကာနီးတုန်းက ပျော်တာမှ မျက်နှာပိုးကို မသပ်နိုင်တာ... ဘယ်သူ့မြင်မြင် ရယ်ပြရတာ အမောဟ... ပါးကိုညောင်းရော "

" ဦးမြလှိုင်ကြီးက ပါးညောင်းအောင် ရယ်နိုင်ရင် ကောင်းပါတယ်... ကျွန်တော့်မှာဖြင့် ပျော်ရတာက မဝံ့ရဲလိုက်တာ... မြရုံခြယ်ကို အနားမှာပဲ ထားချင်နေတယ်... အခုဈေးဝယ်ချေ ရွှေပြည်ဆို ကြီးဒေါ်ခေတ္တရာ အော်နေပေမယ့်... လာချင်တာ မဟုတ်ဘူး "

" မြရုံခြယ် နေကောင်းနေပြီပဲကွာ... မနက်က မင်း

အဖေနဲ့ မင်းဖို့တောင် ထမင်းဟင်းချက်နေပြီ ”

“ နေကောင်းပေမယ့် မျက်စိအောက်ကနေ မခွာပေးချင်ဘူး.. စိတ်ပူနေတယ်... မြရုံခြယ်ကတော့ ပြောပါတယ်... သေချင်လာရင် ဘယ်သူမှ မတားနိုင်ပါဘူး ကိုရွှေပြည် စိတ်မပူပါနဲ့တဲ့ ”

“ ဒါလည်း ဟုတ်တာပါပဲ... တစ်ခုထူးဆန်းတာ မင်းကို ပြောရဦးမယ် ရွှေပြည်ကျော် ”

ဦးမြလှိုင်က ပြောပါတယ်။ တစ်နေ့ကညမှာ ဒေါ်ပြုံး အိပ်မက်မက်တယ်တဲ့...။ အိပ်မက်ထဲမှာ သော်ကနဲ့ စိန်စိန်က အထုပ်ကလေးတွေ ပိုက်ပြီး ဝမ်းသာအားရ ရောက်လာသတဲ့လေ...။ ပြီးတော့ ပြောသတဲ့။ ဒေါ်ပြုံးနဲ့ နေချင်တယ် ဟိုးအရင်ကလိုပဲ ဒေါ်ပြုံးဆီမှာ နေပါရစေတဲ့။

“ အဟုတ်... ဒါဆိုရင်တော့ ခင်ဗျား ပွပြီပဲ... ဒီအရွယ်ကျမှ ကလေးလေးတွေ ရတော့မယ်... ”

“ အေးလေ... ငါလည်း မပြုံးပြောတော့ အံ့သြနေတာ... မပြုံးက သေချာကို ပြောတာ... အိပ်မက်ထဲမှာ နင်တို့ကလည်း နှစ်ယောက်လုံးတော့ ငါနဲ့ မနေကြနဲ့... ကိုမြလှိုင်လည်း အသက်ကြီးပြီ... မနည်းရှာဖွေနေရတာ နှစ်ယောက်ဆို ဘယ်ကျွေးနိုင်မလဲလို့ ပြောလိုက်တယ်တဲ့... ”

“ ဒေါ်ပြုံးက အပီအပြင်ကို မှတ်မိနေတာပါလား... ”

“ နှစ်ယောက်အတူ မနေရဘူးလည်းပြောရော... ငိုကြပါလေရောတဲ့... အဲဒါနဲ့ ကြည့်ရင်း ကြည့်ရင်း သနားပြီး

ကဲ ကဲ ဒီလောက်လည်း ငိုမနေကြပါနဲ့ ငါတို့ လင်မယား လျှော့စားပြီး နင်တို့ကို ခေါ်ထားပါမယ်တဲ့... အဲလိုပြောမှ ပျော်ရွှင်သွားတော့တာတဲ့ "

" ဦးမြလှိုင်ကြီး... ကလေးတစ်ယောက်တောင် မနည်း ကျွေးရတာ... အမြွှာဆို ဟုတ်ရောပဲ..."

" ဖြစ်လာပြီလေ... ငါတို့ ရှာရဖွေရတော့ ပင်ပန်း မှာပါပဲ... ဒါပေမယ့် သူတို့နှစ်ယောက် ခုလိုမျိုး ကျွတ်လွတ်ပြီး လူ့ဘဝ ပြန်ရောက်ရမှာတော့ ဝမ်းသာတယ် "

" ဘာမှစိတ်မပူနဲ့ ဦးမြလှိုင်... ခြံထဲမှာ ကျွန်တော် အဆင်ပြေတာနဲ့ .. ခင်ဗျား မိသားစုကို ခေါ်လိုက်ပါမယ်..."

" အေး... ကောင်းတယ်... ကောင်းတယ်... မင်းခေါ်ရင် အချိန်မရွေး လာခဲ့မယ်..."

ဦးမြလှိုင်တို့ကို ခေါ်တာကတော့ ဟုတ်ပါပြီ။ ဒေါ်ပြုံး မရှိရင် ကြီးကြီးညိုမြရာတို့ရဲ့ ချက်ပြုတ်လျှော်ဖွပ်ရေးတွေက ခက်ခဲဦးတော့မှာပါ...။ ဒါကြောင့် ကြီးကြီးညိုမြရာတို့ ဒေါ်ပြုံး မရှိရင် ခက်ဦးမှာလို့ ပြောမိပါပြီ။

" မပြုံးက မွေးရပ်ဖွားရပ်ဦးမှာ... အသက်ကကြီးနေပြီ... အလုပ်တွေ ပင်ပင်ပန်းပန်း မခိုင်းရက်ပါဘူး... မင်းဆိုရော မြရုံခြယ်ကို ခိုင်းရက်မလား..."

" ဒေါ်ပြုံးက ကိုယ်ဝန်ရှိတာ သေချာပြီလား "

" သိဘူးလေကွာ... အိပ်မက်မက်တာပဲ..."

ရွှေပြည်ကျော် ရယ်ရပါပြီ။ အမှန်က ဖြစ်တော့ ဖြစ်နိုင်

ပါတယ်။ မြရုံခြယ် နေကောင်းပြီးတဲ့တစ်ရက် ဈေးသွားရင်း လိုမယ့်ပစ္စည်းတွေ ဝယ်ပြီးတော့ ဘုန်းဘုန်းကျောင်းမှာ အလှူ ကလေး ပြုလုပ်ပေးခဲ့တယ်လေ။ ချောင်းစပ်မှာ သော်ကနဲ့ စိန်စိန်ကိုလည်း သွားဖိတ်ရတာပေါ့...။ သူတို့နာမည်တွေခေါ် အလှူပေး အမျှဝေခဲ့တာ... ရသွားခဲ့ပုံပါလား။

မြရုံခြယ်ကို ပြောပြရမယ်...။ ခုလို အခြေအနေကိုသာ ကြားရင် မြရုံခြယ် ဝမ်းသာရှာမှာပါပဲ။

ရွှေပြည်ကျော်တောင်မှ ကြည်နူးဝမ်းသာသွားသလိုပါ...။ ဒီရက်ပိုင်းကလေး စောင့်နေရတာတောင် အချိန်တွေက ကြာ လွန်းနေသလိုပါလား...။

၈

" **အစ်**မ... ဒီတစ်ညပဲ... ဒီတစ်ညပဲနော် အစ်မ... ဒီတစ်ညပဲ· ဒီအိမ်ကြီးမှာ အိပ်ရတော့မှာပါလား... ဝမ်းသာလိုက်တာ အစ်မရယ်..."

" ဘာလဲ မနက်ဖြန် ချစ်သူနဲ့ လက်ထပ်ရတော့မယ်ဆို သိပ်ပျော်နေတာပေါ့ ဟုတ်လား..."

" ပျော်လည်းပျော်သလို... ရင်ထဲလည်း တစ်မျိုးကြီးပါ အစ်မရယ်... အစ်မနဲ့လည်း ခွဲရတော့မယ်... အစ်မနဲ့ နောက်အတူမနေရတော့ဘူး "

" ခုမှအပိုတွေ... အစ်မထက် ဖိုးလှကို ပိုချစ်တယ် မဟုတ်လား... ဒါကြောင့် ဖိုးလှနဲ့ အတူနေမှာလေ "

" အစ်မကရော... နုလွင်ထက် အစ်ကိုရွှေပြည့်ကို ပိုချစ်တာ မဟုတ်ဘူးလား..."

နုလွင် ပြန်ပြောတတ်တာကို သဘောကျစွာ ပြုံးရပ သေးတယ်...။ မနက်ဖြန်ဆို နုလွင်တို့ မင်္ဂလာဆွမ်းကျွေးပြီးရင် ဒီအိမ်ကို ပြန်လာစရာ မလိုတော့ပါဘူး။ မဟော်ဂနီစံအိမ်ကိုတော့ အမေ့ကို လာကန်တော့ရင်း တစ်ခါတလေတော့ ရောက်ဦးမှာပါ...။

" အိပ်တော့ ညဉ့်နက်နေပြီ... မိုးတွေကလည်း

ရှာလိုက်တာ... ဘာလို့ ဒီရက်မှ မိုးပြန်သည်းနေပါလိမ့်..."

"သည်းပါစေ အစ်မရယ်... မိုးကလည်း နုလွင်တို့လိုပဲ... မဟော်ဂနီအိမ်ကို နှုတ်ဆက်တာနေမှာပါ... သီတင်းကျွတ်နေပြီ... နောက်ဆို ဒီလို မိုးသည်းညတွေနဲ့ မတွေ့နိုင်တော့ပါဘူးလေ"

အိပ်မှုပါဆို မျက်ဝန်းတွေစုံမှိတ်ထားတဲ့ကြားက အိပ်လို့မပျော်နိုင်...။ မိုးကရွာရတဲ့အထဲ တစ်ချက် တစ်ချက် ထစ်ချုန်းနေလိုက်သေး...။ မိုးသည်းကြားမှာ အော်သံလိုလို ညည်းသံလိုလိုကြားရတာပါလား...။ ခုတော့လည်း ဒီအိမ်မှာ အနေကြာလာပြီးဒီညည်းသံတွေ ခြေသံတွေလည်း ဂရုမစိုက်ချင်တော့ပါဘူး...။

မှေးခနဲ အိပ်ပျော်သွားလိုက်တာ...။

ခုတစ်ရက်နှစ်ရက် စိတ်မှာ သော်ကနဲ့ စိန်စိန့်အတွက်လည်း ကြည်နူးနေမိသလိုပါပဲလေ...။ ခြေသံလိုလိုနဲ့ ဖျတ်ခနဲမြရုံခြယ် နိုးလာပါတယ်... ရိပ်ခနဲတံခါးဝက အရိပ်ကို တွေ့လိုက်ပြီ...။

ဘေးဘက်ကြည့်လိုက်တော့ နုလွင် မရှိတော့ပါလား...။ နုလွင်ဆိုတဲ့ ကောင်မလေးဟာ မြရုံခြယ် ဘယ်လောက်ပြောပြောအမှတ်သည်းခြေကို မရှိ။ ကြောက်တတ်ရင်လည်း အပြင်သွားချင်ရင် နှိုးမှပေါ့...။

နုလွင်နောက်က လိုက်ခဲ့တာ...

ဟဲ့... နုလွင်လို့ လှမ်းခေါ်ပေမယ့် မိုးသံကြောင့် ကြားပုံမရ...။ အိမ်သားတွေ နိုးမှာစိုးလို့လည်း အကျယ်ကြီး မခေါ်ရဲ...။

ဟင်... ဘယ်သွားမှာလဲ... နောက်ဖေးဘက်ဆင်းတဲ့ လှေကားလည်း မဟုတ်ပါလား။ ကောင်မလေးဟာ အတော် စပ်စုစုလည်း နိုင်လွန်းတာပါလား...။ အိမ်ကြီးရဲ့ ဘေးဘက်ကို လျှောက်သွားနေပါတယ်... အဲဒီဘက်မှာ ဘယ်သူမှ မရှိဘူးဆိုပြီး မြရုံခြယ်တောင်မှ တစ်ခေါက် မရောက်...။

" နုလွင် "

" ဟင်... အစ်မ လန့်လိုက်တာ "

" ဒါ ဘယ်လဲ "

" အစ်မ မကြားဘူးလား... ညည်းသံကြီး ကြားတယ်... အဲဒီအသံကြီးက ဘာလဲဟင်.... သွားကြည့်မယ်... မရရအောင် ကြည့်မှာ..."

" နုလွင်ရယ်... သူများတွေ သိကုန်ရင် မကောင်းဘူး" ပြောလို့လည်း မရပါလား...။

ဒါကြောင့် နုလွင်ဆွဲခေါ်ရာ ပါလာခဲ့ရတယ်... မိုးသံ ကြားကနေ ညည်းသံကလည်း သေချာနီးကပ်စွာ ကြားလာ ရပါပြီ။ မြရုံခြယ်ရင်ထဲလည်း တထိတ်ထိတ်နဲ့...။ ခြေလှမ်းတွေကို နောက်ပြန်မလှည့်ဖြစ်အောင် သိချင်စိတ်တွေလည်း ရှိပါတယ်။ မီးလင်းရောင် ခပ်မှုန်မှုန် ရှိနေတယ်...

သေချာပြီပဲ။ ဒီအခန်းထဲက ညည်းသံကြီး ကြားရတယ်။ တစ္ဆေကတော့ မီးအလင်းရောင်မှာ နေမလား..။ တစ္ဆေ မဟုတ် နိုင်...။ မှန်ပြတင်းကနေ နုလွင်နှင့် နှစ်ယောက် ချောင်းကြည့် ကြတဲ့ အခါမှာတော့...။

မီးအလင်းရောင်က မပီဝိုးတဝါး မှိန်လွန်းနေပါတယ်... အိပ်ရာပေါ်မှာ လူတစ်ယောက် လဲလျောင်းနေတာလား...။ နေမကောင်း ဖြစ်နေတာလား။ ဘယ်သူလဲ မျက်နှာကို လှမ်းကြည့်တော့လည်း မပီမပြင် ခန့်မှန်းလို့မရ...။ ဘေးနားမှာ ထိုင်နေတာ... ကြီးဒေါ်ခေတ္တရာပါပဲ...။ ကြီးဒေါ်ခေတ္တရာက ဖျတ်ခနဲဆို အိပ်နေတဲ့လူရဲ့ အဝတ်ကို ဆွဲခွာလှန်လိုက်တယ်...။

ပြီးတော့ ဗိုက်ပေါ်မှာ ဘာတွေလုပ်တာလဲ။

"ဘုရား ဘုရား... အစ်မ... အစ်မ... ဗိုက်ဖောက်စားမှာ ထင်တယ်"

နလွင်ရဲ့ အသံက တုန်နေလိုက်တာ...

မြရုံခြယ်တောင်မှ ထိတ်လန့်လွန်းစွာ... မကြည့်ရဲရဲနဲ့ ကြည့်နေမိဆဲ...။ ဗိုက်ပေါ်မှာ တွေ့ရတာကတော့ တကယ့်ကို အူတွေအခွေလိုက်ပါလား..။ အူတွေကို ကြီးဒေါ်ခေတ္တရာ ဘာလုပ်နေတယ် မသိ... လဲနေတဲ့လူရဲ့ ညည်းသံက ပို ကျယ်လောင်လာပါပြီ...။

" အူတွေ... အူတွေ... အမလေး.. ဗိုက်ဖောက်ပြီး အူတွေကိုစား.. စား..."

နလွင်ရဲ့ တိုးလျသော အသံလေးက နောက်ဆုံး မကြားရပါပဲ ကြမ်းပြင်ပေါ် ခွေခွေလေး လဲကျသွားပါလေရော...။

မြရုံခြယ်ကိုယ်တိုင်လည်း.. ဒူးတွေ ဆတ်ဆတ်တုန်နေပါပြီ။ လူတစ်ယောက်ရဲ့ ဗိုက်က ပေါက်ထွက်ပြီး အူတွေ အခွေလိုက် မြင်နေရတယ်... ကြီးဒေါ်ခေတ္တရာဟာ တကယ့်

စုန်းမကြီးပါလား။ မျက်ဝန်းတွေလည်း ပြာလာသလိုပါပဲ...။
ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ခြင်းကြီးစွာနဲ့...။

မြရုံခြယ်လည်း နံရံကို မှီနေရင်းက လျှောလျှော ကျလာပြီးတော့ နံလွင်သားမှာ ခွေခွေလေး လဲကျသွားခဲ့ပါပြီ...။

အပြင်မှာတော့ မိုးတွေသည်း လေတွေထန်လို့...။

မြရံခြယ်ရဲ့ ဖြူဖျော့နေတဲ့ မျက်နှာလေး။ လိုအပ်တဲ့ ဆေးတွေ သွင်းထားရပြီး တကယ့်ကို လူမမာတစ်ယောက် ဖြစ်သွားခဲ့တယ်။ မြရံခြယ်ရဲ့ လက်ကလေးကို ဆုပ်ကိုင်ပြီးတော့ သက်ပြင်းတွေသာ အခါခါရှိုက်မိပါပေါ့...။

ရွှေပြည်ကျော် ညှုံ့လွန်းပါတယ်...

မြရံခြယ်ကို ဖွားဖွားကြီးအကြောင်း ပြောပြမထားမိ။ အခုမှတော့ မြရံခြယ်ကို ဘယ်လိုပြောမလဲ။ မြရံခြယ် သတိရလာရင် နှလွင်အကြောင်း ဘယ်လိုပြောရမလဲ...။

" မိန်းကလေးက အကြောက်လွန်ပြီးတော့ နှလုံးရပ်သွားတာပါ... နဂိုရ်ကလည်း ကြောက်တတ်ပြီး နှလုံးအားနည်းနေတယ် ထင်ပါရဲ့... ဒါကြောင့် ရုတ်တရက် စိတ်မှာ အရမ်းထိတ်လန့်တုန်လှုပ်မှုကို မခံစားနိုင်တော့ပါပဲ... နှလုံးရပ်သွားတာပါ..."

နှလွင် သေဆုံးသွားခဲ့ပါပြီ...

နှလွင် မရှိတော့ဘူးလို့ မြရံခြယ်ကို ဘယ်လို ပြောရမလဲ...။ မြရံခြယ် ကိုယ်တိုင်တောင်မှ ကြောက်ရွံ့သွားပြီး...

ဆေးရုံမှာ နေနေရပြီ...။ နှုတ်ဖျားမှနေ ကြောက်တယ်လို့လည်း ခဏခဏ ညည်းနေဆဲ...။

" အဖေတို့ လိုသွားတာပါလား မောင်ရွှေပြည်... မြရုံခြယ်ကို မင်းတို့ ဖွားဖွားကြီးနဲ့ တွေ့ပေးရမှာ... အိပ်ရာပေါ်မှာ လဲနေတဲ့ လူမမာပဲဆိုပြီး တွေ့လည်း စိတ်မကောင်းရုံဆို ပြောမပြမိဘူး..."

တကယ်ဆို ဖွားဖွားကြီး ဒေါ်သီရိမမလှတ်ဟာ အိပ်ရာပေါ်လဲနေတဲ့ လူမမာ တစ်ယောက်ပါ...။ မြရုံခြယ်တို့ မရောက်ခင် တစ်နှစ်လောက်ကမှ ကင်ဆာရောဂါဝေဒနာနဲ့ ခွဲစိတ်ကုသခဲ့ရတယ်...။

အညစ်အကြေးတွေကို အချိန်ပိုင်းနဲ့ သန့်ရှင်းပေးနေရတဲ့ လူမမာ တစ်ယောက်ပါ...။

" အမှန်ဆို ခေတ္တရာဟာ ရုပ်ဆိုးအပြောဆိုးပေမယ့် စိတ်သဘောထားကောင်းတဲ့ သူနာပြုဆရာမကြီး တစ်ယောက် ဖြစ်ခဲ့သလို အမေ့ရောဂါကို တစ်လျှောက်လုံး ပြုစုကုသပေးနေတာကိုလည်း မြရုံခြယ် သိသင့်ခဲ့တာ... အဖေတို့ကတော့ မလိုအပ်ပါပဲ... ကလေးတွေ စိတ်မနှောင့်အယှက် ဖြစ်မလားဆို မပြောခဲ့မိဘူး..."

တစ်အိမ်လုံးက ဖွားဖွားကြီးရဲ့ နောက်ဆုံးအချိန်ကို သိနေကြတဲ့ လူတွေချည်းပါ...။ ရောဂါသည်းပြီး နေမကောင်းလွန်းရင် ညည်းနေတော့တာ... ကြီးဒေါ်ခေတ္တရာကသာ ဆရာဝန်နဲ့ တိုင်ပင်ပြီးတော့ ပြုစုကုသပေးနေရတယ်။

" ကျွန်တော်လည်း မှားသွားတယ် "

" ကံတွေလို့ပဲ သတ်မှတ်ရတော့မှာပါလား... နုလွင်လေး အဖြစ်ဆိုးရာတယ်... လက်ထပ်မယ့်နေ့မှာမှ သေဆုံးသွားရတယ်လို့ပဲ... မြရံခြယ်သိရင် စိတ်မကောင်း ဖြစ်ရတော့မယ်... "

မြရံခြယ်ကို အနားမှာ အချိန်မလပ် ထိုင်စောင့်နေမိပါတယ်... မြရံခြယ်ကို ဆုံးရှုံးသွားရမှာ ရွှေပြည်ကျော် သိပ်ကိုကြောက်ရွံ့နေခဲ့မိသလို...။

ဖိုးလှရဲ့ ရှိုက်ကြီးတငင် ငိုယိုနေမှုကိုလည်း အခုတော့ စာနာတတ်ခဲ့ပါပြီ...။

" မြရံခြယ် နေကောင်းတာနဲ့ သားတို့ ခြံထဲ သွားနေကြတော့လေ... ဒီမှာဆက်နေရင် နုလွင်အတွက် စိတ်မကောင်း ဖြစ်နေမယ်... "

အဖေကတော့ မြရံခြယ် နေကောင်းတာနဲ့တဲ့...။ မြရံခြယ် ဖျားလိုက်တာမှ... ကြောက်တယ် တစ်ခွန်းကိုသာ ညည်းညူနေခဲ့တာ။ ဒီနေ့မနက်မှ အဖျားကျသွားပါတယ်... ကြီးဒေါ်ခေတ္တရာက လာကြည့်ပေးပေမယ့်... အနားမှာတော့ ကြာကြာမနေပါဘူး...။

နင့်ကောင်မလေး သတိရရခြင်း ငါ့မြင်ရင် တစ်ခါတည်း အသက်ထွက်သွားမယ်... တော်ကြာမှ ဟိုကောင်မလေးနောက် တစ်ခါတည်း လိုက်သွားနေရမယ်တဲ့လေ...။

" နုလွင်... နုလွင်... ကြောက်တယ်... ကိုရွှေပြည်ကျော်... "

အဖျားကျပြီးတော့ ညည်းနေတဲ့အခါ... နုလွင်နဲ့ သူ့နာမည်ကိုပါ ခေါ်လာပါတယ်... နုလွင်အကြောင်းကတော့ မင်္ဂလာဆောင်ရက် ရွှေ့ထားပြီး နှလုံးအားနည်းလွန်းလို့ ဆေးရုံ ပို့ထားရတယ်လို့ ညာရတော့မှာပါလား။

ကိုရွှေပြည်ကျော်... ကိုရွှေပြည်ကျော်နဲ့ သူ့နာမည်ကို ရွတ်နေတဲ့အခါတော့ စိတ်မကောင်းတဲ့ကြားက ကြည်နူးချမ်းမြေ့ ရလွန်းပါတယ်...။

နေကောင်းပါတော့ မြရုံခြယ်... ကိုယ်တို့နှစ်ယောက် ခြံထဲ သွားနေကြရအောင်လေ...။

" ကိုရွှေပြည်ကျော် နားပါဦးလား.. ဝတ်မှူ စောင့်ပေးပါမယ်... နှစ်ရက်ရှိနေပြီ နေ့ရော ညရော နားမှ မနားတာ..."

" ဟင့်အင်း မနားချင်ပါဘူး... မြရုံခြယ် ကောင်းကောင်း သတိရလာမှ နားတော့မယ်... တော်ကြာ သူသတိရတဲ့အချိန် မှာ... ကျွန်တော့်ကို မမြင်ရင် လန့်နေမယ်..."

ပန်းဝတ်မှူတို့က ခုလိုတော့လည်း ကူညီတတ်တာပါ လား။ ဒါပေမယ့် မြရုံခြယ်ဘေးက ခွာကိုမခွာရက်သလိုပါ။ သတိရလာရင် ကြောက်ရွံ့ထိတ်လန့်နေမလား။ ဘာတွေများ ဖြစ်လေမလဲ...။

" နုလွင် ခုလို ဖြစ်သွားတာမှာ... အဖွားညီမြရာလည်း စိတ်ခံတတ်ကျတယ် ထင်တယ် ကိုရွှေပြည်... အဖိုးတို့မြို့က သာယာအေးခြံမှာ ပြောင်းနေကြမလားလို့ မေးတယ်... အဖွား ခေတ္တရာက ဘာပြောလဲဆို ဘာလဲ ညီမြရာ... နင်က

သာယာအေးခြံကိုပါ တစ္ဆေခြံလို့ အမည်ပြောင်းစေချင်တာလား… ဘယ်နေရာမှာနေနေ သေတဲ့လူ သေမယ်… ရှင်တဲ့လူ ရှင်မယ် သေတိုင်း တစ္ဆေဖြစ်ရရင် မနွယ်တစ္ဆေကို ငါကြည့်ချင်ပါတယ် တဲ့…"

ဒါလည်း ဟုတ်တာပါပဲလေ။ အမေနွယ်ကတော့ မဟော်ဂနီအိမ်အတွက် ထူးခြားတဲ့ လူတစ်ယောက်ပဲ မဟုတ်လား။ မြရုံခြယ်ရဲ့ လက်ကလေးက သူ့လက်ဖဝါးထဲမှာ နွေးထွေးနေလို့ စိတ်တော့ အေးရပါသေးတယ်။

မှာ

မြရုံခြယ် မကြောက်တတ်ပါဘူး။

မကြောက်တတ်ဘူးလို့လည်း ကိုယ့်ကိုယ်ကို ယုံကြည်ထားတဲ့ လူပါ... ဒါပေမယ့် သွေးပျက်လုမတတ် ဖြစ်သွားတော့လည်း...။ သတိရလာတဲ့အချိန် ကိုရွှေပြည့်ကို မြင်ရတယ်။ မြရုံခြယ် ပြောချင်တဲ့စကားတွေဟာ နှုတ်ဖျားကနေ ထွက်မလာပါပဲနဲ့ မျက်ရည်တွေသာ တတွေတွေ ကျနေတော့တာပါလား။

" မြရုံခြယ် ဘာမှမစဉ်းစားနဲ့ ဟုတ်လား.. အဲဒီအကြောင်း ကိုယ် အေးဆေး ရှင်းပြမယ်... မြရုံခြယ်မြင်ခဲ့တာဖွားဖွားကြီးပါ... ဖွားဖွားကြီးက မသေသေးဘူး.. လူမမာပါ... မိုက်ခဲ့ပြီး အရူတွေ ထုတ်ထားရရှာတဲ့ လူမမာပါ... ကြီးဒေါ်ခေတ္တရာက ပြုစုနေရတာ... ဒီလောက်ပဲ မှတ်ထားပြီး နားနေနော်... မြရုံခြယ်နားမှာ ကိုယ်အမြဲရှိတယ် ဘာမှ မကြောက်နဲ့..."

လူက ထိတ်လန့်နေခြင်းတွေနဲ့ စကားတောင် မပြောနိုင်သလို အားနည်းသွားတယ်... နားထဲကနေ လေတွေ တဝုန်းဝုန်းတိုက်နေသလိုနဲ့... ခေါင်းတွေကလည်း မူးနောက်နေတာပါလား။ ကိုရွှေပြည့်လက်ကိုသာ မလွှတ်တမ်း ဆုပ်ကိုင်ထားနေမိတယ်...။ ဆေးတိုက်တော့လည်း အလိုက်သင့် မြိုချလိုက်ရုံပါပဲ...

အပြင်မှာ မိုးသံလား..

ဆူညံဆူညံနဲ့...။

" အစ်မ... အစ်မ "

" ဟာင်... နုလွင် နုလွင် "

မြရုံခြယ် လက်မောင်းကို လှုပ်နှိုးနေလို့ ကြည့်မိတော့ နုလွင်ပါလား။ နုလွင်က သတိလစ်နေရာက ကောင်းသွားပြီ ထင်ပါရဲ့။ နုလွင်ကို ကြည့်မိတော့ ပျော်ရွှင်နေတဲ့ပုံပါ... ဟုတ်သားပဲ နုလွင်က မင်္ဂလာဆောင်တာပဲ... ပျော်နေမှာပေါ့...။

" အစ်မ... နုလွင်သွားတော့မယ် သိလား "

" ငါသိပါတယ်... နင် ဖိုးလှနောက် လိုက်သွားတော့မှာ မဟုတ်လား... "

နုလွင် ပျော်နေပြီပေါ့လေ...။

" ဟွဲ... နုလွင် ဘယ်လဲ "

ရုတ်တရက် နုလွင်နောက်က ပေါ်လာတာ ကြီးဒေါ် ခေတ္တရာပါလား။ ကြီးဒေါ်ခေတ္တရာက နုလွင်လက်ကို ဆွဲထား တယ်... နုလွင်က အတင်းရုန်းနေပါလား။ ဘာလုပ်မလို့လဲ... ဘာလုပ်မလို့လဲ နုလွင်ကို လွှတ်လိုက်ပါ... နုလွင်သွားပါစေ...။ သူ့ခမျာ ဖိုးလှနဲ့ မင်္ဂလာဆောင်မှာကို သွားပါစေလား...။

" မသွားရဘူး... ငါ ဒီနေ့ ဗိုက်ဆာနေတာ... ဘယ်သူမှ မတွေ့လို့ ဘယ်သူ့ဗိုက်မှ မဖောက်ရသေးဘူး... ဒီနေ့တော့ နုလွင်ဗိုက်ကိုပဲ ဖောက်စားမယ်... "

" မလုပ်ပါနဲ့... မလုပ်ပါနဲ့... နုလွင် ပြေးပြေး "

" မြရံခြယ် မြရံခြယ် "

တော်ပါသေးရဲ့... နုလွင် ထွက်ပြေးသွားပြီ... နုလွင် လွတ်မြောက်သွားပြီ။ နုလွင်က ပြေးထွက်သွားလိုက်တာ မြင်တောင် မမြင်ရတော့ပါလား...။ နုလွင် နုလွင်နဲ့ ခေါ်နေပေမယ့် တစ်ချက်ကလေးမှ ပြန်လှည့်မကြည့်တော့ပါဘူး...။

" နုလွင် "

" မြရံခြယ်... "

မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တိုင်း ကိုရွှေပြည်ကျော့ကိုပဲ တွေ့နေရတယ်။ အဲလိုတွေ့ရရင်ကို ကြောက်စိတ်တွေ အကုန် ပျောက်ကုန်သလိုပါပဲ။ ကိုရွှေပြည်ကျော့လက်ကို တင်းတင်း ဆုပ်ကိုင်ထားပြီးတော့ ဘယ်မှမသွားနဲ့... ဘယ်မှမသွားပါနဲ့နော်လို့ပဲ ပြောနေမိပါပြီ...။

" နုလွင်ကတော့ သွားပြီ... ကိုရွှေပြည်ကျော် ဘယ်မှ မသွားပါနဲ့နော်... "

" မြရံခြယ် "

" နုလွင် မင်္ဂလာသွားဆောင်ပြီ ကိုရွှေပြည်... "

" ဟုတ်တယ် "

" ကိုရွှေပြည်ကျော်... နုလွင် မင်္ဂလာဆောင်ကို သွားကြမယ်... မြရံခြယ် ဘာဖြစ်လို့လဲ... ရင်ထဲမှာ မောနေသလိုပဲ... ဖျားတာလားဟင်... ခက်တော့တာပါပဲ... အိပ်ရာက မထနိုင်ရင် နုလွင် မင်္ဂလာဆောင် ဘယ်လိုသွားမလဲ... မြရံခြယ်ကို တွဲထူပါလားဟင်.. နုလွင် သနားပါတယ်... ဆွေမရှိ မျိုးမရှိ ဖြစ်နေမှာ...

အဖေရော အဖေက နှလွှင်မင်္ဂလာဆောင်မှာ ဧည့်ခံပေးနေသလား.. ဒါဆိုရင်တော့ တော်ပါသေးရဲ့..."

ခုမှ သက်ပြင်းချနိုင်ပါတော့တယ်။

နှလွှင် မင်္ဂလာဆောင်မှာ အဖေက ဧည့်ခံပေးရင်း ဦးစိုးနဲ့ ဒေါ်ခင်ရွှတို့လည်း ရှိမှာပဲလေ...။

" အစ်မတစ်ယောက် ဖြစ်ပြီး မြရံခြယ်က ဝတ္တရားမကျေလိုက်တာ... ကိုရွှေပြည်ကျော်ရယ်... ညီမ မင်္ဂလာဆောင်မှာတောင် မရှိဘူး..."

" ဒါကတော့ မြရံခြယ် ဖျားနေတာကို.. နေကောင်းရင်ကြံခင်းစု သွားတွေ့လည်း ရတာပဲ... ဖိုးလှကို လာခဲ့ဆိုလည်း ရတာပဲ "

" ဒါတော့ ဟုတ်ပါတယ် "

" အခု အရေးကြီးတာက မြရံခြယ် အားနည်းနေတယ်... နားဦး.."

" ကိုရွှေပြည်ကျော် ဘယ်မှမသွားရဘူး... တော်ကြာမှ ကိုရွှေပြည်ကျော်မရှိတုန်း ကြီးဒေါ်ခေတ္တရာ ဝင်လာရင် ဒုက္ခရောက်နေမယ်..."

" ကိုယ် ဘယ်မှမသွားပါဘူး... အခုလိုပဲ မြရံခြယ် လက်ကလေးကို ဆုပ်ကိုင်ပြီး အနားမှာနေမယ်... စိတ်အေး လက်အေး နားနေလိုက်..."

ဟုတ်တယ်... မြရံခြယ်မျက်လုံးတွေက လေးနေတာပါပဲ... တစ်ရေးလောက် အိပ်မှပါ...။ အားရှိသွားမှ နှလွှင်တို့ကို

ကြံ့ခင်းစုမှာ သွားနှုတ်ဆက်နိုင်မယ်။

" အိပ်... အိပ်... သမီးလေး အားရှိအောင် အိပ်လိုက်.. ငါ့သမီးလေး အားရှိပြီး နေကောင်းမှ အရင်ကလို အမေ မနက်အစောကြီး ဆွမ်းကပ်ဖို့ ဆွမ်းချက်ပေးနိုင်မှာပေါ့... သမီးလေးက ကုသိုလ်တွေ ရှိပါတယ်... ရှေ့လျှောက် ပျော်ရွှင် ချမ်းမြေ့စွာ ကုသိုလ်ရေးတွေ လုပ်ရဦးမှာပါ... အိပ်လိုက်.. အမေနွယ့် ရင်ခွင်ထဲမှာ အိပ်..."

အမေနွယ်... အမေပါလား... အမေ့ကို မမြင်ရတာ ကြာပြီ... အမေနဲ့ မတွေ့ရတာ ကြာပြီ။ အမေက ရင်ခွင်ထဲမှာ အိပ်တဲ့...။ ကောင်းလိုက်တာ အမေ့ရင်ခွင်က ကြည်နူးချမ်းမြေ့ လွန်းတာပါလား။

အေးချမ်းလိုက်တာ။

အမေ့ရင်ခွင်မှာ အိပ်နေရတာ အေးလိုက်တာ...

မြရံ့ခြယ်... အိပ်ရေးဝဝ အိပ်လိုက်တဲ့...။ ဟုတ်တာပေါ့ အိပ်ရေးဝရင် မနက်အစောကြီးမှာ နိုးလာမယ်... အမေနွယ်နဲ့ အဖေ အရဏ်ဆွမ်းကပ်ဖို့ မြရံ့ခြယ် ဆွမ်းချက်ရဦးမှာပါ.. သည်သို့သော အသိစိတ်နဲ့ အမေ့ရင်ခွင်မှာ စိတ်ချလက်ချ အိပ်လိုက်မိပါပြီ။

❧

**အုတ်**ဂူပေါ်ကို ယုဇနပွင့်တွေ တဖွဲဖွဲ ကြွေကျနေပါတယ်...။ အုတ်ဂူလေးကို မှီပြီး မြရံခြယ် ထိုင်နေလိုက်တာ။ မြရံခြယ် အတော်ကြီး နေကောင်းလာမှ အဖြစ်မှန်တွေ အားလုံးကို ဖွင့်ပြောပြခဲ့တာပါ။ နုလွင် မရှိတော့ဘူးလို့ ပြောပြတော့ မြရံခြယ် သိပါတယ်... နုလွင်က အစ်မသွားတော့မယ်လို့ နှုတ်ဆက်သွားပါပြီတဲ့...။

" အဖေက ဦးပဥ္စင်းဝတ်တဲ့နေ့ကတောင် ပြောသေးတာ... အဖေတို့ အမေတို့က.... မလိုအပ်ပါဘူး လူမမာကြီးကို ကလေးတွေ မြင်ရင် စိတ်ဆင်းရဲရုံပါပဲဆို ဖွားဖွားကြီး အကြောင်း ပြောမပြမိလို့ဆို စိတ်မကောင်း ဖြစ်နေတယ်..."

" လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာထဲက သွေးလည်ပတ်မှုဟာ ထူးဆန်းတာပါလား... မြရံခြယ်လေ ကိုယ့်ကိုယ်ကို မကြောက်တတ်ဘူး သတ္တိရှိတဲ့လူလို့ ယုံကြည်ခဲ့တာ..."

" သွေးလန့်တယ်ဆိုတာ အဲဒါပေါ့... လန့်ပြီး နှလုံးသွေး ရပ်သွားကာလေ..."

" နုလွင်ကို သနားလိုက်တာ... ချစ်သူနဲ့ အတူနေရတော့မယ်လို့ ကြည်နူးနေရှာပေမဲ့... ကြောက်တတ်သလောက်

စပ်စုတဲ့ ကောင်မလေး... သူစပ်စုတာက သူ့အသက်ပါ ပါအောင် စပ်စုတာပါလား..."

နုလွင်အတွက် မြရံခြယ် အများကြီး စိတ်မကောင်း ဖြစ်မှာပါလေ... ရွှေပြည်ကျော် ကိုယ်တိုင်တောင်မှ နုလွင်နဲ့ ဖိုးလှအတွက် စိတ်ထိခိုက်ရသေးတာ...။

" အမေ့ရင်ခွင်မှာ အိပ်လိုက်ရပြီးတဲ့နောက် စိတ်တွေ တကယ်အေးသွားတာပါ... အမေက အားရှိအောင် အိပ်ပြီး ကုသိုလ်လုပ်စရာတွေ ရှိသေးတယ်တဲ့... အဖေနဲ့ အမေ့လို ချစ်ချစ်ခင်ခင်နဲ့ ကုသိုလ်အလုပ်တွေ လုပ်ပြီး.. လမ်းမှန်မှန်လေး ရွေးရအောင်နော်..."

ဒီနေရာက လှမ်းကြည့်ရင် မဟော်ဂနီစံအိမ်ဟာ အနိမ့်ပိုင်းမှာ ရှိနေပါတယ်။ အမေနွယ့် အုတ်ဂူလေးကတော့ ယုဇနပင်အောက်မှာ မြွေးကြိုင်လို့ ရှိနေဆဲ...။ ဒီတစ်ညပဲ... ဒီတစ်ညပြီးရင် ဒီအိမ်က ထွက်ခွာတော့မယ်လို့ ရွှေပြည်ကျော် ပြောမိတော့... နုလွင်လည်း သည်သို့ ပြောခဲ့ဖူးတယ်တဲ့လေ...။

" ကြီးဒေါ်ခေတ္တရာကို အခုတော့ အမြင်ရှင်းသွားပါပြီ"

" အဖေက ပြောဖူးတယ်... ကြီးဒေါ်ခေတ္တရာဟာ သူ့အရုပ်ဆိုးတာအပေါ် အားငယ်လွန်းပြီး တစ်ဘက်စွန်း ဒေါသ တွေ များသွားရှာတာပါတဲ့... ပြီးတော့ အဖေက အမေနွယ့်လို သိပ်ကို လှပကျက်သရေ ရှိတဲ့သူနဲ့ ချစ်ပြီး လက်ထပ်လိုက် တာမှာလည်း စိတ်ထိခိုက်သွားပုံရတယ်တဲ့... အဲဒီ့နောက်ပိုင်း အဲလိုမျိုး ပြောချင်ရာတွေ ပြောတော့တာပဲတဲ့ "

" သူပြောချင်ရာတွေနဲ့ တိုက်ဆိုင်စွာ ဖြစ်လာတဲ့အခါမှာ ဘယ်ကောင်းပါတော့မလဲ... နုလွင် ဘယ်လောက်ကြောက်သွားမယ် မသိဘူး... အဲဒီညကအကြောင်း ပြန်စဉ်းစားရင်တောင် ရင်တထိတ်ထိတ် ဖြစ်ရပါတယ်..."

" စိတ်မကောင်းဖြစ်စရာတွေ မတွေးပါနဲ့တော့လား.."

မတွေးတော့ပါဘူး ဆိုပေမယ့် ဒီအကြောင်းတွေကတော့ ရှိနေဦးမှာပါပဲလေ...။

" နုလွင်က အဝေးကြီးကို သွားပြီ... တကယ်ဆို အဝေးကြီးကို မသွားသင့်ဘူး... အခုဆို သော်ကနဲ့ စိန်စိန်ကမှ ဒေါ်ပြုံးတို့ဆီ ပြန်ရောက်လာသေးတာကို..."

" ဒီလိုပေါ့... ဒီလိုပေါ့ မြရုံခြယ်... တွေ့ကြဆုံကြ ကွဲကွာကြနဲ့ အတူရှိနေခိုက် အဖေတို့လို အချစ်ခင်ဆုံး နေကြမယ်လေ..."

မြရုံခြယ်ရဲ့ လက်ကို ပိုင်ပိုင်ချိတ်တွဲထားခွင့် ရခဲ့ပါပြီ။ တောင်ကုန်းလေးပေါ်က ဆင်းတဲ့အခါ ချောင်းက ဘွာသွင်သွင် စီးဆင်းနေဆဲပါလား။

" အရင်ကလေ ကိုရွှေပြည်ကျော့အပေါ်မှာ အနည်းငယ်သော သံယောဇဉ်တော့ ရှိပေမယ့် ဘဝခရီးဖော်လို့တော့ မခံစားမိသလိုပါပဲ... ရေထဲကို ပြုတ်ကျသွားတဲ့အချိန်က စပြီးတော့ အသက်ပေးချစ်နိုင်တဲ့ ဘဝခရီးဖော်လို့ ယုံကြည်လာခဲ့တယ်လေ..."

" ကိုယ်ကတော့ မြရုံခြယ်ကို ချစ်နေတာ ကြာလှပြီ..."

ချောင်းစပ်မှာ ရပ်ကြည့်ရင်း ကျောက်တုံးတွေပေါ်မှာ ထိုင်… ငါးမျှားရတာကို သတိရမိပါပြီ။ မိပုတို့ ဖိုးလှတို့ ဖိုးဝတို့တွေ စားဖို့ ငါးမျှားပေးခဲ့တာ။ အဖေနဲ့ အမေက အကုသိုလ် အလုပ်တွေ မလုပ်ဖို့ ပြောရင်တော့ ဟုတ်ကဲ့လို့ ခေါင်းညိတ်လိုက်ပြီး… သူတို့ ကောင်းကောင်း စားပါစေဆို နောက်ထပ် ငါးမျှားတာပါပဲ…။

" ကောင်မလေးတစ်ယောက်လေ… ဒီချောင်းနားမှာ ငါးမျှားတဲ့ ကောင်လေးကို အကုသိုလ် ဖြစ်မှာစိုးလို့ ဆူလိုက်တာ ရစရာ မရှိပါဘူး.. အဲဒီကောင်လေးကလည်း အမှန်က လူဆိုးလေးပါ… သူ့အဖေနဲ့ အမေက ငါးမမျှားပါနဲ့ သား သူများ အသက်ကို မသတ်ရဘူးဆိုတုန်းကတော့ အမျိုးမျိုး ရှောင်ဖယ်နေပြီးတော့… သူချစ်တဲ့ ကောင်မလေးကလည်း ပြောရော တစ်ခါဆို တစ်ခါတည်း အဲဒီအချိန်ကစ လုံးဝ ငါးမမျှားတော့ဘူး… "

မြရုံခြယ် ပြုံးတာကတော့ အနည်းငယ် နွမ်းနေသေးသလိုပါ။ ဖြစ်ခဲ့သမျှ မမျှော်လင့်သော အဖြစ်တွေက မြရုံခြယ်ကို အများကြီးတော့ ဘယ်ပျော်ရွှင်နိုင်ပါဦးမလဲ…။ စိတ်ချပါ။ ဘဝတစ်သက်လုံးအတွက် မြရုံခြယ် စိတ်ချမ်းသာရအောင် ထားပါမယ်။ နေရသမျှ ရက်တိုင်း ပျော်ရွှင်ချမ်းမြေ့စေရပါမယ်…။

နင့်ရဲ့ သံစုံတီးဝိုင်းကြီးကိုတော့ ငါက လွှမ်းနေဦးမှာ ရှေ့ပြည်လို့ ကြီးဒေါ်ခေတ္တရာက ပြောပါတယ်။ မြရုံခြယ်တို့ နှစ်ယောက် ကြီးကြီးညိုမြရာတို့ လင်မယားနဲ့ ကြီးဒေါ်ခေတ္တရာ တို့ကို ထိုင်ကန်တော့ကြတယ်လေ...။

" နင်တို့ အိုအောင်မင်းအောင် ပေါင်းရမှာပါ..."

အဲလိုမျိုး ပြောတယ်။

အခုဆို မဟော်ဂနီစံအိမ်ကြီးမှာ မိသားစု နည်းနည်း လေးပဲ ကျန်တော့မှာပါလား။ အားလုံးက ရေကြည်ရာ မြက်နုရာ ဆိုသလို ထွက်ခွာကုန်ကြပါပြီ။ ကြီးကြီးညိုမြရာရဲ့ ရစ်ဝဲနေတဲ့ မျက်ရည်ကိုလည်း မထင်မှတ်စွာ တွေ့ရတာပါလား။

ထော်လာဂျီလေးက ကုန်းဆင်းအတိုင်း မောင်းလာတဲ့ အချိန်မှာတော့ မြရုံခြယ် နောက်ပြန်လှည့်ကြည့်မိတယ်...။

" ဒီအိမ်ကြီးမှာ နေရမယ် ဆိုတုန်းက ခုနေရာလေးက လှမ်းကြည့်ပြီး နေလို့မှ ဖြစ်ပါ့မလား.. မဖြစ်ရင်တော့ ရန်ကုန် ပြန်ရမှာပဲလို့ တွေးမိတယ်..."

" အဲဒီအိမ်ကြီးမှာ ဘဝခရီးဖော် ရှိမယ် ယောင်လို့

တောင် မတွေးမိဘူး မဟုတ်လား ”

“ ဒါပေါ့...”

အစ်မရေ... နှလွင်ကတော့ မနေချင်ရင် ရှာပြန်မယ် ဆိုတဲ့ ကောင်မလေးက အခုတော့ မဟော်ဂနီစံအိမ်မှာပဲ အပြီး နေရစ်ပါရော...။

“ ကိုယ်တို့လည်း စုံတွဲလိုလို လူနှစ်ယောက် အရိပ်ကို တွေ့ရလို့ သော်ကနဲ့ စိန်စိန် တစ္ဆေခြောက်နေတယ်ဆိုပြီး ဦးမြလှိုင်ကြီးနဲ့တောင် ပြောမိတာ...”

တကယ်ဆို သူတို့လေးတွေကို သနားမိပါတယ်...

ချစ်ပြီး မပေါင်းကြရပါလား။

မဟော်ဂနီစံအိမ်ကြီးမှာ နေခဲ့ရချိန်တွေကို မေ့သွားစရာ လားကွယ်...။

စက္ကန့်များစွာတိုင်း ကြည်နူးပျော်ရွှင်မှုလေးတွေရှိသလို ကြေကွဲထိခိုက်မှုတွေလည်း ရှိနေခဲ့တာ။ စိတ်ဆိုတာကလည်း စက္ကန့်တိုင်း စက္ကန့်တိုင်း ဖြတ်သန်းသမျှ အကောင်းအဆိုး ရောင်စုံ ရောယှက်လို့ အလှပဆုံးသော အရောင်တွေပဲ ရှိနေ နိုင်ရင်တော့ အကောင်းဆုံး ဖြစ်မှာပါလေ...။

မဟော်ဂနီ စံအိမ်ဟာ တစ်ချိန်ကတော့ တကယ့်ကို ခန့်ညားပြီး မိသားစု စုံလင်စွာ ပျော်စရာ ကောင်းမှာပါပဲ...။ အခုတော့ သေခြင်းရှင်ခြင်းမျိုးစုံနဲ့ ခွဲခွာကုန်ကြပါရောလား...။

“ မိုးရွာလာတယ်,,. ဟင် မိုးကလည်း သီတင်းပဲ

ကျွတ်ပြီးနေပြီ.. ရှာလို့ကောင်းတုန်း..."

ကိုရွှေပြည်ကျော်က ကားကို ခဏရပ်ပြီးတော့ ပစ္စည်းတချို့ကို ပလပ်စတစ်နဲ့ ဖုံးနေတယ်။ သူ့ကို မြရုံခြယ်က ထီးမိုးပေးတော့ ပြုံးနေလိုက်တာ...။

မဟော်ဂနီစံအိမ်ဆီ ပြန်လှည့်ကြည့်မိတယ်...

ဟင်... မိုးမှုန်တွေကြောင့် မတွေ့ရတော့ပါလား။

မြရုံခြယ်အတွက်လည်း မဟော်ဂနီစံအိမ်ဆိုတာ ပျောက်ဆုံးသွားပြီလား။ ဟင့်အင်း.. မဟုတ်တာ။ မဟော်ဂနီစံအိမ်ကို မြရုံခြယ် ပြန်ပြီး အလည်ရောက်ဦးမှာပါ။ အမေ့ကိုလည်း ပြန်ကန်တော့ရမှာပဲ မဟုတ်လား...။

" မဟော်ဂနီစံအိမ်ကို မတွေ့ရတော့ဘူး "

နှစ်ယောက်အတူ ပြန်လှည့်ကြည့်မိကြတယ်...

မိုးမှုန်တွေပဲ မြင်ရတော့တာပါ...။

" ကိုယ်တို့ဘဝလေးကို အဖေနဲ့အမေ့လို ပျော်ရွှင်စွာနဲ့ အသစ်စကြမယ် မဟုတ်လား..."

ထော်လာဂျီသံကို အခုတော့လည်း ဆူညံတယ် မထင်တော့ပါပဲ... နားယဉ်နေပြီလား။ ကြီးဒေါ်ခေတ္တရာ ပြောတဲ့ သံစုံတီးဝိုင်းက အချိန်အတော်ကြာတော့ မောင်းနေရသေးတာ။

" ကတ္တရာလမ်း ရောက်လာပြီ... တော်ပါသေးရဲ့ ဒီ့ထက် မိုးသည်းရင် မြေလမ်းက ဗွက်အိုင်တော့မှာ... တော်ကြာ မောင်းမရမှာ စိုးနေတာ..."

" ဟင်..."

ကတ္တရာလမ်းကနေ မြေနီလမ်းကို ခွဲတဲ့နေရာမှာ ဆိုင်းဘုတ်ရှိတယ်။ အဲဒီဆိုင်းဘုတ်လေးမှာ မဟော်ဂနီစံအိမ်သို့ တစ်မိုင်လို့ ရေးထားပေမယ့် ဖျက်ပြီး တစ္ဆေအိမ်သို့ တစ်မိုင်လို့ အမြဲပြင်ထားတတ်ကြတာ။

" ဆိုင်းဘုတ်က အများကြီး မြင့်သွားတာပါလား "

" ဟုတ်တယ်... ကိုယ် မြှင့်ထားလိုက်တာ... ဆိုင်းဘုတ်က မြင့်သွားတော့ အခုဖတ်ရသလို မဟော်ဂနီစံအိမ်သို့ တစ်မိုင်လို့ အမှန်အတိုင်း ဖတ်နိုင်တာပေါ့... ဖျက်ပြီး ပြင်မယ့်လူတွေက တကူးတကနဲ့တော့ တက်မပြင်တော့ဘူးပေါ့ "

မဟော်ဂနီစံအိမ်သို့ တစ်မိုင်တဲ့။ အရင်ကလို တစ္ဆေအိမ်သို့ တစ်မိုင်လို့ မရှိတော့ပါဘူး...။ စာသိပ်မတတ်လို့ စာလုံးအဆင့်တွေ မဖတ်တတ်တဲ့ နုလွင်ကို တစ္ဆေကြောက်မှာ စိုးရိမ်လို့ ဖတ်မပြဖြစ်ခဲ့တာကို သတိရမိပြန်ပါရောလား။

မိုးက ပိုသည်းလာပါရော...။

" ချမ်းနေလား မြရုံခြယ် "

" မချမ်းပါဘူး... "

ခပ်လှမ်းလှမ်း အရောက် ပြန်ကြည့်တဲ့အခါမှာတော့... မဟော်ဂနီစံအိမ်သို့ တစ်မိုင်ဆိုတဲ့ ဆိုင်းဘုတ်ကိုတောင် မမြင်ရတော့ပါဘူး။

" ဖြည်းဖြည်းမောင်းလေ... ရွှေနားမှာ လမ်းကွေ

ရှိတယ်... မိုးတွေနဲ့ မြင်ရလို့လား..."

" မမြင်ရလည်း ရောက်ဖူးတော့ သိနေတာကို..."

သူက ပြောပါတယ်။ ဘဝဆိုတာလည်း ဒီလိုပါပဲ မြဲရုံခြယ်တဲ့... အကွေ့အကောက် အဆစ်အချိုးတွေ သေချာ ရှိတယ်ဆိုတာ သိနေလေတော့ အမြဲ သတိလေးနဲ့ ဂရုစိုက် နေသွားရင် တော်ရုံတော့ ဘာမှမဖြစ်နိုင်တော့ဘူးပေါ့တဲ့...။

" ကိုယ်တို့နှစ်ယောက်ဟာ ဖူးစာမှန်စွာ အဖေနဲ့ အမေ ရဲ့ မွေးစားကလေးတွေ ဖြစ်ခဲ့ကြတယ်... သူတို့က နမူနာပြခဲ့လို့ လည်း ချစ်ခင်ကြင်နာစွာ နေတတ်ဖို့ နားလည်ခဲ့ကြတာပါ..."

ရှေ့မှာတော့ အဲဒီချစ်ခင်ကြင်နာစွာ လျှောက်လမ်းမယ့် လမ်းမကြီးက ဖြောင့်ဖြူးနေမယ်လို့ ယုံကြည်ရတာပါပဲ...။

နောက်ကို တစ်ချက်တော့ ပြန်ငဲ့ကြည့်ပါရစေလား... မိုးမှုန်တွေပဲ ရှိနေတယ်...

မပော်ဂနီစံအိမ်ဟာ တစ်မိုင်မကတော့ဘူး... မိုင် တော်တော်များများ ဝေးကွာကျန်ရစ်ခဲ့ပါပေါ့။

သုန္ဒရီသုတ်ဝေ